အနတ္တဝါဒီ
အရှင်ကောဝိဒ

of

ကသိဏမြေ

ဝိပဿနာယောဂီများ:အတွက်

ဘုရားတပ်နီယိတ္တိက

ဆိုင်တန်: ပန္ဒလေး:

အနှစ်ငါး
အရှင်ကောဝိဒ
၏

နာဝင်ဝိဒ္ဓာ

ဝိပဿနာ ယောဂီများ အတွက်

သမတ, အယ်ဒီတာအဖွဲ့မှ ကြည့်ကြပ်ရိုက်နှိပ်သည်

ကူးယူ ပုံနှိပ်ခြင်း နှင့်မပြု

ဒုတိယ, အကြိမ် ရိုက်နှိပ်သည်။

၁၃၂၂-ခု၊ တော်သလင်းလ

သမတ စာပုံနှိပ်တိုက်။ ဆိုင်းတန်း-မန္တလေး



အနတ္တဝါဒီ – အရှင်ကောဝိဒ

ဇေမရုဗဟိုရ်
ဇရမြင့်မိုရ်
ဖျက်ဖြို နာမ်ဝိဇ္ဇာ

သမုဒ္ဒပင်လယ်
ငါးသွယ်မြစ်ကြီး
တဟုန်တည်း
ဖျက်ဆီး နာမ်ဝိဇ္ဇာ

ဤကမ္ဘာမြေ
လ,နှင့် နေ
ပျောက်စေ နာမ်ဝိဇ္ဇာ

ကောင်းကင် နှစ်ချက်
အောက်နှင့် ထက်
ဆက်သည့် နာမ်ဝိဇ္ဇာ

နိဗ္ဗာန် အောင်နန်း
အခေါင်မြန်း
စွမ်းတဲ့ နာမ်ဝိဇ္ဇာ

နိဗ္ဗာန်စံစား ဘုရားထိုထို
အရိယာကောင်းနဲ့ ပေါင်းမိစေလို
ဝိဇ္ဇာဝင်ရိမျှား ပျော်ပါးဝါဆို
လေးကျွန်းနန်း ကြောင်ပန်းရှေမြင့်မိုရ်
လာကြဟရို....ကျင့်ကြံအား၊ထုတ်လို
မြောင်မသန်း ကြောင်ပန်းတက္ကသိုလ်

နိဒါန်းအပြို

ဦးပဉ္စင်းသည်....

သဘာဝအခြေပြု, နာမ်လောက နာမ်ဘုရင် စာအုပ်များ အပြီးတွင် စတုတ္ထ စာစောင် အဖြစ်ဖြင့် နာမ်ဝိဇ္ဇာကို ဆက်လက် ထုတ်ဝေမည် ရည်မှန်း၍ စိစဉ်ပြီး ဖြစ်သော်လည်း အထက် ချင်းတွင်းမှ ယောဂီ ဒကာများသည် ဝိပဿနာ တရားကို ပွါးရှုပုံ, အလုပ်ခွင်နှင့် နိဗ္ဗာန်မြင်ရသည်အထိ သိလိုသည့်ပြင် သဘာဝကိုလည်း အနုစိတ်၍ ခက်ဆစ်ပြုကာသိလိုပါသည်ဟု ဆန္ဒပြင်းပြလျှောက်ထားကြသဖြင့် ဟောခွန်းများကဲ့သို့ ဂါထာ သံပေါက်တွေ့မပါစေဘဲ၊ **အသင်္ခတအရှုသာ**ဟူသော အမည်ဖြင့် ထုတ်ဝေခဲ့ပြီးမှ ဝိပဿနာ လူထုကြီး၏ မျှော်လင့် တောင့်တနေကြသော **နာမ်ဝိဇ္ဇာ**ကို အခါအခွင့် အကြောင်းသင့်၍ ခေတ်နှင့်လျော်စွာ ဖြန့်ချိလိုက်ရပေပြီ။

ဤစာစောင်တွင်ပါရှိသော တရားခွန်းများကို ဟောခဲ့စဉ်က စစ်ကိုင်းမြို့နယ်မှ **ဦးဘိုးဇောင်** ဆိုသူ ဒါယကာကြီးသည် ဦးပဉ္စင်းတို့ သွားတိုင်း, သွားတိုင်း လိုက်ပါ၍ ရောက်ရာ, ရောက်ရာ တရားပွဲများ၌ တရားနာခံဖြစ်၏၊ ၎င်း ဒါယကာကြီးနှင့် အလွန် ရင်းနှီး ချစ်ခင်သည်ကို တရားကွင်းထဲမှာ သူ၏ဖြေဆို လျှောက်ထားချက်များကို ကြည့်ခြင်းအားဖြင့် သိနိုင်ပေသည်။

နိဒါန်းအချီ

ယခု ထုတ်ဝေသော **နာမ်ဝိဇ္ဇာ တရားခွန်း**၏ နာမ်လောက. နာမ်ဘုရင်တို့ထက် ထူးခြားချက် တရပ်မှာ အောက်ထစ်ဆုံး ထောင် ကိုးရာပရိသာတ်ရှိသော ဓမ္မာရုံ မဏ္ဍပ်ကြီးအတွင်း၌ တကယ့်ကိုယ်တော်က တကဲ့တရား နာခံနှင့် တကဲ့တရားများကို တကယ့်တရားပွဲ၌ တကယ် တန်း နင်လား ငါ့လား ဟောခဲ့သော တကယ့်အဖြစ် အပျက်များပင်တည်း။

တချို့နေရာ၌ တရားနာခံ၏ ဖြေဆိုချက်များ မှားသွား၍ ပြုပြင်ပေးရသော အခက်အခဲများကိုလည်း တွေ့ရလတ္တံ့။ ၎င်းတရားနာခံသည် ယခုတိုင်ရှိသေး၏။ အသက်ခြောက်ဆယ်ကျော်လေပြီ။ ဤကဲ့သို့ ကိုယ်တွေ့ ဟောခဲ့သော တရားခွန်း မှုအတိုင်း ရေးသား ထားသည်ဖြစ်၍ စာဘတ်သူနှင့် စာနာသူ နှစ်ဦးတို့သည် တကယ့်တရားပွဲကြီး၌ တကယ် တရားနာ နေရသလို ဖြစ်လိမ့်မည်မှာ ယုံမှားမရှိရာ....။

နာမ်ဝိဇ္ဇာဟု အမည်ပေးရခြင်းကား-ကန်းကရနား မရှိသော သြကာသ လောကကြီးထဲ၌ နာမ်ကိစ္စ အရာကို အနိမိတ္တ အနုတ္တဆိုက်အောင် ပိုင်နိုင်စွာ သိသည့်အတွက် ထိုဥာဏ်ကိုပင် နာမ်ဝိဇ္ဇာခေါ်၏။ နာမ်ဝိဇ္ဇာဆိုရင် နာမ်ချည်းထဲရေးမှာပါဘဲ၊ ရုပ်ပါမှာမဟုတ်ပါဘူး၊ ဒီလိုဆိုရင် ရုပ်ပယ်ရာကျမှာပေါ့၊ ဟုရားဟောနှင့် မည်ဘူးဟု ထင်ကောင်း ထင်ပေလိမ့်မည်၊ ဟုတ်သည်.... စာအုပ်ကို

လိပ်ပတ်လည်အောင် မကြည့်ရှုက ထင်လည်းထင်စရာပင် **"စိတ်သာရှင်စော ဘုရားဟော" "စိတ္တေန နီယတိ လောကော"**အတိုင်း ရုပ်တရားကနောက်ခံကားအဖြစ် နာမ်တရားက ဇာတ်လိုက်အစစ်မို့ နာမ်ကို အဓိကထားသော်လည်း ရုပ်ကိုဖော်ပြပြီးမှ ကောင်းစွာပြုစုရေးသားမှုကို ရှေဟာသ်ာ မျက်လုံးကဲ့သို့ ရှင်ပြုံးကြည်သာ ကြည့်ရှုနိုင်ကြပါစေ။

စောစောင်ရှင်

ရေးသားမှုအစီအစဉ်

သာသနာတဝက်....

ဘုရားဟောဖေါ် ပါဠိတော်မှာ သာသနာမည်၍ မည်မျှ တည်မည်ဟု တိုက်ရိုက်မလာ ရှိသော်လည်း အဋ္ဌကထာများအလို သာသနာငါးထောင်ကိန်းအရ တဝက် ကျပြီဖြစ်ရာ (၂၅၀၀) သာသနာတဝက် အထိမ်းအမှတ် အားဖြင့် **နာမ်ဝိဇ္ဇာ** အမည်ပြောင်တဲ့ ဤစာစောင် ထွက်ပေါ်လာရာ....

ပဏာမ တရားခွန်းခ်ု....

ရှေးဦးစွာ ကျေးဇူးရှင် ပထမ ကြောင်ပန်းဆရာတော် ဘုရားကြီးအား အလောင်းတော် မျောက်မင်းဥပမာဖြင့် ပုဏ္ဏားမိုက်၏ ရက်စက်မှုကြောင့် ကျလာသော သွေးစက်များကို ကျမ်းခြောက်စောင်နှင့် နှိုင်းယှဉ်ကာ ကြေကွဲဘွယ်ရာ တန်းဆာဆင်၍ ကျေးဇူးတော် အစုံဂုဏ်တော် အနန္တကို အောက်မေ့လျက် ဦးညွှတ်ရိုသေစွာဖြင့် ရှိခိုးပြီးလျှင်၊ ဆရာတော်ဘုရားကြီး၏ နည်းညွှန်လမ်းပြ ဆိုဆုံးမသည့်အတိုင်း ပထဝီ တလုံးနှင့် ဒိဋ္ဌဖြုတ်ပြခြင်းများ ဖြစ်သည်။

ချစ်မိုးဇွတရားခွန်းခ်ု....

ငင်း တရားခွန်းသည် မကြားနာ ဘူးသေးသော သူများမှာ စာတမ်းကို မြင်ရုံနှင့် နှသည်, ကလက်သည်ဟု ထင်ခိုင်ဘွယ် ဖြစ်သော်လည်း ဘယ်ရှုကြည့်သော အခါ စကားလုံးခန့်၍ ယဉ်သန့်သော အဖြစ်ကို တွေ့ရှိစေလျက်

သံသရာ၌ ကြဉ်လည်သမျှ လုံးဝမကောင်းပုံကို သံဝေဂ ဖြစ်ဘွယ် သာဓကများနှင့် ခြောက်ခွါရမှ ဝိပဿနာ ရှုခြင်းများကို ဖော်ပြထားသည်။

နာမ်ဝိဇ္ဇာ တရားခွန်း၌....

သာမဏေ ငယ်စဉ်တုံးက ဒကာ, ဒကာမတွေ မျက်ရည်ကျအောင် လွမ်းခက်း ဆွေးခက်းကို အသားယူ၍ စောမွန်လှဝတ္ထု-စသည်ကို အရှု။အရှိုက် အပူတိုက်နှင့် အဘိဓမ္မာတရားမှာ ဘုရားဖူးလွတ်ရုံမျှ ထည့်၍ ဟောခဲ့သော မိမိ၏အမှားကလေးများကို ဖော်ပြကာ နောက်ပိုင်း၌ မိုးမဆုံး မြေမဆုံးနှင့် ကမ္ဘာလုံး ပြဿနာ-စသည်များကို ဖြေရှင်း၍ မနောဝိညာဉ် နာမ်တလုံးနှင့် သုံးဆဲ့တဘုံ အခဲအတုံးတွေကို ခြေမှုံးဖျက်ဆီးပရမတ်လဟာပြင် ထိုးထိုးကြီးဖြစ်၍ သုဉ်းဆိတ်ပုံ သဘောသွားကို ထင်ရှားစေလျက် သစ္စာလေးပါးနှင့် နိဂုမ်းချုပ် ထားပါသည်။

အိမ်တွင်းနိဗ္ဗာန် တရားတော်ကြီး၌....

မိမိခန္ဓာကိုယ်ကြီးကို ဇာတ်လမ်းပမာ ထားကာ ရူပကွန္ဓာ ရုပ်တရားကြီးနှင့် ဒါန, သီလ သမထ, သဒ္ဓါ, ပညာ, သမ္မာသက်ပွ-စသော နာမ်တရားတို့ကို တိုင်းပြည်ရှင်ဘုရင်, မိဖုရား, သားတော်, သျှီးမတော် သိကြားမင်း အနေအားဖြင့် တန်းဆာဆင်၍ ပြထားသောကြောင့် ပရိသတ်များ၏စိတ်၌ ချောက်သွေ့ခြင်း မရှိဘဲ သန့်ရှင်းစိုပြေ သဘာဝကို ပေါ်လွင်စေပါသည်။

ဓာတ်နှီးပုံ....

ဝိပဿနာ တရားသည် ဝဏ္ဏုဇာတ်နိပါတ်တို့လို အကောင်အထယ်နှင့် အကျယ်ဖွင့်ဟောသော ပုံပြတရား မျိုး မဟုတ်ဘဲ နက်နဲ သိမ်မွေ့သော ပရမတ္ထ သဘာဝ အချက်ကို အလွယ်ဆုံးနည်းနှင့် ဟောနေရသည် ဖြစ်ရာ တရားနာရင်း ပျင်းရိညှိုးနွမ်း သန်းတဝေဝေ ယိုင်ခွေမြေခ အိပ်ကြတဖုံ ငိုက်ပုံတသီး အနည်းနည်း အထွေထွေ ဖြစ် နေရာမှ ထိုနမိဒ္ဓ မောဟကင်းစင် စိတ်ကြည်လင်အောင် တရား လာဘက်ကမ်း၍ ဓာတ်နှီးပုံများ ပါရှိသည်ကို **''အနေက ပရိယာယေန မြော ဒေသိတော''**ဘုရား ဟောသဖြင့် အပြစ်မမြင်စေလိုပါ၊ သို့အတွက် ဝဏ္ဏုပုံပြင် ရာဇဝင်နိပါတ် ဆိုင်ရာညွှန်ပြလျက် ဟောတဲ့သူလဲ မပင်ပမ်း နာတဲ့သူလဲ ရှင်လန်းဒေါသင် ယဉ်ဆန်းသော စည်းစံနစ် ဖြင့် နည်းအသစ်ထွင်ကာ ပြေပြစ်ညက်ညော ချောမော သော စာဒဿနပြင့် ပေးသားဖော်ပြခြင်းများ ဖြစ်ပေ သည်။

အနတ္တဝါဒီ
အရှင်ကောဝိဒ

အထူးမှာထားချက်

ဝိပဿနာ တရား ဟောခွန်း
များ၌( )ဤကဲ့သို့ လက်သဲကွင်း
အတွင်းမှာ ပါရှိသောစကားများ
သည် တရားနာခံ၏ ဖြေဆို လျှောံ
ထားချက်များ ဖြစ်၏၊ ထိုလက်သဲ
ကွင်းအတွင်းရှိ စာများမှာ သဘာ
ဝ အတွေးအခေါ်များ ပါရှိသဖြင့်
ရှောင်လွှဲခြင်းမပြု၊ ကြည့်ရှုမှ သာ
လျှင် တရားအစဉ် ချောမော ပြေ
ပြစ်၍ ဘတ်သူလဲ ရှင်း, နာသူလဲ
လင်းမည် ဖြစ်ရာ လက်သဲ ကွင်း
များကို မကျော်စေဘဲ ဘတ်ရှုစေ
လိုပါသည်။

No B

မာတိကာ

အခြေခံအရာ	စာမျက်နှာ
၁။ ပဏာမ တရားခွန်း	၁
၂။ အလောင်းတော်မြောက်မင်း	၉
၃။ ပထဝီတလုံးနှင့် နိဗ္ဗာန်မြင်	၁၄
၄။ မီးစက်ဝိုင်းလို	၂၁
၅။ ကမ္ဘာမီးလောင်ဆိုဒါ ဘာလဲ?	၂၂
၆။ **ချစ်မိုးဇွေ တရားခွန်း**	၂၉
၇။ ဒါရုဒါရု	၃၃
၈။ အော်....မိမွမိမွ	၃၄
၉။ ဝက်ခြံထဲမှာ ဝက်များစွာ	၃၈
၁၀။ အနန္တသူရိယအမတ်	၃၉
၁၁။ ပန်းဘဲမောင်တင့်တယ်	၄၃
၁၂။ ချစ်မုံးလွမ်း	၄၄
၁၃။ မလ္လိကာ	၄၅
၁၄။ ဝန္ဓကံ နှင့် ဝိဝန္ဓကံ	၄၇
၁၅။ ယိုးဒယားပြည်	၅၁
၁၆။ ဒွါရ ခြောက်ခု နာမ်ကိုရှု	၅၅
၁၇။ လက်မစ ပဋ္ဌိစ္ဆ	၅၇
၁၈။ အဆင်းကို မျက်စိကမြင်ဒါလား	၅၈
၁၉။ ယာတောအလယ်မှာ	၆၁
၂၀။ သဘာဝဇော်သည်များ	၆၃

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၁။	သေမိန့်သံ	၆၅
၂၂။	နေအိမ်နှင့် သေအိမ်	၆၆
၂၃။	တပင်လဲမှ တပင်ထူ	၆၀
၂၄။	**နာမ်ဝိဇ္ဇာတရားခွန်း**	၇၃
၂၅။	စောမွန်လှဒေဝီ	၇၀
၂၆။	အဖျားရှူးတဲ့အဘိုးကြီး	၀၂
၂၇။	ဝိဇ္ဇာဝင်းမျိုး	၀၄
၂၀။	ဝိညာဉ်လိမ်နှင့် ဝိညာဉ်မြင်	၀၅
၂၉။	ရပ်၏အာကာရထူး	၉၁
၃၀။	အထင်နဲ့ အမြင်	၉၅
၃၁။	ဘုရားအလိုကျ သမုတိသစ္စာ	၉၀
၃၂။	အရိပ်ကို နားလည်ရဲ့လား	၁၀၀
၃၃။	ဝိပလ္လာသနာမ်က သမုတိသစ္စာကို မှားသော အားဖြင့် အာရုံပြုသောပုံစံ	၁၀၅
၃၄။	သုဒ္ဓနာမ်က သမုတိသစ္စာကို မှန်သော အားဖြင့် အာရုံပြုသောပုံစံ	၁၀၆
၃၅။	ပရမတ္ထသစ္စာ	၁၀၇
၃၆။	နေ ဘယ်ကထွက်သလဲ	၁၀၀
၃၇။	ထမင်းတခါမှ မစားဘူးတဲ့သူ	၁၁၅
၃၀။	တရားနဲ့ ကလေးချော့ပုံ	၁၁၉

မာတိကာ

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
၇၉။	ရွှေနန်းကြီးမုံ	၁၂၇
၈၀။	မိုးမဆုံးမြေမဆုံးဆိုဒါဟုတ်သလား	၁၂၇
၈၁။	ကမ္ဘာလုံးပြဿနာ	၁၂၉
၈၂။	နာမ်တရားကိုသရုပ်ဖော်ထားသောပုံများ	၁၃၁
၈၃။	ထွက်သက်ဝင်သက်ဆိုဒါတကယ်ရှိသလား	၁၃၂
၈၄။	ဝါယောဓာတ် ရှင်းတမ်း	၁၃၃
၈၅။	ပရမတ်ဆိုဒါ သွားနိုင်ရဲ့လား	၁၃၅
၈၆။	ဝိပဿနာအစစ်	၁၃၇
၈၇။	မဂ်အန္တရာယ်တွေ	၁၃၉
၈၈။	အရိယာအစစ်	၁၄၁
၈၉။	နာမ်အကွာရာ	၁၄၄
၅၀။	လူစင်စစ်က ဘာဖြစ်ပုံ	၁၄၇
၅၁။	နာမ်ပုဆွေ	၁၄၉
၅၂။	မယားလေး ဆိုထင့် ဆိုထင့်	၁၅၁
၅၃။	မောင်ကြီတတ္တိ	၁၅၂
၅၄။	သစ္စာဖေါက်များ	၁၅၃
၅၅။	နာမ်ဘေဘော	၁၅၅
၅၆။	သေးသေးတင်နံ	၁၅၉
၅၇။	ဘိုးသုညတွေ	၁၆၂
၅၈။	ဝိပဿနာ သင်ပုံးကြီး	၁၆၅

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၅၉။	လက်ဝဲသုန္ဒရ	၁၆၉
၆၀။	အသွင်ငယ်တူ	၁၇၀
၆၁။	ဇော်ဂျီနှင့် ဝိဇ္ဇာ	၁၈၀
၆၂။	ကျပ်ချိန်ပျောက်လျှင် နိဗ္ဗာန်ဝင်	၁၈၃
၆၃။	နာမ်ပဏ္ဍမြား	၁၈၈
၆၄။	နာမ်လက်ဘကြီး	၁၉၂
၆၅။	တိုက်ရိုက် ဝိပဿနာ	၁၉၃
၆၆။	သစ္စာလေးပါးအခမ်း	၁၉၄
၆၇။	မဂ်စိတ်ခဏာ လေးကိစ္စ	၁၉၈
၆၈။	ဖွားအူရဲ့ ဝိစိကိစ္ဆာ	၂၀၀
၆၉။	ခုနစ်နှစ်အရွယ်က မုဆိုးမ ဖြစ်တဲ့သူလေး	၂၀၁
၇၀။	ရွှေဒေါင်းညို	၂၀၃
၇၁။	ငါအဘော တရားချပေါ့	၂၀၅

ဇာတ်လမ်းပမာ

၇၂။	**အိမ်တွင်းနိဗ္ဗာန် တရားတော်ကြီး**	၂၀၉
၇၃။	တက္ကသိုလ်ပြည် ပညာသင်သွားခဏ်း	၂၁၂
၇၄။	ပညာလဲစုံ ကြင်ရာလဲစုံ	၂၁၄
၇၅။	ခမည်းတော်အား တရားပြပုံ	၂၁၉
၇၆။	ဓမ္မဂိတိဖြင့်လျှောက်တင်ခြင်း	၂၂၃

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၇၇။	သားတော်ကလေးအား နှောင်အိမ် သွင်းခြင်း	၂၂၆
၇၈။	မယ်တော်ဝိ၍ တောင်းပန်ခြင်း	၂၂၈
၇၉။	သိကြားမင်း ကယ်ဆယ်ခဏ်း	၂၃၃
၈၀။	တိုင်းသူပြည်သားတို့အားတရားဟောခဏ်း	၂၃၈
၈၁။	အချစ်ဆန်း	၂၄၃
၈၂။	ဇာတ်ကြောင်းပြန်	၂၄၅
၈၃။	နှီးဆော်ချက် သံဝေဝဝိဒိစုံ	၂၄၉

ကျမ်းပြုနှင့် ကျမ်းရု

ဤစာအုပ်သည် သေးငယ်သော်လည်း ဖြစ်ကတတ်ဆန်း ရေးထားသည် မဟုတ်ဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် စွမ်းအားရှိသလောက် ရေးသား ထားကြောင်းကို စာရှုသူများ သိနိုင်ပါသည်၊ ကျမ်းစာ တစောင်တဖွဲ့ ရေးသားမှုမှာ လွယ်ကူသောအရာ မဟုတ်ပါ၊ ပါဠိတော် အဋ္ဌကထာ ဋီကာ စသည်တို့နှင့် ညှိနှိုင်းခြင်း၊ ပါဠိ, ကဗျာ စီကုံး ရာဋ္ဌလည်း ဆန်း အလင်္ကာနှင့် သဒ္ဒါ နည်းကို ကောင်းစွာ နားလည်ရခြင်း၊ ထိုးထွင်းဉာဏ် ရှိခြင်း စသော အရည်အချင်းများနှင့် ပြည့်စုံရပေမည်၊ ကိုယ်ပိုင်ဉာဏ်ကို အသုံးမပြုနိုင်ဘဲ သူတပါးတို့ ရေးစီထားသော ကျမ်းစာနှင့် ပုံမနှိပ်သေးသော စာမူများကို များစွာကူးချရေးသားမှု ပုံနှိပ်ထုတ်ဝေသူသည် ကျမ်းစု ပုဂ္ဂိုလ်သာ ဖြစ်၍ ကျမ်းပြု ပုဂ္ဂိုလ်ဟု မဆိုထိုက်ပေ သို့သော် သာသနာ ပြန့်ပွါးရေးကို ရှေးရှုလျက် "သန့်ရှင်းသော စေတနာ"ဖြင့် တဆင့်ကူး၍ ထုတ်ဝေခြင်းကို မှုကား—ရှိုးကြားရပေမည်သာ အကိုး အကား ဖေါ်ပြ သည်မှ တပါး ကိုယ်ပိုင် ထိုးထွင်းဉာဏ်ကို အသုံးပြုကာ ရေးသား ပုံနှိပ်၍ ထုတ်ဝေသူသာလျှင် ကျမ်းပြု ပုဂ္ဂိုလ်ဟု ဆိုထိုက်လေသည်။

ကျေးဇူးတင်လွှာ

ဤစာအုပ်ကို စိစဉ်ရာတွင် ချွတ်ယွင်းတိမ်းပါးခြင်း မရှိစေရန် ကြည့်ရှုပြင်ဆင် ပေးတော်မူသော ကြောင်ပန်းတိုက် နာယက ဆရာတော်များ အဖွဲ့ဝင် ဥပဝါဒ ၀ိ သောဓနိ ကျမ်းပြုရှင် ဦးနန္ဒိယ ဆရာတော် ဘုရားအား အထူး ကျေးဇူး တင်ရှိကြောင်း ဖော်ပြ အပ်ပါသည်။

စာရေးသူ

အနုဗုဒ္ဓါဒိ-အရှင်ကောဝိဒ၏

နာမ်ဝိဇ္ဇာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ တရားခွန်း

ရုတနာသုံး၊နိုလောကုံးနှင့်၊ရှင်ပြိုးကြည်သာ၊ကျွန်ုပ်ရာ
ကောင်းစွာ ကံတော့၏။

ဥ၂ နမော ဟံ ဗုဒ်ံ သဠ္ဓာ
ကောမလံ နယ ဒေသကံ။
ဝိဇ္ဇော ဘာသေန ဥာကော့နု
ဒမကံ သောမ္မ မာနသာ။

ဥ၂၊ ဒီဋ္ဌိရန်ရှင်းအောင်မြေနင်းရှေ့ကောင်းခြင်းမဂ်လာ ဖြစ်ပါစေသော်။ ကောမလံ၊ တက္ကိမိဆွာ သူယုတ်မာတို့ နည်းဟာအလွဲ ယှဉ်နိုင်ဘဲမို့ ခန့်လဲခန့် ယဉ်လဲယဉ်သော။ နယ ဒေသကံ၊ သာဝကတွေ သိပစေဟု စေတနာတက်ကြွ မဂ်ဇောကျအောင် နည်းပြတော်မူတတ်သော။ ဗုဒ်ံ သဠ္ဓာ၊

သစ္စာလေးချက် သဘောနက်ကို သိလျက် ထင်ရှား မြတ်ဘုရားနှင့် တရားအပါ သံဃာတော်မြတ် အပေါင်းကို ၎င်း။ ဝိဇ္ဇောဘာသေန၊ အရိယာလက်သုံး အမြတ်ဆုံးမို့ ရှေဘုန်းသာစွဲ့ ဝိဇ္ဇောဘာသ,ဟုဆိုအပ်သော။ ဥာဏော နှ၊ သရဒခါချိန် ပုဏ္ဏမိန်စန်း လနန်းဘုံဆောင် ဗိမာန် ရောင်သို့ ပြောင်ပြောင်ထိန်ဝင်း ဥာဏ်အလင်းဖြင့်။ ဒမ ကံ၊ တရားမမ္မ သဘာဝကို ဟောပြနာနည်း ဆွေးနွေး နည်းနှင့် ရှုနည်းဖုံပုံ အလုံးစုံသင်ကြား ကျေးဇူးရှင် ဆရာ တော် ဘုရားကြီးကိုဝင်း။ ဝါ၊ အမျှားဒကာ, ဒကမတို့ ကိုဖြင့် အော်-တရားမမ္မာလဲ မပြုနိုင်ဘူ, ဘဝနတ်ဌာန် ပြောင်းစံ ကြွသွား ကြောင်ပန်းရှင် ဆရာတော်ဘုရားကြီး ကိုဝင်း။ သောမ္မ မာနသာ၊ အေးကြည်ဖိတ်လျှပ် ကောင်း မြတ်သော စိတ်ဓာတ်ဖြင့်။ အဟံ၊ သယံဇာတ ရုပ်နာမ်မျ ကို စိတ်ကျသမုတ် အကျွန်ပ်သည်။ ဝါ၊ တုသိတာ ဘုံကြ ငှန်းဆီသို့ မျှော်မှန်းရည်ရော် ဘုရားတပည့်တော်သည်။ နမော၊ ဝတ္ထု အာဝုံ ပေါင်းဆုံသဟဇာ ဂါရဝဖြင့် ရှင်ပြ မြတ်နိုး လက်စုံမိုးရှိခိုးကံတော့လိုက်ပါ၏ အရှင်ဘုရား။ နမော၊ လူတို့ပြောက ပူလို့ဖြေသဘုရ့ အနန္တဂုဏ် ကျေး ဇူးဟုန်ကို စိန်ထုံအမြဲ သဒ္ဓါကဲ့၍ ဝါစ္ဆကိုဆ၊ ရှိခိုးကံတော့ လိုက်ပါ၏ အရှင်ဘုရား။

အမှာ။ ။ ဗိဒိတ်ဆရာသမားအားလုံးကို ပိုင်ဒုံးရန်ဖြစ်သော်လည်း ဂါထာ ၌ ပဌမ ဆရာတော်ဘုရားကြီးသာ ဖွဲ့ဆိုကားသဖြင့် တည်၍ ဦးမှီးခြင်း ဖြစ်ပါသည်။

ဒကာအောင်ရေ....။ (ဘုရား)

တရားမဟောမီရှေးအဘို့၌ ဘုရား တရား သံဃာ,ဟု ဆိုအပ်သော ရတနာမြတ်သုံးပါးတို့အား ဝိဝဏ္ဏစေတနာ ထားပြီးရှိခိုးလိုက်ရဒါကတော့ယခုတရားပွဲတော်ကြီးမှာ ဘေးဥပါဒ် အသွယ်သွယ် အန္တရာယ် အနှောက်အရှက် တို့မှ လွန်မြောက်ပြီး ချောချောမောမော ဖြစ်စေခြင်း အကျိုးငှါ ကံတော့ပန်း ဆင်လိုက်ရ, ကြည်နူးစရာ မကောင်းဘူးလား။ (မှန်ပါ-ကြည်နူးဘွယ်ရာ မဂ်လာ အစ ပဏာမပြုရကြောင်းပါ ဘုရား။)

ဝိုဒ္ဓမတည္ရာ ဖြစ်တော်မူတဲ့ အရှင်မဟာ ဗုဒ္ဓဃောသ အစရှိသော ကျမ်းပြုပုဂ္ဂိုလ်ထိုထိုများစွာတို့မှာလဲ ကျမ်းဦး အစ ပဏာမ ပြုကြတယ် မဟုတ်လား။ (မှန်ပါဘုရား)

ရတနာသုံးပါးမှ တပါး မိမိ၏ ဆရာဖြစ်တော်မူတဲ့ ကျေးဇူးရှင်ကြောင်ပန်းဆရာတော်ဘုရားကြီးကိုလဲ ရှိခိုး လိုက်ရတယ်။ ဘာ့ကြောင့်လဲဆိုတော့ **"သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္တာယ"** ဒုက္ခအမှု မီးကြီးစု မျှသာ ဖြစ်တဲ့ အပါယ်လေးပါး ကာမသုဂတိ ဗြဟ္မာ နှစ်ဆယ် သံသရာ သုံးသွယ်မှ လွတ်ငြိမ်းချမ်းသာ ဒိဋ္ဌိကွာအောင် "နိဿဋ္ဌ၊ သဋ္ဌ၀ါမဟုတ်တဲ့ ရပ်နာမ်။ နိဗ္ဗိ၀၊ အသက် မဟုတ်တဲ့ ရပ်နာမ်" အဲဒီလို နည်းညွှန်လမ်းပြဆုံးမတော် မူသည့်အတွက် ယောဂီအပေါင်း သူတော်ကောင်းတို့မှာ အသိမှန် အမြင်မှန်တွေ့ရပြီး "သဗ္ဗရသံ ဓမ္မရသော ဇိနာ

တိ" ဆိုတဲ့အတိုင်း အမွန်မြတ်ဆုံးဖြစ်တဲ့ ဝမ္မအရသာကြီး ကို ခံစားနိုင်ဒါဟာ ဒို့ဆရာတော်ဘုရားကြီးရဲ့ကျေးဇူး ကြောင့် မဟုတ်လား။ (မှန်ပါ ဘုရား။)

ကြောင်ပန်းတိုက်ကြီးမရောက်ခင်တုံးကဆိုရင် ပုဂ္ဂိုလ် သတ္တဝါ အဟုတ်ရှိ၊တယ်၊ တဘဝ တခါသေတဲ့ အသက် ကလေးဟာ တကယ်ရှိတယ်လို့ စွဲလာခဲ့ဒါ ကြောင်ပန်း တိုက်ကြီးရောက်တဲ့ အခါကြမှ။ အော်–ဟိုတုံးက စွဲသမျှ တွေဟာ အချိန်နီးပါးကလားလို့ တွေးတွေးပြီးပြုံးမိသေး တယ်။ (မှန်ပါ မရှိဘဲနဲ့ စွဲနေတော့ ပြုံးမယ်ဆိုလဲ ပြုံး စရာပါ ဘုရား။)

လင်္ကာပေသလ သိင္ဟာကာမ ပရိယတ္တိဝိသာရဒဂုဏ်နှင့် ပြည့်စုံတော်မူတဲ့ အနန္တသခင် ကျေးဇူးရှင် ဘုရားကြီး၏ အနားမှာ ဒဏ်ပူရေချမ်း ကန်းလှမ်းလို့ ခြေဆုတ် လက် နယ် ဝတ်ကြီးဝတ်ငယ်များပြားပြီး အသက်ထက်ဆုံးနေခြင် ငြားသော်လဲ ဆရာတော်ဘုရားကြီးက တပည့်တို့–ငါ၏ ခြေရင်းမှာ အမြဲတမ်းနေခြင်လို့ မဖြစ်သေးဘူး၊ ကမ္ဘာ ထူးတင့် မြင့်ထက်မြင့်ရှိ ဖုံးပွင့်ဝေဆာ ပဒုမ္မာမည် ကြာမျိုး စိသည့် ရေကြည်အိုင်ကြီး အလား သာသနာတော်ကြီး စည်ပင်ပြန့်ပွါး အကျိုးများလေအောင် မရောက်သေး သော ဌာန မပွင့်သေးသော ဒေသများသို့ သွားလာလှည့် ပတ်ပြီး သာသနာပြုရမယ်လို့ ဆိုတဲ့ ပိန့်တော်ချက်ကို ဦး ထိပ်မှာရွက်ပြီး နယ်လှည့် ဓမ္မကထိကအဖြစ်ဖြင့် ထွက်ခဲ့ကြ

ရတယ်မဟုတ်လား။ (မှန်ပါ သာသနာ အရေးမို့ လေးစားရပါလိမ့် ဘုရား။)

ကိုယ်သိသလောက် သိကြပါစေ မြင်ကြပါစေလို့ စေတနာ ထားပြီး ဟောနေကြရဒါဟာ ဆရာတော်ဘုရားကြီးရဲ့ လမ်းစဉ်ဘဲမဟုတ်လား။ (မှန်ပါ ဘုရား။)

ဒကာအောင်ရေ–(ဘုရား) ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကတော့ ယခု လူ့ပြည်မှာ မရှိတော့ဘူးနော်၊ ဘဝနတ်ထံ ပြန်လွန်တော်မူတယ်လို့ သာ ဆိုရ တိုင်းပြည်မှာတော့ ရဟန္တာလို့ ကျော်ကြားနေတယ် မဟုတ်လား (မှန်ပါ အလွန်ကျော်ကြားပါ ဘုရား။)

အော် ပြန်လွန်တော်မူခါနီးတုံးက ဘယ်လိုဟောရစ်ကြ ဘယ်လို ပြောရစ်ကြ, ဘယ်လို ဆွေးနွေးရစ်ကြ ဘယ်လို အားထုတ်ရစ်ကြလို့, ဆုံးမပုံတွေကို ပြေးတဲ့ပြီး သတိရ.တော့ ရင်ထဲက ဖိလှိုက် ဖိလှိုက်နဲ့ ငိုရှိုက်ခြင်သလို ဖြစ်လာတယ်။ အမိ အဘများသေခါနီး သား သွီးများကို စိုးရိမ်တဲ့ သဘောနဲ့ မှာခဲ့သလိုပေါ့လေ။ တပည့်တို့–ငါတော့ ဖြင့် ခန္ဓာကိုယ် မခိုင်မြဲလိုမို့ ယိုင်လဲ၍နေချေပြီ၊ မရဏာ ရှင်သေမင်းကလဲ လက်ရပ်လို့ အတင်းခေါ်နေပြီ၊ စုတိ ကမ္မဇရုပ် ချုပ်ငြိမ်းလို့ ငါမရှိတဲ့နောက်မှာ ပူဆွေးဝမ်းနဲ ငိုပွဲကြီးဆင်ပြီးတော့ မနေရစ်ကြနဲ့၊ ငါ့အလောင်းကြီး ကိုသာ ဝိပဿနာ ထင်အောင်ရှု ရူပကျွန်မာ ရုပ်အစုပါ ကလားလို့ ဆင်ခြင်ပွါးများရစ်ကြပေတော့၊ ငါရဲ့ ကိုယ်

စား ခြောက်စောင်တွဲကျမ်းကြီးထားခဲ့မယ်၊ ကုသိုလ်ပြုတဲ့ နေရာမှာ ဝိဝဋ္ဋ ဖြစ်အောင် ဝိဝဋ္ဋဒီပနီမှာ ကြည့်ရစ်ကြ၊ ဝိပဿနာ ရှုနည်းကို သိအောင် ဝိပဿနာဒီပနီမှာ ကြည့်ရစ်ကြ၊ ရုပ်သဘာ၀ နာမ်သဘာ၀ကို လှလှပိုင်ပိုင် မြင်စွမ်းနိုင်အောင် သဘာ၀ဒီပနီမှာကြည့်ရစ်ကြ။ သတ္တလောက သင်္ခါရလောက ·ဩကာသလောက ဆိုတဲ့ လောကသုံးပါးကလွန်မြောက်အောင် သုံးလောကဒီပနီမှာကြည့်ရစ်ကြ။ ဘုရား တရား သံ၃၊-ဟု ဆိုအပ်သော ရတနာသုံးပါးကိုကြည်ညိုတတ်အောင် ရတနာဒီပနီမှာ ကြည့်ရစ်ကြ။ဟောပုံဟောနည်းကို နားလယ်အောင် ကြောင်းပန်းဟောစဉ်မှာ ကြည့်ရစ်ကြ။ ဒီခြောက်စောင်တွဲကျမ်းကြီးကို ကြည့်ပြီး မိမိကိုယ်မှာရှိတဲ့ ခန္ဓာငါးပါး တရားတွေကို ပွါးများ အားထုတ်ကြဟေ....တဲ့။ ခန္ဓာငါးပါး တရား မသိရင် ရဟန်း ရှင်,လူ,မည်သူမဆို၊ ထိုထိုပုဂ္ဂိုလ်များရဲ့ ခန္ဓာကိုယ်ကြီးဟာ ဓမ္မာ ဓိဋ္ဌာန် အားဖြင့် ထမီထဲ့တဲ့ သေတ္တာကြီးနဲ့ တူသကဲ့။ ခန္ဓာငါးပါးတရားသိတဲ့ပုဂ္ဂိုလ်များရဲ့ခန္ဓာကိုယ်ကြီးဟာ ပိဋကတ်စာအုပ်ထဲ့တဲ့သေတ္တာကြီးနဲ့ တူသကဲ့လို့ ဆုံးမတော်မူချက်ဟာ အယုတ်နဲ့ အမြတ်ကိုပေါ်လွင်စေတယ်မဟုတ်လား။(မှန်ပါ'ယော စ ဝဿသတံ ဇီ၀ေ'ဆိုတဲ့ ပါဠိတော်ကြီးကလဲ အထင်အရှား ရှိပါ ဘုရား။)

ထမီထဲ့တဲ့ သေတ္တာဆိုရာ၌ ထမီက ဘာနဲ့တူသလဲ ဆိုတော့ အတ္တဒိဋ္ဌိနဲ့မတူဘူးလား(မှန်ပါ တူပါဘုရား။)

သေတ္တာက ဘာနဲ့တူသလဲဆိုတော့ ခန္ဓာကိုယ်ကြီးနဲ့ မတူဘူးလား။ (မှန်ပါ။)

စာအုပ်ထဲ့တဲ့ သေတ္တာဆိုရာ၌ စာအုပ်က ဘာနဲ့တူသလဲဆိုတော့ ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ မတူဘူးလား။ (တူပါတယ် ဘုရား။)

သေတ္တာက ဘာနဲ့တူသလဲ (ခန္ဓာကိုယ်ကြီးနဲ့ တူပါ ဘုရား။)

တကာအောင်လဲ ကိုယ့်ကိုယ်ကို စဉ်းစား ကြည့်နော်။ "ငါ့ကိုယ်ကြီးဟာ" ထမီထဲ့တဲ့ သေတ္တာကြီးလား စာအုပ်ထဲ့တဲ့ သေတ္တာကြီးလားလို့ (မှန်ပါဟိုတုံးကတော့ ထမီထဲ့တဲ့သေတ္တာ၏အခုတော့ စာအုပ်ထဲ့တဲ့ ဒသေတ္တာ ဖြစ်ပါပြီ ဘုရား။)

ထမီထဲ့တဲ့ သေတ္တာက ဘယ်အခန်း ထားရသလဲ (အနောက်ခန်း ထားရပါဘုရား။)

စာအုပ်ထဲ့တဲ့ သေတ္တာက ဘယ်အခန်း ထားရသလဲ (အရှေ့ခန်း ထားရပါ ဘုရား။)

အရှေ့ခန်းနဲ့ အနောက်ခန်း ဘယ်အခန်းက မြတ်သလဲ (အရှေ့ခန်းက မြတ်တယ်လို့ ဆိုရပါ ဘုရား။)

ဒါဖြင့် ဒကာအောင်ကြီး ဘယ်အခန်းထဲ ရောက်နေတုံး (မှန်ပါ ဟိုတုံးကတော့ အနောက်ခန်း, အခုတော့ ဒီအရှေ့ခန်း ရောက်ပါပြီ ဘုရား။)

ဒါ့ကြောင့်—

* ခန္ဓာငါးပါး တရားမသိတဲ့ကိုယ်
ထမိထဲ့ ထားတဲ့သေတ္တာလို
အနောက်ခန်း အယုတ်တန်းနေရသလို
သတိထား စဉ်းစားနင်၏ကိုယ်။

* ခန္ဓာငါးပါး တရားသိဘဲ့ကိုယ်
စာအုပ်ထဲ့ ထားတဲ့သေတ္တာလို
အရှေ့ခန်း အမြတ်တန်းနေရသလို
သတိထား စဉ်းစားနင်၏ကိုယ်။

ထမိထဲ့ထားဘဲ့ သေတ္တာနဲ့ စာအုပ်ထဲ့ ထားတဲ့ သေတ္တာ ကျွန်းသား လုပ်ထာခြင်း တူသော်လဲ ဘယ် သေတ္တာက ယုတ်တယ် (ထမိထဲ့တဲ့သေတ္တာက ယုတ်ပါ တယ် ဘုရား။)

ဘယ်သေတ္တာက မြတ်တယ် (စာအုပ်ထဲ့တဲ့ သေတ္တာ က မြတ်ပါတယ် ဘုရား။)

အဲဒါလို အယုတ်အမြတ် ခွဲခြားပြီး မြတ်သော အဖြစ်သို့ ရောက်အောင် အားထုတ်ကြပေတော့လို့ အထွေထွေ စကား မှာကြားဆုံးမပြီး စုတိကမ္မဇရုပ် ချုပ်ငြိမ်း၍ ရှေ ဇာတ်တော် သိမ်းခဲ့ပြီ မဟုတ်လား (မှန်ပါ-တပည့်တွေ ကောင်းစေခြင်လွန်းလို့ ထပ်ခါ ထပ်ခါ မှာကြားပြီး ရှေဇာတ်တော် သိမ်းခဲ့ပါပြီ ဘုရား။)

ဒကာအောင်—ဆရာတော် ဘုရားကြီး ပြန်လွှန်တော်မူတဲ့ နှစ် လ,ရက်တို့ကို သိရဲ့လား။ (မသိပါ ဘုရား။)

မသိရင်မှတ်ထား—

* တဘထောင့်နှစ်ရာ၊ ရှစ်ရှစ်မှာ၊ ဌါညိုပွင့်ကြ-ပြာသိုလ။ ဆန်းသုံးရက်မှာ၊ ဒို့ဆရာ၊ ပြောင်းခါစံကြ-နတ်ဘဝ။ ကဲ-မှတ်မိပလား။ (မှန်ပါ....မှတ်မိပါပြီ ဘုရား။)

အလောင်းတော်မျောက်မင်း

ဒကာအောင်ရေ.... (ဘုရား။) ဆရာတော် ဘုရားကြီးရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေကို ထင်ရှားအောင် အလောင်းတော် မျောက်မင်း ဥပမာထားလို့ ဟောကြစို့လား။ (မှန်ပါ အ့ဖိန့်ရှိတော်မူပါ ဘုရား။)

ရှေးအခါတုံးက ပုဏ္ဏားတယောက် နွားပျောက်လို့ လိုက်ရှာတော့ မျက်စိလယ် လမ်းမှားပြီး တောကြီးထဲ ရောက်အသွား အတောင်ခြောက်ဆယ်လောက် နက်ဘဲ့ ခြောက်ကြီးထဲ ကျသွားဒါကိုး၊ အဲဒီ အခါမှာ ဘုရားအလောင်းတော်မျောက်မင်းကြီးက မြင်ဒါနဲ့ သနားခြင်းဖြစ်တော်မူပြီး၊ "အင်း.... ဒီသတ္တဝါကြီး ငါကယ်ဆယ်မှ ချမ်းသာရာ ရတော့မယ်" ဆိုပြီး ခြောက်ကြီးထဲ ခုန်ဆင်းလိုက်တာကိုး၊ ရောက်တဲ့အခါကျတော့ ပုဏ္ဏားကိုယ်ကို နှင့်,မနှင့် သိရအောင် လူ့ကိုတမျှ အလေးချိန်ရှိဘဲ့ ကျောဘုံးကြီးကို ကျောမှာပိုးပြီး ခုန်တက်ကြည့်တယ်၊ အဲ့ဒီလို

အစမ်း အောင်တော့မှ "ကဲ—ပုဏ္ဏားရေ-ငါ့ကျောသား ပိုးပေတော့ ဒီဖေကိုယ် တအားတက်လို့မို့ ကမ္ဘာ့အထက် ရောက်စေလဟယ်"ဆိုပြီး ခုန်လိုက်တော့ ကုန်းပေါ် ရောက်မသွား ဘူးလား။ (မှန်ပါ ရောက်သွားပါဘုရား။)

အလောင်းတော် မြောက်မင်းလဲ မောမော ပမ်းပမ်း ရှိဒါနဲ့၊ 'အသင်ပုဏ္ဏား-ကျွန်ပ်သင့်ကိုကယ်ဆယ်ရဒါနဲ့ အတော်လေး မောသွားတယ်! အပမ်း ဖြေခြင်လို့ သင့်ပေါင်လေးကို ခေါင်းအုံးပြီး အိပ်ပါရစေ- ရန်သူများ လာရင်လဲ နှိုးပါနော်'လို့ ပြောပြီး အိပ်ပျော်သွားဒါကိုး၊ အဲဒီတော့ ပုဏ္ဏားက စဉ်းစားတယ်၊ ငါသည် တောကြီးထဲ ရောက်ကထဲက အစာမစားရဒါ အတော်ကြာပြီ မျောက်ကြီးကို သတ်ပြီးစားမှဘဲ အိမ်ပြန်တဲ့အခါ မျောက်သားကို လက်ဆောင်ယူရလို့ ရှိရင် သား မယားကလဲ ကြည်ဖြူလို့ ဒါမှ မျက်နှာပြလှမယ်ဆိုပြီး ကျောက်ခဲကြီးနဲ့ တအားထုလိုက်တော့ အလောင်းတော်ကြီး ခေါင်းမှာ သွေးတွေ ဖျာကနဲ ကျသွားဒါပေါ့၊ ကဗျာကရာ လူးလဲကာ ထတဲ့ပြီး ကြည့်လိုက်တော့ တခြားရန်သူကို မမြင်ရ ပုဏ္ဏားမိုက်ကို သာ ဝေ့နေရတယ် အဲဒီတော့ ပုဏ္ဏားက တောင်းပန်ဒါပေါ့ "အသင်မျောက်မင်း-အကျွန်ပ် မှားပါပြီ ကျေးဇူးရှင်ကို ပြစ်မှားမိဒါ သိုးခံပါနော် ကျွန်ပ်လဲ အိမ်ပြန်ပါတော့မယ် မျက်စိလယ် လမ်းမှားပြီး တောကြီးထဲရောက်နေဟော့ ဘယ်သွားရမှန်းလဲ မသိဟော့ပါဘူး အသင်

မျောက်မင်းကိုသာ အားကိုးရတော့မှာဘဲ"လို့ သနားစဘွယ် မျက်ရည်ကလေး ကလယ်ကလယ်နဲ့ ပြောလိုက်တော့ "အော်-ပုဏ္ဏားး ပုဏ္ဏားး သင့်ကို ခြောက်ကြီးထဲက ကယ်ဆယ်ခဲ့တဲ့ ကျေးဇူးတွေ သတိ မရတော့ဘူးလား ရက်စက်ပါပေရဲ့ကွယ် ပုဏ္ဏားရယ်....က ထားတော့ ထားတော့ ငါသီးခံတယ် ခန္ဓိပါရမိ ဖြစ်လို့မို့ အခုလို သီးခံရဒါကိုဘဲ ငါဝမ်းမြောက်တယ် စိတ်မဆိုးပါဘူး သင့်ကို အိမ်ရောက်အောင် ပို့ပေးပါ့မယ် သို့သော်- အသင်ပုဏ္ဏားက ကျောက်ခဲကြီးနဲ့ ငါ့ခေါင်းကို ထုလို့ သွေးဖြင်ဖြင်စီး နာကျင်လို့ မပြီးနိုင်ဘူး တထီးပိုင် အခြေမမြဲလို့မို့ ပုဏ္ဏားရယ်-သေပွဲဝင်ရတော့မယ်ထင့်" ဒဏ်ရာက ပြင်းဒါကိုး ဒကာအောင်ရ၊ သင့်ကို အောက်ကလိုက်ပြီး လမ်းမပြဝန့်ဘူး ထိပ်ထုလို့ ဒမြမှန်းသိပြီ" ကဲ ကဲ ပင်ရကွေ့တောတန်းက မောပန်းတယ်လို့ မအောက်မေ့ပါဘူး တပင်နဲ့တပင် ကူးသန်းပြီး ပို့မယ် ငါ့ခေါင်းက တဘောက်ဘောက်ကျနေတဲ့ သွေးစက်တွေကိုသာ ကြည့်ပြီး လိုက်ခဲ့ပေတော့"လို့ သွေးစက်များချပြီး အိမ်ရောက်အောင် ပို့တော်မူတယ်မဟုတ်လား(မှန်ပါ-ကရုဏာရှင်ပြိသတော်မူပါ ဘုရား။)

ဥပမာ, ဥပမေယျ ဟက်လိုက်ကြအုံးစို့....။

ခြောက်ကမ္ဘားကြီးနဲ့ ဘာနဲ့ တူသလဲ.... သံသရာကြီးနဲ့ တူစေ။

ပုဏ္ဏားနဲ့ ဘာနဲ့ တူသလဲ....အန္ဒပုထုဇဉ်များနဲ့ တူစေ။

အလောင်းတော်မျောက်မင်းနဲ့ ဘာနဲ့ တူသလဲ.... ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနဲ့ တူစေ။

သွေးစက်နဲ့ ဘာနဲ့ တူသလဲ.... ခြောက်စောင်တွဲ ကျမ်းကြီးနဲ့ တူစေ။

ဒကာအောင်ရေ (ဘုရား) ရပ်, နာမ်ဓမ္မ သုညတရဲ့ အပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါ'ထင်ပြီး မျက်စိလယ်လမ်းမှား လို့ သံသရာခြောက်ကမ္ဘားထဲ ကျနေကြတဲ့ ဒိ,သူ၀ါ တွေကို ကယ်တင်ဘို့ နိဗ္ဗာန်အောင်မြို့ ရောက်စေခြင်းငှါ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ၀ိ၀ေဒီပနီ, ၀ိပဿနာ ဒီပနီ, သဘာ၀ဒီပနီ. သုံးလောကဒီပနီ, အစရှိသော သွေးစက်တွေချပြီး လိုက်ခဲ့ကြဟေ-လို့ လမ်းပြတော်မူခဲ့ တယ် မဟုတ်လား (မှန်ပါ-အမြင်မှန်ရတဲ့သူလဲ ရကုန်ကြပါပြီ ဘုရား။)

သွေးစက်ကိုမကြည့်ဘဲနဲ့ သွားကြရင်တော့ လမ်းမှား ကုန်လိမ့်မယ် ဟောလဲဟော ပြောလဲပြော အားလုံးထုတ် ကြလို့ ထပ်ခါထပ်ခါမှာခဲ့တယ်၊ ဟောရုံသာဟောတတ် ပြီး ဓာတုမနသိကာရ အားထုတ်မှု မရှိကြရင် ထိုပုဂ္ဂိုလ် ဟာ အတ္တဟိတ ကိုယ့်ကျိုးကိုယ်စီးပွါးပြည့်စုံပြီလို့ ဆိုနိုင် ပမလား (မှန်ပါ-သူတပါးသာ ဟောပြီး မိမိက အားမ ထုတ်တော့ ဒိဋ္ဌမပြုတ်ပါ ဘုရား။)

ဒကာအောင်ကြီးလဲ အားထုတ်နော် ပေါ့မနေနဲ့ နောက်နောက်သော ဘဝဘဝါကမ္ဘာ့ကမ္ဘာ တို့ကလဲ တရားကို ဂရုမစိုက် ဒုစရိုက်မှုနဲ့သာ အချိန်ကုန်ပြီး။

* များလှမိုလ်လူ၊ ဟိန္ဒူဂုတို့၊ အပူမညိမ်း၊ တရှိန်းရှိန်းနဲ့၊ ခပ်သိမ်းဘဝ၊ လောင်မီးကျသို့၊ လောဘ ဒေါသ၊ မောဟဒိဋ္ဌိ၊ အစရှိသား၊ ဝိစိမီးစာ၊ ဝင့်ကြီးစွာတည့်၊ ယုတ်မာညစ်ဆိုး၊ အခိုးမရှိ၊ ထိန်ထိန်ညိုလျက်၊ ဤကိလေသာ၊ မီးစကြာဖြင့်၊ ပူဆာလွန်ကဲ၊ တရဲရဲသည် – လောင်စွဲ တခြေခြေနှင့် သာတကား....။

ဒီလိုလာခဲ့ဒါ များလှပြီ မဟုတ်လား (မှန်ပါ-များလှပါပြီ ဘုရား။)

ဒို့တတွေကို သနားတော်မူလွန်းလို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးဟာ ပင်ပန်းတာကို ပစာနမထားဘဲနဲ့ လာသမျှ ပရိသတ်တို့အား နေ့မနား ညမနား, ဝိပဿနာတရားတွေကို မစားရဝခမန်းဟောကြားတော်မူဒါ ကြည်ညိုလို့ကို မဆုံးနိုင်ဘူး ဒကာအောင်ရာ (မှန်ပါဘုရား။)

လူသူမနီးတဲ့ မဟာမြိုင်တောကြီးထဲမှာ တဆဲ့နှစ်နှစ် ကာလပတ်လုံး တပါးထည်း အားထုတ်တော်မူ, တခါ တရံ လယ်တီဆရာတော်ဘုရားကြီးနဲ့အတူ အရည်ဝါသီတောမှီပုဂ္ဂိုလ်အဖြစ်ဖြင့် ဆင်နင်းလို့ ကြေကြေ ကျားစား

လို့ သေသေဆိုပြီး ကျွန်းပင်ပါးဗျဉ်းကြီးထဲကနေ၍ နာမ်တလုံးကို အမိဖန်းတော်မူတယ်၊ ကျားတွေ ကျားသစ်တွေ ဆင်တွေကလဲ ဆရာတော်ဘုရားကြီးရဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးဂုဏ် တခိုးဟုန်ကြောင့် မာန်ဖီခြင်း မပြုကြဘဲ အနားမှာ ခစားလျက် ဝတ်တွားကာနေကြတယ် ဒကာအောင်ကြီးသာ ဆိုရင် ဒီကျားကြီးတွေနဲ့ တွေ့ဘယ်နှယ်လုပ်မလဲ (ထွက်ပြေးမှာပါ ဘုရား။)

အင်း-အတော့ကို သတ္တိကောင်းဒါကိုး အဲဒီလို နာမ်တလုံး အမိဖန်းလိုက်ရင်ဘဲ ရှိရှိသမျှပုဂ္ဂိုလ်သတ္တဝါအရိပ်နိမိတ်တွေဟာ တခါထဲပျောက်ပြီး ရုပ်သဘာဝရဲ့အပေါ်မှာ နာမ်ဓမ္မက ကြီးဆဒါပါကလားလို့ ပရိညာ မျက်စိနဲ့ ပိုင်နိုင်စွာသိလိုက်တော့ မဟာမြိုင်တောကြီးထဲမှာ "**နာမ်ဝိဇ္ဇာဓိုရ်ကြီး**" ဖြစ်မသွားဘူးလား (မှန်ပါ-ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်ချွန် ပုဂ္ဂိုမ္ဘန်ပုဂ္ဂိုလ်မြတ်ကြီးပါ ဘုရား။)

အဲဒီလို ဆရာတော်ဘုရားကြီးကိုယ်တိုင် ဘာဝနာမယာဉ်ဏ်ဖြင့် ကျင့်ကြံအားထုတ်၍သိတော်မူပြီးမှ ဟောတဲ့ ဝိပဿနာတရားတွေ အနုမာနနဲ့ မှန်းဆပြီး စိတ်ကူးယဉ် ဟောတယ်လို့မျိုး မပြစ်မှားမိစေနဲ့နော် (မှန်ပါ ဘုရား။)

ပထဝီတလုံးနဲ့နီဗွာန်မြင်

ဒကာအောင်ရေ....။ (ဘုရား)

ဒီကနေ့ညတော့ ဆရာတော်ဘုရားကြီး နည်းညွှန်လမ်းပြတော်မူတဲ့ အတိုင်း ခန္ဓာငါးပါးထဲက ရူပက္ခန္ဓာ ပထဝီတလုံးနဲ့ သုံးဆဲ့တဘုံ အခဲအတုံးတွေကို ကျိတ်ချေပြီး ပြရလိမ့်မယ်၊ ဒါ့ကြောင့်....တရားရှာကြစို့လား။ (မှန်ပါ ဘုရား။)

တရား ရှာတယ်ဆိုဒါ ပစ္စည်းရှာသလို တမ္ပြီ, တနယ်ထွက်ပြီး ငှက်တော. ကျေးတောထဲ သွားရှာရမှာ မဟုတ်ပါဘူး။ **"ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဋေ ဝေရ"** ဤတလံမျှလောက်သော ခန္ဓာကိုယ်မှာ တရား ရှိတယ်လို့ မြတ်စွာဘုရားဟောတော်မူတဲ့အတိုင်း မိမိရဲ့ကိုယ်မှာဘဲ ရှာရလိမ့်မယ် မဟုတ်လား။ (မှန်ပါ-တရား ရှာတော့ ကိုယ်မှာတွေ့ပါ ဘုရား။)

မိမိရဲ့ခန္ဓာမှာ စိတ် စေတသိက် ရုပ်, ဆိုတဲ့ ပရမတ် တရားတွေ အထင်အရှားရှိနေတယ်၊ နိဗ္ဗာန်ဆိုတဲ့ တရားကတော့ ခန္ဓာကိုယ်ထဲမှာမရှိဘူး။ **"နိဗ္ဗာနဉ္စိ ခန္ဓပဋိဗဒ္ဓံ ဧဝ"** ခန္ဓာနဲ့သာ စပ်တယ်လို့ ဆိုရ၊ စိတ် စေတသိက်, ရုပ်တို့လိုအမိဝမ်းတိုက်မှ ပဋိသန္ဓေကစ၍ ပေါ်လာဒါမျိုး မဟုတ်ဘူး ကြားလား။ (မှန်ပါ ဘုရား။)

ပရမတ္ထတရား လေးပါးတို့တွင် ဝိပဿနာ မရှုအပ်တဲ့ ပရမတ်, ရှုအပ်တဲ့ပရမတ်ကို ခွဲလိုက်တော့ မရှုအပ်တဲ့ ပရမတ်က—

၁။ လောကုတ္တရာ စိတ် စေတသိက်

၂။ အနိဗ္ဗာန်ရုပ်

၃။ နိဗ္ဗာန်
၄။ မရဏေးသော တရား

လောကုတ္တရာ နာဝမ်တရားများကို အရိယာတို့ ရှုနိုင်သော်လဲ အကျိုးမရှိလို့ မရှုအပ်ဘူး၊ အနိဗ္ဗန္ဓရပ်နှင့် နိဗ္ဗာန်ကတော့ ဥပါဒ်, ဌီ, ဘင် မရလို့ မရှုရဘူး၊ မရဏေးသော တရားဆိုဒါကတော့-အထူးပြောဘွယ်မလို မပေါက်သေးသော သစ်ပင်ကို နှုပ်လို့ ဖြစ်ပါ့မလား။ (မှန်ပါ နှုပ်လို့ မဖြစ်ပါ ဘုရား။)

ဥပမာ-ဒကာအောင်ကြီး ဒီဘဝမဟာဂုတ်ကုသိုလ်များ ရဘူးလား။ (တပည့်တော် သမထ အားမထုတ်ဘူးလို့ မရပါ ဘုရား။)

အဲဒီလို မိမိရဲ့ အဇ္ဈတ္တမှာ မရဏေးတဲ့ တရားများကို မှန်းဆပြီး ဝိပဿနာ မရှုရဘူးလို့ ဆိုလိုတယ်။ (မှန်ပါ ဘုရား။)

ဒီဒေ၃ချက်တွေ အကျယ်တဝင့် သိခြင်ရင် နောင်တော်ကြီးဘုရားဦးပဏ္ဍိတ ဝေးသားတော်မှုတဲ့ ''သဘာဝတံဆွန် ကျမ်းကြီး''မှာ ရှုပေတော့။

ရှုအပ်တဲ့ ပရမတ်ကတော့--

၁။ အကုသိုလ်စိတ်
၂။ ဟသိတုပ္ပါဒ်ကြဉ်ယော အဟိတ်စိတ်
၃။ မဟာကုသိုလ် မဟာဝိပါက်စိတ်

အမှာ။ ပညာ,အနုသယ,ပစ္စယသတ္တိများကိုလဲ ဥပါဒ်, ဌီ, ဘင်, မရဏောကြောင့် ဝိပဿနာ မရှုရ။

၄။ ဤစိတ်များနှင့်ယှဉ်တဲ့ စေတသိက်
၅။ နိမ္မနရုပ်

ဒီတရားတွေကို အကျဉ်းချုံးလိုက်တော့ စိတ်, စေတသိက်,ရုပ် ဖြစ်လာတယ်၊ စိတ်.စေတသိက်,ရုပ်-သုံးပါးတို့တွင် မိမိဥာဏ်၌ ထင်ရှား သိလွယ်မည့် တရားကိုသာ **'ဧကော ဓမ္မော'**အရ ရွေးချယ်၍ ရှုပါ။

အထက်ပါ ရှင်းဘမ်းကလေး ဟောခဲ့ရဒါကတော့ တချို့က စိတ်ဆိုရင် ဘယ်စိတ်ဖြစ်ဖြစ်၊ စေတသိက်ဆိုရင် ဘယ်စေတသိက် ဖြစ်ဖြစ်၊ ရုပ်ဆိုရင် ဘယ်ရုပ် ဖြစ်ဖြစ်၊ ဝိပဿနာရှုရမယ်လို့ ပြောတဲ့စကားကို ကြားရတဲ့အတွက် ဒကာဒအောင်တို့လဲ ဗဟုသုတ ဖြစ်ပါစေတော့ ဆိုပြီး ပြောလိုက်ရဒါကိုး။ (မှန်ပါ ဘုရား။)

ကဲ ကဲ-ဝိပဿနာ အလုပ်စခန်းဆက်ကြစို့၊ ယခုဒင်ကပြခဲ့တဲ့ စိတ်, စေကသိက် ရုပ်-သုံးပါးထဲက ပထဝီ ရုပ်တများကို ထင်ရှားအောင် ဟောမယ်လို့ တာဝန်ခံခဲ့တဲ့အတိုင်း ပထဝီဆိုဒါ မာသတော မာဓာတ်ကို ခေါ်တယ် နှုးညှံ့မှုဆိုဒါလဲ တခြားမဟုတ်ပါဘူး မာ သတော ဓာတ် နုံ့နေဒါရဲ့ကိုနှုးညှံ့မှုလို့ခေါ်ရတယ်၊ စင်စစ်တော့ မာ သတော တခုထဲပါဘဲ၊ ဒီ မာ သတောကို မသိကြတဲ့အတွက် ပုဂ္ဂိုလ် သတ္တဝါ ရှိတယ်-အသက်ရှိတယ်လို့ စွဲနေကြဒါပေါ့၊ မိမိရဲ့ ခန္ဓာကိုယ်မှာ ဆံပင် အဖျားက နေပြီး ခြေထောက်အဖျားထိ ခြေတောက်အဖျားက နေ

ပြီး ဆံပင်အဖျားထိ တကိုယ်လုံး ကြည့်လိုက်စမ်းပါ။ မာ သဘော လွတ်တဲ့နေရာရယ်လို့ မရှိဘူး၊ ဒကာအောင်ကြီး မာ သဘော လွတ်တဲ့နေရာ ရှာပြနိုင်ရင် ဆုငွေတထောင် ပေးမတဲ့ဆိုရင် ရှာပြနိုင်ပါ့မလား။ (မပြနိုင်ပါ ဘုရား။)

နဖူးဆိုတဲ့ နေရာမှာ လက်ညှိုးနဲ့ နာနာထောက်ကြည့်လိုက်တော့ လက်ညှိုးရဲ့ အောက်က မာ မာ မာ မာနဲ့ ပထဝီဓာတ်သား ပရမတ်တရားကို ထောက်မိရက် နေ့တယ် မဟုတ်လား။ (မှန်ပါ ဘုရား။)

ခြေသလုံး ပေါင် ကိုယ်ကောင် ဦးခေါင်း ဆိုတဲ့နေရာတွေကိုလဲ ထောက်ကြည့်လိုက်အုံး မာ သဘောတွေချည်းထဲ ထောက်မိရက်နေတယ်၊ ဒကာအောင် စမ်းကြည့်လိုက်တော့ ဘာကိုစမ်းမိတယ်၊ (မာ သဘောကို စမ်းမိပါ ဘုရား။)

စမ်းတဲ့အခါ စလုံးစခုမနေစေနဲ့ တော်တော်ကြာ ခေါင်းမာဒါ အရိုးမာဒါ ဖြစ်နေအုံးမယ်၊ ထိကြည့်လိုက်တော့ ဘာကိုထိမိတုံး။ (မာ,သဘောကို ထိမိပါဘုရား။)

ကိုင်ကြည့်လိုက်တော့ ဘာကို ကိုင်မိသလဲ (မာ သဘောကို ကိုင်မိပါဘုရား) ဒီ မာသဘောအရှိ ပိုင်နိုင်စွာ မသိကြတော့ အစမ်းမှား, အထိမှား အကိုင်မှားတွေ ဖြစ်နေကြတယ် စမ်းကြည့်လိုက်စမ်း, ထိကြည့်လိုက်စမ်း ကိုင်ကြည့်လိုက်စမ်း ဆိုဒါက ယုံကြည်လာအောင် ပြောရဒါ၊ ဝိပဿနာ ရှုတဲ့ နေရာမှာတော့ ဒီလို လုပ်မနေရပါဘူး၊

စိတ်နဲ့ ဥာဏ်နဲ့ ကြည့်လိုက်ရင်ဘဲ ထင်ထင်ရှားရှား မြင်နိုင်ပါတယ်၊ မိမိအဇ္ဈတ္တမှာရှိတဲ့ မာ.သဘောကို မြင်လျှင် ဗဟိဒ္ဓက မာ သဘောတွေကိုလဲ ထူးမခြားနားပင် ဖြစ်၍ အလွယ်တကူမြင်နိုင်တော့ဒါပါဘဲ၊ တချို့က မိုးကောင်းကင် လဟာပြင်ကြီးထဲမှာ မာ သဘော မရှိနိုင်ဘူးလို့ ပြောကြသေး။ အဲဒီ စကားကို ရှင်းပြရမယ်ဆိုရင် လဟာပြင်ကြီးထဲကို ကျိန်လုံးနဲ့ နာနာရမ်းလိုက်စမ်း 'ရှိ-ရှိ'နဲ့ အသံပေါ်မလာဘူးလား (ပေါ်လာပါဘုရား။)

လဟာအခေါ်ခံတဲ့ မာ သဘောနဲ့ ကျိန်လုံးအခေါ်ခံတဲ့ မာ သဘောနဲ့ မာ ဒါခြင်းမာ ဒါပေါင်းဆုံထိခိုက်လို့ အသံဓာတ်ပေါ်ဒါကို ထောက်ပါသဖြင့် မိုးကောင်းကင် လဟာပြင်ကြီးတခုလုံး မာ သဘောတွေ တင်းကြမ်းအပြည့်ရှိကြောင်း သင်ရှားတယ်၊ အကယ်၍ ကောင်းကင်ထဲမှာ မာ သဘော မရှိခဲ့ရင် ဒီအသံ ပေါ်မလာနိုင်ဘူး၊ ပြီးတော့ ရေပြင်ကို ကျိန်နဲ့ ရိုက်ကြည့်လိုက်စမ်း၊ "ဖြန်း" လို့ အသံပေါ်လာတယ် အဲဒီ အသံပေါ်ဒါကို ထောက်ကြည့်လိုက်တော့ ရေထဲမှာလဲ မာ သဘော ရှိကြောင်း မထင်ရှားဘူးလား။ (မှန်ပါ ထင်ရှားပါဘုရား။)

လက်ထဲမှာကိုင်ထားတဲ့ ထင်းချောင်းကို ယောက်ျားမိန်းမ မဟုတ်ဘူးလို့ မြင်သလို မြေကြီးခဲကို ငါးမဟုတ် ကိုယ်မဟုတ်လို့ မြင်သလို ပထဝီဓာတ်ကိုလဲ မြင်စေရမယ် ယခုလို အဇ္ဈတ္တ ဗဟိဒ္ဓ အတွင်း အပြင်ခွဲပြီး ဟောရဒါက တော့ ဥပါဒါန် အားကြီးဘဲ့ နေရာမှာ ဥာဏ်ဝင်သာ

အောင်လို့ ဟောနေရဒါ အမှန်ကတော့ အဇ္ဈတ္တ ဗဟိဒ္ဓ မခြားတသားထဲမြင်အောင်ကြည့်နိုင်မှ သြကာသ လောကကြီး တခုလုံး လဟာကျသွားမယ် မဟုတ်လား(မှန်ပါ၊ ဘုရား။)

လဟာကျတယ်ဆိုဒါ ပုဂ္ဂိုလ် သတ္တဝါရေ မြေတောတောင် အစရှိသော အရိပ်နမိတ်တွေ ပျောက်သွားဒါကို ခေါ်ဒါ၊ မာသဘောလဲမရှိဘူး ဘာမှမရှိဘူးလို့ မယူနဲ့ မာ သဘောကတော့ ပရမတ္တ သဘာဝအားဖြင့် အမြဲတမ်း ရှိနေတာဘဲ ဒီလိုတသားထဲ တချောထဲ ဖြစ်အောင် မကြည့်နိုင်ကြတော့ အလုံးတွေ အခုံးတွေ အပြားတွေ ကြားတွေ ခုခံမနေဘူးလား (မှန်ပါ ခုခံနေပါ ဘုရား။)

သဗ္ဗေပိ ပရမတ္ထမမ္မာ နာမ သဗ္ဗသော၊
သဏ္ဌာန ရဟိတာ ဟောန္တိ။

သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ပရမတ္ထမမ္မာနာမ ပရမတ်တရားတို့မည်သည်ကား။ သဗ္ဗသော၊ အချင်း ခပ်သိမ်း။ သဏ္ဌာနရဟိတာ၊ ပုံသဏ္ဌာန် အထည်ဒြပ်မှ ကင်းဆိပ်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏-ဆိုတဲ့ ''ယမကဒိပနိဋ္ဌိကာ''မှာ လာဘဲ့ အတိုင်း ပရမတ်ဟူက သဏ္ဌာန် ပမာဏ မရစကောင်းဘူး ယခုဟောပြခဲ့တဲ့ ပထဝီဓာတ် ရူပက္ခန္ဓာကို ဥာဏ်နှင့်စိုက်ကြည့်လိုက်တော့ တမမြဲထဲ မမြဲတဖေါက်ပြန်ထဲ ဖေါက်ပြန်နေဒါကို တွေ့နေရတယ်၊ ဖြစ်ရာမှာ ချုပ်ဘဲ့ တရား၊ ချုပ်ရာမှာ ဖြစ်တဲ့တရားတွေ သူ့တို့

နေရာမှ တဆင်ချည်ဖျားမျှ မရှေ့နိုင်ကြဘူးနော်-ဘယ်ရှေ့ နိုင်မလဲ ဖြစ်ဖြစ်ချင်း ပျက်သွားရဒါကိုး၊ ဒီ ပထဝီဝေတ် ရူပကွန္ဓာကြီးဟာ မာပျက် မာပျက် မာပျက်နဲ့ အပျက် ခဏကို အချက်ကျ ရှက်ဆောင် နေဒါပါကလားလို့ နာနာရှုပေး ကြားလား၊ ဒါမှမပျက်ဘဲနဲ့ တဆက်ထဲလို့ စွဲတဲ့ဒိဋ္ဌိဟာ ပြိတ်သွားမယ်မဟုတ်လား (မှန်ပါဘုရား။)

မီးစက်ဝိုင်းလို

ဒီ မာ သဘောဟာ ဆက်တဲ့ တရားလား ပျက်တဲ့ တရားလားလို့ သေသေချာချာ ကြည့်စမ်းပါ **ဥပမာ အားဖြင့်** ဝါးခြမ်းပြားတန် ကလေးကို ထိပ်ဖျားမှာ မီး ရှိ.၍ အဝိုင်းကြီးလုပ်ပြီး ရမ်းလိုက်တော့ အထက်မှာ မီး ရောက်နေတဲ့အခါ အောက်နှင့် ဘေးနှစ်ဘက်မှာ မီးမရှိ ဘူး၊ အောက်မှာ မီးရောက်နေတဲ့အခါ အထက်နှင့် ဘေး နှစ်ဘက်မှာ မီးမရှိဘူး၊ လက်ျာဘက်မှာ မီးရောက်နေတဲ့ အခါ လက်ဝဲဘက်နှင့် အထက် အောက်မှာ မီးမရှိဘူး၊ လက်ဝဲဘက်မှာ မီးရောက်နေတဲ့ အခါ လက်ျာဘက်နှင့် အထက်အောက်မှာ မီးမရှိဘူး၊ ဒါပေမဲ့ လှဲ့ပတ် ရမ်းလိုက် တော့ မီးစက်ဝိုင်းကြီးလို့ ထင်ရတယ်၊ ထင်သာ ထင်ရ အဝိုင်းကြီးတော့ မဟုတ်ပါဘူး၊ အဲဒါလို မနက်က မာ သဘောဟာ နေ့လယ်ကျတော့ မရှိဘူး၊ နေ့လယ်က မာ သဘောဟာ ညနေကျတော့ မရှိဘူး၊ ညနေက မာ သ ဘောဟာ အခုမရှိဘူး၊ အခု မာသဘောဟာ အခုမရှိ

တော့ဘူး၊ ဒါပေမဲ့ ဝိပဿနာ ဥာဏ်နဲ့ မကြည့်နိုင်ရင် ပထဝီဓာတ် ရူပကွန္ဓာကြီး မပျက်ဘဲနဲ့ တဆက်ထဲ နေတယ်လို့ ထင်ရတယ်၊ ထင်သာထင်ရ သူကတော့ မဆက်ပါဘူး. ဒကာအောင်ရ (မှန်ပါ-အဆက်ဆိုဒါ စိတ်ထင်ဒါပါ ဘုရား။)

ဒကာအောင်တို့မှာ ဒီအဆက်တွေ နှိပ်စက်နေဒါ မဟုတ်လား-အဆက်စွဲကို လက်မခံနဲ့ နော်-ကြားလား (မှန်ပါ နှင်ထုတ်ရပါလိမ့် ဘုရား။)

"ပဋ္ဌံ ပဋ္ဌံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ ဟုတ္တာ"အပိုင်းအပိုင်း ပြတ်နေတဲ့ တရားတွေလို့ ရှုရမယ်-ဒီနေရာမှာ ရုပ်,နာမ် နှစ်ပါး ခွဲလိုက်တော့—

အရှုခံတဲ့ မာသဘောက ရုပ်
ရှုတဲ့ဥာဏ်က နာမ် —ရုပ်, နာမ်

ရုပ်ကိုမြင်လို့ရှိရင် နာမ်တရားကိုလဲ မြင်တော့ဒါပါဘဲ ဥပမာ-ပတ္တမြားကိုကြည့်လျှင် ပတ္တမြားမှာ တတ်ထားတဲ့ ရွှေကျိုးကိုလဲ မြင်ရသလိုပေါ့။

ကမ္ဘာမီးလောင်ဆိုဒါ-ဘာလဲ

ပြဆိုခဲ့တဲ့ မာ သဘော မာ ဓာတ် မာ ပရမတ်တွေ ဟာ ဇာတိ-ဇရာ-မရဏဆိုတဲ့ မီးသုံးပါးက အမြဲတမ်း လောင်မြိုက်နေလို့ သက်သာခွင့်မရကြဘူး၊ ဥပါဒိခဏမှာ ဇာတိမီးက လောင် ဌိခဏမှာ ဇရာမီးက လောင်၊ ဘင်

ခဏမှာ မရဏဖိုးက လောင်နေတော့ ဘယ်သက်သာခွင့်ရတော့မလဲ၊ စဉ်းစားကြည့်လိုက်တော့ ဩကာသ လောကကြီး တခုလုံးမှာ ရှိကြတဲ့ မာ သဘောတွေဟာ မီးသုံးပါး တို့၏ အလောင် အမြှိုက်ကို ခံနေရသည့်အတွက် မီးသဘောမျှ မီးလောကကြီးဆိုရင် လွဲပါ့မလား။ (မှန်ပါ မလွဲပါဘုရား။)

တနည်းအားဖြင့်လဲ ပထဝီဓာတ် ရူပကွန္ဓာကြီးကို ဇာတိ ဇရာ မရဏဆိုတဲ့ လောင်မီးတွေ ကျနေသည့် အတွက်ကြောင့် လောင်မီးကျတဲ့ လောကကြီးဆိုရင် လွဲပါ့မလား။ (မှန်ပါ မလွဲပါဘုရား။)

ဒကာအောင်ကြီးရဲ့ ခန္ဓာကိုယ်မှာလဲ လောင်မီးတွေ ကျမနေဘူးလား။ (မှန်ပါ ပြောရင်း ဆိုရင်းနဲ့ တောင်ပူလာတယ် ထင်ဒါပါဘဲ ဘုရား။)

ဟဲ့-လောင်ဒီးကျလို့ ဆဲရင် မခံပြင်းနဲ့ နော်–ကမ္ဘာမီးလောင်တယ်ဆိုဒါ အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်ပြီးဘဲ့ နောက်မှ လောင်မှာလို့ အနာဂတ်ကို လှမ်းပြီး ပြောကြဒါကတော့ အကြမ်းစား မဟုတ်လား။ (မှန်ပါ အကြမ်းစားပါ ဘုရား။)

အနုစိတ်ပြီး ကြည့်လိုက်တော့ ခုတင်ကပြောခဲ့တဲ့ မီးသုံးပါး ပစ္စုပ္ပန်ဆဲဆဲမှာ လောင်နေဒါရဲ့ကိုဘဲ ကမ္ဘာမီးလောင်တယ်လို့ မဆိုထိုက်ဘူးလား။ (မှန်ပါ ဆိုထိုက်ပါ ဘုရား။)

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကလဲ "**သံဝဋ္ဋကပ်ကြီး ထိန်ထိန်ငြီးမျှ တနည်းအားဖြင့် ရမ်းတိုက်ကြီးဌ် မီးပွါးကျသွင်**"လို့ ခြောက်စောင်တွဲမှာ ပြထားတယ်၊ ကမ္ဘာကြီး တခုလုံး ပရမတ်မီး ဓာတ်မီးတွေ လောင်နေလိုက်တာ ဘယ်နေရာမှ သက်သာခွင့် မရပါကလား၊ ဓာတ်ရင်းကို မြင်အောင်ကြည့်နော်.... မီးဖိုချောင်ထဲက မီးကို သွားကြည့်မနေနဲ့၊ "လောင်မီးကျတဲ့ ပထဝီ သေခြင်းဆိုးနဲ့ သေရတဲ့ ပထဝီ"ဟုတ်လား၊ ဇာတိမီးလောင်တုံးက ဆင်းရဲခါစ ရှိသေး၊ ဇရာမီးလောင်တော့ မသဘောလေး မျက်လုံးပြူးနေပြီ၊ မရဏမီးလောင်တော့ သွားရှာပေါ့—။ ဇာတိ ဇရာ မရဏ ဆိုတဲ့ မီးတွေလောင်လို့ သေရတယ်ဆိုတော့ သေခြင်းမဆိုးဘူးလား။(မှန်ပါ သေခြင်းဆိုးပါဘုရား။)

ဒီ မာသဘော မာဓာတ် မာပရမတ်တွေက ခဏခဏ သေနေရဒါ ဆင်းရဲလွန်းလို့ "အမယ်လေး-ကယ်ကြပါအုံး-သေခြင်းဆိုး ဘဝက ဘယ်တော့မျှား လွတ်ပါ့မလဲနော်-ကျွန်တော်တို့ကို ကယ်ကြပါအုံးဗျ"လို့ ငယ်သံပါအောင် အော်ဟစ်ပြီး ကယ်မဲ့သူကို ခေါ်တောင်မှ ကယ်မဲ့သူက လာပါ့မလား ဘယ်လာမလဲ ကယ်မဲ့သူက ရှိမှမရှိ ဘဲကိုး။ (မှန်ပါ မကယ်နိုင်တဲ့သူချည်းထဲပါ ဘုရား။)

ဒါ့ကြောင့် အစိုးမရတဲ့ အနတ္တ....

အနတ္တာ အဝိဇေယျတော။

အဝိဇ္ဇာယျတော၊ လူ,နတ်,မည်ကာ မဆိုပါနှင့် ဂဂ်ါသဲမျှ ပွင့်ကုန်ကြသား ဗုဒ္ဓပရမေ မြတ်စိန္တေတို့ အသာရှေ့တံခိုး ဘုန်းတော်မျိုးဖြင့် စိုးမိုးအာဏာ စိမ်ပါလဲဘယ်ခါမနိုင် ခွင့်မပိုင်ဘဲ လက်မှိုင်သာချရ လေသောကြောင့်။ အနတ္တာ၊ ငါဘဲသူဘဲ ယူစွဲတို့ရာ အမာခံအစစ် အသားနှစ်ကို စင်စစ်ဘယ်မျှ ရှာမရ၍ အော်-အနတ္တ တရားတို့ပါ တကား....။

မာသဘော မာဗာတ် မာပရမတ်တွေကို ဂဂ်ါပါလုသဲစုမျှမက ပွင့်တော်မူကြတဲ့ ဘုရားအဆူဆူတွေက လာပြီး "အသင် မာသဘောကလေး မပျက်နဲ့ မပျက်နဲ့ မြဲနေရမယ်"လို့ အာဏာပေးခဲ့ချင်၊ "ကိုယ်တော်တို့က ဘယ်လိုပင် အာဏာ ပေးပြားသော်လဲ ကိုယ်တော်တို့ စကားနားမထောင်နိုင်ဘူးဘုရ"ဆိုပြီး အတင်း ထိုးထိုး ပျက်မနေဘူးလား။ (မှန်ပါ-ပျက်နေပါ ဘုရား။)

မြတ်စွာဘုရား အာဏာ ဖိဆန်ဒါ ဘယ်သူလဲ (မာသဘောလေးပါ ဘုရား) ဘုရားကိုယ်တော်မြတ်တွေကလဲ ငါတို့စကား နားမထောင်ဘူးဆိုပြီး လက်မှိုင်ချလို့ နိဗ္ဗာန် ထိုးနှန်း ကြွမြန်းတော်မူကြပြီ။ "မှိုင် ပေါ်ထွက်မြေကိုရှက်သို့"ဆိုဒါလို ဖြစ်သည်နှင့် တပြိုင်နက် ပျက်မဲ့သဘောကြီးက ကပ်ရက် ချပ်ရက်ပါလာသည့် အတွက် မပျက်ဘဲကို မနေနိုင်တဲ့ ပရမတ်ဒုက္ခိတ ကလေးတွေဆိုရင် လွဲပါ့မလား။ (မှန်ပါ-မလွဲပါ ဘုရား။)

ကျိန်ဖန်မလတ် ဝါဂွမ်းဖတ်သို့ အထပ်ထပ်ရှုပြန် ဥာဏ်ရင့်သန်က လျှပ်စစ်ကို မော်ကြည့်သူကဲ့သို့ အဖြစ်ကို မမြင်အပျက်ကိုသာ မြင်နေရတော့ဒါဘဲ သို့ဖြစ်၍ အနိမိတ္တသုညတ အနတ္တဖြစ်သော ပရမာဏုမြှ။ တခြမ်းကို အစိတ်တသန်းစိတ်၍ တစိတ်စာမျှ ပုံဟန်သဏ္ဌာန် မရတဲ့ ပထဝီဓာတ် ရူပကွန္ဓာကြီးကို သေခြင်းတရားက အမြဲတမ်း နှိပ်စက်နေသည့် အတွက်ကြောင့် ချမ်းသာမှုဆိုရင် စင်းလုံးချော မရှိတဲ့ ဒုက္ခသစ္စာတရားကြီးပါလားလို့ ပစ္စုပ္ပန္နဘဝ်ကျအောင် မြင်စေရမယ်။

ဒါ့ကြောင့် —

* အကြောင်းတော်လှစ် ရပ်,နာမ်,ဖြစ်သော် ဒုတ်ခြစ်ရေထက် မိုးရေပွက်နှင့် အပ်ထက်မုံညှင်း နေထွက်နှင်းသို့ ပျက်ခြင်းမလှ ပျက်ကုန်ကြသည်-ဒုက္ခသစ္စာ ပါတကား....။

ကဲ—ကဲ....တရား သိမ်းတော့မှာမို့ သီတန်ကလေး လိုက်ကြစမ်းပ။

* သုံးဆဲ့တဘုံ ဂ္ဂိုဏာကြည့်တော့ အကောင်းမရှိဒါ မှန်ပါသည်။
ဒုက္ခသစ္စံ ပရိညာယလို့ သဘာဝနဲ့ စာပြယုံကြည်၊ ဥပါဒါန်ဆိုလျှင် ဘင်ကိုသိတော့ ဒုဂ္ဂိုကိုဖွေးဘို့မလိုပြီ၊ ဝါထင်မှားဒါ မျှားစွာကြာခဲ့ပြီ။
အဆင်းကောင်းကြိုက်သူမို့ မောင်လိုက်ခါရှာလေပြီ

အသံကောင်းကြိုက်သူမို့ မယ်လိုက်ခါ ရှာလေပြီ၊ ရှာပေမယ် အလကားပါဘဲ (မတွေ့ဘူးနော်) ပရမတ် တရားတွေ သေဒါမြင်ရသည်။

* သုံးဆဲ့တဘုံ ဂြိုဟ်ကာကြည့်တော့ အကောင်းမရှိဒါ မှန်ပါသည်။
ဒုက္ခသစ္စံ ပရိညာယလို့ သဘာဝနဲ့ စာပြယုံကြည်၊ ဥပါဒိဆိုလျှင် ဘင်ကိုသိတော့ ဌာရှိကိုတွေးဘို့မလိုပြီ၊ ဝါထင်မှားဒါ မျှားစွာကြာခဲ့ပြီ။
အနံ့ကောင်းကြိုက်သူမို့ မောင်လိုက်ခါ ရှာလေပြီ၊
အရသာကောင်းကြိုက်သူမို့မယ်လိုက်ခါရှာလေပြီ ရှာပေမယ် အလကားပါဘဲ (မတွေ့ဘူးနော်) ပရမတ် တရားတွေ သေဒါမြင်ရသည်။
သုံးဆဲ့တဘုံ ဂြိုဟ်ကာကြည့်တော့ အကောင်း မရှိဒါ မှန်ပါသည်။
ဒုက္ခသစ္စံ ပရိညာယလို့ သဘာဝနဲ့ စာပြယုံကြည်၊ ဥပါဒိဆိုလျှင် ဘင်ကိုသိတော့ ဌာရှိကိုတွေးဘို့မလိုပြီ၊ ဝါထင်မှားဒါ မျှားစွာကြာခဲ့ပြီ။
အတွေ့ကောင်းကြိုက်သူမို့ မောင်လိုက်ခါရှာလေပြီ
သဘောကောင်းကြိုက်သူမို့မယ်လိုက်ခါရှာလေပြီ ရှာပေမယ် အလကားပါဘဲ (မတွေ့ဘူးနော်) ပရမတ် တရားတွေ သေဒါမြင်ရသည်။

ဒုက္ခသစ္စာ မြင်လို့ ရှိရင် နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကြီး

ကိုလဲ မျက်မှောက်ပြုလျက် နေတော့ဒါပါဘဲ ဒကာ အောင်ရေ(ဘုရား) တရားသိမ်းကြအုံးဗို့လား။ ယခုလို ဟောနိုင်ဒါ ပြောနိုင်ဒါ အားထုတ်နိုင်ဒါဟာ ကျေးဇူး တော် အစုံ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘုရားကြီး ကျေးဇူးတွေနော် - ထိုကျေးဇူး တွေကို ဆပ်သောအားဖြင့် ရှိခိုးထိုက် ပူဇော်ထိုက်သည့် အားလျော်စွာ....

ဒမကံ၊ တရားဓမ္မသဘာဝကို ဟောပြနာနည်း ဆွေး နွေးနည်းနှင့် ရှုနည်းဖုံဖုံ အလုံးစုံသင်ကြား ကျေးဇူးရှင် ဆရာတော် ဘုရားကြီးကို။ ဝ၊ အများဒကာ ဒကာမတို့ ကိုဖြင့် အော်-တရားဓမ္မာလဲ မပြနိုင်ဘူ။ ဘဝနတ်ဌာန် ပြောင်းစံကြွသွား ကြောင်ပန်းရှင် ဆရာတော် ဘုရားကြီး ကို။ သောမ္မ မာနသာ၊ ဧးကြည်ဖိတ်လျှပ် ကောင်းမြတ် သော စိတ်ဓာတ်ဖြင့်။ ဒုဟံ၊ သယံဇာတ ရှပ်,နာမ်မျက်စိ စိတ်ကျသမုတ် အကျွန်ုပ်သည်။ ဝ၊ တုသိတာ ဘုံကြင့်နန်း ဆီသို့ မျှော်မှန်း ရည်ရော် ဘုရ့ တပည့်တော်သည်။ နမော၊ ဝဏ္ဏအာရုံ ပေါင်းဆုံသဟဇ ဂါရဝဖြင့် ရှင်ပြ မြတ်နိုး လက်စုံမိုး၍ ရှိခိုးကံတော့လိုက်ပါ၏ ဘုရား....။ နမော၊ လူတို့ပြောက ပူလို့ဖြေသဘုရ့ အနန္တဂုဏ် ကျေး ဇူးဟုန်ကို စိန်ထုံအမြ သဒ္ဓါကဲ၍ ငါစွဲကိုခွါ ရှိခိုးကံတော့ လိုက်ပါ၏ ဘုရား....။

သာဓု—သာဓု—သာဓု

ပဏာမ တရားခွန်း-ပြီး၏။

ချစ်မိုးစွေတာရားခွန်း

— ၀ —

ရုပ်နှင့် နာမ်မျှ သဘာဝ စွဲကြထွေထွေ ချစ်မိုးစွေ။

မဟာဇနာ အညွှမည့်၊
အတိတ္တမုံ အဒဿနာ။
ဝိပဿနာယ သုဘံ ဝေါ၊
ဝိယ ဒေဝံ ဘိဝဿထ။

မဟာဇနာ၊ အင်ယ်အကြီး အထီး အမ ခေါ်ရသမုတ် စက်ဆုပ်စရာ လူမျိုးစုတို့သည်။ အ ဒဿနာ၊ သုသာန်တစ ရုပ် နာမ်မျှကို ဒုက္ခသစ္စာ ပရိညာဖြင့် ကောင်းစွာ ထင်ထင် မသိမြင်ခြင်းကြောင့်။ အညွှမည့်၊ သို့မိုး နှင့် သားလင်ယောကျ်ားနှင့် မယား မိဘ တော်စပ်ခွဲနိုးရင်း အချင်းချင်းပင်။ ဝါ၊ စွမ်းရည်ပြင်းထန် ဥပါဒါန်ကြောင့် တွေ့ပြန်ညှာထောက် တယောက်သည် တယောက်ကို။ အတိတ္တမုံ၊ ချစ်မိုးစွေကြလေကုန်ပြီ။ ဝါ၊ မေမေ့သို့မိုးရယ် ဖေဖေ့သားရယ် အနားကွယ် ထိုင်ထိုင် ကြည့်လို့လဲ အားမရနိုင် ချစ်လို့လဲ အားမရနိုင် စတိုင်တမျိုးနဲ့ ငရဲကို ခိုင်ပင်ထိုးကြလေကုန်ပြီ။ ဝါ၊ နှစ်ကိုယ်ကြားထဲက လေသွေးဒါတောင် တပြေပြေ ဝေးတယ်လို့ထင် မိုးမမြင် လေမမြင် တဏှာမှင် အညစ်အနိုး ဝေလို့မို့ သြော်-ချစ်မိုးစွေကြ လေကုန်ပြီ။

၀၊ မယားနဲ့ ချစ်မိုးစွေ သားနဲ့ ချစ်မိုးစွေ သံသရာ ဘုံစခန်း အိုပန်းပွင့်မဲ့ ချစ်မိုးစွေ သွီးနဲ့ ချစ်မိုးစွေ မည်းနဲ့ ချစ်မိုးစွေ သံသရာဘုံစခန်း နာပန်းပွင့်မဲ့ ချစ်မိုးစွေ အလုပ်နဲ့ ချစ်မိုးစွေ အရှုပ်နဲ့ ချစ်မိုးစွေ သံသရာဘုံစခန်း သေပန်းပွင့်မဲ့ ချစ်မိုးစွေ။ ၀၊ ပြုံးဒါကလေးကတလွဲ မဲ့ဒါလေးက ပေါ်လာ မြင်ရာမှာ တ၀င်း၀င်း ကြားရာမှာ တ၀င်း၀င်း ဒီဌီခေတ်ပြင်းမီးစက်ကွင်းကို လယ်ပင်းမှာ၃င်းတတ်လျက် အတင်း အကြပ် လောင်ဖ္ဖြိုက်ခံ လောင်တိုက်စံအောင်းသင် လူအပေါင်းတို့သည်။ သုဘံ၊ ရှာဘွယ်လျောက်ပတ်ကောင်းမြတ်တင့်တယ်စွာ။ ဝိပဿနာယ၊ ရုပ် နာမ် နှစ်ခုမှန်ပြင် ဖြုတ်နှုံသမှု ဥာဏ်တင် သမ္မဇဉ်ပွါး ဝိပဿနာတရား၌။ ဝိယဒေ၀ံ၊ ရာသက်ပန် ရှယ်ကိုးလို့ ရိုးမြြက္ခ ပေါင်းမယ် ဘယ်တော့မှ မပြစ်ဘူး အချစ်တည်းဟူသော မိုးကြိုးကို။ အဘိ၀ဿထ၊ နေ့မစဲ ညမစဲ တသွင်သွင် သဲလို့ မို့ စွေလဲစွေ လိုက်ကြပါကုန်လော။ အဘိ၀ဿထ၊ ဘုရားနဲ့ ချစ်မိုးစွေ တရားနဲ့ ချစ်မိုးစွေ ပြည်ခေမာ ဘုံစခန်း မဂ်ပန်းပွင့်မဲ့ချစ်မိုးစွေ ပရမတ်နဲ့ချစ်မိုးစွေ ဓာတ်နဲ့ ချစ်မိုးစွေ ပြည်ခေမာ ဘုံစခန်း ဖိုလ်ပန်းပွင့်မဲ့ ချစ်မိုးစွေ။ အဘိ၀ဿထ၊ တဘဏ္ဍာချစ်မလုပ်ကြနဲ့ သဒ္ဓါချစ်ဟုတ်ကြမှ ဒုက္ခကုန်မယ် ရှုပ်သမျှဘုံ၀ယ် အညစ်အခိုး မ၀ေရအောင်လို့ ညြော်-**ချစ်မိုးစွေ**လိုက်ကြပါကုန်လော။

ဒေါ်ဘောအောင်ရေ (ဘုရား။)

ဒီကနေ့ ညတော့ ချစ်မိုးစွေ တရားကို ပြောတယ်ပြီး ရေလယ်အောင် ဟောရလိမ့်မယ်၊ အင်း-ချစ်မိုးစွေလို့ ဆိုတော့ တချို့က ကလက်တယ်မျှားထင်ကြမလား မပြောတတ်ဘူး၊ ဘယ်သဘောကို ဘယ်လိုပြလို့ ဘယ်ကနေပြီးတော့ ဘယ်ကိုဆုံး ဘယ်အသုံးကို ဘယ်လိုချယ် ဘာကို ရည်ရွယ်တယ်လို့ သိရအောင်လဲ သောတမှာ ဓာတ်ခွက်ဆင်ပြီး မှတ်ချက်တင်လို့သာ နာကြပေတော့ (မှန်ပါ-ဘုရား။)

ချစ်မိုးစွေ တရားရယ်လို့ ပိဋ္ဌကတ်သုံးပုံထဲမှာ မပါပါဘူး၊ အတ္ထနောမတိထွင်ပြီး ဟောဒါပါလို့ အပြစ်တင်မစောကြနဲ့အုံး၊ ပဋ္ဌိစ္စသမုပ္ပါဒ် ပါဠိတော်မှာ '**တဏှာ ပစ္စယာ ဥပါဒါနံ**'လို့ အထင်အရှား ရှိပါတယ်၊ မြွေကဘားကိုခဲသလို မလွှတ်နိုင်လောက်အောင် တယောက်နဲ့ တယောက် အစွဲဝေတ် အချစ်ဝတ်တွေ ရစ်ပတ်ပြင်းထန်ပြီး နေဒါကို အချစ်မိုးကြီးစွေတယ်လို့ မခေါ်ထိုက်ဘူးလား (မှန်ပါ-ခေါ်ထိုက်ပါ ဘုရား။)

ဒါ့ကြောင့် ချစ်မိုးစွေ ခန္ဓာငါးပါး အမှန်တရားကို မသိနိုင် မမြင်နိုင်ဘဲ ပုဂ္ဂိုလ် သတ္တဝါ အဟုတ်ရှိ တကယ်ရှိ ထင်ပြီး အမိ အဘ က သား သျှီးကို သား,သျှီး က အမိ. အဘကို ယောကျ်ားက မိမှကို မိမှက ယောက်ကျ်ားကို အပြန်ပြန် အလှန်လှန် ချစ်မိုးကြီး စွေမနေကြဘူးလား။ (မှန်ပါ ချစ်မိုးစွေနေကြပါ ဘုရား။)

ဒါဒင်မကသေးဘူး နွားကလေးနဲ့ ချစ်မိုးစွေ လဲ့ကလေးနဲ့ ချစ်မိုးစွေ လှေကလေးနဲ့ ချစ်မိုးစွေ အိမ်ကလေးနဲ့ ချစ်မိုးစွေ လူတွေသာ မဟုတ်ပါဘူး ကျုပ်တို့ဘုန်းကြီးတွေလဲ ကျောင်းကလေးနဲ့ ချစ်မိုးစွေ ဒကာ ဒကမတွေနဲ့ ချစ်မိုးစွေ သဒ္ဓါချစ်လား တဏှာချစ်လား ဆိုဒါတော့ "ကိုယ့်ဝမ်းနာ ကိုယ်သာသိ" မဟုတ်လား (မှန်ပါ-ဘုရား။)

တချို့ မိဘတွေများ သားကလေးကို ချစ်လွန်းလို့ ခလေး ကလေးရဲ့ ဗိုက်ကို ဘူးဘူး ဘူးဘူးလို့ ပစပ်နဲ့ မှုတ်ကြသေးဘယ် ဒကာအောင်ကြီလဲ မှုတ်ဘူး ဘူးလား (မှုတ်ဘူးပါ ဘုရား။)

အဲဒီလို မှုတ်လိုက်တော့ ခလေးကလေးက ခစ်ခစ် ခစ်ခစ်နဲ့ ရီဒါပေါ့လေ—။အဲဒီ ရီဒါကလေးကိုဘဲ အဖေလုပ်သူက သဘောကြပြီး ဖေ့သားကြီးလေ့ ဘသားကြီးလေ့ ပူတူတူးကြီးလေ့ ဆိုပြီး ငုံ့ မနမ်းလိုက်ဘူးလား။ (မှန်ပါရင်သွေးဆိုတော့ချစ်တာပေါ့ဘုရ့ အရှင်ဘုရားသာ ခလေးမရှိလို့ ဥစ္ဆာ။)

အောင်မာ....လာလာချည်သေး၊ ခင်ဗျားက အသာကလေး နေစမ်းပါ အတော်ရှက်တာဘဲ၊ အဲဒါလို သား, သွီးကို ကြည့်လို့လဲ အားမရ၊ ချစ်လို့လဲအားမရနိုင်ကြဘဲ အတွေ့အစ္ဆ မြကြီးမြပြီး စတိုင်တမျိုးနဲ့ ငရဲကို ဒိုင်ပင် ထိုးမချလိုက်ဘူးလား။ (မှန်ပါ ချစ်မိုးစွေလို့ ဒုက္ခများနေကြပါ ဘုရား။)

ဒါဖြင့် ဒကာအောင်တို့ လူစွမ်းကောင်းကြီးတွေပေါ့ လေ၊ အစ္စမျှားအတော်ဆိုးတယ်၊ သူ့ကိုယ် ငါ့ကိုယ်အရှိ ထားပြီး နှစ်ကိုယ်ကြားထဲက လေသွေးဒါတောင် တပြေ ပေးတယ်လို့ ထင်ကြဆိုတဲ့ စကားအရ ထောက်ကြည့် လိုက်တော့ တယောက်နဲ့တယောက် စပါးလုံး တထောံ လောက်မှ ခွဲမနေခြင်ဘူးဆိုတဲ့ အဓိပ္ပါယ်တွေ့မဟုတ်လား (မှန်ပါ ဘုရား။)

ချစ်သူနဲ့ အတူတွဲပြီး ပျော်ပွဲကြီး ဆင်လို့ နေရရင် မိုးတောင် ဘာရွက်လောက် ရှိတယ်ထင်သတဲ့၊ ဒကာ အောင်ကြီးတော့ သိမှာဘဲ။ (ဗီးရွက်လောက် ရှိတယ် ထင်ပါ ဘုရား။)

အော်–အစ္စတွေ့ အစ္စတွေ့ တယ်ဆိုးနော်....မဲ ဘက သား သွီးကို စွဲတယ်၊ သား သွီးက မိဘကို စွဲတယ်၊ ယောကျ်ားက မိန်းမကို စွဲတယ်လို့ သာဆိုရ တရားကိုယ်နဲ့ ချကြည့်လိုက်တော့ အတ္တဒိဋ္ဌိက စွဲဒါပါ ဒကာအောင်ရ။ (မှန်ပါ ဘုရား။)

ဒါရု–ဒါရု

ဒီအစ္စတွေ့ပြောမိတော့ ရှာတရှာက "မမင်းလဲ" ဆိုတဲ့ မိမွေးကြီး အကြောင်း သတိရ-သူရဲ့ အိမ်သားကြီးကတော့ "ဦးပန်းဝါ" တဲ့၊ ဘာပြုလို့ မမင်းလဲခေါ်ရသလဲဆိုတော့ မင်း အပြောင်း အလဲမှာ မွေးလို့တဲ့ ဒကာအောင်ရ။ (အော်....ဟုတ်လား ဘုရား။)

တနေ့သော အခါကျတော့ အဘိုးကြီးမှာ ရောဂါ ဝေဒနာတွေ ဖိစီးပြီးသေခါနီးသို့ ရောက်သော အချိန် မမင်းလဲကို လက်ရပ်ပြီး "ရှင်မရေ-ဒီခဏ ဒီခဏ" လို့ ခေါ်လိုက်တော့ မမင်းလဲက အဘိုးကြီးဟာ သူ့ကိုယ်သူ သေလိမ့်မယ်ထင်လို့ သား,သျှီးတွေနဲ့ ကောင်းကောင်း မွန်မွန် နေရစ်၊ ဘယ်သူ့ဆီမှာ ကျွေးရစရာ ရှိတယ် တောင်းရစ်လို့ မှာခဲ့မလားအောက်မေ့ပြီး အနားရောက် လာတော့ ဘယ်ဟုတ်မလဲ၊ "ဟဲ့-မင်းလဲ ငါသေလို့ ရှိရင် နင် နောက်အိမ်ထောင် ပြုအုံးမှာလား" လို့ စိုးရိမ်တဲ့ သ ဘောနဲ့ မေးလိုက်တဲ့ အခါ "တော့ ဘာသာ ချမ်းသာ အောင် နေပါ၊ နောက်အိမ်ထောင် မပြုပါဘူး စိတ်သာ ချ" လို့ ပြောလိုက်တော့၊ ဒါဇု-ဒါဇုလို့ ဆိုလိုက်သတဲ့၊ သာဝုခေါ်ဒါပေါ့ ဒကာအောင်ရ၊ မေးက ခိုင်နေတော့ မပိတော့ဘူး။ (မှန်ပါ အသက်ကလဲ ထွက်ခါနီးကိုး ဘုရား။)

အော်.... သေခါနီးတောင် စွဲသေးနော်၊ နောက် အိမ်ထောင်ပြုလဲ ပြုရောပေါ့ဗျာ ဒီလောက် စွဲနေဘို့ မလို ပါဘူး၊ ဘယ်ယောကျ်ားနဲ့ရရ။ (မှန်ပါ သူက ဒီဋ္ဌိမပြုတ် သေးဘဲကိုး ဘုရား။)

အော်-မိမ္ဘ, မိမ္ဘ

ဒီနေရာမှာ "မရိုးနှင့်မတ် လင်ကိုသတ် လေးဇာတ်

တိုင်အောင်ပင်'' ဆိုတဲ့ အဓိပ္ပါယ်ကလေး ပြောရအုံး။ (မှန်ပါ အမိန့်ရှိပါအုံး ဘုရား။)

ရှေးအခါက ညီအကို နှစ်ယောက်ရှိကြ ညီ ဖြစ်သူက အကို့မယားကို အပိုင်ရလိုသည့်အတွက် မရီးရဲ့ အကြံပေးချက်ဖြင့် တနေ့သောအခါ မြစ်ဆိပ်မှာဆင်းရှိ ခေါင်းရှော်နေတဲ့ အကိုကြီးကို သစ်ပင်ကြားက ချောင်းပြီး ပဲခွပ်နှင့် ခုတ်သတ်လိုက်လို့ ပွဲခြင်းပြီး သေပါရော့ သေခါနီးဆဲဆဲ စွဲလမ်းတဲ့ ဇောအဟုန်ကြောင့် မယားရဲ့ အိမ်မှာဘဲ ကုသိုလ်ကံ အခြေတိန်းလို့ မြွေစိန်းကြီးဖြစ်ရ ရှာသတဲ့ ဒကာအောင်ရ။ (မှန်ပါ ဘုရား။)

အဲဒီ မြွေစိန်းကြီးဟာ မယားရဲ့ ကိုယ်ပေါ် ဖတ်ခနဲ ကျလိုက်တော့ ဒီမြွေကြီးဟာ မရီးဘူး လင်ကြီး ဘဝကလာဒါ နေမှာဘဲ ဆိုပြီး ရိုက်သတ်ပြန်တယ် ဘယ်လိုပင် ရိုက်သတ်သော်လဲ ဒေါနခက်နှင့် ထိတယ်ထင်ပြီး သေခါနီးမှာတောင် မမုံးနိုင်ရှာဘဲ ''c¹ မိမ္ဘ-c¹ မိမ္ဘ''လို့ စွဲပြီး သေတော့ အဲဒီ-အိမ်မှာဘဲ ခွေးကလေး ဖြစ်ရပြန်တယ်၊ ခွေးကလေးကလဲ မိမ္ဘသွားရာ နောက်သို့ တကောက်ကောက် လိုက်နေဒါကို မြင်ရတဲ့သူများက တီးတိုးတီးတိုး အမျိုးမျိုး ပြောကြသဖြင့် c¹ ကို အရှက်ခွဲရမလား ဆိုပြီး ခွေးကို သတ်ပြန်တယ်၊ အဲဒီ အခါမှာ ခွေးကလေးက ''အော်-မိမ္ဘ မိမ္ဘ c¹ ကတော့ ချစ်လိုက်ရဒါ အသဲကြွေ မတတ် သူကဖြင့် နှပ်စက်နိုင်ပါပေရဲ့'' လို့ ညီးညူပြီး မခွဲ

နှင် မဆွါရက် ဥပါဒါန် စွဲချက်ဖြင့် သေရပြီးနောက် နွားကလေး ဖြစ်ရရှာတယ်၊ နွားဘဝ ရောက်တော့လဲ တကောက်ကောက် လိုက်နေသည့် အတွက် သတ်ပြစ်လိုက်ပြန်သတဲ့၊ ဒကာအောင် ဒီဋ္ဌိအစွဲများ တယ်ဆိုးပါကလား (မှန်ပါ ဒီ ဒီဋ္ဌိကို တောက်တောက်စင်းပြီး ရေစုံမျောလိုက်ဘို့ ကောင်းတော့ပါ ဘုရား။)

* မြမြင့်မိုရ် တောင်ကွမ် ရှောင်လွှဲမဲ့သက်ကယ်၊
မောင်ဆွဲတဲ့ မျက်ချယ်ကို ပျက်ပြယ်ပြယ်မမုံး၊
မိုးပျိုလှိုမြေထောင်စေ သေတိုင်အောင်စွဲတဲ့နှစ်လုံး။

ပျော်ကြ ရှင်ကြ ဖို,နှင့် မတို့ စွဲကြတဲ့အမှား ရေးစီထားတဲ့ ကဗျာကလေးဘဲ မဟုတ်လား (မှန်ပါ တပည့်တော်တောင် စလေဆရာကြီး ဦးပုည ရေးစပ်တဲ့ တေးထပ်ကလေး ရပါသေးတယ် ဘုရား။)

ဟုတ်လား....ဒါဖြင့် ဆိုစမ်းပ။

* မျက်နှာကို ခြေနှင့် ကြောက်စေတော့ သွေမဖေါက် ခုနှော် လင်ငါးယောံ စုပေါ်စေ ကျွန်တော်ကမလွဲ တသက်လုံး လင်ငယ်နေပါ သည့်မေကို ရိုးပြောကြစွဲ ချစ်လှလို့ သဲညင်းခံသည် ဆဲရေးသံကိုလဲ အငြိမ့်သံ ဘာဘင်ပွဲလို စိတ်ထဲကထင်တယ် ကွာမည်ကို မဆိုလိုက်ပါနှင့်မယ်ရိုက်လျှင် ကုန်းခံပါ့မယ် ဘိုနပ်

နှင့် အရပ်လယ်မှာ မပြတ်ကွယ် မယ်ရိုက်တော့ နာလိုက်တဲ့စိတ်ကယ်နော် ရွေးမျှမပေါ် ခင်လေးက ကြင်ရေးမျှော်လျှင် ထမိန်ရှော် ခိုင်းပါတော့လေး— တဲ့ ဘုရား။

တယ်ဆိုတဲ့စာပါလား အင်း-ထားပါတော့ မိမ္ဘကို စွဲလို့ မြေတို-ခွေးတို-နွားတို ဖြစ်ရဒါကို ထောက်လိုက်တော့ အိမ်ကိုစွဲသေရင် အိမ်ထဲမှာ တောက်တဲ့ အိမ်မျှောင်ပိုးဟတ် ဂျပိုး အမျိုးမျိုး ဖြစ်နိုင်တယ်၊ ဘုန်းကြီးများ ကျောင်းကို စွဲသေရင် သူရဲကြီးဖြစ်နိုင်တယ်၊ တိသရဟန်းကြီး သက်နန်းကို စွဲလို့ သန်းဖြစ်တယ်ဆိုတာလဲ ကြားဘူးတယ် မဟုတ်လား။ (မှန်ပါ ကြားဘူးပါ ဘုရား။)

ဒကာအောင်ကြီးက အရင်သေလို့ ဒကာမကြီးရဲ့ ခေါင်းမှာ သန်းမျှားသွားဖြစ်ရင် ဒကာမကြီးက ချွတ်ခနဲ တုတ်လိုက်မှာဘဲ။ (မှန်ပါ ဟိုတုံးကသာ တုတ်တာပါ ဘုရား။)

ပြီးတော့ ဆရာတော်ကံဆိုးလို့ ကြံပိုးကြီးဖြစ်ရဒါလဲ ရှိသေးတယ်၊ တိုက်အိမ်ဘုံနန်း အခန်းခန်းဖြင့် အဆန်းကိုထွင် လင်နှင့် မယား သို့မ, သား, ဆွေ, အထွေထွေတို့ ဘယ်လိုပင် ဒိဋ္ဌိအစွဲနဲ့ ချစ်မိုးစွေကြသော်လဲ နောက်ဆုံးကျတော့ သေရေးချ သေရဒါဘဲ မဟုတ်လား။ (မှန်ပါ မခွဲခြင်ဘဲနှင့် ခွဲပြီး သေကြရဒါပါဘဲ ဘုရား။)

တယောက်နဲ့ တယောက် အချစ်ဝတ်တွေ ရစ်ပတ်နေပြန်တော့ ခွဲရမှာ အလွန်ခက်တာမို့ သူအရင်သေရင် ကောင်းနိုးနိုး ငါ့အရင်သေရင် ကောင်းနိုးနိုး တနေ့ထဲ တပြိုင်ထဲ သေရင် ကောင်းမလိုလိုနဲ့ သောကတွေ ဖြစ်နေတတ်ကြတယ်၊ သေခြင်းတရားဆိုဒါ ဘယ်သူမှ လွန်ဆန်နိုင်ဒါမျိုး မဟုတ်ဘူး ဒကာအောင်တို့ ကျုပ်တို့လဲ သေကြရအုံးမှာဘဲ။

ဝက်ခြံထဲမှာ ဝက်များ၃ာ

သတ္တဝါ မှန်သမျှတို့ နေ့စဉ်သွားနေရတဲ့ ခရီးဟာ သေလမ်းခရီးဖြစ်တယ်၊ ဘယ်သူမှ မျက်စိလယ် လမ်းမှားပြီး တခြားနေရာကို ရောက်သွားတယ်လို့ မရှိဘူး ဒီသေလမ်းကြီးကို ကြီးသူ ငယ်သူ မည်သူမဆို သွားတတ်ထာ ချည်းဘဲ မွေးခါစ ကလေး ကလေးက စပြီး သွားတတ်တယ်၊ ဒကာအောင်တို့ ကျုပ်တို့ နေ့စဉ်နှင့်အမျှ မနက်တထပ် ညတထပ်.ထမင်းကို မှန်မှန်စားပြီး သေမင်းကို မြှော်နေကြတယ် ဆိုရင် လွဲပါ့မလား။ (မှန်ပါ-မလွဲပါ ဘုရား။)

"ခန္ဓာ ရုံ မြိုး ပြ တီး ဆီက အပြီးဖြောကာ စောင့်ရှာကြ စိုးနှောင့်သင်္ချိ"သေမင်းကြီးကိုအိပ်ရင်းစောင့် ထိုင်ရင်း မျှော် သွားရင်းရှာ ဘယ်ဆီကလာမလဲ ရှိရှိသမျှသတ္တဝါတွေကို သေမင်းကြီးက အလွဲကျနဲ့ ခေါ်နေတယ်၊ ဒကာအောင်ကြီးလဲ အလွဲကျလှပြီ သတိထားနော်....ဥပမာ

အားဖြင့် ဝက်ခြံထဲမှာရှိတဲ့ဝက်တွေကို ဝံကထိုးသမားက တကောင်ခြင်းထုတ်ပြီးသတ်တယ်၊ အလဲ့ ကျတဲ့ ဝက်ဟာ လှန်ထိုးခံရဒါဘဲ မဟုတ်လား။ (မှန်ပါ ဘုရား။)

ဒီလို လှန်နဲ့ထိုးလိုက်တော့ မချိမဆန့်ဖြစ်ပြီး သွေးရဲရဲ သံရဲရဲနှင့် သေပွဲဝင်ရသလို ဒုတတွေမှာလဲ ဦးသေမင်းက မျက်စောင်းထိုးလှပြီ၊ အလဲ့ကျတဲ့နေ့မှာ ဘယ်သူ့မှ မျက်နှာမလိုက်ဘူး အကုန်လုံးဆွဲထုတ်သတ်မှာဘဲမလိုက် ပါရစေနဲ့၊ အဟင့်အဟင့်လို့ ချွေနေလို့မရဘူး၊ သေမင်း ကိုယ့်အဖေမှတ်လို့ ဒီလို သတ်မှာကို မမြင်ကြတော့ "ငါ တလူလူ ပမာမှ ရှာသူတို့ဝက် အစာများထူ အသားလူ ဆူလေလေ ခက်ပါလျက် ရမက်ကဲ့ မာန်ဝင်" ပျော်ခြင် တိုင်း ပျော်လို့ ချစ်မိုးစွေမနေကြဘူးလား(မှန်ပါဘုရား)

အနန္တသူရိယ အမတ်

သေဘေးကဖြင့် ပြေးလို့မလွတ်တော့ဘူး၊ တရားကို သိပြီး ရဲရဲတင်းတင်း သေဘို့သာ လိုတော့တယ်၊ အနန္တ သူရိယ အမတ်ကြီး သေခါနီးဆဲဆဲမှာ ရဲရင့် တည်ကြည် စွာဖြင့် သံဝေဂ ကဗျာကလေး ရေးသွားတယ် မဟုတ် လား။ (မှန်ပါ ဘုရား။)

နရပတိစည်သူမင်းက အမတ်ကြီးကို သုသာန်ထုတ်ပြီး သတ်စေလို့ အမိန့်ချလိုက်တော့ အောက်ပါ ကဗျာလေး ကို အဆောတလျင် ရေးသွားရှာတယ် သေသေ ချာချာ စိုက်ပြီး နားထောင်စမ်းပါ။

* ရွှေအိမ်နန်းနှင့်၊ ကြင့်နန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တသက်လျှာတည်း....။

* ကျင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွှတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖေါက်လွဲတတ်သည်၊ မချုတ်စသာ၊ သတ္တဝါတည်း....။

သံဝေဂ ရစရာ မကောင်းဘူးလား။ (မှန်ပါ အလွန် သံဝေဂ ဖြစ်စရာကောင်းပါ ဘုရား။)

"ဒီ ကဗျာကလေးကိုသာ မင်းကြီးကို ဆက်လိုက်ကြပါတော့"ဟု မှာထားလို့ ပြီးလျှင် အာဏာသားများက ရက်ရက် စက်စက် သတ်ဖြတ်လိုက်ကြ ဒါကိုး၊ ကဗျာကလေးကို သူမှာခဲ့တဲ့အတိုင်း မင်းကြီးကို ဆက်သကြရာ မင်းကြီးလဲ ကဗျာကလေးကို ယူတဲ့ပြီး ဘတ်လိုက်တော့ သနားတဲ့ မျက်နှာအသွင်နဲ့ လွှတ်စေလို့ အမိန့်ချလိုက်တော့ လက်လွှန်ပြီးပြီ၊ ကဗျာကလေးကလဲ သနားစရာဘဲနော်.... "ရွှေအိမ်နန်းနှင့် ကြင့်နန်းလည်းခံ မတ်ပေါင်းရံလျက်" ခုဒင်က အတိုင်းပေါ့လေ။ **အဓိပ္ပါယ်ကတော့**- မောင်းမမိသံ အခြေဒုဂရံ မိဖုရားတွေနဲ့ နန်းတော်ကြီး

* မုက်ဖြေလက်ဘ (၄) ပိုဒ် ရှိ-သော်လည်း ဤနှင့်ဆင်ရာ (၂) ပိုဒ်ကို သာ ထည့်လိုက်ပါသည်။

ထဲမှာ ချစ်မိုးစွေနေရတဲ့ ဘုရင်မင်းမြတ်ရဲ့ စည်းစိမ်ဟာလဲ သမုဒ္ဒရာရေပြင်၌ ပွက်ခနဲထသည့် ရေပွက်ပမာလို မကြာခင် ပျက်စီးရမှာဘဲ၊ အဂယ်၍ ငါ့ကို သနားလို့ ယခုလွှတ်သော်လဲ တနေ့ကြရင် သေရမှာက ဧကန်-သတ္တဝါမှန်သမျှတို့ နေ့စဉ် သွားနေရတဲ့ သေလမ်းစဉ်ကြီးပါ တကား-လို့ ဆိုတဲ့ အဓိပ္ပါယ်ပေါ့။ သေမဲ့အရေး, သေမဲ့ဘေးမှ လွှတ်အောင် တတ်နိုင်ပမလား ဒကာအောင်ရ။ (မှန်ပါ မတတ်နိုင်ပါ ဘုရား။)

မတတ်နိုင်လျှင် ပျော်ပျော်လက်ခံရုံရှိဒါဘဲ၊ တရားနဲ့ ပျော်ပျော်သေလို့ ဆိုလိုဒါပေါ့၊ သူများတွေ သေလဲတဲ့ လွမ်းနေစရာမဟုတ်၊ ဆွေးနေစရာမဟုတ်၊ ဒါပေမဲ့ သား, မယား စသည့် သေတဲ့အခါ လွမ်းခြင်းကြတယ်၊ လင်ယောကျ်ား သေတဲ့အခါ ငိုခြင်းကြတယ်၊ တချို့ကတော့ ထင်ထင် ရှားရှား မငိုဘူး အုံ့ပုံးပူ လုပ်နေဒါပေါ့လေ။ **"လွမ်းခြင်းအစ ချစ်တာက၊ ချစ်တာအစ စွဲဒါက"** ဆိုတဲ့အတိုင်း ဒီလိုဒုက္ခနဲ့ တွေ့ရဒါဟာ သမုဒယက စဒါဘဲ။ ဒကာအောင် မှတ်မိသွားအောင်ထပ်မေးလိုက်ရအုံး လွမ်းခြင်းအစ ဘာကတဲ့....။ (ချစ်တာကပါ ဘုရား။)

ချစ်တာအစ ဘာကတဲ့။ (စွဲဒါကပါ ဘုရား။)

စွဲတော့ ချစ်, ချစ်တော့ လွမ်း လွမ်းတော့ငို - ရှေ့ဘို နယ်က ဒကာမကြီး တယောက် သူ့ ခင်ပွန်းသယ် သေတော့ ငိုသံ ကြားခဲ့ဘူးသေးတယ်၊ ဘယ်လိုလဲ ဆိုတော့၊

"အမလေး အသေစောလို့ နှစ်မျှောလှချည်ရဲ့လေ-မောင်သေပုံ ဆိုးလှချည်ရဲ့ အသက်ကလေး တောင်မှ မရှုပါကလားကွယ်.... နှစ်ဘက်ပါး နမ်းပြီး လယ်ဖျားစမ်းတော့ သွေးလဲ မရှိတော့ဘူး နော် ဟော့-ဟော့" အော်.... အသေကောင်ကြီးတောင် နမ်းသေးနော်.... ဒါနဲ့ အလောင်းကြီးကို ယူပြီး ခေါင်းသွင်းကြတော့၊ "အမယ်လေး ကျုပ်ယောကျ်ားး မပုပ်သေးလို့ တရှုတ်ကလေး နမ်းပါရစေအုံးတော့"လို့ ငိုလိုက်သေး၊ ဒီဋ္ဌ, ဒီဋ္ဌ အတော်ဆိုးတဲ့ အတ္တဒီဋ္ဌ။ (မှန်ပါသူနိပ်စက်နေဒါပါ ဘုရား။)

သမုဒယသစ္စာ အကြောင်းခံ ပေးလိုက်တော့ ချစ်ရုံလွမ်းရုံတွင် မကသေးဘူး၊ ဗျစ်တောက် ဗျစ်တောက်နဲ့ တယောက်တယောက် ဆဲဆိုရိုက်ပုတ်ပြီး မမုံးကြဘူးလာ (မှန်ပါ မုံးကြပါ ဘုရား။)

အဲဒါလို စူလိုက် အောင့်လိုက်နဲ့ နေ့တဂျက်ဂျက် ညတဂျက်ဂျက် စိတ်ပျက်စရာ မျက်နှာအောက်သိုးကြီးတွေနဲ့ နေကြမယ်ဆိုရင် ထိုသူတို့ရဲ့ အိမ်ကြီးဟာ သာယာတဲ့ အိမ်ကြီးလို့ မဆိုနိုင်ဘူး-မသာအိမ်ကြီး ဖြစ်နေတော့ဒါပေါ့။ လူသေမှသာ မသာအိမ်မဟုတ်ဘူးသေသေချာချာ စဉ်းစားကြည့်စမ်းပါ၊ ပြဆိုခဲ့တဲ့ ရာဂ ဒေါသ သောကတွေ နှိပ်စက်လို့ ရင်ထဲ နှလုံးထဲ ပူနေတဲ့ အပူတွေဟာ **"ပန်းဘဲ မောင်တင့်တယ်"** ဖိုကျင် အထိုးခံရဒါထက် တောင် ဆိုးသေးတယ်၊ ဒကာအောင်တို့ ကိုယ်တွေ့ဘဲ

မဟုတ်လား။ (မှန်ပါ တင်ဗြ,ဗြ, လောင်တဲ့မီးတွေပါ ဘုရား။)

ပန်းဘဲမောင်တင့်တယ်

တကောင်းပြည်ကြီး ကောင်းစားစဉ်အခါ ဘုရင်မင်းမြတ်က ပန်းဘဲ မောင်တင့်တယ်ဟာ ခွန်အား ဗလလဲ ကောင်းတယ် သူ့နှမကိုလဲ ငါကမတရားသဖြင့် သိမ်းပိုက်ထားတော့ တနေ့ကျလို့ ရှိရင် ငါ့အသက်ကို ရန်ရှာမှာ စိုးရတယ်၊ ဒါ့ကြောင့် ဒီအကောင်ကို ထားလို့ မဖြစ်ဘူး ဖိုကျင်ထိုး၍ သတ်စေ–လို့ အမိန့်ချလိုက်တော့ အာဏာသားများကလဲ စကားပင်ကြီးရဲ့ အကိုင်းမှာ တွဲလောင်းချိ၍ အောက်က ထင်းတွေပုံပြီး ဖိုကျင် ထိုးလိုက်တော့ တဟုန်းဟုန်း တပြောင်ပြောင် မီးတွေလောင်လို့ အဆီတွေပျံပြီး ခ့ဲကနဲ-ခ့ဲကနဲ-ခ့ဲကနဲ-ပြေးလို့လဲမဖြစ်၊ ပစပ်ကဘုရား-ဘုရားနဲ့ မရှာသာ မရှိက်သာ ဘယ်လောက်များ အနေရ ခက်ရှာမယ်လို့။ (အမယ်လေး သစ်ပင်မှာ တွဲလောင်းကြီး အဆီတွေ ရဲနေဒါမြင်ရတော့ ကြောက်လိုက်တာ ဘုရား။)

ကြောက်မနေနဲ့ ဒီဋ္ဌမပြုတ်ရင် ဒီထက် ဆိုးလိမ့်အုံးမယ်၊ ဒကာအောင်တို့ ကျုပ်တို့မှာလဲ သုံးဆဲ့တဘုံ တည်းဟူသော သစ်ပင်မှာ အဝိဇ္ဇာက ကျီးနဲ့ ချိပြီး အတ္တဒိဋ္ဌက ဖိုကျင်ထိုးလိုက်တော့ ဇာတိ, ဇရာ, မရဏာ ဆိုတဲ့ မီးတွေ လောင်လို့ ရာဂ, ဒေါသ, သောက ဆိုတဲ့ အဆီတွေရဲပြီး

သေပွဲဝင်ခဲ့ရဒါမျှားလှပြီ မဟုတ်လား (မှန်ပါ မရေတွက်နိုင်ပါ ဘုရား။)

ချစ် မုံ လွမ်း

ချစ်ရ မုံးရ လွမ်းရနဲ့ ဒုက္ခပါဘဲ ဒကာအောင်ရာ.... ပဋိစ္စသမုပ္ပါဒ် စက်လယ်နေဒါကိုး၊ ချစ်,မုံး,လွမ်း ဘဝက လွတ်အောင် ဘယ့်နှယ် လုပ်မလဲ။ (အမိန့်ရှိပါ ဘုရား။)

* တဏှာလောဘ မျက်ဒေါသ သောက ချစ်မုံးလွမ်း။
ချစ်မုံးလွမ်းကို ပျောက်စေလို နာမ်ကို အမိဖမ်း။

ဘာကို အမိဖမ်းရမတဲ့။ (မှန်ပါ နာမ်ကို အမိဖမ်းရမှာပါ ဘုရား။)

အဲဒီ ချစ်မုံးလွမ်းတွေ ပျောက်သွားအောင် နာမ်ပေါက်ဘို့ နာမ်ပိုင်ဘို့ အလွန်အရေးကြီးတယ်၊ အဆင်းဓာတ်သား ပရမတ်တရားထဲမှာ ချစ်စရာလဲမပါ၊ မုံးစရာလဲမပါ၊ လွမ်းစရာလဲ မပါဘဲနဲ့ အထင်လွဲနေဒါဟာ မနောဝိညာဉ် အလိမ်မိနေဒါ မဟုတ်လား။ (မှန်ပါ-ဘုရား။)

ချစ်စရာလို့လိမ်, မုံးစရာလို့လိမ်, လွမ်းစရာလို့လိမ်၊ ချစ်လိမ်, မုံးလိမ်, လွမ်းလိမ်.... နာမ်တရားကို အမိဖမ်းလိုက်တော့ ချစ်မှု မုံးမှု လွမ်းမှုတွေ ပျောက်ပြီး ကြည်မသွားဘူးလား။ (မှန်ပါ ကြည်သွားပါ ဘုရား။)

အဲဒီတော့-ချစ်မုံးလွမ်းကြည် ဖြစ်သွားဒါပေါ့၊ ချစ်ပြီးတော့ ကြည်ရင်ချစ်ကြည် မုံးပြီးတော့ ကြည်ရင်မုံးကြည် လွမ်းပြီးတော့ ကြည်ရင်လွမ်းကြည် ချစ်မုံးလွမ်းကြည်-ချစ်ပြီးတော့ ပူရင်ချစ်ပူ မုံးပြီးတော့ ပူရင်မုံးပူ လွမ်းပြီးတော့ပူရင်လွမ်းပူ ချစ်မုံးလွမ်း ပူ—

မလ္လိကာ

ဒီနေရာမှာ အလွမ်းဖြေပုံကလေး ပြောလိုက်ရအုံး။

ရှေးအခါတုံးက ဗန္ဓုလစစ်သူကြီးနှင့် မလ္လိကာ စစ်သူကြီး ကတော်တို့မှာ သားသုံးကျိပ်နှစ်ယောက် ရှိကြတယ်၊ အမြွာမွေး ညီအကိုတွေပေါ့၊ တနေ့ကြတော့ ဗန္ဓုလ စစ်သူကြီးကို မလိုတဲ့ အမတ်ကြီးများက ကောသလမင်းကြီးကို ဂုန်းချောဒါကိုး "အရှင်မင်းကြီး ဗန္ဓုလစစ်သူကြီးဟာ သူ့သားတွေနဲ့ ကိုင်ပင်၍ အရှင်မင်းကြီးကို လုပ်ကြံပြီး နန်းရပ်ထိုးဖြို လုယူပါလိမ့်မယ် သတိထားတော်မူပါ" လို့ သံတော်ဦးတင်လိုက်တော့ ရှင်ဘုရင်ကလဲ ယုံတော့တာပေါ့ "အင်း- ဒီလိုဆို သတ်ပြစ်မှာဘဲ သူတို့က လက်ချက်ဦးရင် ငါသေရမှာပါကလား၊ ဒါ့ကြောင့် ဗန္ဓုလ သားအဘ တတွေကို ညတွင်းခြင်း ဖျောက်ဖျက်ကြရမယ် မောင်မင်းများ"လို့ အမိန့်ရှိလိုက်တော့ အာဏာသားများက ဗန္ဓုလ သားအဘ သုံးကျိပ်နှစ်ယောက်ကို ညတွင်းခြင်း သုဓ်သင်လို့ ပြစ်လိုက်ကြတယ်၊ အဲဒီညမှာ စစ်သူကြီး ကတော်ကတော့ မသိရှာသေးဘူးပေါ့လေ သံ

ဃာတော်အရှင်မြတ်တွေကို ဆွမ်းလုပ်ကျွေးမယ်လို့ စိစဉ်ပြီး စေတနာသန်ဂါရကွန္ဒာတွေ တဖွားဖွားဖြစ်နေဒါပေါ့၊ မနက်အာရုံကျင်းအလင်းသို့ ရောက်သောအခါ ရှင်သာရိပုတ္တရာ အမှူးရှိသော အရှင်ကောင်း အရှင်မြတ်တွေ ကြွလာလို့ အိမ်ကို ရောက်တော့ ဆွမ်းကပ်ခါနီး ဆဆမှာ စာကလေး တစောင် ရောက်လာ ဖြတ်ခနဲယူပြီး ကြည့်လိုက်တော့။

စစ်သူကြီးကတော် တဲ့။

ဗန္ဓုလ စစ်သူကြီးနှင့်တကွ အသင်၏ သားကလေးတွေကို ညတွင်းခြင်းပင်လျှင် ရှင်ဘုရင် သုဓသင်သည့် အတွက် အနိစ္စသဘောသို့ ရွှေ့လျှောရှာကြလေပြီ- ဆိုတော့ ရင်ထဲဆို့သွား၊ အဲဒီအခါမှာ သူ့ကိုယ်သူ ဆုံးမတယ် ''ဟဲ့-မလ္လိကာ ဘာပြုလို့ ဆွေးရဒါတုံး ဘာပြုလို့ ပူရဒါတုံး ဘာပြုလို့ လွမ်းရဒါတုံး ဘာပြုလို့ ဝမ်းနဲရဒါတုံး မင်ခြင်နဲ့လေ ဝမ်းနဲစရာမှ မရှိဘာဘဲနဲ့ ဝမ်းနဲနေလိုက်တာ ရှက်စရာကြီးပါလား၊ လင်ယောကျ်ားဆိုဒါရယ် သားကလေးတွေ ဆိုဒါရယ် စင်စစ်တော့ မရှိပါဘူး စိတ်ကြီဒါမဟုတ်လား မလ္လိကာရဲ့'' လို့ သူ့ကိုယ်သူ တရားချလိုက်တော့ လွမ်းဆွတ်တဲ့ စိတ်တွေ ပျောက်ပြီး မျက်ရေ တစက်မှ မကျစေဘဲ လွမ်းကြည်ကလေး ဖြစ်မသွား ဘူးလား။ (မှန်ပါ—အတုခိုးစရာ ကောင်းပါဘုရား)။

ပြောဆိုခဲ့တဲ့ ချစ်မှု မုံးမှု,လွမ်းမှုတွေ ပေါ်လာတဲ့အခါ ရာဂ အဆိပ်, ဒေါသ အဆိပ်, သောကအဆိပ်တွေ ပြင်းထန်ပြီး မနေတတ် မထိုင်တတ် အပူ မဟတ်ရလေအောင် ဆိပ်ဖြေဆေးကလေးတခွက် သောက်လိုက်ပါအုံး။

* ချစ်၍ခေါ်ရာ၊ အသံမှာလည်း၊ အတ္တာဇီဝ၊ ရှာမရ-
ရပ်မျှဆင်ခြင် ဒိဋ္ဌစင်။
ချစ်၍ပြုံးရာ၊ ချိုမျက်နှာလည်း၊ အတ္တာဇီဝ၊ ရှာမရ-
နာမ်မျှဆင်ခြင် ဒိဋ္ဌစင်။
မုံး၍ဆဲရာ၊ အသံမှာလည်း၊ အတ္တာဇီဝ၊ ရှာမရ-
ရပ်မျှဆင်ခြင် ဒိဋ္ဌစင်။
မုံး၍မဲ့ရာ၊ အိုမျက်နှာလည်း၊ အတ္တာဇီဝ၊ ရှာမရ-
နာမ်မျှဆင်ခြင် ဒိဋ္ဌစင်။
လွမ်း၍ငိုရာ၊ အသံမှာလည်း၊ အတ္တာဇီဝ၊ ရှာမရ-
ရပ်မျှဆင်ခြင် ဒိဋ္ဌစင်။
လွမ်း၍ပူရာ၊ ညှိုးမျက်နှာလည်း၊အတ္တာဇီဝ၊ရှာမရ-
နာမ်မျှဆင်ခြင် ဒိဋ္ဌစင်။

ဝဋ္ဋကံ နှင့် ဝိဝဋ္ဋကံ

ဒကာအောင်ရေ....(ဘုရား။)

သံဝေဂအခန်း ရပ်ဆိုင်းပြီး ဝဋ္ဋ ဝိဝဋ္ဋအခန်း ဆက်ကြအုံးစို့၊ ကုသိုလ်ကောင်းမှုပြုတဲ့နေရာမှာ တချို့ကကုသိုလ်ဆိုရင် ဘယ်ကုသိုလ်လုပ်လုပ် နိဗ္ဗာန် ရောက်တာချည်းဘဲ

လို့ ထင်နေကြတယ်၊ ဦးပဉ္စင်းတို့ ငယ်စဉ်ဝုံးကလဲ ဒီလို ထင်ခဲ့ဒါဘဲ တဏှာ မာန ဒိဋ္ဌိနဲ့ ရောထွေးပြီး ပြုကြတဲ့ ဒါန,သီလ,သမထ ကုသိုလ်တွေဟာ နိဗ္ဗာန်ရောက်နိုင်ပါ့မလား ဒကာအောင်ရ။ (မှန်ပါ ကုသိုလ် ကြောင်ကျစ်တွေမို့ မရောက်နိုင်ပါ ဘုရား။)

ဇောတိက သူဌေးလောင်းရဲ့ အကိုကြီးလို သုံးဆဲ့တဘုံကြီးဟာ အိုရ, နာရ သေရနဲ့ တယ် ဒုက္ခမျှားပါကလား၊ ဒီဝဋ္ဋဆင်းရဲတို့မှ ကင်းရာဖြစ်သော နိဗ္ဗာန် ချမ်းသာကိုရပါလို၏-လို့ ဒါနပြု၍ ဆုတောင်းခဲ့သည့်အတွက် တဆူသော ဘုရားလက်ထက်၌ နိဗ္ဗာန်ရတယ်လို့ ဆိုရသော်လဲ စင်စစ်မှာ ဒါနကြောင့် နိဗ္ဗာန်ရဒါမဟုတ်။ ခန္ဓာငါးပါး ဝိပဿနာတရားကို အားထုတ်လို့ရဒါ၊ သို့သော်-ရှေးရှေး ပကတ္တူးက ပြုခဲ့တဲ့ဒါန အကြောင်း ကတော့ မကင်းဘူးပေါ့၊ ဝိပဿနာ ကုသိုလ် မဂ်ကုသိုလ်မှသာ့ မုချအားဖြင့် နိဗ္ဗာန်ရောက်တယ်လို့ တထစ်ချ မှတ်ထား၊ ဒါနကိုမပြုရဘူးလို့ မဆိုလိုပါဘူး ပြုတိုင်း ပြုတိုင်း လှူ၊ ဒါငါလို့စွဲတဲ့ဒိဋ္ဌိ ငါမို့လှူ၊ နိုင်ဒါဆိုတဲ့ မာန လှူ၊ မှုဒါန်းမှုကို သာယာဒါက တဏှာ ဒိ-ပပဉ္စတရားတွေခွါပြီး စေတနာအမြင်တဲ့၍၊ "**တရာကွမ်းစား၊ ရေအေးတခွက်၊ ဆီတစက်နှင့်၊ လဘက်တဝိုး၊ ကြံတချိုးမျှ၊ မြတ်နိုး ကြည်ဖြူ၊ ဒါနဟူသည်၊ အရှုံးကောင်းမှု၊ ရရာပြုလေ့**" ဆိုတဲ့ မယဒေဝလက်ဝ အတိုင်း ပြုကြပါလို့ တိုက်တွန်းလိုပါတယ်၊ အပြုမတတ်မယ်ဆိုရင် ဝဋ္ဋနိဿိတဖြစ်ပြီး ပြုသမျှ

ကုသိုလ်တွေက အအိုထဲ အနာထဲ အသေထဲ ပြစ်ချလိမ့် မဟုတ်လား။ (မှန်ပါ ပြစ်ချမှာပါ ဘုရား။)

ကာမကုသိုလ် မဟဂ္ဂုတ်ကုသိုလ် အရှိန်ကြောင့် အထက်ဘုံ, အထက်နန်းသို့ တက်လှမ်း၍ နေရသော်လဲ "**ခွေးရူးကောင်းစားတမ္ပန်းတဲ့**" ဘာမှ မကြာပါဘူး၊ ဒိဋ္ဌိကျိုးက တင်းခနဲ ဆွဲချလိုက်ရင် အပါယ်ဘုံ ဖျန်းပြန်ပြီး ကျရဒါဘဲ၊ လူ့ပြေ, နတ်ပြေ, ဗြဟ္မာ့ပြေကို အကောင်းထင်ပြီး ရောက်အောင် အားထုတ်ကြ ကျိုးစားကြ-ဟု ဟောတဲ့သူက ဟောတော့ နာတဲ့သူကလဲ အဟုတ်မှတ်ပြီး အကောင်း ခံစားခြင်တဲ့ လောဘဇောကြောင့် သဘောတော် ဘဝင်ခွေ့ပြီး၊ "**နတ်ရူးဘုံနဲ့ မြောက် ခြေထဲ့ က**" ဆိုသလို ဖြစ်သွားဒါပေါ့၊ လူ့ဘုံ, နတ်ဘုံ ဗြဟ္မာ့ဘုံ ဆိုတဲ့ ဘုံသုံးလုံးနဲ့ ကိလေသာ ဆိုင်းတီးပြီး မြောက်တဲ့ သူက မြောက်ပေးလိုက်တော့ ဒကာ့အောင်တို့လို နတ်ရူးတွေဟာ ခြေဖျားထောက်'က'တော့ဒါဘဲ။ (အောင်မယ် တပည့်တော်တော့ မထဲ့ပါနဲ့ ဘုရာ့ အလွတ်ပါ။)

ဟိုတုံးက နတ်ရူး လုပ်ပြီးတော့ မက, ခဲ့ ဘူးလား။ (မှန်ပါ မသိခင်တုံးကတော့ က ခဲ့ပါတယ် ဘုရား။)

ဆရာကလဲ မသိ တပည့်ကလဲ နားမလယ်မယ် ဆိုရင် အကန်း လင်မယား တယောထိုးသလို ဖြစ်မနေပေဘူးလား။ (မှန်ပါ တယောလင်မယား အကန်းထိုးသလိုပါ ဘုရား။)

ဘယ်.နှယ် တယောလင်မယားအကန်းထိုး။ (မှန်ပါ အရှယ်ကြီးတော့ ဖေါက်လွဲ ဖေါက်ပြန်ဖြစ်ပြီး မှားသွားပါတယ် ဘုရား။)

တယောလင်မယား အကန်းထိုးတာ ကြားဘူးလား။ ဟာ ကျုပ်တောင်မှားသွားပြီ၊ အဲ-အဲ အကန်းလင်မယား တယောထိုးဒါလေ....**"မောင့်ကိုလဲ မယ်မမြင်၊ မယ်.ကိုလဲ မောင်မမြင်၊ အူအင် အူအင်"** (မှန်ပါ ပရိယေသနကိုး ဘုရာ့။)

အဲဒါလို ပြုပြုသမျှ ကုသလတို့ကို ဆင်ကန်းတောတိုး မလုပ်ပါဘဲ သပ္ပုရိသ သံသေဝ ဆရာကောင်း သမားကောင်းကို မှီဝဲ ဆည်းကပ်ပြီး လမ်းမှန် ကျကျနှင့် ဟောပြော နာမှု အားထုတ်ခြင်း ပြုသွားကြမယ်ဆိုရင် မိမိတို့ အလိုရှိအပ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ်ကြီးကို မျက်မှောက်ထင်ထင် တွေ့မြင်ရမယ် မဟုတ်လား။ (မှန်ပါ တွေ့မြင်ရမှာပါ ဘုရား။)

ဝိပဿနာတရားကို အားမထုတ်ဘဲနှင့် ဆုတောင်းရုံ ကလေးနဲ. ဒိနိဗ္ဗာန်ကမရဘူး၊ မြကြီးကိုလူး၍ ဆင်အော်သလို အော်ပြီး တောင်းသော်လဲ မရဘူး၊ ပါးစပ်ထဲက သွေးအံ့အောင် တောင်းသော်လဲ သေရင်သာ သေမယ် ဘယ်တော့မှ မရဘူးဟူ၍မှတ်။ ဒါ့ကြောင့် သံသရာ လည်စေတတ်တဲ့ ဝဋ္ဋကံတွေကို မပြုဘဲ၊ ဝါ-ဝဋ္ဋနိဿိတ ဒါန, သီလ သမထဆိုတဲ့ ဓာတ်ပြားဟောင်းကြီး ထပ်၍မဖွင့်ဘဲ

သံသရာပြတ်စေတတ်တဲ့ ဝိဝဋ္ဋကံကိုသာပြုဘို့ အရေးကြီးတယ် မဟုတ်လား။ (မှန်ပါ အရေးကြီးပါ ဘုရား။)

ဝဋ္ဋကံတွေ ဆိုဒါ လူဖြစ်ရ, နတ်ဖြစ်ရ ဗြဟ္မာဖြစ်ရနဲ့ အိုအောင် နာအောင် သေအောင်လုပ်တဲ့ ကံဆိုးတွေမို့ ကောင်းတယ်လို့ မဆိုနိုင်ဘူး၊ ဒကာအောင် သေမင်းပြေပို့တဲ့ ကံကို လုပ်ခြင်းသေးလား။ (မှန်ပါ မလုပ်ခြင်းတော့ ပါ ဘုရား။)

ယိုးဒယားပြည်

ရှေးအခါတုံးက သား ဒုဏ်မိ နှစ်ယောက်ရှိကြ၊ အမေဖြစ်သူကတော့ မုဆိုးမပေါ့၊ တနေ့ကျတော့ တပင်လဲမှ တပင်ထူခြင်းဒါနဲ့ သူ့သားကလေးကိုကြည့်ပြီး ဒီကောင်လေး အိမ်မှာရှိရင် ရှုပ်အုံးမှာဘဲ၊ နောက်ပထွေးနဲ့လဲတဲ့မှာ မဟုတ်ဘူး- ဆိုရ ချော့မော့ပြီး ယိုးဒယားပြေထဲကို မလိမ့်တပတ် ထဲ့လိုက်တာကိုး၊ အဲဒါလို ၄က်သင့်လို့ သေလဲသေရော မနှမြောပါဘူးဆိုတဲ့ အနေနဲ့ ထဲ့လိုက်တော့ မလိုက်ခြင်ဘဲလိုက်သွားရ၊ လေမှန်တိုင်းကြီးကကျ မိုးကလဲရွာ, တကိုယ်လုံး စိုစွတ်ရ ခိုက်ခိုက်တုံ အအေးပတ်လို့ သေမတတ်ဖြစ်ခါ မိုးထဲ လေထဲက လာပြီး ယိုးဒယားပြေကြီး ရောက်ခါနီးတော့ အပေါင်း အဖော်များကပြောဒါနဲ့ သူ့အမေအကြောင်းကောင်းကောင်းကြီး သိဒါပေါ့၊ အဲဒီတော့ သားကလေးက စဉ်းစား၊ "အော်-အမေဟာ အတော် ရက်စက်တယ်နော်-ငါက

တော့ အဖေ မရှိတဲ့နောက် အမေတယောက်ကို အထူးပိုပြီးချစ်ခဲ့တယ်၊ ကြည့်စမ်း သူကတော့ မကောင်းကျင့်. မကောင်းကြံတွေ ကြံပြီး ငါ့ကိုငှက်တော ကျေးတောထဲ ပို့လိုက်တယ်၊ အမလေး ကောင်းနိုင်ကြသေးရဲ့လားဗျ၊ သားတယောက်ကို ရက်စက်ပါရဲ့လေ မေမေ မေမေ” ဒီလို သဘောသေးတဲ့ အမေမျိုးလဲ ရှိသေးကိုး ဒကာ အောင်ရ။ (မှန်ပါ ရှိပါ ဘုရား။)

ဒါနဲ့ ယိုးဒယားပြကြီးထဲ ရောက်တဲ့အခါကြတော့ စိတ်ညစ်ညစ် ရှိဒါနဲ့။

* မွေးမေမေ သူမသနားဒါကြောင့် ရှေသားကိုတဲ့ထဲ့ လိုက်လေ ယိုးဒယားပြ-ဒီမိုးရဲ့ ဒီလေတွေနဲ့ မွေးမေမေ သူကထဲ့တယ်ကွယ် လွမ်းပေါင်ကွဲ့လေး—

လို့ ဆိုလိုက်သတဲ့၊ သူ့အမေရဲ့အပေါ် စိတ်နာပြီး သူကတောင် ရက်စက်သေးဒါ ဒီလိုကရဏာ ကင်းမဲ့တဲ့ အမေမိတ်ကို ပြန်ပြီး လွမ်းနေလဲ အပိုပေါ့ အမေနဲ့ သေခန်း ဖြတ်လိုက်တော့မယ်ဆိုပြီး အိမ်မပြန်တော့ဘူးတဲ့—။

ဒါကဥပမာနော်-ဥပမေယျ ဟတ်လိုက်တော့—

အမေနဲ့ ဝဋ်ကံနဲ့ တူစေ
သားကလေးနဲ့ ဒုဋ္ဌတွေနဲ့ တူစေ
ယိုးဒယားပြကြီးနဲ့ သေမင်းပြေနဲ့ တူစေ
မိုးတွေလေတွေနဲ့ လောကဓံတရားနဲ့ တူစေ

ဒကာအောင်တို့ ကျုပ်တို့ကိုလဲ ဝဋ္ဌကံ တည်းဟူသော မြွေးအမေက သေမင်းထံပို့လိုက်လို့ "**လာဘော-အလာဘော-ယသော-အယသော-နိန္ဒာ-ပသံသာ-သုခံ-ဒုက္ခံ**"ဆိုတဲ့ လောကဓံတည်းဟူသော မိုးတွေ လေတွေကို တိုးဝှေ့ပြီး လာလိုက်ကြဒါ ဘာလိုလိုနဲ့ သေမင်းပြေကြီး ရောက်လာပါလား၊ ဒတာအောင်ရေ - ခုတင်က ကဗျာ ကလေး ဒီလိုပြင်လိုက်ရ မကောင်းဘူးလား။

* ဝဋ္ဌကံမေ သူမသနားဒါကြောင့် ဒို့မျှားကိုတဲ့ ထဲ့လိုက်လေ သေမင်းရဲ့ပြေ(ဖြစ်ပြန်ပျက်ပြန်လောကဓံ ဆိုတဲ့) ဒီမိုးရဲ့ ဒီလေနဲ့ ဝဋ္ဌကံမေ သူက ထဲ့တယ် ကွယ်....လွမ်းပေါင်ကွဲ့လေး....။

(မှန်ပါ-သဘာဝကျပါ ဘုရား။)

ဒကာအောင်ကြီး အမေကိုလွမ်းသေးလား ကျုပ်တော့ အမေကိုစိတ်နာလွန်းလို့ မချစ်တော့ဘူး (မှန်ပါ-တပည့်တော်လဲ မလွမ်းတော့ပါ ဘုရား။)

အမေနဲ့သားဟာ သဘောခြင်းမတိုက်ဆိုင်ဘူး အမေက လူ့ပြေပို့ခြင်တယ် သားက မလိုက်ခြင် အမေက နတ်ပြေ ပို့ခြင်တယ် သားက မလိုက်ခြင် အမေက ဗြဟ္မာ့ပြေ ပို့ခြင်တယ် သားက မလိုက်ခြင်-အလွန် ရိုက်တတ်တဲ့ ဘုန်းကြီးကျောင်းကို အမေက ပို့တော့ မလိုက်ခြင်တဲ့ ကျောင်းသားလို ဖြစ်နေတယ်၊ ဒါ့ကြောင့် အမေ့ဆီ မပြန်

တော့ဘူး သေခန်းဖြတ်လိုက်ပြီ၊ ကံအမေကို ပြောနေဒါနော် လောက အမေနဲ့ ရောသွားအုံးမယ် "**ကိုယ်မွေးသည့်သား ကိုယ်ပြန်စား ခွေးစုံးမကြီးများ**" ဆိုဒါလို့ ဝဋ်ကံတည်းဟူသော အမေဟာ ခွေးစုံးမကြီးနဲ့ မတူဘူးလား (မှန်ပါ-တထေဝထဲပါ ဘုရား။)

သူကဘဲ လူ့ပြေပို့ သူကဘဲ သတ် သူကဘဲ နတ်ပြေပို့ သူကဘဲသတ် သူကဘဲ ဗြဟ္မာ့ပြေပို့ သူကဘဲ သတ်တယ်၊ အလွန်ယုတ်မာ ဆိုးဝါးတဲ့ "**သေမင်းတမန်**" ကြီးလို့ မဆိုထိုက်ဘူးလား (မှန်ပါ ဆိုထိုက်ပါ ဘုရား။)

အတော် ကြောက်စရာကောင်း၊ သံသရာ လယ်စေတတ်တဲ့ ဒီကံတရားတွေကို ဘာ့ကြောင့်ပြုမိသလဲ အတ္တဒိဋ္ဌိကြောင့်လို့ဖြေ လူကောင် နတ်ကောင် ဗြဟ္မာကောင် အရှိထင်ပြီး ကုသိုလ်လုပ်တယ်ဆိုတော့ ဒိဋ္ဌိကြောင့်ဆိုဒါ ထင်ရှားတယ်၊ အရိယာပုဂ္ဂိုလ်များ အလွတ်ပေါ့လေ-ဒီအတ္တဒိဋ္ဌိကြောင့် ကံနယ်ထဲရောက်နေကြ မဟုတ်လား။ (မှန်ပါ-ရောက်နေကြပါ ဘုရား။)

ကံနယ် ရောက်လျှင်တော့ ခွဲရလိမ့်မယ်၊ နာမ်နယ်ပေါက်မှ မြကြမှာ။

ဒါ့ကြောင့် —

* အဓိဋ္ဌာန်ဝါ စွဲယူကာဖြင့် သံသရာမြစ်ကြီး ရေယာဉ်စီးရ် လူ့ခရီးသည် ချစ်ကြည်သဘော ပြုံးကာပြော

လို့ ´စုံမျှောခဲ့တယ် မောင်နှင့် မယ်သည်....ကံနယ် ရောက်လျှင်ခွဲရမည်၊နာမ်နယ်ပေါက်လျှင်မြဲကြမည်။

မြဆိုဒါက သေလို့ရှိရင် အပါယ်မကျတော့ဘူး၊ နတ်ရွာဂတိ မြပြီလို့ ဆိုလိုတယ်၊ ဂတိမြမှသာလျှင် နောက်ဆံမတင်း ဝိစိကိစ္ဆာကင်းပြီး စိတ်အေးလက်အေး ဖြစ်မှာမို့ **"သဗ္ဗရတိ ဓမ္မရတိ ဇိနာတိ"**ဆိုတဲ့ အတိုင်း တရားနဲ့ ချစ်မိုးစွေကြစ့ိုလား (မှန်ပါ-အချိန်တော်ပါပြီ ဘုရား။)

ဒုါရခြောက်ခုနာမ်ကို ရှု

ဝိပဿနာ အလုပ်ဆိုဒါ ဒွါရ ခြောက်ပါး ခြောက်တံခါးဌ ကျရာဖန်းပြီး ရှုတတ်ဘို့ လိုတယ်၊ မရှုတတ်လို့ ရှိရင် လူမျိုကြီး **ဦးရှေရိုး** လို ဖြစ်မှာစိုးရ (အမိန့်ရှိပါ ဘုရား။)

ဦးရှေရိုး, ဆိုတဲ့ အတိုင်း ရိုးလဲရိုးပါရဲ့ မိန်းကလေး အိမ် ရောက်သွားတဲ့ အခါ **"ခင်ဗျားတို့အိမ် နွားတွေ ပေါတာဗျာ"**ဆိုတော့ ကလေးမလေးက **"ဟုတ်တယ် ရှင် ကျောင်းမဲ့သူ မရှိလို့"** "ကျောင်းမဲ့သူမရှိ ရောင်းပြစ်လိုက်ပါလား"လို့ ပြောသတဲ့ "ခင်ဗျားတို့အိမ် ငှက်ပျောခိုင်ကြီး ဖြဲနေပါလား" ဟုတ်တယ်ရှင် စားမဲ့သူ မရှိလို့ စားမဲ့သူမရှိ ခွေးကျွေးလိုက်ပါလား ပြောပုံကတော့ အတော် အချိုးမကျတဲ့လူဘဲ၊ ခင်ဗျားဘို့အိမ် ပန်းတွေ သိတ်ပေါဒါပါလား၊ ဟုတ်ဘယ်ရှင် ခြ||ပေးမဲ့သူ မရှိလို့၊

ခြ||ပေးမဲ့သူမရှိ ဒါးနဲ့ ခုတ်လိုက်ပါလားလို့ ပြောသတဲ့ ဒကာအောင်ရ (မှန်ပါ- ဒီ အကောင်တော့ ငတ်တာ ကောင်း||)

ရိုးလဲရိုး အ လဲ အ ကျရာဖန်းပြီး မပြောတတ်တော့ လိုရင်းမရောက်ဘူးပေါ့၊ အခုလဲ ခြောက်ဒွါရမှာ ရောက် လာသမျှ စိတ်ပရမတ်တွေကို ကျရာဖန်းပြီး မရှုတတ်ရင် သဘာဝလိုရင်းကို မမြင်နိုင်ဘူး၊ ဒီနေရာမှာ ဝိပဿနာ ရှုတော့မှာမို့ ရုပ် နာမ် ခွဲလိုက်ရအုံးမယ်||

ကျက်စိအကြည်နဲ့ အဆင်းက ရုပ် မြင်သိမှုက နာမ်
နားအကြည်နဲ့ အသံက ရုပ် ကြားသိမှုက နာမ်
နှာအကြည်နဲ့ အနံ့က ရုပ် နံသိမှုက နာမ်
လျှာအကြည်နဲ့ အရသာက ရုပ် စားသိမှုက နာမ်
ကိုယ်အကြည်နဲ့ အတွေ့က ရုပ် တွေ့သိမှုက နာမ်
နှလုံးအကြည်က ရုပ် ကြံသိမှုက နာမ်

ဒကာအောင်-ဂရုစိုက်နော်-မျက်စိအကြည်နဲ့ အဆင်း ဝတ် ပေါင်းဆုံတဲ့အခါ မြင်သိစိတ် ဘွားကနဲပေါ်လာ တယ်၊ ဒီ စိတ်ကလေးဟာ မျက်စိအကြည်ထဲက ထွက်လာ ဒါလို့မျိုးမထင်နှင့်၊အကြည်မှာပေါ်တော့အကြည်ထဲက ထွက်လာဒါလိုလိုထင်ရ အမှန်ကတော့ မဟုတ်ပါဘူး၊ စိတ်ကလေးဟာ မျက်စိ အကြည်ထဲက အောင်းနေပြီး တော်တော်လေးကြာမှ ထွက်သိလိုက်မယ်လို့ ကြောင့်ကြ စိုက်မှုမရှိတဲ့ အဗျာပါ'ရ တရားဘဲ၊ မျက်စိ အကြည်ထဲမှာ

သာ မဟုတ်၊ အဆင်းထဲမှာလဲမရှိ၊ အကြည်နဲ့ အဆင်းရဲ့ ကြားမှာလဲ မရှိ၊ အကြောင်းတော်တိမှ ပေါ်လာဒါပါ လားလို့ စဉ်းစားလိုက်ရင် ပကတိအနတ္တကို အတာ်ကျ မမြင်ရပေဘူးလား။ (မှန်ပါ-မြင်ရပါ ဘုရား။)

ဆင်ခြင်ပွါးရှ သတိပြုတဲ့နေရာမှာ မျက်စိအကြည်နဲ့ အဆင်းတော်ကို ဥာဏ်လိုက်မနေနဲ့၊ ထိုအကြောင်းနှစ်ခု ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာတဲ့**မြင်သိစိတ်သန့်သန့်** ကလေးကို မြင်စေရမယ် ကြားလား။ (မှန်ပါ ဘုရား။)

လက်မစပဋ္ဌိစ္ဆ

အဆင်းတော်ကို အာရုံပြု၍ ပေါ်လာတဲ့ မြင်သိစိတ် မရမတ် ကလေးဟာ **ဥပမာအားဖြင့်** ဒကာအောင်ရဲ့ လက်မနှင့် လက်ခလယ် ဖိညှတ်၍ တီးခတ်လိုက်တော့၊ 'ဖြောက်' ဆိုတဲ့ အသံကလေး ပေါ်မလာဘူးလား။ (မှန်ပါ-ပေါ်လာပါ ဘုရား။)

အဲဒီ"ဖြောက်"ဆိုတဲ့ အသံကလေးဟာ လက်မထဲက ထွက်လာဒါလဲ မဟုတ်၊ လက်ခလယ်ထဲက ထွက်လာဒါလဲမဟုတ်၊ လက်မနဲ့ လက်ခလယ်ကြားထဲက ထွက်လာဒါလဲ မဟုတ်တော့ လက်မနဲ့လက်ခလယ်၊ ထိုနှစ်ခုကြားရှိတယ်လို့ မဆိုနိုင်ဘူးပေါ့၊ အကယ်၍ လက်မထဲမှာ ရှိပါတယ်ဆိုရင် လက်ခလယ်နဲ့ မထိဘဲနေတဲ့ အခါမှာလဲ "ဖြောက်-ဖြောက်"လို့ အမြဲတန်းမည်နေရမယ်၊ ခုတော့ ဒီလိုဟုတ်ရဲ့လား။ (မဟုတ်ပါ ဘုရား။)

လက်ခလယ်ကို နှုတ်ထား၊ ဒီအသံ ပေါ်နိုင်သေးရဲ့ လား စဉ်းစားပေါ့လေ။ ဒီနေရာမှာ **စက္ခုဒ္ဓ ပဋိဋ္ဌ ရူပေ စ ဥပဇ္ဇတိ စက္ခုဝိညာဏံ**—ဆိုတော့ နားလယ်ကြမှာ မဟုတ်ဘူး၊ အမယ်အို, အဖိုးအိုတွေရော နားလယ်သွား အောင် ပါဠိကပြားလေး စီလိုက်ရအုံးမယ်။ **"လက်မစ ပဋိဋ္ဌ လက္ခလယ်ပေစ ဥပဇ္ဇတိ ဖြောက်ဖြောက်သံ"** နားလယ်ကြပလား=အနက်ပေးလိုက်အုံးမယ်။ လက်မစ၊ အတုတ်ဆုံးဆိုတဲ့ လက်မကိုရင်း။ လက္ခလယ်ပေစ၊ အရှေ့ ဆုံးဆိုတဲ့ လက်ခလယ်ကိုရင်း။ ပဋိဋ္ဌ၊ တိုးခတ်သမျှ အ ကြောင်းပြု၍။ ဖြောက်ဖြောက်သံ၊ ဖြောက်ဖြောက်ဆိုတဲ့ အသံကလေးသည်။ ဥပဇ္ဇတိ၊ လက်မနဲ့ လက်ခလယ် ထိ နှစ်ခုကြား သုံးပါးထဲမှာ မရှိပါဘဲ ဖြစ်ပေါ်၍လာပေ၏။ ကဲဗျား ဒါမှနားမလယ်ရင် မပြန်လမ်း သွားကြဦးဘဲ၊ အဲဒါလို အကြောင်းတိုက်ဆိုင်မှ ပေါ်တဲ့ အသံဝတ်ကဲ့သို့ မြင်သိစိတ်ဝတ် စိတ်ပရမတ်လဲ အကြောင်း မတိုက်ဆိုင်ရင် မပေါ်နိုင်ဘူး၊ မျက်စိကို မှိတ်ထားရင် ပေါ်နိုင်ပါ့ မလား။ (မှန်ပါ-မပေါ်နိုင်ပါ ဘုရား။)

အကယ်၍မျက်စိကိုဖွင့်ထားတောင် အလင်းရောင်နှင့် နှလုံးသွင်းမှု မရှိခဲ့ရင် ဒီစိတ်ကလေးဟာ မပေါ်နိုင်ဘူး။

အဆင်းကို မျက်စိကမြင်ဒါလား

ဒကာအောင် ဒီစိတ်ကလေးဟာ ဘာကိုမြင်သလဲ။ (မှန်ပါ-အဆင်းဝတ်ကိုမြင်ပါ ဘုရား။)

အဆင်းကိုမြင်ဒါ စိတ်ကမြင်ဒါနော်–သတိထားခဲ့။ တချို့က မျက်စိအကြည်က မြင်ဒါပါလို့ ပြောကြသေး၊ အကယ်၍ မျက်စိအကြည်က မြင်ဒါဆိုရင် မျက်စိဖွင့်ရက်ကြီး အိပ်ပျော်နေတဲ့ လူတွေလဲ မြင်ကြမှာပေါ့၊ အိပ်ပျော်နေတဲ့ အချိန်မှာလဲ မျက်စိအကြည်ဓာတ်ကတော့ ရှိဒါဘဲ၊ ဒါ့ကြောင့် မျက်စိက မြင်ဒါမဟုတ် မျက်စိမှာ ပေါ်တဲ့ စိတ်က မြင်ဒါပါလို့ တထစ်ချ မှတ်ထား၊ ကိစ္စတတ်တဲ့ နေရာမှာလဲ စက္ခုပသာဒကို ဒဿနကိစ္စမတတ်ဘူး၊ စက္ခုဝိညာဉ်စိတ်ကိုသာ ဒဿနကိစ္စတတ်တာကို ထောက်ကြည့်လိုက်တော့ စိတ်ကမြင်ကြောင်း မထင်ရှားဘူးလား (မှန်ပါ-ထင်ရှားပါ ဘုရား။)

မြင်ဒါဟာ ရပ်ကမြင်ဒါလား, နာမ်က မြင်ဒါလား, စဉ်းစားစမ်း။(နာမ်က မြင်ဒါပါ ဘုရား။)

ရပ်အကြောင်းတော့ မကင်းဘူးပေါ့၊ အသံကို ကြားဒါလဲ နားကကြားဒါမဟုတ် စိတ်ကကြားဒါ၊ အနံ့ကို နံဒါလဲ နှာခေါင်းက နံဒါမဟုတ်-စိတ်ကနံဒါ၊ အရသာကို စားဒါလဲ လျှာကစားဒါမဟုတ် စိတ်ကစားဒါ၊ အတွေ့ကို ထိဒါလဲ ကိုယ်ကထိဒါမဟုတ် စိတ်ကထိဒါ၊ ဓမ္မာရုံ အမျိုးမျိုးကိုကြံဒါလဲ မနောကကြံဒါမဟုတ် စိတ်ကကြံဒါ၊ သူ့စိတ်နဲ့ သူ ချကြည့်ပေါ့၊ ကိစ္စတတ်ပုံကိုလဲ သတိပြုနော်၊ ဒီလိုစိတ်ကမြင်ဒါ, စိတ်ကကြားဒါ, စိတ်ကနံဒါ, စိတ်ကစားဒါ,စိတ်ကတွေ့ဒါ, စိတ်ကကြံဒါ-မှန်သော်လဲ သဘာ

ဝ အချက်ဥာဏ်မသက်နိုင်ကြတော့ ငါမြင်ဒါ,ငါကြားဒါ ငါနံဒါ ငါစားဒါ, ငါတွေ့ဒါ, ငါကြံဒါ-လို့ အစွဲဒိဋ္ဌိ ပြုခြင်တိုင်း ပြုပြီး မနေကြဘူးလား။ (မှန်ပါ ဘုရား။)

ဒွါရခြောက်ပါးသဘောသွားကို အမှားလွတ်အောင် သိနိုင်မှ မြင်တတ်စေ ကြားတတ်စေ. နံတတ်စေ စားတတ်စေ. ထိတတ်စေ, ကြံတတ်စေ-ဆိုတဲ့ "**စေခြောက်လုံး**" ပိုင်မည့်ပြင် —

ခွေးကြည့် ဝက်ကြည့် မကြည့်နဲ့
ခွေးကြား, ဝက်ကြား မကြားနဲ့
ခွေးနမ်း ဝက်နမ်း မနမ်းနဲ့
ခွေးစား ဝက်စား မစားနဲ့
ခွေးတွေ့ ဝက်တွေ့ မတွေ့နဲ့
ခွေးကြံ ဝက်ကြံ မကြံနဲ့

ဆိုတဲ့ ပညာရှိတို့စကားကိုလဲ နားလယ်ပြီးသား ဖြစ်တော့ဒါဘဲ၊ ငါမရှိပါဘဲနှင့် ငါမြင်ဒါ ငါကြားဒါလို့ စွဲနေဒါဟာ "**ချစ်တီးခေါင်း သန်းရှာသလို**" အပိုဘဲပေါ့၊ ယခုပြောခဲ့တဲ့ စိတ်နာမ် ပရမတ်တရားတွေကို သူ့ဒွါရနဲ့သူ ချကြည့်လိုက်တော့၊ စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ် ကာယဝိညာဉ်. မနောဝိညာဉ်-ခြောက်ပါးလို့သာ ဆိုရ ပေါ်တဲ့ စိတ်ကတော့ တစိတ်ထဲပါဘဲ၊ နှစ်စိတ်,သုံးစိတ်-စသည်တဖြိုင်ထဲ မပေါ်နိုင်ပါဘူး ဒါပေမဲ့ "**ရှာ'ကိ်သီ,ကိုစား ဝဲယား**

ညှောင်နံ့ အသံကို နားထောင်လျက် ပဲကြည့်သော သူ
ကဲ့သို့" သန္တာတိ ဆက်မှုက မြန်တော့ တပြိုင်ထဲလိုထင်ရ၊ သိတဲ့စိတ်ကလဲ တစိတ်, အသိခံတဲ့ အာရုံကလဲ တအာရုံ, ဥာစိတ်-တအာရုံလို့ မှတ်ရမယ်-ဒကာအောင် ခြောက်ဒ္ဒါရမှာပေါ်တဲ့ စိတ်ကလေးတွေ အကုန်စုပြီး ချိန်ခွင်ထဲ ထဲ့ချိန်လို့ဖြစ်ပါ့မလား။ (မှန်ပါ-မဖြစ်ပါ ဘုရား။)

တင်းတောင်းထဲ ထဲ့ပြီးချဉ်လို့ဖြစ်ပါ့မလား။ (မဖြစ်ပါ ဘုရား။)

အခဲ့ အတုံးမဟုတ်လို့ တပိသာ, နှစ်ပိသာ-မရ၊ တပြည် နှစ်ပြည်လဲမရ၊ စုလို့လဲမဖြစ်၊ သူ့ကိစ္စသူဆောင်နေကြတဲ့ သဘောကလေးတွေ မြူထဲမှာ အသေးဆုံးလို့ ဆိုရတဲ့ ပရမာနုမြူတခြမ်းကို အစိတ် တသန်း စိတ်၍ တစိတ်စာမျှ ပုံဟန်သဏ္ဌာန် မရတဲ့ အနိမိတ္တ သုညတ အလေ့ပေါက်ကလေးတွေ မဟုတ်လား။ (မှန်ပါ-အလေ့ပေါက်တွေပါ ဘုရား။)

ယာတောအလယ်မှာ

ယာတောကြီးထဲမှာပေါက်နေကြတဲ့ မျက်ပင်ကလေးတွေ သစ်ပင်ကလေးတွေဟာ စိန်းစိုရွှင်လန်းလှိုဘယ်သူမှ စိုက်ထားဒါ မဟုတ်ဘူး၊ သူ့ဘာသာ ပေါက်နေတဲ့ အတွက် အလေ့ပေါက်လို့ ခေါ်ရသလို၊ အခုလဲ စိတ်ပရမတ် နာမ်ပရမတ် တရားတွေကို ပိုင်ရှင်ကင်းပ အစိုးမရတဲ့

အနတ္တ အလေ့ပေါက် ကလေးတွေပေါ့ စက္ခု သောတ, ဃာန ဇိဝှါ, ကာယ မန-ခြောက်ဒွါရ တည်းဟူသော ယာတော အလယ်မှာ ပေါက်မနေကြဘူးလား **"ယာတောအလယ်မှာ....ငါပြောပါ့မယ် ရှေ့ရှင်ဘုရင်ရဲ-နင်ဆင်ခြင်ပါလား...."** အောင်မယ် ဒီလိုဆိုတော့ ဒကာမကြီးတွေက ခံခါင်းတွေထောင်လို့ ပစပ်ကြီးတွေ ဟ,လို့ပါလားဒါမျိုးများတော့ အတော်ကြိုက်ကြတယ်၊ ကျုပ်ကိုလဲ စိန်အောင်မင်း, ထင်မနေကြနဲ့,အုံးတရားနဲ့, ဥပမာ ကပ်ခြင်လို့ စပ်မိဒါနဲ့ ဆိုလိုက်တာပါ။ ဒကာ အောင် ကြားဘူးမှာပါဘဲ၊ အဲဒီ သိချင်းသွားကို ဒီလိုပြင်လိုက်ရမကောင်းဘူးလား **"စက္ခု,သောတ ဃာန,ဇိဝှါ ကာယ မန-ခြောက်ဒွါရဆိုတဲ့ ယာတောအလယ်မှာ ငါဟာပါ့မယ် ဒကာအောင်ရဲ.... နာမ်ဆင်ခြင်ပါလား...."** (မှန်ပါ-သဘာဝကျပါ ဘုရား။)

ယခုပြောခဲ့တဲ့ တွေ့ပျောက် ရှာမရ အလေ့ပေါက် သဘာဝ တွေဟာ သူ့ဒွါရနဲ့သူ ဖြစ်လိုက် ပျက်လိုက် ဖြစ်လိုက် ပျက်လိုက်နဲ့ တမပြတ်, မမြဲ တဖေါက်ပြန်ထဲ ဖေါက်ပြန်နေတဲ့ တရားတွေဘဲ-။

စက္ခုဝိညာဉ် ဒဿနကိစ္စ မြင်သိချုတ်
သောတဝိညာဉ် သဝနကိစ္စ ကြားသိချုတ်
ဃာနဝိညာဉ် ဃာယနကိစ္စ နံသိချုတ်
ဇိဝှါဝိညာဉ် သာယနကိစ္စ စားသိချုတ်

ကာ့ယစိညာဉ် ဖုသနကိစ္စ တွေ့သိချုတ်
မနောစိညာဉ် စိန္တနကိစ္စ ကြုံသိချုတ်

အဲဒါလို မြင်တိုင်း ကြားတိုင်း စသည်အားဖြင့် ပေါ်သမျှ နာမ်, ဖြစ်ပျက်ဟန်ကို အဖန်ဖန် ပွါးရှလိုက်တဲ့အခါ ဖြစ်သော နေရာမှ ကြာရှည်စွာ မနေနိုင်ကြဘဲ ခုမြင် ခုပျောက် ဒေါက်ရှောက်ချက်ခြင်း သေရှာသို့ ဆင်းနေတဲ့ အာဂန္တုက အဲ့သယ်ကလေးတွေပါလားလို့ ဥာဏ်ထဲမှာ ထင်မလာဘူးလား (မှန်ပါ-ကြောင်ကြောင်ကြီး မြင်ရပါ ဘုရား။)

သဘာဝသည်သည်များ

လောက အဲ့သယ်များကတော့ အရှေ့ထက လာလို့ အနောက်ထဲသွားတယ် တောင်ထဲကလာလို့ မြောက်ထဲသွားတယ်လို့ ပြောဖြစ်သေးတယ်၊ စက္ခုဒ္ဒါရမှာ ပေါ်နေတဲ့ ပရမတ် အဲ့သယ်ကလေးကတော့ မိုးပေါ်က ကျလာပြီး မျက်စိပေါ်မှာပေါ်၍ မြေကြီးထဲ ဝင်သွားပြီလို့ ပြောလို့မဖြစ်ဘူး၊ အရှေ့ထဲ အနောက်ထဲက လာပြီး တောင်ထဲ မြောက်ထဲကို သွားလေရဲ့လို့ ပြောလို့မဖြစ်ဘူး၊ ဘယ်ကလာလို့ ဘယ်ကိုသွား ဘယ်အနားမှာ အောင်းလို့ တူတူပုံးနေတယ် မထင်နဲ့၊ ဌာန မရတဲ့ သဘာဝမျိုလို့သာ မှတ်လိုက်ပေါ့၊ အဲ့သယ်များဟာ ပြောလိုတဲ့စကား ပြောဆိုပြီးသူ့ကိစ္စပြီးတဲ့အခါ ဆိုင်ရာခရီးသို့

သွားသလို၊ စက္ခုဝိညာဉ် စိတ်ပရမတ်ဟာလဲ သူရဲ့ဒဿန ကိစ္စကလေးပြီးဆုံးတော့ ပျောက်မသွားဘူးလား(မှန်ပါ ပျောက်သွားပါ ဘုရား။)

တမြို တနယ်က အဲ့သယ်များ ဒကာအောင်တို့ အိမ်ရောက်လို့ အတော်ကလေး ကြာသွားတော့ ဒီအိမ် နေရဒါပြင်းလာပြီ၊ ဟိုဘက်အိမ်ကိုရွှေ့ပြီး လယ်အုံးမှာဲ ဆိုရှိ တအိမ်နဲ့ တအိမ် ကူးပြောင်းကာ အလယ်အပတ် သွားကြသလို၊ ဒီစိတ်ပရမတ် အဲ့သယ်ကတော့ မျက်စိ အိမ်ကလွှဲရှိ ဘယ်အိမ်မှ မပြောင်းရွှေ့နိုင်ဘူး လေဝန်းဖြတ် ထုံစွဲ အိပ်ရာထဲမှာ လဲနေတဲ့ အဲ့သယ်ကြီးဆိုရင် လွှပါ့မလား(မှန်ပါ-မလွှပါ ဘုရား။)

အိမ်ကလဲ ခြောက်အိမ်ရှိတယ်၊ မျက်စိအိမ် နားအိမ်. နှာခေါင်းအိမ် လျှာအိမ်. ကိုယ်အိမ် မနောအိမ်-ဒီအိမ် ခြောက်လုံးမှာ အဲ့သယ်များ ကည်းခိုကြ၊ ထောင်သားများ နံပါတ်တတ်ထားသလို၊ ၁-နံပါတ် စက္ခုဝိညာဉ်, ၂-နံပါတ် သောတဝိညာဉ်, ၃-နံပါတ် ဃာနဝိညာဉ် ၄-နံပါတ် ဇိဝှါဝိညာဉ်, ၅-နံပါတ် ကာယဝိညာဉ်, ၆-နံပါတ် မနောဝိညာဉ်၊ သူ့နံပါတ်နဲ့သူ မဟုတ်လား ကဲ-မေးတော့မယ် မျက်စိဆိုတဲ့ အိမ်ကြီးမှာ တည်းခိုတဲ့ အဲ့သယ်ကြီးရဲ့ နာမယ်က ဘယ်သူတဲ့(၁-နံပါတ်စက္ခုဝိညာဉ်ပါ ဘုရား)

နားဆိုတဲ့ အိမ်ကြီးမှာ တည်းခိုတဲ့ အဲ့သယ်ကြီးရဲ့ နာမယ်က ဘသူတဲ့(၂-နံပါတ်သောတဝိညာဉ်ပါ ဘုရား။)

နာခေါင်းဆိုတဲ့ အိမ်ကြီးမှာ တည်းခိုတဲ့ အဲ့သယ်ကြီးရဲ့ နာမယ်က ဘသူတဲ့ (၃-နံပါတ် ဃာနဝိညာဉ်ပါဘုရား။)

လျှာဆိုတဲ့ အိမ်ကြီးမှာ တည်းခိုတဲ့ အဲ့သယ်ကြီးရဲ့ နာမယ်ကဘသူတဲ့ (၅-နံပါတ် ဇိဝှါဝိညာဉ်ပါဘုရား။)

ဟုတ်ကဲ့လား ဒကာအောင်ရ အဲ့သယ်ကြီး နံပါတ်တစ် မှားနေပြီ (မှန်ပါ-လွဲသွားလို့ ၄-နံပါတ် ဇိဝှါဝိညာဉ်ပါ ဘုရား။)

ကိုယ်ဆိုတဲ့ အိမ်ကြီးမှာ တည်းခိုတဲ့ အဲ့သယ်ကြီးရဲ့ နာမယ်က ဘသူတဲ့။ (၅-နံပါတ် ကာယဝိညာဉ်ပါ ဘုရား။)

မနောဆိုတဲ့ အိမ်ကြီးမှာ တည်းခိုတဲ့ အဲ့သယ်ကြီးရဲ့ နာမယ်က ဘသူဝဲ့(၆-နံပါတ် မနောဝိညာဉ်ပါဘုရား)

ဒီ-အဲ့သယ်ကြီးတွေဟာ ကိုယ့်အိမ်ပေါ် ကိုယ်နေကြရအလယ် သွားခြင်လို့မှ အိမ်ပေါ်က မဆင်းနိုင်တော့ ခမြာများ ပျင်းစရာကြီး နေမှာနော်....(မှန်ပါ ပျင်းစရာအချိန်မရပါ ဘုရား။)

သေမိန့်သံ

ဝိညာဉ်ခြောက်ရပ် ပရမတ် တရားများဟာ အဲ့သယ်အဖြစ်ဖြင့် တည်းခိုရဒါလဲ ဘာမျှမကြာပါဘူး၊ လောက

အဲ့သယ်များက ခင်ဗျားတို့အိမ် နှစ်ရက်,သုံးရက်လောက် တည်းခိုပါရစေလို့ တောင်းပန်ရင် ရနိုင်သေးတယ်၊ စက္ခု သောတ, ဃာန-ဆိုတဲ့ အိမ်ခြောက်လုံးကို ပိုင်တဲ့ အိမ့်ရှင် အဘိုးကြီးဆိုဒါ သိရဲ့လား။ (မှန်ပါ မသိပါ ဘုရား။)

သေမင်းကြီးလေ.... **"အဘိုးရယ်–ဒီအိမ်ကြီးတွေ ပေါ်မှာ နှစ်ရက် သုံးရက်လောက်ကျနော်တို့ တည်းခို ပါရစေ"**လို့ နာမ်အဲ့သယ်များက တောင်းပန်သော်လဲ "ဟေ့-နှစ်ရက်,သုံးရက်ထားလို့ တရက်တောင် လက်မခံနိုင်ဘူး အခုချက်ခြင်း အပင်းဆို့သေကြ"ဆိုတဲ့ သေ ဖိန့်သံကြားလိုက်တော့ ဥပါဒ်ခဏာမှ ဘင်ခဏာသို့မရောက်ခင် ဌိအခိုက်အတန့် ကလေးမျှသာ တည်းခိုပြီး သေကြရ တော့ဒါဘဲ၊ တောသုံးထောင်ကို အုပ်စိုးတဲ့ ကေသရာဇာ ခြေသော့်မင်းက မာန်ဟုန်ပြင်းစွာနှင့် ဟောက်လိုက်တဲ့အခါ ကြားသမျှသတ္တဝါ သေကြရသလိုပေါ့၊ အခုလဲ **ခယ ဝယ ဘင် မရဏာ အနိစ္စ**-လို့ အမည်ပေါင်း များစွာရတဲ့ သေမင်းကြီးကဟောက်လိုက်ပြီလေ....။

နေအိမ် နှင့် သေအိမ်

ကြည့်စမ်း ကိုယ့်အိမ်နဲ့ကိုယ် သေနေလိုက်ကြဒါ၊ မျက်စိအိမ်ပေါ်မှာ သေနေတဲ့မသာလောင်းကြီးက တခု၊ နားအိမ်ပေါ်မှာ သေနေတဲ့ မသာလောင်းကြီးက တခု၊

နှာခေါင်းအိမ်ပေါ်မှာ သေနေတဲ့ မသာလောင်းကြီးက တခု၊ လျှာအိမ်ပေါ်မှာ သေနေတဲ့ မသာလောင်းကြီးက တခု၊ ကိုယ်အိမ်ပေါ်မှာ သေနေတဲ့ မသာလောင်းကြီးက တခု၊မနောအိမ်ပေါ်မှာ သေနေတဲ့ မသာလောင်းကြီးက တခု၊ **အလောင်းခြောက်လောင်း** မဟုတ်လား၊ ပရမတ် မသာလောင်း ဓာတ် မသာလောင်းတွေ(မှန်ပါ၊ မြင်ရပါ ဘုရား။)

နေတော့လဲ ဒီအိမ်ပေါ်မှာနေကြ၊ သေတော့လဲ ဒီ အိမ်ပေါ်မှာသေကြ၊ သူတို့ရဲ့ နေအိမ်, သေအိမ်ကြီးတွေ ဟာ အတော်ထင်ရှားတယ်၊ အိမ်ကလဲ ခြောက်လုံး-အ လောင်းကလဲ ခြောက်ခု ဓာတ်ရင်းကို မြင်အောင်ကြည့် နော်-မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ် စားသိစိတ် တွေ့သိစိတ် ကြံသိစိတ်-ဆိုတဲ့ သိမှုဆတ်ဆတ် နာမ်ပရ မတ် ထိုးထိုး နာမ်ကိစ္စဖြင့်ပြီးကြ၍၊ **"နာမ်-ရူပ်နှစ်သင်း ဖြစ်တုံလျှင် ၈ သေခြင်းနောက်ဆုံး ရှိချေ၏"** ဆိုတဲ့ အတိုင်း မဖြစ်ခင်ကလဲမရှိနှင့် တခြားမှလဲမလာ၊ ချုတ်ပြီး လျှင်လဲ အစုအပုံနဲ့မနေ၊ တသေထဲသေ တပျက်ထဲပျက် နေဒါတွေကို မြင်ရတော့ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒာဉာဏ်ပေါ်လာ တယ်။ အော်.... ပစ္စုပ္ပန် ခဏမှာ ဖြစ်ပေါ်တဲ့ သန်ဒါရ တရားတွေကလဲ စွန့်သွားကြလို့မို့ နောက်မှပေါ်ထင် ရှေကြာပင် နာမ်တရားနဲ့သာ တပင်လဲလို့ တပင်ထူရ တော့မှာပါကလား-လို့ ငြီးငွေ့တဲ့စိတ်တွေ ဖြစ်ပေါ်ပြီး သံသရာကြီးထဲ မနေခြင်တော့ဘူး။

တပင်လမ္ဘ တပင်ထူ

ဒဠ္ဍမ္ဘာ သခ်ၨတာပုမ္ဘာ၊
ပရေန္တေသု ဝိဝိတ္တတော။
သုဘ ဓုဝ သုခတ္တတ္တ၊
သုညတော ဟေတု ဝုတ္တိတော။

သခ်ၨတာ၊ နောက်ပြန်လို့မတွေးတော့ဘူး ဖေါက်ပြန်ရေးလုပ်ကြတဲ့ ရုပ်နာမ်-နှစ်ပါး သခ်ၨါရတရားတို့ကို။ ပုဗ္ဗာ ပရေန္တေသု၊ ပရမတ် ဆတ်ဆတ် ဥပါဒိရှေ့တွင် ဘင်မှ နောက်နား အစွန်းနှစ်ပါးတို့၌။ ဝိဝိတ္တတော၊ မရှိလုံးလုံးသုံးသော အားဖြင့်ရင်း။ ဝါ၊ သူ့ကို မမြင်တုံးကတော့၊ မျှော်လိုက်ရဒါ၊ မြင်ရပြန်တော့လဲ ဘာမကြာ ပျောက်သွားဒါ ရှာမတွေ့ပါကလား၊ ဟယ်....အလေ့ပေါက် ကလေးရဲ့ သေဘေးတွေ့သော အားဖြင့်ရင်း။ သုဘ ဓုဝ သုခတ္တတ္တ သုညတော၊ တင့်တယ်မြစ္မာ ကောင်းချမ်းသာနှင့် ငါကိုယ်ဘဝ အနုမြဲ။မျှရှာမရအောင် သုညထင်းထင်း အမြင်ရှင်းသော အားဖြင့်ရင်း။ ဟေတုဝုတ္တိတော၊ အလေ့ပေါက် ဆိုပေမယ်လို့ အကြောင်းကတော့ ရှိတယ်၊ နှစ်သွယ်ပေါင်းမှ ဖြစ်ပေါ်ရသော အားဖြင့်ရင်း။ ဒဠ္ဍမ္ဘာ၊ ပရိညာစခန်း ဉာဏ်မြင်မှန်း၍ ဖြောင့်တန်းမသွေ ရှုမြင်အပ်ပါပေကုန်၏။ ဒဠ္ဍမ္ဘာ၊ သခ်ၨါမေ သဘောအိုလို့ ခွဲဒါကြောင့် မရှင်ပါသလေ ဟော ဟိုနဲ့ တွဲရပါတော့၊

"ဟေ....မယ်သခ်ၢါရဲ့" **တပင်လဲလှိုမို့ တပင်ထူ** လိုက်ရပါပြီတကား....။

ဒကာအောင်ရေ....။ (ဘုရား)

ဝိပဿနာစက္ခု ဥာဏ်နှင့်ရှုလိုက်တော့ ဒွါရခြောက်ပါးခြောက်တံခါးမှာ ဖြစ်လာသမျှ သဘာဝဓာတ် ပရမတ်လျှင် ပဋ္ဌာန ဒုက္ခအနက် သူ့ဒဏ်ချက်ဖြင့် သေဘေးသင့်ကာ ဆင်းရဲဒါသည် သစ္စာ ဒုက္ခပါ တကား-လို့ ပစ္စုပဋ္ဌာန်မျှ ဓာတ်မှန်ကျအောင် မြင်ရတယ် မဟုတ်လား။ (မှန်ပါ-မြင်ရပါ ဘုရား။)

ဒုက္ခအတိ အားကိုးရာ မရှိတဲ့ တရားတွေမို့ သူတို့ကို ကြည့်လိုက်တော့ မြင်တိုင်း မြင်တိုင်း သာယာသည့် အနေအားဖြင့် ရှင်လန်းစွာမဖြစ်နိုင်တော့ဘူး ဒကာအောင်ရ-(မှန်ပါ တခါဖြစ် တခါသေ အပျက်တွေ မြင်နေရတော့ မရှင်လန်းနိုင်တော့ပါ ဘုရား။)

စိတ္တကုဋ္ဌတောင်ခြေ ကြာအိုင်ရေဋ္ဌ ပျော်နေကြ ရှေဟာသ်ာသည် ဒွန်းစလ္ဟားအထွက် တန်စီးပွက်ကို မနှစ်သက်နိုင်ဘိသကဲ့သို့၊ ထိုသခ်ၢါရတရားတွေကိုလဲ မနှစ်သက်တော့ပါဘူး၊ အနည်းငယ်မျှ ချမ်းသာခွင့်မရတဲ့ မမြဲသော ဆင်းရဲသဘောတွေကို မြင်နေရတော့ စိတ်ထဲမှာ မပျော်မွေ့လို့ ငြီးငွေ့မှုအားသန် နိဗ္ဗိန္ဒဉာဏ်တွေ ပေါ်မလာဘူးလား။ (မှန်ပါ ပေါ်လာပါ ဘုရား။)

ဒါ့ကြောင့်—

* ကိုးရာမထင်၊ ခက်ပုံမြင်ကာ၊ မရှင်မလန်း၊ စိတ်ကုန်ခမ်းရ၊ မချမ်းမမြှ၊ ငြီးငွေ့သောထွေ၊ စိတ်အနေ-မှတ်လေနိဗ္ဗိဒံ။

အင်း....သိစေခြင်တဲ့ စေတနာကြီးနဲ့ ဟောလာလိုက်တာ အတော်ကြာသွားပြီ ထင်တယ်၊ တရားအဆုံးနိဂုမ်းအုပ်တဲ့ အနေအားဖြင့် ဝိညာဉ်ခြောက်ပါး သံပေါက် ကလေး ချပေးရအုံးမယ်။ ကဲ-ကဲ....အားလုံးလိုက်ကြစမ်းပါ။

* စက္ခုဒ္ဓါရ သဘာဝနယ်ဝယ်
မြင်သိမှု ယခုပေါ်လာတယ်
ဘယ်ဆီကိုမျှား သူသွားလေမယ်
သြ....သုညတွင်း သက်ဆင်းဒုက္ခသယ်။

သောတဒ္ဓါရ သဘာဝနယ်ဝယ်
ကြားသိမှု ယခုပေါ်လာတယ်
ဘယ်ဆီကိုမျှား သူသွားလေမယ်
သြ....သုညတွင်း သက်ဆင်းဒုက္ခသယ်။

ဃာနဒ္ဓါရ သဘာဝနယ်ဝယ်
နံသိမှု ယခုပေါ်လာတယ်
ဘယ်ဆီကိုမျှား သူသွားလေမယ်
သြ....သုညတွင်း သက်ဆင်းဒုက္ခသယ်။

ဇိုဂ္ဂါဒ္ဓါရ သဘာဝနယ်ဝယ်
စားသိမ္ဗ ယခုပေါ်လာတယ်
ဘယ်ဆီကိုမျှား သူသွားလေမယ်
သြ....သုညတွင်း သက်ဆင်းဒုက္ခသယ်။

ကာကဒ္ဓါရ သဘာဝနယ်ဝယ်
တွေ့သိမ္ဗ ယခုပေါ်လာတယ်
ဘယ်ဆီကိုမျှား သူသွားလေမယ်
သြ....သုညတွင်း သက်ဆင်းဒုက္ခသယ်။

မနောဒ္ဓါရ သဘာဝနယ်ဝယ်
ကြံသိမ္ဗ ယခုပေါ်လာတယ်
ဘယ်ဆီကိုမျှား သူသွားလေမယ်
သြ....သုညတွင်း သက်ဆင်းဒုက္ခသယ်။

ဒီသံပေါက်ဂလေး အရဆောင်ပြီး အိုပန်း,နာပန်း, သေပန်းတွေကိုစွန့်လျက် မဂ်ပန်း ဖိုလ်ပန်းတွေကို ပန်၍ ပရမတ်တရား ဓာတ်တရားတွေနဲ့သာ ရာသက်ပန် ရှယ်ကိုးလို့ ရိုးမြေကျပေါင်းပြီး ချစ်မိုးစွေကြပေတော့။

ဝိပဿနာယ၊ ရုပ်, နာမ်, နှစ်ခု မှန်ပြင် ဖြုတ်နှုံသမ္ဗ ဥာဏ်တင် သမ္မဇဉ်ပွါး ဝိပဿနာ တရား၌။ ပိယ ဒေဝံ၊ ရာသက်ပန် ရှယ်ကိုးလို့ရိုးမြေကျပေါင်းမယ် ဘယ်တော့မှ မပြစ်ဘူး အချစ်တည်းဟူသော မိုးကြိုးကို။ အဘိဝဿထ၊ နေ့မစဲ ညမစဲ တသွင်သွင်သဲလို့,မို့, စွေလဲစွေလိုက်ကြပါ

ကုန်လေ။ အဘိဝ၀ဿထ၊ ဘုရားနဲ့ ချစ်မိုးဇွေ ဘရားနဲ့ ချစ်မိုးဇွေ ပြည်ခေမာ ဘုံစခန်း မဂ်ပန်းပွင့်မဲ့ ချစ်မိုးဇွေ။ ပရမတ်နဲ့ ချစ်မိုးဇွေ, ဓာတ်နဲ့ ချစ်မိုးဇွေ, ပြည်ခေမာ ဘုံစခန်း ဖိုလ်ပန်းပွင့်မဲ့ ချစ်မိုးဇွေ။ အဘိဝ၀ဿထ၊ တဏှာ ချစ်မလုပ်ကြနဲ့ သဒ္ဓါချစ်ဟုတ်ကြမှ ဒုက္ခကုန်မယ် ရှုပ်သမျှ ဘုံ၀ယ် အညစ်အခိုးမ၀ေ၀ရအောင်လို့ သြ....**ချစ်မိုးဇွေ** လိုက်ကြပါကုန်လေ။

သာဓု–သာဓု–သာဓု

ချစ်မိုးဇွေ တရားခွန်း ပြီး၏။

— o —

နာမ်ဝိဇ္ဇာတရားခွန်း

အမ္ဘာတဂ္ဂမ်း မြောင်မသန်း ကြောင်ပန်း နာမ်စိဇ္ဇာ

စိန္တာယ အာရမဏံ စိတ္တံ၊
ပိယာ ပိယေန နိဗ္ဗိတံ။
အဝေ ဝါဒိက သုညံတံ၊
ဇာနန္တော ဟောတိ ပါရဂူ။

ဘောန္တော၊ ဟောသမျှ ပြောသမျှ သဘောကျအောင် သောတပန်ဆင် နာမ်အစဉ်ကို သိမြင်လိုကြား အို....ပရိသာတ်များတို့။ စိတ္တံ၊ မှန်သစ္စာ တမင်ပေါက်စေဘို့ဥာဏ်လှစ်ကာ အသွင်ထောက်လိုက်တော့ ဘင်မရောက်ခင် စိတ်ဝိညာဉ်သည်။ အာရမဏံ၊ ထင်စွာပြရမှာဖြင့် မြင်ဒါက အဆင်းပါ ကြားဒါ အသံ နံဒါ အနံ့မျှ စားက အရသာ ထိဒါမာ၀မှ ထိုအာရုံ ငါးခုကို။ စိန္တာယ၊ အရှေ့. အနောက်,တောင်, မြောက်ထွေထွေ မိုးနှင့်မြေဟု တို ရှေနိမ့်,မြင့်,ဖို မ ဆင့်ရှ ကြိုစိသောအားဖြင့်ရင်း။ ဝါ၊ မြင်ဆဲခဏ ဆင်းဝတ္ထုကို စ,ဝ,ဗ,ဝ က ယ ဒ နှင့် ငသတ်အနေ ထင်လေသော အားဖြင့်ရင်း။ ပိယာ ပိယေန၊ မျက်လုံး မျက်ခုံး တကိုယ်လုံးယာဉ်တယ် အော်-ပြုံးဒါကလေးက ချစ်စဘွယ် မျက်နှာ အောက်သိုး ခေါက်ချိုး နေတယ် ထွ ီ....သူ့အနားကို ငါမသွားခြင်ပေါင်ဟယ် ရှုံ့ဘွယ်

မုံးဘွယ်အားဖြင့်ရင်း။ နိမ္မိတံ၊ ပုဂ္ဂိုလ်သတ္တဝါ စွဲချက်နှာ၍ အင်္ဂါကြီး ငယ် ဘယ်ဟာ ဘာထင် ပုထုဇဉ် နင်းပြားလူငန္ဒားတို့မှာ အထင်မှား အမြင်မှားအောင် ဘန်ဆင်းအပ်၏။ ဝါ၊ သမုဒ္ဒရာအိုင်အင်း တွင်းကံထွေထွေ ရေရှိခွက်ဖလား မြက်ဖျားဦးရောက် နှင်းပေါက်တွေမှာ နေအသွင်လရိပ်ကျသကဲ့သို့ စိတ်ကဘန်ဆင်း သဏ္ဌာန်ခင်းအပ်၏။ တံ၊ ထိုအာရုံယူဟတ် နမ်ပရမတ်ကို။ အဝဝါဒိက သည်၊ ခိုင်မြဲတဖြာ တင့်တယ်စွာနှင့် ချမ်းသာစိုးရ ဘာမျှမရှိ သဘာဝထိအောင်။ ဇာနန္ဒော၊ ကမ္ဘာ့အယူကို ရိုက်ချိုးဘုရားမှ စိုက်ပျိုးလို့ ကြောင်းကျိုး မြှော်ကြည့် ဝေဘန်၍ သိသောသူသည်။ ဝါ၊ လရေးနှစ်ချောင်းငင် နာမ်မျှပင်ဟု ဉာဏ်တွင်ထင်ရှား သိအောင်ပွါးသောသူသည်။ ပါရဂူ၊ မြေးစက်ရာတွင် အိပ်မက်မြင်သို့ ထင်ဒါတွေမှုံ့ဃန သည်ဟဲ့ ပျောက်စေ ဒိုးလိုမ္မ ရေလိုနှောက်လို့ တာဘက်ကန်းရောက် အတတ်မြောက်သည်။ ဟောတိ၊ ကျပ်ချိန်ပျောက်လျှင် နိဗ္ဗာန်ဝင်သို့ စင်စစ်မသွေ ဖြစ်ရလေတော့၏။ ဟောတိ၊ တောကြီးဟောဝန် ဂနိုင်ဆီးလို့ စိန့်ကြီးမြင်ကြီး ပျောက်စေဆို မှောင်မသန်းတဲ့ ကြောင်ပန်း ဝိဇ္ဇာဗိုရ်, ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင် မြင့်မိုရ်တောင်ကြီး ကျိတ်ခါဖြိ အောင်အဆန်းနဲ့ ကြောင်ပန်းဝိဇ္ဇာဗိုရ်, သမုဒ္ဒရာပင်လယ် မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ ဒါတွေလဲ ယခုဘဲ ပျောက်စေဆို အရောင်လွှမ်းတဲ့ ကြောင်ပန်း ဝိဇ္ဇာဗိုရ်, မြို့ရွာတိုင်းပြည်ဟူသမျှ နတ်ဗိမာန်တွေ

မကျန်ရအောင် သဏ္ဌာန်ဃန ပျောက်စေဆို တဘောင်စခန်းနဲ့ ကြောင်ပန်း ဝိဇ္ဇာဗိုရ်, ရပ်နာမ် အနိစ္စသဘာဝ သုံးဆဲ့တဘုံ လဟာကျရော့ အာကာနှစ်ဝ ဆက်စေဆို ရှိန်းဆာယာပိုမောက် ကိုယ်ပျောက်စေလို သုညဓာတ်လုံး ပေါက်သုံးအောင်ကို-သိဒ္ဓိန္ဒိုး ထိုးကြ နေ့တိုင်းဖိုလ် အာကာဗဟို ဦးအောင်ပြန်သန်းသလို အခေါ်ခြင်ခြန်းတဲ့ ကြောင်ပန်းဝိဇ္ဇာဗိုရ် ထိုထိုနိမိတ်တွေ အကုန်တုံးလို့ မို့ စေတလုံးပိုင်တော့၏။ ဟောတိ၊ မယားဒုက္ခ သားဒုက္ခနှင့် ရှုပ်လှလေခြင်း။ ဝါ၊ သွီးဒုက္ခ မည်းဒုက္ခနှင့် ရှုပ်လှလေခြင်း။ ဝါ၊ အချစ်ဒုက္ခ မုံးဒုက္ခနှင့် ရှုပ်လှလေခြင်း။ ဝါ၊ အိုနာဒုက္ခ သေဒုက္ခနှင့် ရှုပ်လှလေခြင်း။ အလျှင်းမပျော် ကံရိပ်မှာ အထယ် မလဲတော့ပါဘူး သတင်းမလျော် ရန်မိစ္ဆာ မတွယ်မဝဲအောင်ပ မင်းမဟော်လို ဥာဏ်စိတ်ဟာ တကယ်တွဲသူမို့ အော်.... **နာမ်ဝိဇ္ဇာ** အလွယ်ဘဲ ဖြစ်ရလေတော့သတည်း....။

ဒကာအောင်ရေ....။ (ဘုရား)

ဒီ-ကနေ့ညတော့ နာမ်တရား အချက်ကို ပြက်ပြက်ထင်ထင် ဥာဏ်ဌာမြင်အောင် ရှင်ရှင်ကြီး ဟောရလိမ့်မယ်၊ တရားနာရင်းလဲ အိပ်ခြင် မနေကြနဲ့ အုံး တရားဆုံးတဲ့ အခါကြမှ သူများက ကောင်းလိုက်တာလို့ ပြောတော့ အိပ်နေမှီဒါ မှားလေခြင်းလို့ နောင်တ, ရတတ်တယ်၊ ကွမ်းစားမှ ဆေးသောက်မှကလေးတွေလဲ ရှောင်ကြပေါ့

လေ စကားလဲ မပြောကြနဲ့ နော် တရားနာရင်း တိုးတိုး တိုးတိုးနဲ့ စကားပြော နေမယ်ဆိုရင် မိမိလဲ အကျိုးမရှိ ဟောတဲ့သူလဲထိခိုက် နာတဲ့သူလဲ စိတ်ပြန့်လွင့်ပြီး တရားကို အာရုံ မပြုနိုင်တော့ ဓမ္မနှာရယ် ဖြစ်တတ်တယ်၊ ဒါ့ကြောင့် စကားပြောခြင်းကို သီးခံကြပါလို့ ကောင်းမြတ်သော စေတနာနဲ့ သတိပေးလိုက်ရဒါကိုး၊ ပြောခြင်ကြလို့ ရှိရင်လဲ တရားသိမ်းတဲ့ အခါကြမှ အားရ ပါးရ ပြောကြပေါ့၊ ယခုဟောမဲ့ တရားကလဲ ဇာတ်နိပါတ်တို့ ဝတ္ထုတို့ သုတ္တန်တရား ဟောမှာမဟုတ်ဘူး၊ အဘိဓမ္မာလို့ ဆိုအပ်တဲ့ ဝိပဿနာ တရားတော်ကြီးကို စာမတတ်သော သူများပင် အလွယ်တကူ အားထုတ်နိုင်၍ နားလည်အောင် ဟောရမှာဖြစ်တော့ သိပ်လွယ်တာ မဟုတ်ဘူး၊ ဒကာအောင် ဒီ-နေရာ မှတ်ထားပေါ့၊ **ပုံပြတရားတဲ့ ပုံပျောက်တရားတဲ့** နှစ်မျိုးရှိတယ်၊ ပုံပြတရား ဆိုဒါက "ဟိုဘက်ကမ်းမှာ ထားခဲ့တဲ့ မပဋ္ဌာရဲ့ ခလေးကလေးကို စွန်ကြီးချည်လို့ ကောင်းကင်မှာ တွဲလဲကလေး နေသတဲ့ ဒကာမကြီးတို့ရဲ့" ဆိုတော့ ပရိသတ်တို့ စိတ်ထဲမှာ တွဲလဲတွဲလဲနဲ့ ပုံကလေး ပေါ်မနေဘူးလား။ (မှန်ပါ၊ ပုံပေါ်နေပါဘုရား။)

အဲဒါလို ဟောတဲ့ပုဂ္ဂိုလ်က ဒြပ်သဏ္ဌာန် အကောင်အထယ်နဲ့ ပုံကိုပြပြီး ဟောတဲ့ တရားကို ပုံပြတရားလို့ ခေါ်တယ်၊ ပုံပျောက်တရားဆိုဒါကတော့ ရုပ်နှင့်နာမ်မျ

သဘာဝဆပ်ဆပ်ပရမတ်တရားကို အတ္တနိမိတ် ဇီဝအရိပ် သုံးဆိပ်ဒေါ၏ ပုံကိုဖျောက်ပြီး ဟောတဲ့တရားကို ပုံပျော်တရားလို့ ခေါ်တယ်၊ ပုံပြတရားနဲ့ ပုံပျောက်တရား ဒီ-နှစ်ပါးတွင် ဘယ်တရားကို အကြိုက်များသလဲ (မှန်ပါ-ပုံပြတရားကို အကြိုက်များပါ ဘုရား။)

အကြိုက်များမှာပေါ့ ဒကာအောင်ရာ သူတို့စိတ်ထဲမှာ အကောင်ကြီး အထယ်ကြီးနဲ့ မြင်နေဒါကိုး၊ **မာတင်ဇာတ်ထုတ်** ဟောတယ်ဆိုရင် လွယ်အိပ်ကလေး ရှေ့တလုံး နောက်တလုံး လွယ်လို့ ဒုတ်ကလေးကို ကိုင်၍ စီးကလေးကို တချင်ချင်ခတ်ပြီး "ပုဇ္ဇေစ အခြေမလှတဲ့ သူကို-သဒ္ဓါတတ်အား-နဲများမဆို" ဆိုတဲ့ သီချင်းသွားကို သီဆိုလျက်ကိုကို မမတို့က ပေးမှကမ်းမှ စားသောက်ရမဲ့ ဘဝကြီးပါခင်ဗျား တပြားတချပ် စွန့်ကြတော်မူကြပါလို့ တောင်းစားနေရတဲ့ အကြောင်းကို ဟောလိုက်တော့ အလောင်းတော် မာတင်ကလေး ခွက်ကြီးကိုင်လို့ တောင်းနေပုံကလေး ပေါ်လာတော့ အော်.... ဒီဘုရား အလောင်းတော်ဟာ ခွက်ကြီးကိုင်လို့ တောင်းစားနေရရှာ သနားစရာဘဲဟဲ့-ဆိုပြီး ဝမ်းနဲသလိုလို ဖြစ်မလာဘူးလား (မှန်ပါ-ဝမ်းနဲလာပါ ဘုရား။)

ဝမ်းနဲဆို ပုံကပြထားဒါကိုး ဒကာအောင်ရ (မှန်ပါ-ဘုရား။)

စောမ္ဘန်လှဒေဝီ

ဒီလို လွမ်းရ ဆွေးရတဲ့ အရှု။ အရှိုက်နဲ့ အပူတိုက် တရားတွေကို ဦးပဋ္ဌင်းတို့ ငယ်တုံးကတော့ လှိုင်လှိုင်ကြီး ဟောခဲ့ဒ'ပေါ့၊ ဒကမတွေကလဲ ဒါမျိုးမှ ကြိုက်တာ၊ မလွမ်းရ မဆွေးရ မပူရ မငိုရလို့ရှိရင် ဒီတရား ကောင်းပေါင် ဆိုပြီး ထသွားကြဒါဘဲ၊ စောမ္ဘန်လှ ဝတ္ထုမျှားဟောလိုက်တယ်ဆိုရင် အို....ဒကာဒကမတွေကို ငြိမ်လို့ ဖင်နဲ့ မြေကြီးနဲ့ ဂဟောဆက်ထားသလား အောက်မှေရ ထသွားမှာကို မစိုးရိမ်ရဘူး လွမ်းခမ်း ဆွေးခမ်းက ပါဒါကိုး....

ပေါ်ကွဲပြည် အနော်ရထာမင်းမြတ်က မိဖုရား အရာမြှောက်ထားတဲ့ ရှမ်းမလေး မစောမ္ဘန်ကို မလိုသော မိဖုရားမျှားက နားခေါင်းက ဓာတ်တော်ကွန့်မြူးဒါကို တောက်စားတဲ့ စုံးမကြီးပါလို့ မတရားသဖြင့် သံတော်ဦး တင်ကြတော့၊ ရှေရှင်ဘုရင်က ယုံကြည်ပြီး "**စုံးမကြီး မစောမ္ဘန် နန်းတော်ကထွက်စေ**"လို့ ပက်ပက်စက်စက် ဆိုပြီး နှင်ထုတ်လိုက်တော့ မြတဘက်ကလေးနဲ့ မျက်နှာ အုတ်ပြီး တရှုတ်ရှုတ် ငိုကျွေးလို့ ထွက်ခဲ့ရရှာတယ်။

အဲဒါလို ဖဝါးခြေနဲ့ သွေးခြေမျှားဉလို့ တဖြေးဖြေး လာခဲ့ရာ ဘော်ကြီဘုရား တည်ထားပြီးလို့ သူ့အဖေကို မြော်နေတုံး၊ ဘခင်စော်ဘွားကြီး ရောက်လာဒါကိုး၊ သွီးကို အဖေ မြင်ရတော့ စိတ်မကောင်းရှာဘူးပေါ့လေ၊

စောမွန်လှလေးမှာ စိတ်ပမ်း ကိုယ်ပမ်း ဖြစ်လာဒါနဲ့ ဘခင်ရဲ့ရင်ခွင်ထဲ ထိုးလဲ့အိပ်ရင်း ဘာစကားမှလဲ မပြော နိုင်တော့ဘဲ မျက်စိကလေး ပေကလတ် ပေကလတ် လုပ်နေတော့ "သွီးလေး ဘာမှ အားမငယ်နဲ့ နော်-အဖေ တယောက်လုံးရှိသေးဒါဘဲ"လို့ ဘခင်စော်ဘွားကြီးက အားပေးနေတုံး၊ ပါးစပ်ကလေး ဟ တဲ့ပြီး အသက်ထွက်သွားရှာဒါကိုး။

အဲဒါလို ရင်ခွင်ထဲမှာ မလှုပ်မရှက်နဲ့ ခွေရက်ကလေး သေနေရှာတဲ့ သွီးရဲ့ အလောင်းကို ကြည့်ပြီး စော်ဘွားကြီးမှာလဲ မျက်ရေတွေ မဆယ်နိုင်တော့ဘဲ၊ အို....သွီးရဲ့ အဖေ့ကို ပြစ်ခဲ့တော့ဒါလားကွဲ့-ဆိုပြီး ငိုလိုက်တဲ့ မျက်ရေတွေဟာ ဘောက် ဘောက်နဲ့ သွီးလေးရဲ့ မျက်နှာတခုလုံး ရေဆေးထားသလိုဘဲတဲ့။

တန်ဓော အာဂတံ ပိတု၊ မုခံ ဒိသ္မာဝ ဒုမ္မနာ။
ကိဠိ ဝတ္ထုံ အသဏ္ဌောန္တိ၊ ဟဒယာ ဖလိတာ မတာ။

တန်ဓော၊ ထိုသို့ဘော်ကြီဘုရား တည်ထားပြီးရာ အာဘအကြိုကိုတ ဝိ၍နေသောအခါ၌။ အာဂတံ၊သွီး၏သတင်း အဆင့်ဆင့် ကြားခြင်းကြောင့် အပြင်းမြန်စွာ ခရီးရင်ဆိုင်ကိုယ်တိုင် ကြိုမည်ဟု ဆိုက်ရောက်လာသော။ ပိတု မုခံ၊ ယုယပိုက်ထွေး ကြီးပြင်းအောင် မွေးလာသည့် ကျေးဇူးရှင် ဘခင်၏ မျက်နှာကို။ ဒိသ္မာဝ၊ မြင်လျှင် မြင်ခြင်းသာလျှင်။ ဒုမ္မနာ၊ နှလုံးမသာ ပြင်းစွာလိုက်လဲ ဝမ်းနဲပူလောင်

ခြင်းရှိသည်ဖြစ်၍။ ကိုဋ္ဌ၊ ဖြစ် ပျက်ခဲ့ရတဲ့ အကြောင်း ပြန်ပြောင်း၍ အကျယ် ပြောဘွယ်ကို မဆိုထားနဲ့ တော့ တလုံးသော စကားကိုမျှ။ ဝတ္ထု၊ ဘခင်စော်ဘွားကို တိုင်ကြား ပြောဆိုခြင်းငှာ။ အသင်္ကြာန့်၊ လမ်းမြင်အမော့ နွမ်းယိုင်ပြေ့ပြီး မစွမ်းနိုင်တော့ဘဲ။ ဖလိတာ ဟဒယာ၊ ဆင်ပုလဲသ္ဟာ အလှကလေးမှာ မ.ရှင်လဲရာက မထတော့ဘဲ ရင်ကွဲနာကျသည်ဖြစ်၍။ မတာ၊ ဘခင်က သ္ဓီးရဲ့ အဖေ လာပြီ ဘာဖြစ်တာလဲ ပြောပါအုံးဟု မေးနေတုံးတွင် အဖြေတလုံး မဟာနိုင်တော့ဘဲ မြေကုန်းဝနမှာ သေဆုံးရ ရှာလေသတည်း....။ ဒီလို ဟောလိုက်တော့ ဒကာမကြီး တွေ မျက်ရေကလေး ကလယ် ကလယ်ဖြစ်လာပြီ၊ ဒါနဲ့ ထပ်ပြီး အပူတိုက်လိုက်တာကိုး။

ဝါ၊ ရွှေစာရံဘုရား အမကလေးမှာ မနေသာတဲ့ တရား အရဟာမို့ အဖေလာလို့မှ စကား မဟာနိုင်ဘဲ၊ အော်....သေရှာသ္ဓီ သ္ဓားရရှာလေသတည်း....ဆိုတော့ ခုဒင်က လယ်နေတဲ့ မျက်ရေတွေ ကျကုန်တော့ဒါပေါ့၊ မျက်ရေကျရုံနဲ့ မကြေနပ်သေးဒါနဲ့ ဦးပဉ္စင်းက ငိုခြင်သံကြီးနဲ့ လှိုက်လှိုက်လဲလဲ မင်းသားမျှားလို အပူရှပ်ဖမ်းပြီး တခါထပ်ဟောလိုက်တာကိုး....

ဝါ၊ အဖေလာလို့ တဆိတ်ကမှ မပြောနိုင်တော့ဘဲ မနေသာတဲ့ ဘိဇ္ဇန ဓမ္မောဟာမို့ 'ရွှေစာရံ ဘုရား အမကလေးမှာ' အနိစ္စသဘောသ္ဓီ လိုက်ပါရလေသတည်း—

ဆိုတော့ ဒကမကြီးတယောက်က ဇုန္ဒြေမဆယ်နိုင်တော့ ဘူး-ဟီး....လို့ အသံထွက်အောင် ငိုလိုက်တော့ ငိအား ထက် ရယ်အားသန် ဖြစ်ကုန်ကြဒါပေါ့၊ အခု ဦးပဉ္စင်း ဟောနေဒါဟာ စောမွန်လှဝတ္ထု ဟောချင်လို့ မဟုတ် ပါဘူး၊ သူ့ဝတ္ထုက အရှေကြီးပါဘဲ၊ ပြောလိုဒါကလွမ်းရ ဆွေးရ-ငိုရတဲ့ တရားတွေကိုသာ အကောင်း ထင်ပြီး တရားနာရင်း ဒေါသမီး, သောကမီးတွေ လောင်နေဒါ တော့ မသိကြဘူး၊ မနာတတ်လျှင် အကုသိုလ်ဖြစ်တယ် ဆိုတဲ့အကြောင်းကိုသာ သတိပေးလိုဒါပါ **'အေးခြင်လို့ တရားနာ ပူဆာစဟော'** ဆိုဒါ ဒါမျိုးခေါ်ဒါပေါ့၊ ပုံပြ တရားဆိုဒါ ချစ်စရာ မုံးစရာ, ငိခြင်စရာတို့ကို တွေ့ရတယ်၊ ပုံပျောက်တရားကတော့ ချစ်စရာ မုံးစရာ ငိခြင်စရာမရှိ၊ အနိမိတ္တ အနတ္တလို့ ချလိုက်တော့ အခဲ အတုံးတွေ ပျောံ ပြီး စိတ်ထဲ ရှင်းသွားဒါပေါ့၊ ဘုရားနဲ့ တကွ သာဝက မျှားမှာလဲ ဝတ္ထုဇာတ်လမ်းတွေ ဟောတော့ ဟောပါရဲ့, လွမ်းခန်း, ဆွေးခန်းတွေ အကျယ်ချဲ့ပြီး အရှု အရှိုက်နဲ့, အပူတိုက်ပြီး ဟော မနေပါဘူး၊ ဟောပြီးတော့လဲ ဝိပဿနာ နယ်ကူးပြီး သစ္စာလေးပါးကို ပုဂ္ဂလ, သတ္တ, အတ္တဇ်ဝမှ ကင်းဆိတ်စေ၍ **''ဒေသနာ ဝသာနေ သောတာပတ္တိ ဖလာဒီနိ သမ္ပာပုဏိံသု''** ဓမ္မပဒ အဋ္ဌ ကထာမှာ လာတဲ့ အဟိုင်း သောတာပန် သကဒါဂါမိ-စသည် ဖြစ်အောင် ကောကြားတော်မူကြကယ် မဟုတ် လား။ (မှန်ပါ ဘုရား။)

အဖျားရှူးတဲ့အဘိုးကြီး

အခုတော့ ဦးပဉ္စင်းတို့ ဟောခဲ့တာက လွမ်းခမ်း,ဆွေးခမ်းတွေကို အသားယူ၍၊ နောက်ပိုင်း အဘိဓမ္မာတတ်တော့ "**ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ**" ဟူ၍ ဟောတော်မူပေသည်။ ဤသို့ ပေါင်းအပ်များမြတ်သော ကုသိုလ်ကံစေတနာတို့ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် တရားတော် မြတ်ကြီးကို လျှင်မြန်ဆောစွာ ရောက်ကြရပါလိုကုန်သော ဟူ၍ ဆုတောင်းကြကုန်-ဆိုပြီး ထသွားတော့ အဘိဓမ္မာဟု ဆိုအပ်သော နိဗ္ဗာန်ရောက်ကြောင်း အစစ်ဖြစ်တဲ့ ဝိပဿနာ တရားရဲ့ အရသာကို မခံစားလိုက်ကြရဘူး၊ ဘာ့ကြောင့်လဲ ဆိုတော့ တရားက အဖျားရှူးသွားဒါကိုး၊ တရားလဲဆုံးရောဘာမျှား မှတ်မိကြသလဲ ဆိုတော့ "အမလေး စောမွန်လှလေး သနားစရာအေ.... ရှမ်းမကလေးဟဲ့ ရှင်ဘုရင်ကနှင်ချလိုက်တာနဲ့ ရင်ကွဲနာကျပြီး သေရှာသတဲ့အေ့" ဒါဘဲမှတ်မိကြတယ် မဟုတ်လား။ (မှန်ပါဘုရား။)

အဲဒီ မှတ်မိဒါဟာ နိဗ္ဗာန်ရောက်ကြောင်း ဟုတ်ပါ့မလား၊ အလွမ်း အဆွေးတွေကို စားမြုန့်ပြန်နေဒါ အဘိဓမ္မာ တရားကလဲ ဘုရားစူး, ကျမ်းစူးလွတ်ရုံ ပါတော့ ဘယ်နားလယ်ပါ့မလဲ၊ '**မြတ်**'ဆိုတဲ့ ပုဒ်အရကို နိသဿဋ္ဌ နိဗ္ဗိုဝ သဘာ၀ါနဲ့ မြင်သာအောင်တွဲပြီး ပြမယ်ဆိုရင် နားလယ်နိုင်ဒါပေါ့၊ နောက်ပိုင်းမှာ ခတ်ပေါ့ပေါ့ထား

လို့ ရှေ့ပိုင်းမှာ ဟန်ရေးပြပြီး ဟောခဲ့ရဒါတွေကို ကိုယ့်ကိုယ်ကို စဉ်းစားကြည့်လိုက်ရင် ရှက်-ရှက် လာတယ် ဒကာအောင်ရ။ (မှန်ပါ ရှက်စရာပါ ဘုရား။)

မှန်ဒါပြောသစ္စာဆိုတဲ့အတိုင်း ကျုပ်ဟောခဲ့ဒါတွေ ပြောနေဒါနော်-ဘယ်သူ့ကိုမျှ ထိခိုက်လိုလို့ ပြောဒါ မဟုတ်ပါဘူး **"ကြိုက်ရာကြိုက်ရာ ဝုစ္ဈတိ စိတ်ထင်တိုင်းတိ ဒဠ္ဍဲ"** ဟုတ်လား။ (မှန်ပါ ဘုရား။)

ဆယ်နှစ်အရွယ် သာမဏေငယ် ဘဝကစပြီး ဟောလာခဲ့ဒါ အခုမှ ဝိပဿနာဘက် ရောက်တာနဲ့၊ အဲဒီ အဖျားရှူးတရားတွေ မဟောတော့ဘူး။ အထက် အညာမှာ စိတ်မကောင်းတဲ့ အဘိုးကြီး တယောက် ရှိတယ်၊ ကလေးမလေးများ ခရီးကြုံလို့ သူ့ဆီဝင်လာတဲ့အခါ၊ "ငါ့မည်းတို့ ဆံပင်ရှေတဲ့နည်းများ မလိုခြင်ဘူးလား" "လိုခြင်ဒါပေါ့အဘိုးရယ်" "လိုခြင်ရင်နားထောင်ကြ" မြင်လေလျှင် ရှုကာမက်စေဘို့၊ ခင်ဆွေတင် နုမာသက်တို့ရဲ့-ဆိုတော့ ကလေးမလေးများကလဲ အကောင်းပြောတယ် ထင်ပြီး နားစိုက် နေကြဒါပေါ့လေ၊ ဒါနဲ့ အဘိုးကြီးက **"မြင်လေလျှင် ရှုကာမက်စေဘို့၊ ခင်ဆွေတင် နုမာသက်တို့ရဲ့၊ ဆံပင်ရှေခြင်လျှင် ဆံစုသာဆက်ကြပေတော့"**လို့ ဆိုလိုက်တော့မှ တခစ်ခစ်ရယ်ပြီး စိတ်မကောင်းမှန်း သိကြသတဲ့။ ဆံပင်ရှေတဲ့နည်းဆိုလို့ နားထောင်နေပါ အပြီးသတ်တော့ အဖျားရှူး မသွားဘူးလား။ (မှန်ပါ-ရှူးသွားပါ ဘုရား။)

ဝိဇ္ဇာ ၁၂မျိုး

ဒကာအောင်ရေ....။ (ဘုရား)

ကဲ-ဒါတွေထားပါတော့ ဒီကနေ့ည ဟောရမဲ့တရား ကဘာတရားတဲ့။ (နာမ်ဝိဇ္ဇာ ကရားခွန်းပါ ဘုရား။)

ဒီနေရာမှာ ဝိဇ္ဇာနဲ့ ပတ်သက်ပြီး ဝိဇ္ဇာ ၁၂မျိုးကို ထုတ်ပြလိုက်ရအုံးမယ်....

၁။ **ဝေဒဝိဇ္ဇာ**
၂။ **မန္တဝိဇ္ဇာ**
၃။ **ဂန္ဓာရိဝိဇ္ဇာ**
၄။ **လောကိယဝိဇ္ဇာ**
၅။ **အရိယဝိဇ္ဇာ**

အဒီ ဝိဇ္ဇာ၁၂မျိုးထဲက သာမ,ယဇု ၎ရ.အာထဗ္ဗဏ, ဗေဒင်လေးမျိုးကို **ဝေဒဝိဇ္ဇာ**လို့ ခေါ်တယ်၊ လက္ခဏာ နိမိတ် နက္ခတ် ဆေး စာတတ် ဂါထာမန္တယား အတတ်မျိုးကို **မန္တဝိဇ္ဇာ** လို့ ခေါ်တယ်၊ ဆေးဝိဇ္ဇာ အင်းဝိဇ္ဇာ ပြဒါးဝိဇ္ဇာ သံဝိဇ္ဇာမျိုးကို **ဂန္ဓာရိဝိဇ္ဇာ** လို့ ခေါ်တယ်၊ ကသိဏ်းစျာန်တို့ကို ဖြစ်စေ၍ ရအာပ်သော အာဘိညာဉ် ခုနစ်ပါးကို **လောကိယဝိဇ္ဇာ** လို့ ခေါ်တယ်၊ ဝိပဿနာ ဉာဏ်,မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို **အရိယဝိဇ္ဇာ**လို့ ခေါ်တယ်၊ ဒကာအောင်—သေသေ ချာချာ မှတ်ထားနော်

နောက်ပိတ်ဆုံးပြထားတဲ့ အရိယဝိဇ္ဇာ အချက်ကို ပိုင်နိုင်စွာ သိဘို့အရေးကြီးတယ်၊ ဝေဒဝိဇ္ဇာ မန္တဝိဇ္ဇာ,ဂန္ဓာရီဝိဇ္ဇာ လောကိယဝိဇ္ဇာ-တွေကတော့ ကိုယ်နဲ့ မဆိုင်ပါဘူး၊ အရိယဝိဇ္ဇာ ထဲမှာလဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်က အကျိုးတရား ဖြစ်သည့် အတွက်၊ အသုံးမကျသေးပါဘူး၊ ဝိပဿနာဉာဏ်ဆိုဒါ ရုပ်တရား နာမ်တရားကို သိတဲ့ ဝိဇ္ဇာပေါ့၊ ရုပ်ကိုသိတော့ ရုပ်ဝိဇ္ဇာ၊ နာမ်ကိုသိတော့ နာမ်ဝိဇ္ဇာ၊ ဒီရုပ်ဝိဇ္ဇာ နာမ်ဝိဇ္ဇာများကို ဝိဇ္ဇာငါးမျိုးထဲက ဘာဝိဇ္ဇာလို့ ခေါ်သလဲ။ (မှန်ပါ-အရိယဝိဇ္ဇာလို့ ခေါ်-ပါဘုရား။)

ဝိညာဉ်လိမ်နှင့် ဝိညာဉ်မြင်

နာမ်ဝိဇ္ဇာ တရားကွင်းကို နားရှင်းအောင် ဟောရမှာဆိုတော့ ရှေးဦးစွာ ဝိညာဉ်လိမ်နှင့် ဝိညာဉ်မြင်ကို ခွဲပြရလိမ့်မယ်-ဘုရား ရဟန္တာများလဲ ဝိညာဉ်လိမ် ပေါ်သေးသည်ဟု အချို့သော ပုဂ္ဂိုလ်များ ဟောကြ ပြောကြဒါကတော့ မနောဝိညာဉ်၏"ဝိဇာနန လက္ခဏာ"ထင်ရှားစေလိုသည့် အတွက် ဝိညာဉ်မြင်ကို မလိမ်သော်လဲ လိမ်သော အလား တင်စား၍ ဟောခြင်းမျှသာ ဖြစ်ပါတယ်၊ စင်စစ်တော့ ဘုရား ရဟန္တာများမှာ ဝိညာဉ်လိမ် မခံရတော့ဘဲ ဝိညာဉ်မြင်သာ ရှိတော့တယ်လို့ သိထားရမယ် (မှန်ပါ-အထူး အရေးကြီးတဲ့ အချက်မို့ သိထားရပါလိမ့် ဘုရား။)

ဝိညာဉ်၏ လိမ်ခြင်းသဘောဟာ ဒီဋ္ဌိနဲ့တွဲ၍ လိမ်ခြင်း အဝိဇ္ဇာနှင့်တွဲ၍လိမ်ခြင်းလို့ နှစ်မျိုးရှိတယ်၊ ပုထုဇဉ်တို့မှာ ဒီဋ္ဌိကလဲလိမ် ဒီဋ္ဌိနဲ့ယှဉ်တဲ့ ဝိညာဉ်ကလဲ ''ဧကာလမ္ဗဏ ဝတ္ထုကာ''အရ အတူတကွ လိမ်တော့ဒါပေါ့ သောတာပန် သကဒါဂါမ် အနာဂါမ်, အရိယာများမှာ ဒီဋ္ဌိလိမ်တော့ မခံရတော့ဘူး၊ အဝိဇ္ဇာနှင့်ယှဉ်တဲ့ ဝိညာဉ်ရဲ့ အလိမ်ကိုတော့ ခံရသေးဒါပေါ့၊ သောတာပန်နှင့် သကဒါဂါမ် ပုဂ္ဂိုလ်များဟာ လူ့ဘဝနှင့် နတ်ဘဝကို မကောင်းဒါ အမှန်လို့ သိပါလျက်နှင့် အကောင်းထင်၍ နေခြင်း, အနာဂါမ်များမှာ ဗြဟ္မာ့ဘဝကို အကောင်းထင်၍ နေသေးခြင်းဟာ အဝိဇ္ဇာကလိမ်ဒါ၊ အဝိဇ္ဇာက လိမ်လျှင် အဝိဇ္ဇာနှင့် ယှဉ်တဲ့ ဝိညာဉ်ကလဲ လိမ်တော့ဒါပေါ့၊ ပုထုဇဉ်မှာတော့ အဝိဇ္ဇာက မလိမ်ဘူးလားလို့ လင်းပါးနေစရာမလိုတော့ပါဘူး ဒကာအောင်ရ(မှန်ပါသူအရင်းခံမို့ ရှင်းပြီးသားပါ ဘုရား။)

ဒါ့ကြောင့် မာယူပမ္ဘ ဝိညာဏံ-ဆိုတဲ့ ပုဒ်ဟာ ပုထုဇဉ်မှ အနာဂါမ် အထိသာ သက်ဆိုင်တယ်လို့ မှုချ အားဖြင့်၊ မဆိုထိုက်ဘူးလား။ (မှန်ပါ-မျက်လှည့်ရပ်ကို မကောက်ဘဲ မျက်လှည့် ဆရာကို ကောက်လျှင်တော့ လျော်ပါတယ် ဘုရား။) အဲ့-အဲ့ သဘာဝကျအောင် ယူပေါ့လေ....။

မနောဝိညာဉ်ဆိုတဲ့ နာမ်တရားဟာ ဟိုမှာ ဒီမှာ အရှိ ထားပြီး ဒြပ်အနေနဲ့ လိမ်ခြင်း ဒြပ်မပါဘဲ နာမယ်အနေနဲ့

လိမ်ခြင်းလို့ နှစ်မျိုး, နှစ်စား ရှိတယ်။ **ဥပမာ**–လဲ့ဘီး ထင်လို့ ကြည့်လိုက်တော့ မြင်ရတဲ့ အဆင်းဓာတ်ရဲ့ အပေါ်မှာ "အဝိုင်း-အဝိုင်း" လို့ လိမ်ဒါက ဒြပ်လိမ်၊ "လဲ့ဘီး-လဲ့ဘီး"လို့ လိမ်ဒါက နာမယ်လိမ်၊ အုဋ္ဌခဲထင်လို့ ကြည့်လိုက်တော့ မြင်ရတဲ့ အဆင်းဓာတ်ရဲ့ အပေါ်မှာ "လေးဒေါင့်-လေးဒေါင့်"လို့ လိမ်ဒါက ဒြပ်လိမ်၊ "အုဋ္ဌခဲ-အုဋ္ဌခဲ"လို့ လိမ်ဒါက နာမယ်လိမ်၊ တုံးထင်လို့ ကြည့်လိုက်တော့ မြင်ရတဲ့ အဆင်းဓာတ်ရဲ့ အပေါ်မှာ "အတို-အတို"လို့ လိမ်ဒါက ဒြပ်လိမ်၊ "တုံးတုံး"လို့ လိမ်ဒါက နာမယ်လိမ်၊ မိုးရထားကြိုး အသံထင်လို့ နားထောင်လိုက်တော့ ဂျောင်းဂျောင်း,ဂျောင်းဂျောင်းနဲ့ ကြားရတဲ့ အသံရဲ့ အပေါ်မှာ "ရထား-ရထား" လို့ လိမ်ဒါက နာမယ်လိမ်၊ "အရှေကြိုး-အရှေကြိုး" လို့ လိမ်ဒါကဒြပ်လိမ်၊ ဒကာအောင်-ဒြပ်လိမ်နဲ့ နာမယ်လိမ် ရှင်းပလား။ (ရှင်းပါ ဘုရား။)

ရှင်းမှ ရှင်းတယ်ပြောနော်– တော်တော်ကြာ စာပေါင်းသိုက် ဖြစ်နေအုံးမယ်၊ ပြီးတော့ အနံ့ဓာတ်ရဲ့ အပေါ်မှာ ကောင်း, မကောင်းအားဖြင့် လိမ်ဒါရှိသေးတယ်၊ ခွေးကောင်ပုတ်အနံ့ကို ဌင်းတမျှားကအကောင်းထင်၍ မွှေးကြသော်လဲ၊ လူမျှားက ဌင်းတမျှားလို အကောင်း မထင်နိုင်၊ အကယ်၍ ခွေးကောင်ပုပ် အနံ့ဟာ ကောင်းဒါ အစစ်အမှန် ဖြစ်ခဲ့ရင် လူ့နှာခေါင်းက နံတဲ့ အခါမှာလဲ ကောင်းတယ် ကောင်းတယ်နှင့် ခဏခဏ

ရှုခြင်နေမှာဘဲ၊ ဌင်းတသာကောင်း၍ လူတော့မကောင်း ဒါ ဘာသဘောလဲ၊ အနုံ့ဓာတ်ရဲ့ အပေါ်မှာ ကောင်း, မကောင်းအားဖြင့် ဝိညာဉ်လိမ်ဒါပေါ့၊ အနုံ့ကတော့ သူတို့ ထင်တဲ့ အတိုင်း မဟုတ်၊ ချစ်ခြင်း မုံးခြင်း-ဆိုတဲ့ ကောင်း မကောင်း လွှတ်တဲ့တရားဘဲ ဒုံးရင်းသီးကို မွှေးတယ်-ကောင်းတယ် နံတယ် မကောင်းဘူးလို့ ကြိုက်မကြိုက် ကွဲနေကြဒါလဲ နာမ်လိမ်ဒါမဟုတ်လား။ (မှန်ပါ ကောင်းတယ်လို့ လိမ်, မကောင်းဘူးလို့ လိမ်-တလိမ် နှစ်လိမ် ရှိပ်နေပါ ဘုရား။)

ကောင်း မကောင်း နာမ်လိမ်ဒါဆိုပေမဲ့ ဒုက္ခသစ္စာ မကောင်း သဘောကြီးကတော့ နာမ်လိမ်ဒါ မဟုတ်ဘူး၊ ဘယ်အရိယာက ကြည့်ကြည့် မကောင်း သဘောကိုသာ မြင်နေကြဒါဘဲ။ ဟို အရိယာကတော့ ကောင်းတယ်လို့ မြင်၊ ဒီ-အရိယာကတော့ မကောင်းဘူးလို့ မြင်၊ ဒီလို မဟုတ်ပါဘူး၊ အန္ဓပုထုဇဉ် မျှားကတော့ မြင်ကို မမြင်နိုင်တဲ့အတွက် မြင်ထဲ့အခါ ကောင်းတယ် ပေါ်သလား-မကောင်းဘူး ပေါ်သလားလို့ မေးစရာ မလိုတော့ဘူး၊ ဒုက္ခသစ္စာ သဘောကို တိုက်ရိုက်မြင်သူ မဟုတ်လေတော့ ကောင်း, မကောင်းအားဖြင့် သူထင်ခြင်သလို ထင်နေမှာဘဲ၊ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ကောင်းမြတ်သော သဘောကိုလဲ ဘယ်အရိယာက ကြည့်ကြည့် အေးနေမှာဘဲ ငြိမ်းနေမှာဘဲ၊ ဟို အရိယာကတော့ ပူတယ်လို့ မြင်၊ ဒီ-အရိယာ ကတော့ အေးတယ်လို့ မြင်၊ အရိယာခြင်း တမျိုးစီ

မမြင်နိုင်ပါဘူး၊ အဲဒီသန္ဓိသုခဆိုတဲ့ အကောင်းသဘော ကြီးကိုလဲ နာမ်လိမ်ဒါ မဟုတ်ဘူးလို့ သိထားပါ၊ ဒုက္ခ သစ္စာနဲ့ နိဗ္ဗာန်၏ ကောင်း မကောင်းမှာ "**ဝေဒယိတ ဒုက္ခ သုခ**" မျိုး မဟုတ်သည်ကို သတိပြုစေလိုပါတယ်၊ စကား ဆက်မိလို့သာ ပြောလိုက်ရ နိဗ္ဗာန်ကတော့ ဝိပဿနာဆင်ခြင်ရာမှာ အသုံးမဝင်ပါဘူး။

အရှေ့,အနောက်,တောင်,မြောက်-ဆိုဒါလဲ ဝိညာဉ်လိမ်ဒါဘဲ၊ လူလေးယောက် မျက်နှာခြင်းဆိုင် ထိုင်နေတဲ့ အခါ အနောက်ဘက်ကလူကို မင်းဘယ်ဘက် လဲ့နေဒါ တုံး မေးလိုက်တော့၊ ကျွန်တော်အရှေ့ဘက်လဲ့နေဒါလို့ ဖြေလိမ့်မယ်၊ အရှေ့ဘက်ကလူကို ခင်ဗျားဘယ်ဘက်လဲ့ နေဒါတုံး မေးရင် ငါအနောက်ဘက် လဲ့နေတယ်လို့ ပြောလိမ့်မယ်၊ တောင်ဘက်ကလူကို မင်းဘယ်ဘက် လဲ့ နေဒါလဲ မေးရင် ကျွန်တော်မြောက်ဘက် လဲ့နေပါတယ် လို့ ပြောလိမ့်မယ်၊ မြောက်ဘက်ကလူကို ခင်ဗျား ဘယ် ဘက်လဲ့နေဒါလဲမေးရင် ငါတောင်ဘက် လဲ့နေတယ်လို့ ပြောမှာဘဲ၊ လေးလောက်သားလုံး ဟိုဘက်–ဒီဘက် ဘက်ခြင်း လဲထားပြီး မေးကြည့်ပါအုံး တမျိုးစီ ဖြေအုံး မှာဘဲ၊ ခုတင်က ဖြေပြီးသားဟာတော့ ထပ်ဖြေကြမှာ မဟုတ်ဘူး၊ အဲဒီလို တယောက်နဲ့ တယောက် အပြော မတူဒါကို ထောက်သဖြင့် ဝိညာဉ်လိမ်ကြောင်း ထင်ရှား တယ်၊ လိမ်ဒါမဟုတ်ဘူး တကယ်ရှိဒါမှန်ရင် လေးယောံ သားလုံး အပြောတူရမယ်၊ မိုးကောင်းကင်လဟာပြင်ကြီး

ဆိုဒါလဲ သူလိမ်ဒါဘဲ၊ အဒဿနာကာရ မျက်စိနဲ့ မမြင်ရတဲ့ အခြင်းအရာရဲ့ အပေါ်မှာ ဝိညာဉ်လိမ်တယ်လို့ မှတ်လိုက်ပေတော့၊ ဒီလိုအစစ အရာရာ လိမ်ဘဲ့နေရာမှာ တချို့က နာမ်က လိမ်ဒါမဟုတ်၊ ရူပ်က လိမ်ဒါပါလို့ သေချာပေါက် အနေနဲ့ ပြောကြသေး၊ **"ရူပ်က အနာရုမဏ"** ဖြစ်၍ မလိမ်နိုင် မသိနိုင်ဘူး၊ **"နာမ်ကသာ သာရုမဏ"** ဖြစ်၍ လိမ်နိုင်, သိနိုင်တယ်လို့ တထစ်ချ မှတ်ထားကြားလား။ (မှန်ပါ ဘုရား။)

ကဲ-ကဲ လိမ်ဒါတွေရှောက်ပြောနေရင် ဆုံးမှာမဟုတ်ဘူး၊ ဆောင်ပုဒ်ကလေး အာရုံစိုက်ကြပါအုံး။

* အဆင်းဓာတ်အပေါ်မှာ-မြင်ရာထင်လွဲဒါ၊
မိမွ ယောက်ျား သို့မ, သားတွေဟာ၊
မဟုတ်ဘဲနဲ့-ပေါ်ဆဲလိမ်ဒါ၊
ဘသူလဲ....ခုဘဲဖြေစမ်းပါ။
စိန္တာနလက္ခဏာ-ကြံစိဒါ ရေပြင်မှာ၊
အော်-ဒုတ်ကလေးနဲ့-အရပ်ရေးဘဲ့ပုံပမာ၊
အလွန်ဆန်းတဲ့ နာမ်ပါ-အလွန်ရမ်းတဲ့ နာမ်ပါ၊
မဟုတ်ဘဲ....သူဘဲလိမ်ပြဒါ။

ခြောက်ဒွါရ စေ့အောင်ဆိုပေါ့။

တချို့ကလဲ ဒီ-ဝိညာဉ်ဟာ သစ်ရွက် အခေါ်ခံတဲ့ စိမ်းသော အဆင်းရဲ့ အပေါ်မှာ "သစ်ရွက်-သစ်ရွက်"

လို့ ထပ်ထပ်ပြီး လိမ်နေဒါဘဲ၊ တုံး.တိုင်-စသည် တမျိုး တမည်အားဖြင့် ဘာပြုလို့ မလိမ်သလဲလို့ မေးကြသေး၊ ဒါကတော့ စဉ်းစားကြည့်ပေါ့ဗျာ....၊ ထပ်လိမ်တယ် ဆိုတဲ့ စကားဟာ ဘယ်ယုတ္တိ ရှိမလဲ၊ ပထမ ပေါ်တဲ့ အဆင်းနှင့် လိမ်တဲ့စိတ်ဟာ တသုတ်ချုပ်ဆုံးပြီးမှ ဒုတိယ အဆင်းနှင့် လိမ်တဲ့စိတ် တသုတ်ပေါ်လာသဖြင့် သူ့ အသုတ်နှင့်သူ ဖြစ်ပေါ်နေဒါကို ထပ်လိမ်တယ်ဆိုတော့ နိစ္စမျိုး ဖြစ်မနေဘူးလား။ (မှန်ပါ-အပျက် ခဏကို အချက်ကြ မကြည့်မိလို့အထင်မှားနေဒါပါဘုရား။)

ရုပ်၏ အာကာရထူး

ဝိညာဉ်ကလဲ အရမ်းလိမ်လို့ ဖြစ်တာ မဟုတ်ဘူး၊ သူ့ အကြောင်းနဲ့သူမှ ဖြစ်တာ၊ မျက်လှည့်ဆရာများကတော့ ကျောက်ခဲတခုတည်းရဲ့အပေါ်မှာ ရွှေဖြစ်စေ-ငွေဖြစ်စေ ကြေးဖြစ်စေ....လို့ အမျိုးမျိုး လိမ်ပြနိုင်တယ်၊ ဝိညာဉ် ကတော့ ဒီလိုမဟုတ်ဘူး၊ **ဥပမာ** ပတ္တမြား အခေါ်ခံတဲ့ နိုတဲ့အဆင်းရဲ့ အပေါ်မှာ မြအနေ. နီလာအနေ, ဥဿ ဗရားအနေ-စသည်အားဖြင့် လိမ်မပြနိုင်ဘူး၊ ပတ္တမြား ပတ္တမြားလို့သာ လိမ်နေဒါဘဲ၊ ဘာပြုလို့ အမျိုးခွဲပြီး မလိမ်နိုင်သလဲဆိုဒါ စဉ်းစားဘို့ မဟုတ်လား။ (မှန်ပါ စဉ်းစားစရာပါဘုရား။)

ပထဝီ-စသော ရုပ်ပရမတ်တို့၏ အခြင်းအရာကိုစွဲ၍ လိမ်တယ်လို့မှတ်၊ ဒါ့ကြောင့် လေးဒေါင့် ထင်လောက်

သော အခြင်းအရာကိုစွဲ၍ လေးဒေါင့်လို့လိမ်၊ အဝိုင်းထင်လောက်သော အခြင်း အရာကိုစွဲ၍ အဝိုင်းလို့ လိမ်၊ တုံးထင်လောက်သော အခြင်း အရာကိုစွဲ၍ တုံးလို့ လိမ်၊ ယောက်ျား ထင်လောက်သော အခြင်း အရာကို စွဲ၍ ယောက်ျားလို့လိမ်၊ မိမ္မထင်လောက်သော အခြင်းအရာကိုစွဲ၍ မိမ္မလို့လိမ်ဒါပေါ့၊ (မှန်ပါ"**ပုရိမသိဒ္ဓကပ္ပနာ**" ရှေးက နှလုံးသွင်းမှုအားလျော်စွာ လိမ်ရပါ ဘုရား။)

အဇ္ဇန္ဓာဝယာကာရ ရပ်ရဲ့ အရိပ်ဖြစ်သော အခြင်းအရာကိုစွဲ၍ လိမ်တယ်ဆိုဒါ ထင်ရှားပါတယ်၊ တပေလောက်ရှိတဲ့ ဒုတ်တချောင်းကို ဆေးစိမ်းသုတ်ပြီး ရှစ်လက်မ က တဖြတ်၊ လေးလက်မ က တဖြတ်-ဖြတ်ထား၊ ဒုတ်ချောင်းနှစ်ခု အတို အရှေ့ မထင်ရဘူးလား။ (မှန်ပါ ထင်ရပါ ဘုရား။)

ကြည့်နော်....စိမ်းတဲ့ အဆင်းဝတ်ခြင်း တူပါလျက် ဘာ့ကြောင့် ဒါကတော့ အတို ဒါကတော့ အရှေလို့ တမျိုးစီ လိမ်ရသလဲ အတူတူလိမ်ပါတော့လား။ (အမိန့် ရှိပါ ဘုရား။)

အဲဒါ ရပ်ခြင်းရာအကြောင်းခံ၍ လိမ်ဒါပေါ့၊ အဆင်းဝတ်ခြင်း တူသော်လဲ အာကာရခြင်းက မတူတော့ တမျိုးစီ လိမ်ရဒါဘဲ၊ အတို ထင်လောက်တဲ့ အခြင်းအရာ ရှိလို့ အတိုလို့ လိမ်၊ အရှေထင်လောက်တဲ့ အခြင်းအရာ ရှိလို့ အရှေလို့ လိမ်၊ နှားအခေါ်ခံတဲ့ အဆင်းဝတ်ရဲ့

အပေါ်မှာ လူလို့ လိမ်လို့ဖြစ်ပါ့မလား။ (နွားအခေါ် ခံတဲ့ အဆင်းဝတ်မှာ နွားထင်လောက်တဲ့ အခြင်းအရာ သာရှိ၍ လူထင်လောက်သော အခြင်းအရာ မရှိသည့် အတွက် လူလို့ မလိမ်နိုင်ပါ ဘုရား။)

နွားထင်ရတဲ့ ရုပ်၏အခြင်းအရာဟာ အကြင်မျှလောက်သော ကာလပတ်လုံး တမျိုးတဖုံ ဘောက်ပြန်ပြောင်းလဲခြင်း မရှိဘဲ ရှေးမူအတိုင်း ဖြစ်ပေါ် နေသေးမယ်ဆိုရင် ထိုမျှလောက်သော ကာလပတ်လုံး၊ ထိုတည်ရှိဆဲရုပ်ခြင်းရာကိုသာ နွား နွားလို့ လိမ်နေအုံးမှာဘဲ၊ အဲဒီ အခြင်းအရာထူးကို * "**ဘူတ,ဝိပရိဏာမဝကာရ**" ရုပ်ရိုပ်လို့ ခေါ်တယ်၊ ပုံဟန်သဏ္ဌာန် မရဘူး၊ ရုပ်ပရမတ်၏ အရိုပ်အရောင် အမူအရာထူးမျှကိုသာ သတ္တဝါ,သစ်ပင် စသည် ထင်ကြရတယ်၊ ရုပ်တရားကို သတ္တဝါ-စသည် ထင်ဒါ မဟုတ်၊ အကယ်၍ ရုပ်ကို သတ္တဝါ-စသည် ထင်ဒါမှန်ရင် နေ, လ, ကြယ်ရောင် မဲမှောင်သော အဆင်းရုပ်တွေကိုလဲ သတ္တဝါ-စသည် ထင်ရလိမ့်မယ်။ (မှန်ပါ—ထင်စရာ အကြောင်းရှိမှ ထင်ရမှာပါ ဘုရား။)

---

* ၁။ ဝိဝိဓံ ပရိသမန္တာတော နမနံ ဝိပရိဏာမော၊
၂။ ဘူတာနံ ဝိပရိဏာမော ဘူတဝိပရိဏာမော (ဘူတာနံ မဟာဘူတ် စသော ရုပ်တို့၏-အနက်သမ္မန်၊)
၃။ ဘူတဝိပရိဏာမော စသော အာကာရော စာတိ ဘူတဝိပရိဏာမာကာရော။ ။အကျယ်ကို ပရမတ္ထဒီပနီဋီကာကြီးမှာရှု။

ထင်ဒါနဲ့ လိမ်ဒါ ထူးသေးလား။ (မထူးတော့ပါ ဘုရား။)

ထင်စရာ အကြောင်းကဘာလဲ (မထင်ခြင် မနေရတဲ့ ရပ်၏ အမှုအရာထူးပါ ဘုရား။)

အမှုအရာ,အခြင်းအရာ,အရိပ်,အာကာရ အတူတူဘဲ နော်-ဒကာအောင်-အခြင်းအရာရယ်လို့ ရှိမနေပါဘူး၊ သူလိမ်ခြင်သလို လိမ်မှာပေါ့လို့ ဆိုမလား-အဟောင်း မှတ်သိမှုသညာကြောင့် လိမ်ရဒါပါဆိုရင်လဲ လုံလောက်ပါ့မလား။ (မှန်ပါ မလုံလောက်ပါ ဘုရား။)

ဒါ့ကြောင့်—ဒေသနာနှင့်သဘာဝ ယုတ္တိက ရှိ.မရှိ ချိန်ဆလို့သာ သိကြပေတော့၊ ရပ်ရိပ်ကိုစွဲ၍ စိတ်ကကြံရ လိမ်ရသလို၊ သမုတိသစ္စာဆိုဘဲ့ နာမ်ရိပ်ဟာလဲ၊ ရပ်ရိပ်ကို စွဲ၍ ပေါ်ရတယ်၊ ဒါ့ကြောင့်—

ရပ်ရိပ်စွဲ၍ နာမ်ရိပ်ပေါ် နာမ်ရိပ်ပေါ်၍
ဝိညာဉ်လိမ်, ဝိညာဉ်လိမ်တော့ ဒိဋ္ဌိဖြစ်။

ရပ်ရိပ်စွဲ၍ နာမ်ရိပ်ပေါ် နာမ်ရိပ်ပေါ်၍
ဝိညာဉ်လိမ်, ဝိညာဉ်လိမ်တော့ တဏှာဖြစ်။

ရပ်ရိပ်စွဲ၍ နာမ်ရိပ်ပေါ်, နာမ်ရိပ်ပေါ်၍
ဝိညာဉ်လိမ်, ဝိညာဉ်လိမ်တော့ မာနဖြစ်။

ကြားလား (မှန်ပါ စင်းစားဘိုအချက်ပါ ဘုရား။)

အထင်နဲ့ အမြင်

ဝိညာဉ်လိမ်တောဖြီးသွားပြီ၊ ဝိညာဉ်မြင်ရဲ့အဓိပ္ပါယ်ကလိုသေး၊ ပုထုဇဉ် သူငါတို့မှာ လိမ်ဒါကိုလဲ လိမ်မှန်းမသိ, မြင်ဒါကိုလဲ မြင်မှန်းမသိကြဘူး၊ အဲဒါ အထင်နဲ့ အမြင် မကွဲလို့ပေါ့၊ ဒိဋ္ဌိအဝိဇ္ဇာတို့နဲ့တွဲနေတဲ့ ဝိညာဉ်က အထင်၊ ဒိဋ္ဌိအဝိဇ္ဇာတို့နဲ့ မတွဲဘဲနေတဲ့ ဝိညာဉ်က အမြင်၊ အထင်ဝိညာဉ်ကမိသားကစိတ် အမြင်ဝိညာဉ်ကသုဒ္ဓစိတ် အထင်က သမုတိသစ္စာမဟုတ် ဝိပလ္လာသ သဘောဘဲ၊ **"တုံးနာမ် တိုင်နာမ်"**ဆိုတဲ့ စိတ်ဟာ အဝိဇ္ဇာနဲ့ယှဉ်တဲ့ ဝိပလ္လာသစိတ်ကို ဆိုလိုတယ်၊ တုံးလို့ တိုင်လို့ ဂေါင်းလို့ လက်လို့ စသည်အားဖြင့် စွဲဒါဟာ အတ္တဒိဋ္ဌိ မဟုတ်ဘူး၊ သို့သော် ဒိဋ္ဌိပြုတ်ဘို့က အရေးကြီးနေသည့်အတွက် အတ္တဒိဋ္ဌိလို့ဘဲ တင်စားသုံးရဒါပေါ့၊ အတ္တဒိဋ္ဌိဆိုဒါ မပျက်မစီးဘဲ မြဲသောအနှစ်ရှိတယ်လို့ အပိုကြီးဆ စွဲခြင်းကို ခေါ်တယ်၊ သာဓက ဆောင်ရမှာဖြင့်—သော ခေါ် မေ အယံ အတ္တာ နိစ္စော ဓုဝေါ သဿတော-စသော ပါဠိတော်ကိုရင်း၊ သာရကဌေန အတ္တာ ကိုရင်း၊ ထောက်ကြည့်ပေါ့၊ နက်နက်နဲနဲ စင်းစားပါ အပြစ်တင်တော့ မစောနဲ့အုံး၊ မဟာဋီကာမှာ **"သတ္တ သမ္မောဟ"** လို့ လာရှိပါတယ်၊ ဒါ့ကြောင့်—တုံး, တိုင်. ဂေါင်း. လက်မျက်နှာ ရင်ဝမ်း. နှုပ်ခမ်းမေးပါး-စသည်အားဖြင့် တွေ့ဝေ မရှင်း စိတ်ထင်ခြင်းသည် မောဟစိတ္တဝိပလ္လာသ,

မြသောကိုယ် မြသောခန္ဓာ မြသောအရာဟု စွဲယူခြင်းသည် အတ္တဒိဋ္ဌိ ဝိပလ္လာသလို့ မှတ်ထား၊ သညာ ဝိပလ္လာသ အတွက်တော့ အထူး မဆိုတော့ပါဘူး၊ စိတ္တ ဝိပလ္လာသနှင့် အနုံ့ အထက်လောက်သာ ကွာခြားတယ်၊ ဒကာအောင် ထင်ဒါ မြင်ဒါ ဤနှစ်ဖြာတွင် အမြင်ကသာ သမုတိသစ္စာ ဖြစ်သောကြောင့် အံ့မှားအမှန် ခွဲလိုက်တော့ ဝိညာဉ် ထင်က အမှား၊ ဝိညာဉ်မြင်က အမှန်, ဒီလို မဟုတ်လား တနည်းအားဖြင့်။

ဝိညာဉ်မြင်,တုံ့, သမုတိသစ္စာ အမှန်သိ၊
ဝိညာဉ်လိမ်,တုံ့, ပရမတ္ထသစ္စာ အမှားသိ၊

ထို့ပြင်လဲ ဝိညာဉ်လိမ်နာမည်နှင့် ဝိညာဉ်မြင်နာမည်၊ ဝိညာဉ်လိမ်ဒြပ်နှင့် ဝိညာဉ်မြင်ဒြပ်ကို ကွဲပြားအောင် သိထား၊ တချို့,ကလဲ အဆင်းစသတ်ရဲ့ အပေါ်မှာ,တုံ့,လို့ သမုတ်တဲ့ စိတ်ကလေးကို သမုတိသစ္စာ ကောက်ရမယ် ဆိုတော့ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ မပြားမကွဲ တပါးထဲ ဖြစ်မနေဘူးလား (မှန်ပါ နာမ်ခြင်းရာကို မသိကြလို့ ပါ ဘုရား။)

နှစ်ပါးရှိဒါ တကယ်မှန်လို့သာလျှင် "**ဒုဝေ သစ္စာနိ အက္ခာသိ**" လို့ ဟောတော်မူဒါပေါ့၊ ကျေးဇူးရှင် တတိယ နာယကဆရာတော်ဘုရားကြီးကလဲ။

ဝိညာဉ်မြင် သမုတိသစ္စာ၊
ပညာမြင် ပရမတ္ထသစ္စာ၊

လို့ မိန့်ကြားတော်မူတယ် မဟုတ်လား။ (မှန်ပါ-လက်ကသုံး တောင်ခွေးသဘွယ် အမြီတမ်း ဟောလေ့ရှိပါ ဘုရား။)

အထင်နဲ့ အမြင်တော့ အတော်ကို ကွာခြားတယ်နော်-၊ အထင်က ပုဂ္ဂိုလ် သတ္တဝါ အတ္တလို့ ထင်ဒါ၊ အမြင်က ပုဂ္ဂိုလ် သတ္တဝါ အနတ္တ-လို့ မြင်ဒါ၊ ဒီ-အနတ္တက ဘာ အနတ္တလဲ။ (သမုတိသစ္စာ ပညတ် အနတ္တပါ ဘုရား။)

တချို့ကလဲ **တုံးနာမ် တိုင်နာမ်**နဲ့ တန်းတူထားပြီး ပညတ်ဆိုဒါ နာမ်, နိဗ္ဗာန်ဆိုဒါ နာမ် ပထဝီ-အာပေါ ဆိုဒါ နာမ်-စသည့်အားဖြင့် နေရာတကာ ရှောက်ပြီး နာမ်ချည်းချနေကြတယ်၊ အဲ့ဒါ ဌာနာ ဌာနကို နားမလယ်လို့ မဟုတ်ဘဲ။ (မှန်ပါ ဘုရား။)

ဒါ့ကြောင့် ပညတ်က စိတ်မြင်, ပရမတ်က ဉာဏ်မြင် စိတ်မြင်က သမုတိသစ္စာ ဉာဏ်မြင်က ပရမတ္ထ သစ္စာ။ ဝါ၊ ဝိညာဉ်မြင် သမုတိသစ္စာ၊ ပညာမြင် ပရမတ္ထ သစ္စာ ပေါ့၊ **ပုထုဇဉ်များမှာ ဝိညာဉ်မြင်ရှိသွား ဒီဠီနောက်လိုက်၊ အရိယာများမှာ ဝိညာဉ်မြင်ရှိသွား ပညာနောက်လိုက်** နာနာနှစ်ပြီး ဝေဘန်လိုက်စမ်း၊ သာသနာပမှာ သမုတိသစ္စာ ပရမတ္ထသစ္စာ-နှစ်ပါးလုံးပင် ရှိသော်လဲ ဟောပြမည့်သူမရှိ၍ မသိနိုင်ကြဘူး၊ သာသနာတွင်းမှ

ကြားသိရတဲ့ သစ္စာနှစ်ပါး ပါကလားလို့ သူ့နယ်နဲ့သူ အလေးပြုကြရလိမ့်မယ်၊သစ္စာနှစ်ပါးမြင်ပုံ ဥပမာကလေး မှတ်ထား ပုလင်းဖြဉ်နီသောအဆင်းကိုထဲ့၍ ကြည့်သော အခါ နီသောအဆင်းကိုရင်း၊ ပုလင်း၏ ဖြူသောအဆင်း ကိုရင်း၊ ကြောင်ကြောင်ကြီးလျှင် နှစ်မြင် မြင်ရသကဲ့သို့ ဝိညာဉ်ပညာ မြင်နှစ်ဖြာကို ချိန်ခွင်လျှာပမာဏ ညီမျှ အောင်ပင် ပေါင်ဝင်မြင်မှသာ'**သမ္မာမြင်**'လို့ ဆိုရမယ် ကြားလား။ (မှန်ပါ ဘုရား။)

ဘုရားအလိုကျ သမုတိသစ္စာ

ဒီနေရာမှာ ပညတ်နှင့် ပရမတ် ခွဲလိုက်တော့ —

သမုတိသစ္စာက ပညတ်၊
ပရမတ္ထ သစ္စာက် ပရမတ်၊

တချို့ကလဲ ပညတ်တရား ဗဟိဒ္ဓမှာ အရှိထားပြီး၊ ပုဂ္ဂိုလ်ဆိုဒါ ပညတ်, သတ္တဝါဆိုဒါ ပညတ်-လို့ ပြောကြ သေးတယ်၊ ထိုသူတို့ ယူဆတဲ့ အတိုင်း မဟုတ်ပါဘူး၊ ပညတ်ဆိုဒါ ဟိုမှာလဲမရှိ၊ ဒီမှာလဲမရှိ၊ ဌာနကာလ မရ သည့်အတွက် စိတ်၏ အာရုံပြုခါမျှသာလျှင် မုချအားဖြင့် ရှိတယ်လို့ ယူရမယ် မဟုတ်လား။ (မှန်ပါ ဘုရား။)

ဒါ့ကြောင့်—စိတ်ထဲတွင် မြင်တဲ့ပညတ် စိတ်ထဲတွင် မြင်တဲ့လူဆိုရင် လွဲပါ့မလား။ (မှန်ပါ မလွဲပါ ဘုရား။)

လူဆိုဒါ ဖြစ်ပေါ်တည်ရှိ ပျက်စီး၏ဆိုတဲ့ အတိတ် အနာဂတ် ပစ္စုပ္ပန်–ကာလသုံးပါးလုံး မရအပ်သော ကြောင့် ကာလဝိမုတ် ဖြစ်သော်လဲ၊ ယခုပစ္စုပ္ပန် မနောဝိညာဉ် စိတ်ကူးယဉ် ကလ္လာထဲမှာတော့ ပရမတ်ထင်ရှား ရှိသည်ထက် ကာလဝိမုတ် လူပညတ်က ထင်ရှားသလို ရှိနေဒါကို သေသေချာချာကြည့်စမ်းပါ၊ မြတ်စွာဘုရား၏ စိတ်ထဲမှာလဲ ဒီ-ပညတ်တွေ ပေါ်နိုင်တဲ့ အကြောင်းကို **"မဟာကရုဏာဒီနံ အာရမဏာဇာ"**လို့ ပဋ္ဌိသန္ဓိဒါ မဂ် ဋီကာမှာ လာတယ်၊ ဒီဋ္ဌ-အစရှိသော ကိလေသာမှ ကင်းဆိပ်ပြီးသော မြတ်စွာဘုရားအား ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါ ပညတ်ဟာ ယူဇနာဘယ်လောက်ပင် ဝေးသော်လဲ စိတ်ထဲမှာမြင်တော်မူရသတဲ့ ဒကာအောင်ရ (မှန်ပါ ပေါ်မျိုးဓမ္မတာမို့ မြင်ရကြောင်းပါ ဘုရား။)

ဘုရားရှင်နှင့် အရိယာပုဂ္ဂိုလ်များလဲ စိတ်မြင်ပညတ်ကို မေတ္တာ, ကရုဏာ–စသည်အားဖြင့် အကြောင်းအား လျော်စွာ အာရုံပြုတော်မူကြတယ်၊ **အဲဒီ ပညတ်ဟာ ဥပါဒ်, ဌီ, ဘင်, မရလို့ ဖေါက်ပြန်ပျက်စီးခြင်း မရှိဘူး**၊ ပညတ် ပရမတ်–ခွဲတဲ့နေရာမှာ တချို့ကတော့ အတွင်းက ပရမတ်, အပြင်က ပညတ်-လို့ ခွဲကြသေးတယ်၊ အတွင်း အပြင်ဆိုဒါ နာမ်ကိစ္စမို့၊ အဲဒီ ဝါဒကို မုချမယူထိုက်ဘူး၊ အပြင်က ပညတ်ကိုခွါပြီး အတွင်းက ပရမတ်ကို ရှုရမယ် ဆိုလို့ ဝိပဿနာ ရှုခါနီး ပညတ်ခွါမယ်လို့ ရှောက်ရှာ

လိုက်တာ ဒကာအောင်ရာ ဘယ်နေရာမှ မတွေ့ရဘူး၊ တွေ့လို့ရှိရင် ဒါးနဲ့ခြစ်ပြစ်မယ်လို့ ကြားလား။ (မှန်ပါ စိတ်မြင်ကာမျှ အနတ္တဆိုတော့ ဘယ်ရှာရမလဲ ဘုရား။)

ပညတ်ဆိုဒါရယ် သမုတိသစ္စာဆိုဒါရယ် အဂူတူဘဲ နော်။ အဲ့ဒီသမုတိသစ္စာကို အနုမုထုဇဉ်များ မသိနိုင်ကြဘူး။ နက်နဲတဲ့အချက်ဆိုတော့ ဘယ်သိနိုင်ပါ့မလဲ၊ နာမ်ရိပ်ကို နားလည်မှသာ သိနိုင်မယ် မဟုတ်လား။ (မှန်ပါ ဒါမှသာ သမုတိသစ္စာ အာရုံအမှန်ကို သိနိုင်ပါမည် ဘုရား။)

သဏ္ဌာန် အကောင် အထည်ကဲ့သို့ သိဘွယ် ခြင်းရာများသည် နာမ်၏အရိပ်အရောင်တွေဘဲ၊ အဲဒီ နာမ်ရိပ်ကို သမုတိသစ္စာ ခေါ်တယ်၊ အချို့သူများမှာ ဝိပဿနာသ အလိုဖြစ်တဲ့ ပုဂ္ဂိုလ် သတ္တဝါကို ပညတ်ဘဲ သမုတိသစ္စာ ဘဲလို့ လွယ်လွယ်နဲ့ ယူဆထားကြတယ်၊ ပညတ်ပြောစမ်းပါ့ "**ဟိုထဲကမိမှကြီး**"ဆိုတော့ သူပြောတဲ့ ပညတ်ဟာ ဘုရားဟောတဲ့ ပညတ် ဟုတ်ပါ့မလား။ (မှန်ပါ-ဝိပဿနာသအချက်ကို ပညတ်အကောက်မှားသည့်အတွက် မဟုတ်ပါ ဘုရား။)

အရိပ်ကို နားလည်ရဲ့လား

နာမ်ရိပ်ဆိုရာ၌ နာမ်ကထွက်တဲ့ အရိပ်လို့ ဒါရိုက် မကောက်ပါနဲ့ နာမ်၏အာရုံပြုကာမျှအရိပ်လို့ ကောက်

၇၂၊ နာမ်ကထွက်တဲ့အရိပ်ဆိုရင် နာမ်ပြက်တော့ အရိပ်လဲ ပြက်မှာပေါ့လို့ စကား ဝင်စရာရှိတယ်၊ မြစ်ရေထဲမှာ ကျနေတဲ့ သစ်ပင်ရိပ်ဟာ အထက်အညာမှ လာသမျှ ရေတွေက အောက်အကြေသို့ ရွှေ့လျော စီးဆင်းနေပေမဲ့ အရိပ်ကတော့ သူ့နေရာ သူ့နေရာဘဲ မဟုတ်လား။ (မှန်ပါ အရိပ်ကတော့ ရေထဲမြောမသွားပါ ဘုရား။)

အဲဒါလို အာရုံပြုတဲ့နာမ်တရားက ပြက်နေပေမဲ့ အာရုံအပြုခံတဲ့ အရိပ်ပညတ်က ပြက်စီးခြင်းမရှိဘူး သစ်ပင်ကို နှုပ်လိုက်လျှင် အရိပ်ပြောက်သွားသလို နာမ်ပြက်လျှင် ပညတ်လဲ ပြက်တာဘာဘဲလို့ ဥပမာ မကပ်နဲ့ နော်၊ သစ်ပင်ကြီးက ကိုင်လို့ စမ်းလို့ ရ၍ ထင်ရှားသလို နာမ်ပရမတ်ကလဲ ဥပါဒ ဌိတ ဘင် ရလို့ ထင်ရှား၍ သစ်ပင်တည်း ဟူသော အရပ်နဲ့ တူသောကြောင့် ပရမတ် အရပ်လို့ ခေါ်ရတယ်၊ သစ်ပင်၏အရိပ်သည် ကိုင်စမ်းလို့မရ မထင်ရှားသလို အမည် ဒြပ်,ပညတ်များကလဲ ပရမတ်လိုမထင်ရှား၍ အရိပ်နဲ့ တူသောကြောင့် ပညတ် အရိပ်လို့ခေါ်ရတယ်၊ ဒီလိုသာ ဥပမေယျဟပ်ပါ ဝိပလ္လာသ ကြီးဆတဲ့လူ နွား, သစ်ပင်-စသည်တွေကို နာမ်ရိပ်ကောက်မယ်ဆိုရင်တော့ နာမ်တခြား အရိပ်တခြား ခွဲနေစရာမလိုတော့ဘူး၊ နာမ်ပရမတ် တခုထဲသာ ရှိနေတော့တယ် မဟုတ်လား။ (မှန်ပါ နာမ်တခုထဲ ရှိနေသည့် အတွက် အရိပ်သီးခြားခွဲမပြနိုင်တော့ပါ ဘုရား။)

တချို့က ပညတ်ကို ဝိလာသလို့ ထင်နေကြတယ်၊ လူ,နွားအရှိထားပြီး ထင်ဒါကမှ ဝိပလ္လာသပါ ပညတ်က သမုတိသစ္စာဘဲ ဝိပလ္လာသမဟုတ်ဘူး၊ ဒီနေရာမှာ သမုတိသစ္စာနှင့် ဝိပလ္လာသ ရောင်ဝါးတတ်တယ်နော် သတိထား၊ပညတ်ဆိုဒါစိတ္တဝိပလ္လာသဘဲ စိတ်ရဲ့အပြင် ပညတ်ရယ်လို့ တသီးတခြား မရှိတော့ပါဘူးဆိုရင် အဲဒီစိတ်ကဘာကို အာရုံပြုသလဲ၊ ဘယ်သူ့ကို အာရုံပြုသလဲလို့ မေးလိုက်တော့ ရောင်တောင်တောင် ဖြစ်နေကြတယ်၊ အာရုံကိုရှာလို့ တိကျစွာမပြနိုင်ကြဘူး အကယ်၍ပညတ်၊ ဝါ၊ သမုတိသစ္စာ မရှိခဲ့ပါရင် ညေယျဓံတရားငါးပါးတွင် ပညတ်ကို သိတော်မူသော မြတ်စွာဘုရားလို့ အလကားအပိုသက်သက် ထည့်ဟောခဲ့ပမလား။ (မှန်ပါ ပညတ်မျိုးစုံ ဓမ္မာရုံအဖြစ်ဖြင့် သီးခြားရှိကြောင်းပါ ဘုရား။)

ယခုလို အကျယ်ချဲ့ ပြောနေရဒါကတော့ ပညတ်ကို ဦးစားပေးခြင်လို့ မဟုတ်ပါဘူး၊ ပညတ်ကိုပယ်ပြီး ထင်ရာ လုပ်နေကြတဲ့ **''တဇောက်ကန်း သမားတွေ''** ကို တွေ့ခဲ့ရလို့ အမြင်မှန် ရကြစေခြင်းငှာ ရေးလိုက်ရဒါဘဲ၊ အရေးကြီးစွာ အားထုတ်ရမှာကတော့ ပရမတ်တရားဘဲ မဟုတ်လား။ (မှန်ပါ-ပညတ်မှန်ကို လူတိုင်းမသိကြလို့ ရှင်းပြနေရဒါပါ ဘုရား။)

တချို့က ပုထုဇဉ်များဟာ ပညတ်တော့သိပါတယ်၊ ပရမတ်သာ မသိဒါပါလို့ ပြောကြသေး၊ အကယ်၍ ပုထု

ဇာဉ်တိုင်း ပညတ်ကို သိပြီးသားဆိုရင် **ပညတ်ကိုသိတော်မူသော မြတ်စွာဘုရား၊ သမုတိသစ္စာကို သိတော်မူသော မြတ်စွာဘုရား**လို့ ဝိသေသန မ နေဒါတံခိုးဂုဏ်သေးသိန်ရာ မရောက်ပေဘူးလား၊ သူများသိသလို သိဒါဖြင့် ဘာထူးသေးတုံး သူများထက်အထူးသိလို့ ဘုရားလို့ ခေါ်ရဒါ မဟုတ်လား။ (မှန်ပါ ပညတ်အမှန်ကို သိဒါသာမန် အသိမျိုး မဟုတ်ပါ ဘုရား။)

* အနိဗ္ဗတ္တေန နဇာတော၊
ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါ မတော လောကော၊
ပညတ္တိ ပရမတ္ထိယာ။

သမုတိသစ္စာဆိုတဲ့ ပညတ်မှန်တရားဟာ အမြဲနိယတ် ပရမတ်ကဲ့သို့ ဖြစ်၍ နေတယ်လို့ အဘိုး မပြတ်နိုင်သော ကျောက်, သံ, ပတ္တမြား, ရွှေ, ငွေ တွေ အပြည့်ပါတဲ့ မြသေတ္တာကြီးနဲ့ တူတဲ့ ကျေးဇူးရှင် ဆရာတော် ဘုရား၏ ခြောက်စောင်တွဲ ကျမ်းကြီးမှာလဲ ပြထားတယ် မဟုတ်လား။ (မှန်ပါ "**နာမံ တတိယစိတ္တေန အဋ္ဌံ စတုဋ္ဌ စေတသာ**" အရ မနောဝိညာဉ်၏ အာရုံအပြုခံအဖြစ်ဖြင့် သူ့နယ်နဲ့သူ သမုတိသစ္စာ အထင်အရှားရှိပါ ဘုရား။)

---

* အနက်သွားကို ကြောင်ပန်းခြောက်စောင်တွဲမှာ ရှု။

ဒကာအောင် သမုတိသစ္စာဟာ သခ်ၢတလား။ အသခ်ၢတလား(မှန်ပါကံ စိတ်.ဥတု.အာဟာရ-တည်းဟူသော အကြောင်းတရားတို့၏ပြုပြင်မှုမရှိသည့်အတွက် အသခ်ၢတလို့ ဆိုထိုက်ပါဘုရား။)

ထိုမှတပါး ပဋ္ဌာန်ရုံ အကြောင်းခံ၍ * သမုတိသစ္စာ ပေါ်ခြင်း၊ပဋ္ဌာန်ရုံအကြောင်းမခံဘဲ သမုတိသစ္စာပေါ်ခြင်း အားဖြင့် နှစ်ပါးရှိတယ်လို့ သိရမည့်ပြင် သမုတိသစ္စာကို *သဘာဝ သစ္စာနဲ့.ဖျက်လျှင် ပျက်နိုင်တယ်၊ အရိယသစ္စာနဲ့. ဖျက်လျှင်လဲ ပျက်နိုင်တယ် ဆိုဒါကိုလဲ သိထားရမယ်၊ အထူးအားဖြင့် သမုတိသစ္စာ (**နာမ်တံခွန်**) ပြတိုင်း, ပြတိုင်း ဌာနာ-ဌာန အားလျော်စွာ ဂါရုဝ မဂ်လာရှိကြပုံ့ါစေ။

* သမုတိသစ္စာ၊ မှုအရာ၊ စိတ်မြင်ကာမျှ၊ အနတ္တ။
ပရမတ္ထသစ္စာ၊ရုပ် နာမ်သာ၊ဥာဏ်မြင်ကာမျှ၊အနတ္တ။
ပရမတ်နာမ်ဟာ၊အရုပ်ပါ၊ဥာဏ်မြင်ကာမျှ၊အနတ္တ။
ပညတ်မှုရာ၊ အရိုပ်ပါ၊ စိတ်မြင်ကာမျှ၊ အနတ္တ။
သစ်ပင်ရိုပ်လျှင်၊ပမာသွင်၊မြင်အောင်ကြည့်မှ၊အနတ္တ။

---

* သမုတိသစ္စာ ပေါ်ခြင်းဆိုရာ၌ သမုတိသစ္စာက် မြင်ရခြင်းဟုမှတ်။

* သဘာဝသစ္စာနဲ့. ဖျက်လျှင်ပျက်နိုင် ဆိုရာ၌ သမုတိသစ္စာကို မမြင်ရ တော့ခြင်းဟု မှတ်။ (ဥပစာနှင့် မချ)

အောက်ပါ ပုံစံကလေးနှစ်ခုကို ကြည့်ရှုရှု သဘာဝ ကျအောင် စဉ်းစားလိုက်စမ်းပါ။

အဋ္ဌမျှားအတွက်

အာရုံ=မှန်၊ အာရုမဏိက=မှား၊



သမုတိသစ္စာ အာရုံမှန်ကို အာရုမဏိက သညာ ဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသတို့က မှားသော အားဖြင့် အာရုံပြုသော ပုံစံ။

ကလျာဏနှင့် အရိယာများအတွက် အာရုံ–မှန်၊ အာရုမ္ပဏိက–မှန်



သမုတိသစ္စာ အာရုံမှန်ကို အာရုမ္ပဏိက သုဒ္ဓသညာ သုဒ္ဓစိတ္တတို့က မှန်သောအားဖြင့် အာရုံပြုသော ပုံစံ။

စာမျက်နှာ ၁၀၅-၁၀၆ မှာ ပါရှိသည့် ပုံစံများကို ကြည့်၍ နက်နဲသော အသိဉာဏ်ဖြင့် ဝေဘန်လိုက်စမ်းပါ။

ပရမတ္ထသစ္စာ

နေ-ဘယ်က ထွက်သလဲ ?

ကဲကဲ နက်နက်နဲနဲကြီး ဟောနေရင် တရားကြောရှေပြီး **နာမ်စိဇ္ဇာ** တရား အဆုံးမသတ်နိုင်ဘဲ နေအုံးမယ်၊ ပြဆိုခဲ့တဲ့ သစ္စာနှစ်ပါးတို့တွင် သမုတိသစ္စာ ပညတ်တွေဟာ ဝိပဿနာ ရှုဆဲမှာ အသုံးမချနိုင်သော်ကြောင့် ဒီနေရာကားဖုံးပြီး ပရမတ္ထသစ္စာအခန်း ဖွင့်ကြစို့လား။ (မှန်ပါ အမိန့်ရှိပါ ဘုရား။)

ပညတ္တိ ထပေတွာ ဆိုတဲ့ ပုဒ်ကို အနက်သမ္မန် လိုက်တော့လဲ၊ ပညတ္တိ၊ စိတ်ထဲတွင်သာမြင်ရတဲ့ သမုတိသစ္စာကို။ ထပေတွာ၊ထားခဲ့-ဆိုတဲ့စကားအရက သမုတိသစ္စာကြည့်မနေနဲ့ ပရမတ်ကိုရှု၊ ပရမတ်ကိုရှလို့ မြင်လျှင်၊ သမုတိသစ္စာပျောက် အနတ္တပေါက်ရောတဲ့-ကြားလား။ (မှန်ပါ ဘုရား)

သဘာဝအားဖြင့် အမှန်ရှိတဲ့ တရားကလဲ ပရမတ် တရားတွေဘဲ၊ အဝိဇ္ဇာ ဝုံးလွှမ်းမှုကြောင့် ရှိတဲ့တရားတွေကို မမြင်ဘဲ ငါ,သူတပါး,ယောကျ်ား,မိမ-စသည်အားဖြင့် အမြင်မှားနေကြတယ်၊ဘုရားအယူနဲ့,အမျှားအယူက တူဒါမဟုတ်ဘူး၊ ဘယ်တရားရဲ့,အပေါ်မှာ အထင်အမြင်မှားနေသလဲဆိုတော့။

စက္ခုနှာ ရူပံ ဒိသ္မာ နိမိတ္တ ဂါဟီ ဟောတိ။

စက္ခုနှာ၊ စက္ခုဝိညာဉ်စိတ်ဖြင့်။ ရူပံ၊ အဆင်းဝတ်သား ပရမတ်တရားကို။ ဒိသ္မာ၊ မြင်ရသည်ရှိသော်။ မနသာ၊ မနောဝိညာဉ်စိတ်ဖြင့်။ နိမိတ္တဂဏှိဟိ၊ ပုဂ္ဂိုလ်, သတ္တဝါ-စသော နိမိတ်ကို ယူလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏-လို့ သုတ်သီလကွန်မှာ လာတဲ့အတိုင်း၊ အဆင်းဝတ်သား ပရမတ်တရားရဲ့ အပေါ်မှာ ပုဂ္ဂိုလ်, သတ္တဝါလို့ ထင်လိုက်တာဘဲ၊ အထင်ခံဒါ ဘယ်တရားလဲလို့ မေးရင်၊ အဆင်းဝတ်သား ပရမတ်တရားလို့ ဖြေလိုက်ပေါ့၊ ပါဠိတော်၏ အာဘော်ကျကို ဝေဘန်လိုက်တော့၊ ပုဂ္ဂိုလ် နိမိတ်, သတ္တဝါနိမိတ်-စသည်တို့ဟာ ဟိုမှာမရှိဘူး၊ စိတ်ထင်ဒါဆိုတဲ့ အမိပ္ပါယ် ပေါ်မလာဘူးလား။ (မှန်ပါ-ပေါ်လာပါ ဘုရား။)

နေ-ဘယ်ကထွက်သလဲ မေးရင် အရှေ့ကထွက်တယ်လို့ ပြောကြမှာဘဲ၊ ဘုရား အယူနဲ့တော့ ကန့်လန့်ကြီးပေါ့၊ နေထင်လို့ မျက်စိနဲ့ ကြည့်တဲ့အခါ ဘာကိုမြင်ရသလဲ။ (မှန်ပါ-အဆင်းဝတ်ကိုမြင်ရပါ ဘုရား။)

အဆင်းဝတ်ကို မြင်ရပါလျက်၊ ဟိုမှာလဲ နေမရှိပါဘဲနဲ့ "**နေ-နေ**"လို့ ပေါ်နေဒါ ဘာပေါ်ဒါလဲလို့ စဉ်းစားလိုက်စမ်းပါ၊ မနောဝိညာဉ် နာမ်တရားပေါ်ဒါ မဟုတ်လား။ (မှန်ပါ-နာမ်တရားပေါ်ဒါပါ ဘုရား။)

နာမ်ပေါ်ဒါကိုးလို့ မသိတော့၊ မိုးပေါ်မှာ နေဝန်းကြီး ရှိတယ်ထင်ကြ၊ မိုးပေါ်မှာ တကယ်ရှိ, အဟုတ်ရှိ သေသေချာချာ ရှိဒါကတော့ အရောင်အဆင်း တည်းဟူသော ဝဏ္ဏပရမတ်သာရှိတယ်၊ မရုံလျှင် မော့ကြည့်လိုက်ပါအုံး၊ နေအလုံးကြီးကို မြင်ရသလား နေအဝိုင်းကြီးကို မြင်ရသလား, ထင်ရုံသာထင်ရ မမြင်ရသောကြောင့်၊ မိုးပေါ်မှာ နေ မရှိဘူးလို့ တထစ်ချမှတ်ထား၊ ထင်မှုသိမှုရဲ့အပြင် နေအသီးအခြားမရှိတော့ဘူး၊ထင်တဲ့နာမ်ဟာ ပရမတ်မဟုတ်လား ဒကာအောင်ရ (မှန်ပါ ပရမတ်တရားအစစ်ပါ ဘုရား။)

အဲဒီ နာမ်ဟာ ဘယ်မှာပေါ်သလဲဆိုတော့ ဟဒယဝတ္ထုမှာပေါ်တယ်၊ မျက်စိမှာပေါ်တယ်လို့ မျှားမထင်နဲ့ နာမ်သဘာဝကို အရင်းကျကျ မသိတဲ့အတွက် နေအရှေ့က ထွက်ပြီး အနောက်ထဲဝင်သွားတယ်လို့ တကယ်အရှိထားပြောနေကြဒါပေါ့၊ နေထွက်တဲ့နေရာ နေမွန်းတဲ့တဲ့နေရာ နေဝင်တဲ့နေရာ အစစ်ကို သိခြင်သလား (မှန်ပါ သိခြင်ပါ ဘုရား။)

ဟဒယဝတ္ထု၊ တည်းဟူသော ကောင်းကင်ကြီးထဲ၌ ဥပါဒ်ခဏမှာ နေထွက်လို့ ဋ္ဌိခဏမှာ မွန်းတဲ့ပြီး ဘင်ခဏမှာ နေဝင်တယ်၊ နေဆိုဒါနာမ်တရားကိုပြောနေဒါနော် ထွက်တယ် ဝင်တယ်ဆိုဒါလဲ အဖြစ်နဲ့အပျက်ကို ပြောဒါ မွန်းတဲ့တယ် ဆိုဒါကတော့ ဘင်မရောက်ခင် တည်နေတဲ့ အခိုက်အတန့်လေးပေါ့၊ လ,ထွက်တယ် လ,မွန်းတဲ့တယ်

လ,ဝင်တယ် ဆိုဒါလဲ ဒီအတိုင်းဘဲ၊ လက္ခယ်မှာ ဘယ်နှစ်ရက် လိုသေးတုံး (ခုနစ်ရက်လိုပါသေး ဘုရား။)

ဘယ်ခုနစ်ရက် လိုရမှာလဲ ဥပါဒိခဏမှာ လဆန်းလို့ ဌိခဏမှာ လပြည့်ပြီး ဘင်ခဏမှာ လက္ခယ်သွား မဟုတ်လား။ (မှန်ပါ ဘုရား။)

လက္ခယ်နေ့ဆိုဒါ ဒါဘဲ၊ သဘာဝကို မရိပ်မိတော့ မိုးပေါ်မှာ လမင်းကြီး အရှိထားပြီး "**ဘိုးရွှေလမင်းကြီး ရေ–ချစ်သူလေးကို ပြောလိုက်ပါတော့**" လို့ ဒကာအောင်တို့ ငယ်စဉ်တုံးက မှာပုံတော် မလုပ်ခဲ့ဘူးလား။ (မှန်ပါ-အဲဒီတုံးကတော့ နာမ်ပေါ်ဒါမှန်း မသိဘဲကိုး ဘုရာ့။)

ကဲ-ထားပါတော့ ခုဒင်ကရင်းပြခဲ့တဲ့ နေ အရှေ့ထဲက မထွက်ဘူးဆိုဒါ ယုံပလား။ (မှန်ပါ ယုံပါ ဘုရား။)

ကြက်သံ မကြားဘူးဆိုဒါတော့ ယုံရဲ့လား။ (အဲဒါတော့ မယုံဘူးဘုရာ့၊ နားပါရင် ကြားမှာဘဲ မတွန်တဲ့ အခါတော့ မကြားဘူးပေါ့ ဘုရာ့....။)

အင်း-အင်း-ခင်ဗျာ့စကား မှတ်ထားပေါ့။

ရေနံဆီ မနံဘူးဆိုဒါတော့ ယုံရဲ့လား။ (မှန်ပါ-အဲဒါတော့ ယုံပါတယ် နှာခေါင်းပိတ်နေရင် နံမှာမဟုတ်ဘူး ဘုရာ့။)

ထန်းလျက် မချိဘူးဆိုဒါတော့ ယုံရဲ့လား (အဲဒါလဲ မယုံဘူးဘုရာ့-ဘသူစားစား ချိမှာဘဲ။)

တမာရွက် မခါးဘူးဆိုဒါကော ယုံရဲ့လား။ (ဘယ်ကလာ ယုံလိမ့်မှာတုံး ဘုရာ့....။)

ငြုပ်သီး မစပ်ဘူးဆိုဒါကော ယုံရဲ့လား။ (ငြုပ်သီး စပ်တာပေါ့ ဘုရာ့ များများစားရင် ဖင်တောင် ပူသွားလိမ့်အုံး။)

သံပုရာသီး မခြင်ဘူးဆိုဒါကော ယုံရဲ့လား။ (သူလဲ များများစားရင် သွားကျိန်းမှာဘဲ ဘုရာ့။)

ဆားမငံဘူး ဆိုဒါတော့ ယုံရဲ့လား။ (ဆားမငံလို့ ရှိရင် ဟင်းချက်တော့ ထဲ့ဒါအပိုပေါ့ ဘုရာ့။)

ကျောက်ခဲ မမာဘူးဆိုဒါတော့ ယုံရဲ့လား။ (ဒါလဲ မယုံဘူး ဘုရာ့–တချို့ ကျောက်ခဲများ မာလွန်းလို့ ခွဲတောင် မရဘူး။)

မီးခဲမပူဘူးဆိုဒါတော့ယုံရဲ့လား။(မီးခဲမပူဘဲနေပါ့ မလား ဘုရာ့....ကျက်တောင် သွားလိမ့်အုံး။)

ရေမအေးဘူး ဆိုဒါတော့ ယုံရဲ့လား။ (ဒါတော့ ယုံတယ် ဘုရာ့–ရေနွေးအိုးထဲက ရေတော့ အေးမှာ မဟုတ်ဘူး။)

ဒကာအောင်ကြီး ပြောတဲ့ စကားတွေ အကုန်လုံး အမှားကြီးထဲဘဲ၊ ဦးပဉ္စင်း ရှင်းပြမယ်-နားထောင်—

ကြက်သံ မကြားဘူး ဆိုဒါက နားထောင်လိုက်တဲ့ အခါ ကြက်သံကို မကြားရ အသံကိုသာ ကြားရတယ်၊ အဲဒီ အသံထဲမှာ ကြက်မပါဘူး၊ ဒါ့ကြောင့် ကြားဒါဟာ ကြက်သံမဟုတ် အသံကိုသာကြားဒါ ဘာပြုလို့ ကြက်သံ ကို မကြားရသလဲဆိုတော့ ကြက်မရှိလို့ပေါ့ ရှိမှမရှိဘဲ နှင့် ကြက်သံကို ကြားတယ်ဆိုတော့ လွဲမနေဘူးလား။ (မှန်ပါ-ဟိုတုံးကတော့ ကြက်နှုတ်သီးက ထွက်တဲ့ အသံ လို့ ထင်ခဲ့ပါ ဘုရား။)

အော် အိအိ ဒွတ်လို့ ဘယ်လိုတွန်နေနေ ကြက်သံကို တော့ ဘယ်နည်းနဲ့မှ မကြားရဘူး ယုံပလားဗျ (မှန်ပါ ဒီလိုရှင်းပြတော့ ယုံပါပြီ ဘုရား။)

ရေနံဆီမနံဘူးဆိုဒါက၊ နမ်းလိုက်တဲ့အခါရေနံဆီကို မနမ်းမိ, နံတဲ့အနံ့ကိုသာ နမ်းမိတယ်၊ အဲဒီအနံ့ထဲမှာ ရေနံဆီ မပါဘူး၊ တကယ် စဉ်းစားကြည့်လိုက်တော့၊ နံဒါဟာ ရေနံဆီက နံဒါမဟုတ် အနံ့က နံဒါ ပုံးထဲမှာ ရေနံဆီရှိတယ်မျှား ထင်မှုနေနဲ့၊ ဘာပြုလို့ ရေနံဆီကို မနမ်းမိသလဲ။ (ရေနံဆီ မရှိလို့ပါ ဘုရား။)

ဒါဖြင့် ရေနံဆီက မနံဘူးပေါ့။

ထန်းလျက် မချိုဘူးဆိုဒါက၊ အထက်,အောက် ဘေး မကျန် တခုလုံး ရက်လိုက်တဲ့အခါ၊ ဘယ်နေရာ ရက်လိုက် ရက်လိုက်၊ ထန်းလျက်ကို မရက်မိ ချိုတဲ့အရသာ ရက်မိ

တယ်၊ အဲဒီအရသာထဲမှာ ထန်းလျက် မပါသည့်အတွက် ချိုဒါဟာ ထန်းလျက်က ချိုဒါမဟုတ် အရသာက ချိုဒါ၊ ဘာပြုလို့ ထန်းလျက်ကို မရက်မိသလဲ။ (ထန်းလျက် မရှိလို့ပါ ဘုရား။)

ရှိမှ မရှိဘဲနဲ့ ထန်းလျက်က ချိုလို့ မဖြစ်ဘူး။

တမာရွက်မခါးဘူးဆိုဒါက၊ စားလိုက်တဲ့အခါ တမာရွက်ကို စားမိဒါလား အရသာကို စားမိဒါလား (တမာရွက်ကို စားမိဒါပါ ဘုရား။)

လုပ်ပြန်ပါပြီဗျာ-သေသေချာချာ စဉ်းစားပြီး စားကြည့်စမ်းပါ(မှန်ပါခါးတဲ့အရသာကိုစားမိပါဘုရား။)

အဲဒီ အရသာထဲမှာ တမာရွက် မပါသည့် အတွက် ခါးဒါဟာ တမာရွက်ကခါးဒါမဟုတ် အရသာကခါးဒါ ဘာပြုလို့ တမာရွက်က မခါးသလဲ(တမာရွက် မရှိလို့ပါ ဘုရား။)

ရှိမှမရှိဘဲနဲ့ တမာရွက်က ခါးလို့ မဖြစ်ဘူး။

ငြုပ်သီး မစပ်ဘူးဆိုဒါက စားလိုက်တဲ့အခါ ငြုပ်သီးကို မစားမိ စပ်တဲ့အရသာကို စားမိတယ်၊ အဲ့ဒီ အရသာထဲမှာ ငြုပ်သီး မပါသည့်အတွက် စပ်တာဟာ ငြုပ်သီးက စပ်တာမဟုတ် အရသာကစပ်တာ၊ ဘာပြုလို့ ငြုပ်သီးက မစပ်သလဲ (ငြုပ်သီး မရှိလို့ပါ ဘုရား။)

မရှိဒါက မစပ် ရှိဒါက စပ်တာပေါ့။

ဒကာအောင် ဘာကစပ်တုံး (အရသာက စပ်တာပါ ဘုရား။)

ခုတင်ကတော့ ဂြုပ်သီးက စပ်တယ်ဆို၊ ဖင်တောင် ပူသွားလိမ့်အုံးမယ်လို့ ပြောသေး (မှန်ပါ-ခုတင်က ဒီလို မသိလို့ ရှောက်ထားမိဒါ သီးခံပါ ဘုရား။)

သံပုရာသီး မခြင်ဘူးဆိုဒါက၊ စားလိုက်တဲ့ အခါ သံပုရာသီးကိုမစားမိ ခြင်တဲ့အရသာကို စားမိတယ်၊ အဲဒီ ခြင်တဲ့ အရသာထဲမှာ သံပုရာသီး မပါသည့်အတွက် ခြင်ဒါဟာ သံပုရာသီးက ခြင်ဒါမဟုတ် အရသာက ခြင်ဒါ၊ ဘာပြုလို့သံပုရာသီးက မခြင်သလဲ(သံပုရာသီးမရှိလို့ပါ ဘုရား။)

မရှိဒါက မခြင် ရှိဒါက ခြင်ပေါ့။

ကျောက်ခဲ မမာဘူးဆိုဒါက၊ လက်နဲ့ စမ်းလိုက်တဲ့ အခါ ကျောက်ခဲကို မစမ်းမိ မာတဲ့အတွေ့ကို စမ်းမိတယ်၊ အဲဒီ မာတဲ့ အတွေ့ထဲမှာ ကျောက်ခဲ မပါသည့် အတွက် မာဒါဟာ ကျောက်ခဲက မာဒါမဟုတ် အတွေ့က မာဒါ၊ ဘာပြုလို့ကျောက်ခဲကို မစမ်းမိသလဲ (ကျောက်ခဲ မရှိလို့ ပါ ဘုရား။)

ရှိမှ မရှိပါဘဲနဲ့ ကျောက်ခဲက မာဒါလို့ မပြောခြင်နဲ့တော့။

မိုးခဲမပူဘူးဆိုဒါက၊ ကိုယ်နဲ့ထိလိုက်တဲ့အခါ မိုးခဲကို မထိမိ ပူတဲ့အတွေ့ကိုသာ ထိမိသည့်အတွက် ပူဒါဟာ မိုးခဲက ပူဒါမဟုတ်၊ အတွေ့ကပူဒါ၊ ဘာပြုလို့ မိုးခဲကို မထိမိသလဲ။ (မိုးခဲမရှိလို့ပါ ဘုရား။)

မရှိဒါက မပူ ရှိဒါက ပူဒါပေါ့။

ရေမအေးဘူးဆိုဒါက၊ လက်နဲ့ စမ်းလိုက်တဲ့ အခါ ရေကို မစမ်းမိ အေးတဲ့အတွေ့ကိုသာ စမ်းမိသည့်အတွက် အေးဒါဟာ ရေက အေးဒါမဟုတ် အတွေ့က အေးဒါ ဘာပြုလို့ ရေကို မစမ်းမိသလဲ။ (ရေမရှိလို့ပါ ဘုရား။)

ရှိမှ မရှိဘဲနဲ့ ရေအေးတယ်လို့ ပြောခြင်းသေးလား။

ထမင်းတခါမှ မစားဘူးတဲ့သူ

တော်တော်လေးရှင်းသွားလောက်ပါပြီ၊ မိရိုး ဘလာ ဝါဒကို ပြောင်းပြန် ပြန်ပြနေရတော့ အသိဉာဏ် မပိုင်သေးလို့ ရှိရင် သမုတိဘက်လဲပြီး ရောင်လယ်လယ် ဖြစ်သွားတတ်တယ် အခုပြောနေဒါက ပရမတ္ထသစ္စာ။ စပ်မိလို့ ပြောလိုက်ရအုံးမယ်၊ ကြောင်ပန်းတိုက်မှာ ယောဂီ အဖိုးကြီး တယောက်ရှိတယ်၊ သူ့ကျောင်းပေါ် ဦးပဉ္စင်း တက်လာတော့ တရားဆွေးနွေးခြင်းလို့ လာတယ်ဆိုဒါ သိပုံရပါရဲ့ ဒါနဲ့ ဒကာကြီး ထမင်းစားပြီး ပလားလို့ မေးလိုက်မိဒါကိုး၊ တပည့်တော် အမေမွေးကထဲက အခု အချိန်ထိ ထမင်းတခါမှ မစားဘူးဘူးလို့ လျှောက်တော့

ဦးပဋ္ဌင်းမှာ မျက်လုံးပြူးသွားဒါပေါ့၊ ရောက်လဲရောက်စ ဆိုတော့ သဘာဝလဲနားမလယ်သေးဘူး ''ဒါဖြင့် ဒကာကြီး အာဟာရသိန္ဓိ ပြီးနေပြီထင်တယ်'' ဘယ်ဟုတ်မလဲ ကိုယ်တော် တပည့်တော်က ထမင်းသာ မစားဒါ အရသာတော့ နေ့စဉ်စားနေဒါဘဲ''လို့ ပြောတော့ မလေးစားတဲ့ သဘောနဲ့ ပြုံးမိသေးတယ်၊ အပြီးသတ်တော့ သူက တရားပြနေဒါကိုး မသိပြီဆိုတော့လဲ အတော်ခက်တယ်၊ တမာရွက် ခါးတယ် ထန်းလျက် ချိုတယ်,ငြုပ်သီးစပ်တယ် သံပုရာသီးခြင်တယ် ဆိုဒါတွေက ခလေးကစပြီး သိကြတယ်မဟုတ်လား(မှန်ပါတပည့်တော် မြေးကလေးတာတီးလဲ သိပါတယ် ဘုရား။)

အဲဒီ အသိမျိုးတွေဟာ သက္ကာယဒိဋ္ဌိနယ်က မလွတ်သေးတော့ အတုံး အတစ် အစိုင်, အခဲတွေ အနေနဲ့ အမှားသိ အမှားမြင်တွေ ဖြစ်နေတယ်၊ ကမ္ဘာက စွဲခဲ့တဲ့ အင်္ဂဇွေတဲ့၊ ဒါ့ကြောင့် တမာရွက်ခါးရင် ဒိဋ္ဌိမပြတ်သေး၊ ထန်းလျက်ချိုရင် ဒိဋ္ဌိမပြတ်သေး၊ ငြုပ်သီးစပ်ရင် ဒိဋ္ဌိ မပြတ်သေး၊ သံပုရာသီးခြင်ရင် ဒိဋ္ဌိမပြတ်သေး၊ ဆားငံရင် ဒိဋ္ဌိမပြတ်သေး၊သဘာဝနဲ့ ကြည့်လိုက်တော့ ခြင်ရသာက တခြား. သံပုရာသီးက တခြား. ပေါ်တဲ့ နေရာခြင်းကို မတူဘူး၊ ခြင်ရသာက လျှာအကြည်မှာပေါ်တယ်၊ သံပုရာသီးက ဟဒယဝတ္ထုမှာ ပေါ်တယ်၊ ဒကာအောင်ကြီး မေးလိုက်ရင်ဒုံးမယ်၊ သကြားလုံး စုတ်တဲ့အခါ ငုံမထားဘူးလား။ (မှန်ပါ ငုံထားပါ ဘုရား။)

ငုံထားတဲ့အခါ သကြားလုံးဘယ်မှာရှိသလဲ (ပါးစပ်ထဲမှာ ရှိပါတယ် ဘုရား။)

အို....မဟုတ်တာဘဲ စဉ်းစားကြည့်ပါအုံး။ (မှန်ပါ ဟဒယဝတ္ထုမှာ ရှိပါတယ် ဘုရား။)

ခင်ဗျားပါးစပ်ထဲ လျှာမှာရှိဒါကတော့ ချိုတဲ့အရသာတွေသာရှိဒါ သကြားလုံးက ဘယ်ရှိလိမ့်မှာတုံး၊ ချိုရသာက တခြား သကြားလုံးက တခြား. တခုနဲ့တခု မတူဘူး၊ ဆိနဲ့ရေလောက် ကွာတယ်၊ ဒီလို သန့်ပြီး ကြည့်တတ်မှ **နာမရူပ ပရိစ္ဆေဒဉာဏ်**ပိုင်မယ် မဟုတ်လား။ (မှန်ပါ ဘုရား။)

ကဲ....အထက်က ပြခဲ့တဲ့ ပရမတ္ထ သဘောတွေကို ရုပ်.နာမ်-ခွဲလိုက်ကြအုံးစို့။

အဆင်းဝတ်ကရုပ်၊ နေထင်တဲ့စိတ်က နာမ်၊
အသံဝတ်က ရုပ်၊ ကြက်ထင်တဲ့စိတ်က နာမ်၊
အနံ့ဝတ်က ရုပ်၊ ရေနံဆီထင်တဲ့စိတ်က နာမ်၊
အရသာဝတ်ကရုပ်၊ ထန်းလျက်ထင်တဲ့စိတ်ကနာမ်၊
အရသာဝတ်ကရုပ်၊ တမာရွက်ထင်တဲ့စိတ်ကနာမ်၊
အရသာဝတ်ကရုပ်၊ ငြုပ်သီးထင်တဲ့စိတ်ကနာမ်၊
အရသာဝက်ကရုပ်၊ သံပုရာသီးထင်တဲ့စိတ်ကနာမ်၊
မာသဘောဝတ်ကရုပ်၊ ကျောက်ခဲထင်တဲ့စိတ်ကနာမ်၊
ပူသဘောဝတ်ကရုပ်၊ မီးခဲထင်တဲ့စိတ်ကနာမ်၊
အေးသဘောဝတ်ကရုပ်၊ ရေထင်တဲ့စိတ်ကနာမ်၊

ရပ်တရားတွေကို ရှေးဦးစွာဖော်ပြရဒါကတော့ နာမ်တရားအချက်ကို အခက် အခဲ မရှိ. ရှုကြည့်လိုက်လျှင် မြင်လွယ်စေခြင်းငှါ....

* တသော်ဝံ ပရိဋ္ဌဟိတ ရူပသ ဒ္ဒါရ၀သေန
အရူပဓမ္မာ ပါကဋာ ဟောန္တိ။

ဝိသုဒ္ဓိမဂ်အရ ရပ်တရားကိုမြင်လျှင် နာမ်တရားကိုလဲ မြင်တော့ဒါပါဘဲဆိုတဲ့အတိုင်း ဖော်ပြရဒါပေါ့။ ဒီ-ရုပ် နာမ် နှစ်ပါးရဲ့အပြင် နေ ကြက် ရေနံဆီ ထန်းလျက်-စသည်တို့ တသီးတခြား မရှိတော့ပါဘူး၊ နတ်. လူ, တိရစ္ဆာန် သတ္တ၀ါတို့ကိုလဲ ယခုနည်းအတိုင်း ရုပ်,နာမ် ခွဲလိုက်ပါ ပြဆိုခဲ့တဲ့ ရေနံနေကြက်. ထန်းလျက်တမာ, သံပုရာကျောက် မီးရေလျှောက်၍ ပြုပ်အနေ ထင်သမျှတွေဟာ မနောဝိညာဉ် '**နာမ်မင်း**' က ဘန်ဆင်းဒါပါ ကလားလို့၊ ဒါလိုသိ, ဒါလိုမြင်ဒါကို ဆင်ခြင်လိုက်တော့ "**နာမ်ဝိဇ္ဇာ**" ဖြစ်မသွားဘူးလား။ (မှန်ပါ- နာမ်ဝိဇ္ဇာ ဖြစ်သွားပါ ဘုရား။)

---

* ဧ၀ံ၊ ဤသို့။ ပရိဋ္ဌဟိတ ရူပသ၊ ရူပ်ကိုသိမ်းဆည်း၍ ထင်မြင်ပေါက်ရောက်သော။ တ သ၊ ထိုကလျာဏ ပဋိ္ဌလိအား။ အရူပ ဓမ္မာ၊ နာမ်တရားတို့သည်။ ဒ္ဒါရ၀သေန၊ ခြောက်ဒ္ဒါရ၏အစွမ်းဖြင့်။ ပါ့ကဋာ၊ ထင်ရှားလှာကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏၊

တရားနဲ့ကလေးချော့ပုံ

နာမ်တလုံးနဲ့ ချေမှုံး ကြည့်လိုက်တော့ ဘယ်မလဲ ပုဂ္ဂိုလ်, ဘယ်မလဲ သတ္တဝါ, တတိုတစ ရှာမရတော့ဘူး။ ကိုယ်ကောင် ဦးခေါင်း လက်မောင်းနှင့်ခြေ သား သွေး တွေဟာ အဆင်း အသံ အနံ့,အရသာ,မာမှု ဆတ်ဆတ် ရုပ်ပရမတ်နှင့် ချကြည့်လျှင်လဲ တကယ်မရှိ အဟုတ်မရှိ နာမ်အသိမျှသာ ဖြစ်ကြောင်း ကောင်းကောင်းကြီး ထင်ရှားပါတယ်၊ ဒီနေရာမှာ ဥာဏ်ရောက်ဘို့ အရေးမို့ ဆောင်ပုဒ်ကလေး ချပေးရအုံးမယ်။ **"ဝိညာဏဂေတုံ-အနတ္တတော ဇာနတော ပဿတော မိဿာဒိဋ္ဌိं ပဟီယတိ"**ဆိုတော့ ပါဠိစကားဖြစ်၍ နားလည်ဘို့ရာ မလွယ်ကူဘူး၊ ဒါ့ကြောင့် ဗမာလိုရှင်းရှင်းကလေး သင်ပေးရအုံး လေးလေးပင်ပင် လိုက်ဆိုကြ။

* ခေါင်းဆိုဒါ....ဘာတဲ့လဲ
စိတ်ကြီးဒါကွဲ့-စိတ်ကြီးဒါ။

"စဉ်းလဲစဉ်းစား"

လက်ဆိုဒါ....ဘာတဲ့လဲ
စိတ်ကြီးဒါကွဲ့-စိတ်ကြီးဒါ။

ခြေဆိုဒါ....ဘာတဲ့လဲ
စိတ်ကြီးဒါကွဲ့-စိတ်ကြီးဒါ။

သားကလေးဆိုဒါ....ဘာတဲ့လဲ
စိတ်ကြီးဒါကွဲ့-စိတ်ကြီးဒါ။

သွီးကလေးဆိုဒါ....ဘာတဲ့လဲ
စိတ်ကြီးဒါကွဲ့-စိတ်ကြီးဒါ။

ကလေးချော့တဲ့အခါ ဒါလေးဆိုချော့ရင် မကောင်းဘူးလား။ (ကောင်းပါဘုရား-တိုတိုနဲ့ထိတဲ့ ဆောင်ပုဒ် ကလေးတွေ....)

ပုခက်ထဲမှာ ခလေးကလေးထင်လို့ မျက်စိနဲ့ ကြည့်တော့ အဆင်းဓာတ်ကိုမြင်ရတယ်၊တကယ်စဉ်းစားကြည့်လိုက်တော့ ပုခက်ထဲမှာ ခလေးမရှိ, အဆင်းဓာတ် ရုပ်တရားသာရှိ၍ "**စိန္တနမတ္တံ စိတ္တံ**"ဆိုတဲ့အတိုင်း ခလေးဆိုဒါ စိတ်ကြီးဒါ အစစ်အမှန် ဖြစ်မနေဘူးလား။ (မှန်ပါဘုရား။)

ဒါပေမဲ့ ပုခက်ထဲမှာ ခလေးကလေး အရှိထင်ပြီး၊ "**လူကလေးရဲ့ဦ....၊ အို-မင်ကိုနဲ့ငါ့သား....၊ မင့်မေမေ ပွေ့ကာသိပ်မယ်—မင့်မေမေ ဘက်ခါသိပ်မယ်— မင်းအိပ်ပါ့လား....**" စသည်ဖြင့် ခလေး ချော့နေဒါဟာ အဆင်မပြေဘူး....။

သားကလေးဆိုဒါ....ဘာတဲ့လဲ
စိတ်ကြီးဒါကွဲ့-စိတ်ကြီးဒါ။

"**ဒီလိုချော့မှပေါ့**"

သားကလေးဆိုဒါ စိတ်ထင်ဒါ မဟုတ်လား၊ တချို့များ အဖေလုပ်သူက သားကလေးကို ပွေ့ပြီး "**ငါ့သား ကြီး ဟင်, ငါ့သားကြီး ဟင်**"လို့ အားရပါးရ နမ်းရှုပ်နေတဲ့အခါ မီးဖိုချောင်ထဲက ဒလေးအမေက "**အောင်မယ်-သူ့သား ထင်နေလိုက်တာ**"လို့ စိတ်ထဲက ဆိုလျက် နားထောင်ပြီး ပြုံးပြုံးကြီး လုပ်နေသတဲ့၊ ညကျတော့လဲ "**ဘယ်သူမှ မရော ငါ့သားချောကွ**" ဆိုပြီး နမ်းနေတဲ့အခါ လမ်းမကြားမှ လူနှစ်ယောက်က ကြားတော့ တယောက်သောသူက "**ရောရီရောရာ ငါလဲပါ**" လို့ ဆိုလိုက်တယ်။ နောက်တယောက်ကထပ်ပြီး "**ပါ ပါလျက်သား ငါကများ**"လို့ ဆိုလိုက်သတဲ့။ အဲဒီအခါကျမှ အလော်မာ ပျော်ဒါက ဆိုးလေခြင်းလို့ စိတ်ပျက်ပြီးမနမ်းတော့ဘူးတဲ့ ဒကာအောင်ရ၊ ကျုပ်ကျောင်းသားတုံးက ကိုရင်ကြီးတပါးပြောလို့ကြားဘူးဒါ(မှန်ပါဟုတ်လောက်စရာရှိပါ ဘုရား။)

အထင်မှားဒါမျိုးတယ်ဆိုး၊ ဒကာအောင်တို့ တတွေလဲ အဆင်းဓာတ်သား ရှပ်တရားကို သားကလေးအစစ်မထင်ဘဲချော့ကြပေါ့။ ကလေးချော့ရင်းလဲ တရားမရနိုင်ဘူးလား။ (မှန်ပါ ရှပ်,နာဓိသိ ချော့ရင် ရနိုင်ပါတယ် ဘုရား။)

အချော့မတတ်ရင် ဂါထာလေး ငါချော့ဒါလို့ ဒိဋ္ဌိကစွဲလိမ့်မယ် ဒကာအောင်ချော့စရာကလေးရှိလား(မှန်ပါ မရှိပါ ဘုရား။)

ချော့စရာမရှိရင်လဲ ခင်ဗျာ့ ဒကမကြီး ပုခက်ထဲ ထဲလွှဲပေါ့။

သွီးကလေးဆိုဒါ....ဘာတဲ့လဲ
စိတ်ကြီးဒါကွဲ့-စိတ်ကြီးဒါ။

အဲဒီလို ဆိုချော့၊ (သူက အချော့ခံမှာ မဟုတ်ပါဘူး ဘုရား။)

ဟဒယဝတ္ထု၊ ပုခက်ထဲက နာမ်ကလေးကို ကြည့်ချော့ရမယ်၊ ကျီးကျိန်သစ်ဝါး ပြုလုပ်ထားတဲ့ ပုခက်ကို မကြည့်နဲ့၊ အဲဒီ ပုခက်ထဲမှာ ကလေးမရှိဘူး၊ ဒီကနေ့ည ဒကာကြီးတွေနဲ့ ဒကမကြီးတွေ အတိုင်အဖေါလုပ်ပြီး တရားဆွေးနွေးရ မကောင်းဘူးလား၊ (ကောင်းပါဘုရား။)

ကဲ-ဒကာမကြီးတွေက ကျုပ်ဆိုဒါ မလိုက်ကြနဲ့ အုံး၊ ဒကာကြီးတွေချည်း လိုက်ကြစမ်းပါ့၊ ခေါင်းဆိုဒါ.... ဘာတဲ့လဲ? ကဲ-ဒကမကြီးတွေက လိုက်ကြစမ်း၊ စိတ်ကြီးဒါဘာ့ စိတ်ကြီးဒါ၊ ဟိုထဲကဒကမကြီးတွေက ဘာပြုလို့ ရှိနေကြဒါတုံး၊ ဟိုအမွှားကြီးကလဲ တဘက်ကြီးနဲ့ ပါးစပ်ပိတ်လို့၊ တခါ ဒကာကြီးတွေက မလိုက်ကြနဲ့ ဒကာမကြီးတွေ လိုက်ကြစမ်း၊ ခေါင်းဆိုဒါ....ဘာတဲ့လဲ? ကဲ ဒကာကြီးတွေက လိုက်ကြ၊ စိတ်ကြီးဒါဟု.... စိတ်ကြီးဒါ၊ အောင်မယ် ဒကာကြီးတွေက သူတို့အလွဲကြတော့ တယ်အော်လိုက်ပါလား သဘောကြတယ် ထင်တယ်၊ ဒကာအောင်ကြီးလဲ အိမ်ရောက်တဲ့အခါ ခင်ဗျာ့အမယ်ကြီးနဲ့

အတိုင်အဖေါက် လုပ်ပေါ့ "**ဟောဒီက အဖိုးကြီးဆိုဒါ ဘာတဲ့လဲ**" တိုင်လိုက်တော့ အမယ်ကြီးက "**စိတ်ကြီးတော့....စိတ်ကြီး**" အဲဒီလို အတိုင်အဖေါက် လုပ်ပြီး တရား ဆွေးနွေးမယ်ဆိုရင် အဖိုးကြီး လင်မယားဟာ နေနှင့်လ ရှေးနှင့်မြလို ဖြစ်သွားမှာဘဲ (ဒါလောက်လဲ မမြောက်ပါနဲ့ ဘုရား။)

အဲဒါလို-ဝိညာဉ်ခေတ်မျှ အနတ္တလို့ ချလိုက်တော့ အကောင် အထယ် အငယ် အကြီး အထီး အမ အစစ တွေဟာ "ကြက်ပျောက် ၄က်ပျောက်" ရှာမရတော့ဘဲ အကြီးများတဲ့ နာမ်တရား လက်ချက်ပါကလားလို့ ဘွားဘွားကြီး မြင်တော့ဒါပေါ့၊ ကြီးတဲ့နေရာမှာတော့ သူ့ထက် အစွမ်းကောင်းဒါ မရှိတော့ဘူး။

ရှေနန်းကြေးမုံ

ဒကာအောင်(ဘုရား)ကိုယ်ကြီးဒါ ကိုယ်သိဘို့ အရေးကြီးတယ် ကိုယ့်မှာဖြစ်ပေါ်နေတဲ့အကြီးတွေကို 'ဒါဘာဘဲ' လို့ မသိလျှင် ဒိဋ္ဌိကတွယ်လိမ့်မယ်ဗျ၊ အလစ်စောင့်နေဒါ ကြီးဒါကို မသိတဲ့အတွက် ကျားစားခံရတဲ့ အကြောင်း ပြောလိုက်ရဒုံး။

ရှေးအခါတုံးက ဘုရင်တပါးမှာ သွီးတော်လေး တယောက်ရှိ နန်းတော်ထဲမှာ ရှုခြင်စဘွယ် တင့်တယ်လျောက်ပတ်လို့ ရှေနန်းကြေးမုံလေး ဖြစ်နေဒါပေါ့၊

တနေ့သော အခါ ရှင်ဘုရင်က တိုင်းပြည်အတွက် စိုးရိမ်မကင်း ရှိဒါနဲ့ တက္ကသိုလ် ဆရာကြီးကို ဘိတ်ကြားပြီး တိုင်းရေး ပြည်ရေးကို မေးနှေး တိုင်ပင်သတဲ့။

တက္ကသိုလ်ဆရာကြီး နန်းတော်ရောက်လျှင် အင်မတန် ချောမော လှပတဲ့ ခြောက်ပြစ်ကင်းတဲ့ မင်းသွီးလေးကို မြင်လျှင်မြင်ခြင်း နှစ်သက်တဲ့စိတ်တွေ တပ်မက်တဲ့စိတ်တွေ လိုခြင်တဲ့သဘောတွေက အပြင်းအထန် ပေါ်လာတော့ ကြံတော့ဒါကိုး၊ ဘုရင့်သွီးတော်မှ မရရင် မဖြစ်ဘူး၊ မဟုတ်ပေမဲ့ ကြံဖန်ပြောမှာဘဲ ''အသင်မင်းကြီး ရှေးနားဆင်တော်မူပါ လျှောက်တင်ရမှာကတော့ အားနာနာဘဲ အသင်မင်းကြီးရဲ့ သွီးတော်လေး နန်းတော်မှာ ရှိနေသမျှ တနေ့ကျရင် တပါးသော သူတို့၏ လက်ချက်နှင့် နတ်ရှာစံကိန်းမြင်ပါတယ် မင်္ဂလာမရှိတဲ့ သွီးတော်ကို အိုးထုပ်ထဲ ကဲ့ပြီး မြစ်ထဲမျှောလိုက်လျှင် မင်းကြီးမှာ အန္တရာယ်မဖြစ်နိုင်ကြောင်းပါ ဘုရား''လို့ သံတော်ဦးတင်တော့ ရှင်ဘုရင်မှာ အကြပ်တွေ့သွားဒါပေါ့။

သွီးတော်လေး ချစ်မြတ်နိုးလို့ စွန့်ပြစ်ရမှာကလဲ အခက် မစွန့်ပြစ်ရင်လဲ ငါ့အသက်သေရမှာ ''**အတ္တသမံ ပေမံ နတ္ထိ**''ဆိုတဲ့ အတိုင်း ကိုယ့်အသက်တော့ အသေမခံနိုင်ဘူး၊ သွီးတော်လေး အိုးထုတ်ထဲထဲ့ပြီး မျှောလိုက်ကြပေတော့လို့ ခိုင်းတဲ့အတိုင်း မင်းချင်းယောက်ျားများက မြစ်ထဲ မျှောလိုက်ကြရော။

အဲဒီအခါ တိုင်းတပါးက မင်းသားတယောက်ကလဲ မသေမရှင် ကျားကြီးကို ထမ်းလာပြီး မြစ်နားသို့ ရောက်လျှင် အိုးထုတ်ကြီးမြင်ဒါနဲ့ ဒါကြီးဟာ အတော်ထူးဆန်းတယ် ဆိုပြီး ဖွင့်ကြည့်လိုက်တော့၊ ရွှေမင်းသွီးကလေး တွေ့ဒါပေါ့၊ ဒါနဲ့ မင်းသွီးကလေးကိုယူပြီး ကျားကြီးကို အိုးထုတ်ထဲ ထဲ့မျှောလိုက်တယ်၊ ခုတင်က ပြောခဲ့တဲ့ တက္ကသိုလ်ဆရာ တဏ္ဍာရူးကလဲ သူ့တပည့်များကို ပြောထားသတဲ့ ''ဒီကနေ့ မြစ်ထဲက အိုးထုတ်တခု မြောလာလိမ့်မယ် ရောက်ရောက်ခြင်း ဆယ်ပြီး ငါ့ဆီကို ယူခဲ့ကြ၊ မင်းတို့ ဖွင့်မကြည့်ရဘူး-ဖွင့်ကြည့်တဲ့လူတော့ အသေဘဲက''လို့ အမိန့်ပေးထားတော့ ဘသူမှ ဖွင့်မကြည့်ဝံ့ဘူး၊ အိုးထုတ်ကြီးပ့ေ့လို့ ဘာကြီးလဲသာ ဘာကြီးလဲသာ ဆိုပြီး ဆရာကြီးကို ဆက်ကြဒါကိုး။

အဲဒီတော့ တက္ကသိုလ်ဆရာကြီးက ''စောင့်နေရဒါ ကြာလှပြီ အခုမှရတော့'' ဆိုပြီး အိုးထုတ်ကြီးကို ပ့ေ့၍ ဟန်နဲ့, ပန်နဲ့ အိမ်ပေါ်တက်သွား၊ အိမ်ပေါ်ရောက်တော့ တံခါးပေါက်တွေ အကုန်ပိတ်ပြီး ရွှေနန်း ကြေးမုံလေးနဲ့ တွေ့ရတော့မယ် ဆိုပြီး ''**ရွှေနန်း—ရွှေနန်း—ရွှေနန်းကြေးမုံ**'' အောင်မယ်-တက္ကသိုလ် ဆရာကြီးက အတော့်ကိုပျော်နေပုံရ၊ အသံတွေများ ပေးလို့ပါလား၊ သေပန်းပွင့်နေဒါ၊ သူကြီဒါ သူမသိလို့ ပျော်နေဒါပေါ့၊ ဒကာအောင်.... အိုးထုတ်ကြီးထဲ ဘာရှိတုံး။ (မှန်ပါ ကျားကြီးရှိပါ ဘုရား။)

မင်းသွီးကလေးကို တွေ့ခြင်တဲ့ဇောနဲ့ **"ကော်ပကွ အဟီး"**ဆိုပြီး အိုးထုတ်ကြီးကို ဖွင့်လိုက်တော့ ကျားကြီးက ဇတ်ကနဲဆို ပါးစပ်ကြီးဟပြီး ခေါင်းကနေ စားတော့ ဒါဘဲ ဒကာအောင်ရ။ (မှန်ပါ-အတော်ကြောက်စရာ ကောင်းပါ ဘုရား။)

ဒါ့ကြောင့် —

* ရွှေနန်းကြေးမုံ၊ ချစ်ဇောဟုန်ကြောင့်၊ အာရုံတပ်မက်၊ အိမ်ပေါ်တက်၍၊ လေးဘက်တံခါး၊ ပိတ်ကာထားလို့၊ ပျော်ပါးတော့မည်၊ ကော်ပြီအဟီး၊ အိုးထုတ်ကြီးကို၊ ဖွင့်၍ကြည့်ရာ၊ ကိုယ်ကြီးဒါကို၊ မှန်စွာမသိ၊ မရိပ်မိလို့၊ ကျားဇ၏ခံတွင်း၊ သူဟာဆင်းသည်သေခြင်းကြီရ- ဇာတ်သိမ်းသော်....

ဥပမေယျ ဟတ်လိုက်ကြအုံးစို့။

တဏှာသိုလ်ဆရာကြီးနဲ့ အနုပုထုဇဉ်များနဲ့ ဟူစေ။ ကျားကြီးနဲ့ အတ္တဒိဋ္ဌိနဲ့ ဟူစေ။

ဟတ္ထသိုလ် ဆရာကြီးဟာ သူကြီးဒါ သူမသိလို့ ကျားကိုက် ခံရသလို ဒိုဋ္ဌိတွေ့မှာလဲ အဆင်းဓာတ်ကို မြင်တဲ့အခါ လူလူ နွားနွားလို့ ကြီးဒါကို ငါကြီးဒါမဟုတ်၊ မနောဝိညာဉ်က ကြီးဒါပါလားလို့ မသိကြတဲ့အဟက် ဒိဋ္ဌိကျားစား ခံနေကြရတယ် မဟုတ်လား။ (မှန်ပါ ဘုရား။)

* ကိုယ်မြင်ဒါလဲ-ကိုယ်သိရမယ်၊
ကိုယ်ကြီးဒါလဲ-ကိုယ်သိရမယ်၊
မရိပ်မိရင်-ဒိဋ္ဌိကပ်တွယ်၊
သုညနာမ်-အမြင်ဆိုက်မှ၊
တက္ကသိုလ် ကျားကိုက်လွတ်ရမယ်....။

ဒကာအောင်....ကိုယ်မြင်ဒါက ဘာလဲ။ (အဆင်းဓာတ်ပါ ဘုရား။)

ကိုယ်ကြီးဒါက ဘာလဲ။ (လူပါ ဘုရား။)

မြင်ဒါကိုလဲသိ ကြီးဒါကိုလဲသိ, နှစ်သိ, နှစ်မြင် ဒိဋ္ဌိစင်၊ မြင်ဒါက ရုပ်, ကြီးဒါက နာမ်-ရုပ် နာမ်၊ ရုပ်ပေါ်မှာ နာမ် တရားက အကြီးများလိုက်တော့ ထွေထွေ လာလာတွေ့ ပေါ်လာဒါဘဲ။

မိုးမဆုံး, မြေမဆုံးဆိုဒါ ဟုတ်သလား

အရှေ့, အနောက် တောင် မြောက်–ဆိုဒါ တွေလဲ သူရဲ့သဘောတွေပေါ့၊ ဒကာအောင်-အရှေ့ဆုံးအောင် သွားဘူးလား။ (မသွားဘူးပါ ဘုရား။)

မသွားဘူးလို့ရှိရင် မရောက်ခြင်ဘူးလား။ (ရောက်ခြင်ပါ ဘုရား။)

ရောက်ခြင်ရင် ဖိုလိုက်မယ်၊ အခုဘယ်ထဲ လွှဲနေတုံး။ (မှန်ပါ-အရှေ့ထဲ လွှဲနေပါဘုရား။)

အရှေ့ထဲ လွှဲနေတော့ အရှေ့-အရှေ့လို့ ပေါ်မနေဘူးလား။ (ပေါ်နေပါဘုရား။)

ကဲ—အနောက်ထဲ လွှဲ့လိုက်စမ်း ဘာပေါ်နေတုံး။ (အနောက် အနောက်လို့ ပေါ်နေပါဘုရား။)

ခုတင်က ပေါ်နေတဲ့ အရှေ့ကတော့ ဘယ်ရောက်သွားတုံး။ (မှန်ပါ ဆုံးသွားပါဘုရား။)

ဒါဖြင့် အရှေ့ ဆုံးသွားဒါပေါ့၊ ဒကာအောင်.... ဘယ့်နှယ်လဲ အရှေ့ အဆုံး ရောက်မသွား ဘူးလား။ (အခုလိုတော့လဲ မြန်လိုက်တာ ဘုရား။)

တောင်ဆုံးခြင်လို့ ရှိရင်လဲ မြောက်ဘက် လှဲ့လိုက်ပေါ့။ မိုးအဆုံးနဲ့ မြေအဆုံးတော့ မရောက်ခြင်ဘူးလား (ရောက်ခြင်ဒါပေါ့ ဘုရား။)

ရောက်ခြင်ရင် ဖိုရသေးဒါပေါ့။ ကဲ-မိုးပေါ် မော့လိုက်စမ်း။ (အ'ကြာကြီးတော့ အမော့ မခိုင်းနဲ့ ဘုရား-ဇက်ညောင်းတယ်၊ မော့ပြီးပါပြီ ဘုရား။)

အဲဒီလို မော့နေတော့ မိုး မိုးလို့ ပေါ်မနေဟူးလား။ (မှန်ပါ ပေါ်နေပါဘုရား။)

ကဲ-တခါ အောက်ငုံ့လိုက် ဘာပေါ်လာတုံး။ (မြေကြီး, မြေကြီးလို့ ပေါ်နေပါဘုရား။)

ခုတင်က ပေါ်နေတဲ့မိုး ဘယ်ရောက်သွားတုံး။ (ဆုံးသွားပါ ဘုရား။)

အဲဒါမိုးအဆုံးရောက်သွားဒါမြန်ဘူးလား (တပည့်တော်ဖြင့် ဘုရား....ခြေထောက်နဲ့ ရွှောက်သွားရမှာလားလို့ ကြောက်လိုက်တာ။)

မြေဆုံးခြင်ရင်လဲ အလွယ်လေး မိုးပေါ် မော့လိုက်ရုံပဲ၊ အမျိုး အယူကတော့ မိုးမဆုံး, မြေမဆုံးဘူးလို့ ပြောကြ၊ သဘာဝနဲ့ ချကြည့်လိုက်တော့ မိုးအဆုံး, မြေအဆုံး တွေ့နေရတယ်။

ကမ္မာလုံးပြဿနာ

လောကအနေအားဖြင့် ကမ္မာလုံးတယ် ကမ္မာပြားတယ်လို့ ဝါဒနှစ်မျိုးကွဲနေရာမှာ အလုံးဘက်ကိုလဲမလိုက်လို့, အပြားဘက်ကိုလဲ မလိုက်လို့ အနတ္တဝမ္မ ဂန္ဓီရဏ္ဍာဏ်နှင့် ကြည့်လိုက်တော့ အလုံးလဲ မဟုတ် အပြားလဲ မဟုတ် စိတ်ကြီးဒါကိုးဆိုဒါ သိရတယ်၊ ကမ္ဘာကြီးဟာ အလျားဘယ်လောက်ရှိတယ်-အနံ ဘယ်လောက်ရှိတယ်-ဒုဘယ်လောက်ရှိတယ်လို့ တိုင်းမနေခြင်ပါနဲ့ တော့၊ နာမ်ဆိုမှတော့ အလျား အနံ,ဒုရယ်လို့မရတော့ဘူး၊ဒကာအောင် ကမ္ဘာလုံး ဘယ်မှာရှိတုံး။ (မှန်ပါ—စိတ်ထဲမှာ ရှိပါဘုရား။)

ကမ္ဘာ အပြားကြီးကတော့ကော – စိတ်ထဲမှာဘဲ မဟုတ်လား။ (မှန်ပါ ဘုရား။)

ဒါ့ကြောင့် အလုံးလို့ ဆိုဆို, အပြားလို့ ဆိုဆို ဘယ်ဘက်မှ မလိုက်လို "**ကြားနေ ဝါဒ**" ဖြစ်သွားဒါပေါ့၊ သမုတိသစ္စာ ဗုဒ္ဓဘာသာ အလိုအားဖြင့် ကမ္ဘာအပြားကြီးဟု ဆိုထိုက်သော်လဲ ပရမတ္ထသစ္စာနဲ့ ချကြည့်လိုက်တော့ အပြားဆိုဒါလဲ နာမ်ဘဲ မဟုတ်လား။ (မှန်ပါ= ဘုရား။)

— o —

"အမှာ"

စာမျက်နှာ ၁၃၁-ပုံစံသည် မဲမဲအဆင်းကို မြင်ရ၍ စာရှုသူတို့၏ ဟာဒယဝတ်အိမ်၌ မနောဝိညာဉ်နာမ်ပေါ်ပုံကို ထင်ရှားစေခြင်းငှါ ကျေးဇူးရှင် ဒုတိယ ကြောင်ပန်းဆရာတော် ဘုရားကြီး ရေးသားတော် မူအပ်သော သုံးစောင်တွဲကျမ်း၌ ပါရှိသည့် တရား အချက်တို့ကို တစိတ်တဒေသအားဖြင့် သရုပ်ဖော်ပြထားခြင်း ဖြစ်ပါ၏၊ ဤပုံကလေးများကို သဲနွံစပြု၍ ကမ္ဘာလောကကြီး တခုလုံး ဝေဘန်နိုင်ကြပါစေ။


အရှေ့
အနောက်
ဗြောင်
ဂေါ
နာမ်
အမြင့် နာမ်
အနိမ့် နာမ်
အလေး နာမ်
အနိုး နာမ်
အကြီး
အသေး
နာမ်
နာမ်
လေးထောင့် ရှစ်ဖြောင့်
နာမ်
နာမ်
အနက် အတိမ်
နာမ်
နာမ်
အတို
နာမ်
အရှည်
နာမ်
ရှိ
မရှိ
နာမ်
နာမ်
သိ
မသိ
နာမ်
နာမ်
ဌတ်တုပ်
နာမ်
တိုင်
တုံး
နာမ်
နာမ်
လူရှင်
လူသေ
နာမ်
နာမ်

ထွက်သက်ဝင်သက်ဆိုဒါ တကယ်ရှိသလား

အတို, အရှေ, အနိမ့်, အမြင့်-ဆိုဒါလဲ စင်စစ်တော့ မရှိဘူး၊ အရပ်တိုဒါ အရပ်ရှေဒါကို ထားလိုက်ပါအုံး၊ တချို့က အသက်တောင်မှ အတို အရှေ လုပ်နေကြသေးတယ်၊ တိုတဲ့အသက် ရှေတဲ့အသက် ကြီးတဲ့အသက် ငယ်တဲ့အသက် ရှင်တဲ့အသက် သေတဲ့အသက် ထွက်တဲ့အသက် ဝင်တဲ့အသက်ရယ်လို့ ဇီဝဒိဋ္ဌိ ပြခြင်တိုင်း ပြပြီး နှာခေါင်းထဲက အသက်ကလေးဟာ ထွက်ခြည် ဝင်ခြည် လုပ်နေတယ်လို့ ဝါယောဓာတ်သား ပရမတ်တရားရဲ့ အပေါ်မှာ စွဲနေကြမဟုတ်လား (မှန်ပါ လိပ်မျိုးတွေပါ ဘုရား။)

ဒါတင်မကသေးဘူး၊ စိတ်ကိုလဲ အတိုအရှည် လုပ်နေကြသေးတယ်၊ ဒီလူက စိတ်တိုတယ် ဒီလူက စိတ်ရှေတယ် နဲ့ ပေါ့လေ၊ တိုတဲ့စိတ် ရှေတဲ့စိတ်ရယ်လို့ မရှိပါဘူး ဒကာအောင်ရ (မှန်ပါ မရှိပါ ဘုရား။)

အရပ်တို အရပ်ရှေ အသက်တို အသက်ရှေ စိတ်တို စိတ်ရှေ ဘယ်အတို ဘယ်အရှေမှ မရှိပါဘူး နာမ်၏ကြီးဆမှသာ။

* ကြီး ငယ် တို ရှေ၊ ရှင် သေ ဝင် ထွက်၊ အသက်ဆိုဒါ မရှိပါ....စိတ်မှာကြီးဆ အနတ္တ။

ဝါယောဓာတ်ရှင်းတမ်း

တချို့ကတော့ အသက်ဆိုဒါမရှိလို့ ထွက်ခြည် ဝင်ခြည် လုပ်မနေပါဘူး၊ လေဆိုတဲ့ ဝါယောဓာတ်ကသာ ထွက်ခြည် ဝင်ခြည် လုပ်နေဒါပါတဲ့၊ ရှူလိုက်တဲ့ အခါ အပြင်က လေတွေ နှာခေါင်းထဲရောက် နှာခေါင်းထဲမှ ရင်ချိုင့်ရောက် ရင်ချိုင့်မှ ချက်တိုင်ရောက် ချက်တိုင်က ရင်ချိုင့်ရောက် ရင်ချိုင့်ကနေပြီး နှာခေါင်း ပြန်ထွက်သတဲ့ ရှူလိုက်တဲ့အခါ လေဖေါင်းတယ် ရှိုက်တဲ့အခါ ကြတော့ လေရေ့သတဲ့....အဲဒီ စကားတွေကို ပရမတ္ထ သစ္စာနဲ့ ဝေဘန်လိုက်တော့၊ ဤနေရာမှ ဖြစ်ပေါ်နေသော လေ ပရမတ်သည် ထိုနေရာသို့ မရှေ့နိုင် ထိုနေရာမှ ဖြစ်ပေါ်နေသော လေပရမတ်သည်၊ ဤနေရာသို့ မလာနိုင် **"ကေ သဂ္ဂမဇ္ဇဒ္ဒ"** ဆိုတဲ့ အတိုင်း သူ့နေရာမှ တဆံခြည်ဖျားမျှ မရှေ့နိုင်ဘူးဆိုတော့ ဖြစ်ရာမှာ ချုပ်တဲ့လေ၊ ချုပ်ရာမှာ ဖြစ်တဲ့လေ၊ ဒီလို မဟုတ်လား (မှန်ပါ ဘုရား။)

အပြင်မှာရှိတဲ့လေဟာ အပြင်မှာချုပ် နှာခေါင်းဆီသို့ မလာနိုင် နှာခေါင်းထဲက လေဟာ နှာခေါင်းထဲမှာချုပ် ရင်ချိုင့်ဆီသို့ မလာနိုင် ရင်ချိုင့်ထဲက လေဟာ ရင်ချိုင့်ထဲမှာချုပ် ချက်တိုင်ဆီသို့ မလာနိုင် ချက်တိုင်က လေဟာလဲ ချက်တိုင်မှာဘဲချုပ်တော့ ရှင်ချိုင့်ဆီသို့တက်ပြီး နှာခေါင်းက ထွက်သွားနိုင်ပါဘုံးမလား သေသေ ချာချာ စဉ်စား

ကြည့်စမ်းပါ (မှန်ပါ ဒီလို အပိုင်းအပိုင်း ပြတ်နေတဲ့ လေသဘောကို မသိတော့ အထက်တွင်မကဘူး အောက်ကလဲ ထွက်သေးတယ်လို့ ပြောကြပါ ဘုရား။)

အဲဒါလို ထိထိမိမိ အရင်းကျကျ သဘာဝမျှကို မသိကြတော့ လေတက်တယ် လေအလုံးဆို့တယ် လေပြင်ရှိတယ် လေအံတယ် လေနာတယ်လို့ ပြောကြ၊ စင်စစ်တော့ လေကနာဒါ မဟုတ်ဘူး ဝေဒနာက နာဒါ"လေသဘောက ရပ်တရား ဝေဒနာက နာမ်တရား"ရပ် နာမ် နှစ်ပါး ခွဲလိုက်တော့ တမျိုးစီ ဖြစ်မနေဘူးလား (မှန်ပါ ဖြစ်နေပါ ဘုရား။)

လေ ကတော့ မနာတတ်ပါဘူး လှုပ်ရှားမှု ကြိယာမျှ ပါဘဲ ဝမ်းထဲက တခါတရံ ဒွတ်ဒွတ် ဒုတ်ဒွတ်နဲ့ မြီဒါလဲ လေသံ မဟုတ်ပါဘူး အသံဓာတ်ပါ "လေက ဝါယောဓာတ် အသံက သဒ္ဒဓာတ်" ဓာတ်ခွဲ ကြည့်လိုက်တော့ တမျိုးစီဘဲ ဒကာအောင်တို့ တတွေဟာ အမြင်မှန် မရခင် တုံးကတော့ လေနဲ့,,ဝေဒနာနဲ့,,မဂ္ဂကြ လေနဲ့ အသံနဲ့ မဂ္ဂကြ လေနဲ့,,အဆင်းနဲ့ မဂ္ဂကြဘူး၊ စိန်းစိန်းလေးက လှုပ်တယ် ဝါဝါလေးက လှုပ်တယ် နီနီလေးကလှုပ်တယ် ပြာပြာလေးက လှုပ်တယ် သစ်ရွက်ကလေးက လှုပ်တယ် သစ်ပင်ကြီးကလှုပ်တယ်လို့ မှားမနေကြဘူးလား(မှန်ပါ မှားနေကြပါ ဘုရား)

ပရမတ်ဆိုဒါသွားနှင်ရဲ့လား

ပြီးတော့လဲ ဝါယောပရမတ်ရဲ့ အပေါ်မှာ "**ပစ္စယ သင်္ခါ**"ဖြင့် ဘုတ်အဆက်ဆက် ဖြစ်နေဒါကို သတိမထားမိလို့ သွားတယ်, လာတယ် ရပ်တယ် ထိုင်တယ်, အိပ်တယ်, ကြွတယ် လှမ်းတယ်, ခြေတယ် ကွေးတယ်လို့ ထင်ရသော်လဲ လူပ်ရှားမှု ပရမတ်ကတော့ မသွားတတ်, မလာတတ်, မထိုင်တတ်, မအိပ်တတ်, မကြွတတ် မလှမ်းတတ်, မကွေးတတ်ပါဘူး အဗျာပါရ အနတ္တတရားဘဲ၊ ထင်ရှားရှိတဲ့ ရုပ်ပရမတ်ကမှ မလှမ်းနိုင်, မကွေးနိုင်ပါဘဲနဲ့ ခြေတောက်က လှမ်းတယ် လက်မောင်းက ကွေးတယ်ဆိုဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ လူပ်ရှားပရမတ် ဝါယောဓာတ်ဟာ ဖြစ်ရာမှာချုပ် ချုပ်ရာမှာ ဖြစ်တယ်ဆိုတော့ သူ့နေရာက ရှေ့ပြီး တထွာလောက် တတောင်လောက် လှမ်းနိုင်ပါအုံးမလား(မှန်ပါ တထွာ တတောင် မဆိုထားပါနဲ့ မုံညှင်းစေ့ခန့်မျှ မရှေ့နိုင်ပါဘုရား။)

မလှမ်းနိုင်လို့ရှိရင်လဲ သွားနိုင်ပါအုံးမလား (မသွားနိုင်ပါ ဘုရား။)

ကြွကော ကြွနိုင်ပါအုံးမလား (မကြွနိုင်ပါ ဘုရား။)

ကွေးကော ကွေးနိုင်ပါအုံးမလား။ (မကွေးနိုင်ပါ ဘုရား။)

ကြပ်ကြပ် စဉ်းစားဗျနော်.... ဒီနေရာမှာ အူကြောင်ကြောင် ဖြစ်တတ်တယ်၊ရှပ်,နာမ်ခွဲလိုက်တဲ့အခါကျတော့ "အလှမ်းထင်ဒါက နာမ်၊ လှုပ်ရှားမှုက ရှပ်၊ အကွေးထင်ဒါကနာမ်၊ လှုပ်ရှားမှုကရှပ်" ရှပ် နာမ်နှစ်ပါးရဲ့ အပြင်လှမ်းဒါ ကွေးဒါ အသီးအခြား မရှိတော့ပါဘူး၊ စိတ်ထဲတွင် ထင်မြင်ရတဲ့ အဓကွေး အကောက်ဘဲဆိုဒါ နက်နက်နဲနဲ ဝေဘန်လိုက်စမ်းပါ-ပရမတ်ဟူက ရှေ့နဲတိုးပွါးခြင်း မရှိသည့်အတွက် လေဖေါင်းတယ် လေရှေ့တယ် လို့လဲ တကယ်ပြော မဖြစ်ပါဘူး၊ ဝိပဿနာ ဉာဏ်နဲ့ ကြည့်လိုက်တော့ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်, လျောင်းခြင်း-ဟုဆိုအပ်သော ဇုရိယာပထနှင့်တကွ ထွက်တဲ့လေ ဝင်တဲ့လေ အတွင်းလေ အပြင်လေ ဖေါင်းတဲ့လေ ရှေ့တဲ့လေ ရှေတဲ့လေ တိုတဲ့လေရယ်လို့ မရှိတော့ပါဘူး ဒကာအောင်ရ (မှန်ပါ စိတ်ထင်မှတ်တွေပါ ဘုရား။)

ဒါ့ကြောင့်—

လှုပ်ရှားလေဓာတ်၊ ဥပါဒိချိန်ရှယ်၊
ခဏတည်ဆဲ၊ ဒီဘဲထင်တယ်၊
သန္ဓတိစက်၊ ညီဆက်မတွယ်၊
ဩ....ဘင်ခဏ၊ မြင်ကြဲသုညနယ်။

ဝိပဿနာအစစ်

ဒ္ဌါရ, ချက်တိုင်, ရင်ချိုင့်, နှာခေါင်း, ဝမ်းပိုက် စသည့် အားဖြင့် ငါအရှိ ကိုယ်အရှိ ပုဂ္ဂိုလ်, သတ္တဝါ အရှိထားပြီး အာနာပါနသတိပဋ္ဌာန် စသည်တို့ကို အားထုတ်နေကြတဲ့ သမထ ယောဂီများကိုလဲ အပြစ်မဆိုလိုပါဘူး "**အနဝဇ္ဇ သုခဝိပါကလက္ခဏာ**" သူ့နယ်နဲ့သူတော့ ကောင်းတယ်လို့ ဆိုရ၊ ဝဋ္ဌဘဝကတော့ မလွတ်ဘူးပေါ့နော်၊ သရက်သီး စားခြင်ရင်တော့ တမာစေ့ စိုက်လို့ မဖြစ်ဘူးဆိုဒါ သတိပြုရလိမ့်မယ်၊ တချို့လဲ သမထနဲ့ ဝိပဿနာ မကွဲကြဘူး၊ ဆံပင် ငါမဟုတ် အနိစ္စ မွေးညှင်း ငါမဟုတ် အနိစ္စ, ခြေသဲလက်သဲ ငါမဟုတ် အနိစ္စ သွားဒါ ငါမဟုတ် အနိစ္စ လှမ်းဒါ ငါမဟုတ် အနိစ္စ, ကြွဒါ ငါမဟုတ်အနိစ္စ, ကွေးဒါ ငါမဟုတ် အနိစ္စ, ထွက်လေ ငါမဟုတ် အနိစ္စ ဝင်လေ ငါမဟုတ် အနိစ္စ၊ အဲဒီလို ငါမဟုတ် ကိုယ်မဟုတ် ပုဂ္ဂိုလ် သတ္တဝါအသက် လိပ်ပြာမဟုတ်လို့ ရှုပြီးသော်လဲ ဆံပင် မွေးညှင်း အကြွ အလှမ်း အထွက် အဝင်-စသော ဃနသန္တတိတွေက မသုဉ်းဆိတ်တော့ ဝိပဿနာ အစစ်လို့ ဆိုနိုင်ပါ့မလား။ (မှန်ပါ ဒီပုတ်ထဲက ဒီပဲ သမထ သမထ ပါဘဲ ဘုရား။)

အတ္တနှင့် အနတ္တရောယှက်ပြီး သမထမဟုတ်, ဝိပဿနာ မဟုတ်၊ အားထုတ် နေပြန်ရင်လဲ **ပမာအား**ဖြင့် ကျိုးနဲ့ ကြက် စပ်ကျတဲ့ ၄က်ကလေးဟာ ကျိုးလိုလဲ မမြည်

တတ်, ကြက်လိုသဲမမြည်တတ် "**အောက်ကလိအာ**"လို့ မြည်သလို "**ကပြား၊ ဝိပဿနာ**" ဖြစ်သွားရင် ဘုရားအလို တော်ကျပါ့မလား (မှန်ပါ အောက်ကလိအာ ကမ္မဋ္ဌာန်း မဖြစ်ရအောင် သတိပြုရပါလိမ့် ဘုရား။)

ဒကာအောင်.... (ဘုရား....)

လုပ်တော့ သမထ ပြောတော့ ဝိပဿနာ ပရ မတ်က လက်ခံပါ့မလား ?
လုပ်တော့ သမထ ပြောတော့ သောတာပန် သကဒါဂါမ် အတ္တဒိဋ္ဌိက လက်ခံပါ့မလား ?
လုပ်တော့ သမထ ပြောတော့ အနာဂါမ်၊ ဒေါ သက လက်ခံပါ့မလား ?
လုပ်တော့ သမထ,ပြောတော့ရဟန္တာ၊ တဏှာက လက်ခံပါ့မလား ?

ဝေဘန်စရာ အချက်တွေနော်-(မှန်ပါ အလုပ်တမျိုး အပြောတခြား မဖြစ်အောင် သတိပြုရပါလိမ့် ဘုရား။)

ဒကာမကြီးတယောက်က "ဝိပဿနာ အားထုတ်ရင်း အပျက်တွေ မြင်လိုက်တာ ဘုရာ...." ဆိုလို့ မေးကြည့်တော့ အသားတွေကျွေကျတယ်, အရိုးတွေ ပြိုတ်ကျတယ် အမှုံတွေ ဖွားဖွား-ဖွားဖွားနဲ့ ပျက်နေတယ်လို့ လျှောက်ထား၊ ဝိပဿနာ ဟုတ်ပါ့မလား။ (မှန်ပါ-ဝိပဿနာ ရှေရည်စိန်တွေပါ ဘုရား။)

ရှင်, နာမ် ပရမတ်တို့၏ အပြောခက်တဲ့ သဘော သက်သက် ကလေးတွေ ပျက်နေဒါကိုမြင်မှ ရေမရောတဲ့ ဝိပဿနာ၊ အကောင် အထယ် အဝ အပိန် အကွေး အ ကောက် အခဲ အတုံးကို မဆိုထားနဲ့ မြူထဲမှာ အသေး ဆုံးလို့ခေါ်ရတဲ့ ပရမာနုမြူ တခြမ်းကို အစိတ်တသန်း စိတ်၍ တစိတ်စာမျှ ပုံဟန်သဏ္ဌာန် ပေါ်နေသေးရင် ဝိပဿနာ အစစ် မဟုတ်ဘူးဟု တထစ်ချ မှတ်ပါ။

မဂ်အန္တရာယ်တွေ

ဆရာကောင်း ဆရာမှန်နဲ့ မတွေ့တဲ့ အချို့သော ယောဂီတွေမှာလဲ သူရဲ့ တဏှာ မြေဘုတ်, ဘီလူးတွေနဲ့ တွေ့ရပုံ ငရဲကြီးရှစ်ထပ်ကို မြင်ရပုံ အရောင် အလင်းနှင့် နီနီ အလုံးကြီး ဝါဝါအလုံးကြီးတွေကို မြင်ရပုံ နောက် လိုက် နောက်ပါ ရဟန္တာအရှင်မြတ်တွေနှင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကြွလာတော်မူပုံ နတ်ပြေ ခြောက် ထပ် ရောက်သွားလို့ နတ်သား နတ်သျှီးတွေနဲ့ တွေ့ရပုံ မြဟွဲ့ပြေရောက်သွားလို့ မြဟွဲ့ကြီးတွေမြင်ခဲ့ရပုံ စသည် တို့ကို အသားယူပြီး မစားရ ဝခမန်း ပြောတတ်ကြ၊ ပြီးတော့—မဟာမြင်တောကြီးထဲ ရောက်သွားလို့ ဝိဇ္ဇာ ဖိုရ်နဲ့ တွေ့ခဲ့ရသလိုလို ဘိုးဘိုးအောင်နဲ့ တွေ့ခဲ့ရသလိုလို စကြာမင်းနဲ့ တွေ့ခဲ့ရသလိုလို သူရောင်မလေးတွေ မြင်ခဲ့ရ သလိုလို ဘာလိုလို ညာလိုလို ပြောတတ်ကြ ဖိုမိကိုယ်မှာ

သာယာတဲ့ဟဏ္ဍာ ဟက်ကြွတဲ့မာန စွဲလမ်းတဲ့ဒိဋ္ဌိ ဂါဟတွေ မိနေဒါတော့ သိဟန်မဟူကြဘူး၊ ပေါ်လာတဲ့ နိမိတ်တွေကို စိတ်ထင်ဒါကိုး စိတ်ပေါ်တာကိုး ထွေထွေလာလာ ကြံဒါကိုးလို့ မချနိုင်တော့ အဟုတ် သူရဲတွေ အဟုတ်တဘွဲ့တွေ အဟုတ်ဘီလူးတွေထင်ပြီး အကြောံကြီး ကြောက်၍ စိတ်နောက်လို့ ရှုးသူရှုး ငါလိုလူမရှိဘူးဆိုပြီး မျက်နှာ အောက်သိုးကြီးနဲ့ စိတ်ကြီး ဝင်လိုဝင် **"ပေါ့စေလိုလို့ကြောင်ရှပ်ထိုးဆေးအတွက်ဝန်လေး"** နေတဲ့ပုဂ္ဂိုလ်တွေလဲ အများကြီးဘဲ၊ ဒကာအောင်ကြီးလဲ သတိသာ ထားပေတော့ဗျား—မတော်လို့ မျှားရှုးသွားမှ ဖြင့် အဂ္ဂပါယ်ရေးချ အပါယ်ထဲ....(မှန်ပါ-ကျရမှာပါဘုရား။)

ရှုးပြီးတဲ့ပုဂ္ဂိုလ်တွေ ရှုးတုံးရှုးဆဲ ပုဂ္ဂိုလ်တွေ ရှုးမယ်လို့ အစပျိုးနေတဲ့ အူတူတူ ပုဂ္ဂိုလ်တွေလဲ အချို့သော အရပ်ဒေသများမှာ တွေ့ခဲ့ရတယ် **"ထိုင်နေ အကောင်းသားထသွားမှ ကျိုးမှန်းသိ"** ဆိုဒါလို မိရိုးဘလာ ဒါန သီလ လေးနဲ့ နေဒါကမှ သုဂတိဘုံရောက်နိုင်သေးတယ်၊ အခုလို စိတ်နောက်တဲ့ အဖြစ်မျိုးနဲ့ သာ သေရမယ် ဆိုရင်တော့ အာဠဝေရ ဥဒက ရသေ့တို့ထက်တောင် မဆိုးပေဘူးလား (မှန်ပါ ဆိုးပါ ဘုရား။)

တချို့လဲ ကိုယ်ရောင်ကိုယ်ဝါ တည်းဟူသော သြဘာသ, ကြက်သီး မွေးညှင်း ထရုံမျှ သေးငယ်စွာ ဖြစ်သော **ခုဒ္ဒိကာဝိတိ**,လျှပ်စစ်ပြက်သလို ခဏခဏဖြစ်၍ ခဏခဏ

ဗျက်သောခဏိကာဒီတိ, ဒီရေလှိုင်းလုံးကြီး လွှမ်းဖုံးလာသကဲ့သို့ တကိုယ်လုံးဥ်ိ့လွှမ်းဖုံးသက်ရောက်သော **သြဂ္ဂနီ-ကာ ဒီတိ**, မိမိအဟုန်ဖြင့် ကိုယ်ကို အထက်သို့ မြောက်နိုင်သော **ဥဗ္ဗေဂါဒီတိ**, ဥဗ္ဗေဂါထက် ကြာရှည်စွာ တကိုယ်လုံးမှာ ပြန့်နှံ့သော **ဖရဏာဒီတိ**, ကိုယ်စိတ်နှစ်ပါး ထူးထူး ခြားခြား ငြိမ်သက်ခြင်း ဟူသော **ပဿဒ္ဓိ-စ**သော ဝိပဿနာ၏ ညစ်ညူးကြောင်းဖြစ်တဲ့ အန္တရာယ်တွေကို နိဗ္ဗာန်ထင်ပြီး နိကန္တိ တဏှာ ဖြစ်နေတတ် ကြတယ်၊ နောက်နောက်က ဒီ-အဖြစ်မျိုးတွေကို မကြုံခဲ့ဘူးတော့ အံ့ထူးအဆန်း အာသာငန်းပြီး **"မဂ်ဇောကျပြီ-ဖိုလ်ဇောကျပြီ"** ထင်တတ်တယ် ကြပ်ကြပ် သတိထား များများကြီး စဉ်းစား၊ ဒီလို အမှောက်မှောက် အမှားမှား ဖြစ်နေဒါဟာ လမ်းမှန်နဲ့ လမ်းမှားကို ခွဲခြားမ‌ျှ‌ သိတဲ့ **"မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ"** အမြင်မရှိလို့ မဟုတ်လား။ (မှန်ပါ ဘုရား။)

အရိယာအစစ်

တချို့ အရပ်များမှာလဲ ဆရာလုပ်သူက မင်းသောတာပန် တည်ပြီ အရိယာ ဖြစ်ပြီလို့ ဆုံးဖြတ် ပေးလိုက်တော့ တပည့်လုပ်သူက ယုံကြည် စိတ်ချပြီးနေ၊ တော်တော်ကြာ လောကဓံနှင့် တွေ့တော့ အရက်သောက်လို သောက်, သူ့သားမယား မှားလိုမှား ဝက်မွေးလိုမွေး တံငါလုပ်သူလုပ်, ဖေါက်လွှဲ ဖေါက်ပြန် ဒုစရိုက်ကံတွေ

ပြုနေတဲ့သူကို အရိယာလို့ ဆိုနိုင်ပါ့မလား။ (မှန်ပါ-ဆေးဆိုး အရိယာတွေမို့ ကျွတ်ကုန်ပါ ဘုရား။)

အရိယာဆိုဒါ မတုန်လှုပ်သော သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့အတွက် လောကဓံနှင့် တွေ့သော်လဲ တရားနဲ့ သီးခံပြီး ဖေါက်ပြန်ခြင်း မရှိတော့ဘူး၊ စာမရိမည်သော သားကောင်ဟာ အမြီးမွှေး တပင်အတွက်နဲ့ အသေခံသလို မိမိသီလကို အပျက်မခံ အသက်ကိုသာ အသေခံတယ်၊ ပြီးတော့ ငါအရိယာဖြစ်ပြီ၊ ငါသောတာပန် တည်ပြီလို့ ကြောင်သူတော်အလား ကြွားဝါခြင်းမရှိကြဘူး။

* သောတာပန္နာဒိဘာဝံ ဇာနာပေတုံ နဂ္ဂစ္ဆတိ၊
အယံ အရိဂမ အပ္ပိစ္ဆော နာမ—တဲ့။

ကြားလား....(မှန်ပါ ဘုရား။)

ရပ်ဓာတ်. နာမ်ဓာတ် ပရမတ်အစစ်ကိုမမြင်၊ ကိုယ့်ကိုယ်ကို အရိယာဖြစ်တယ်ထင်ပြီး မသေခင် အတောအတွင်း ပြဆိုခဲ့တဲ့ ဒုစရိုက် အမှုတွေကို အကယ်၍ မပြုရှောင်ကွင်း ဖေါက်ပြန်ခြင်း မရှိတောင် သေခါနီးမှာ

---

* သောဟာပန္နာဒိဘာဝံ၊ သောတာပန် အစစ်ရှိသည်အဖြစ်ကို။ ဇာနာပေတုံ၊ သူတပါးတို့သိစေခြင်းငှါ။ နဂ္ဂစ္ဆတိ၊ အလိုမရှိ။ အယံ၊ ဤသို့ အလိုမရှိခြင်းသည်။ အရိဂမအပ္ပိစ္ဆောနာမ၊ အရိယာတို့လက်ဝယ်ရှိသော အဝိဂမအပ္ပိစ္ဆတရုးကြီး မည်ပါပေတဲ့။

(မဟာနိဒ္ဒေသ အဋ္ဌကထာ)

သဏ္ဌာယဒိဋ္ဌိကဆွဲပြီး အပါယ်ထဲ မပို့လိုက်ပေဘူးလား။ (မှန်ပါ–အောက်ခြေ လွတ်တဲ့သူကို ချမ်းသာပေးမည် မဟုတ်ပါ ဘုရား။)

အထူးသတိပေးခြင်းဒါကတော့ မဂ်စကား ဖိုလ်စကား နိဗ္ဗာန် စကားတွေကို အသားယူပြောမနေကြဘဲ၊ မိမိကိုယ် ဖြစ်တဲ့ ပဓာနအချုပ် ဝိပဿနာ အလုပ်ကို ဥပစာသမာဓိ အပ္ပနာသမာဓိဆိုတဲ့ သမထ သမာဓိမျိုး မဟုတ်ဘဲ—

* နဟိ ခဏိက သမာဓိ ဝိနာ ဝိပဿနာ သမ္ဘ ဝတိ–လို့....

မဟာဋီကာမိန့်တော်မူချက်အရ ထူးမြတ်သော ခဏိက သမာဓိဖြင့် ခေတ်သားကျအောင်အားထုတ်ကြဘို့ အရေး ကြီးတယ်၊ သောတာပန်, ပန်ခြင်ပန်-မပန်ခြင်နေ၊ ဒီ ဝိပဿနာ စိတ်နဲ့သာ သေမယ်ဆိုရင် အပါယ် တံခါး ပိတ်ပါပြီ ဒကာအောင်ရ။ (မှန်ပါ မဂ်,ဖိုလ် နိဗ္ဗာန် ဆိုတဲ့ တရားတွေဟာ ဝိပဿနာ ဆင်ခြင်ရာမှာ လုံးဝကို အသုံး မချနိုင်ပါ ဘုရား။)

ဒကာအောင်ရေ.... (ဘုရား) ရှေ့ ဆက်ကြအုံးစို့၊ ဂါထာရဲ့အရ စိန္တာနကိစ္စ ကလေးတွေ ပြောစရာ ရှိသေး၊ နိမ့်တယ် မြင့်တယ်ဆိုဒါလဲ စိတ်ကြီစည်မှုတွေဘဲ။ **ဥပမာ** လှေခါး ထောင်ထားတဲ့ အခါ လှေခါးထစ်တွေ အနိမ့်

* ခဏိကသမာဓိ၊ ခဏိကသမာဓိကို။ ဝိနာ၊ ကင်းရှိ။ ဝိပဿနာ၊ ဝိပဿနာ ဉာဏ်သည်။ နဟ သမ္ဘ ဝတိ၊ မဖြစ်နိုင်။

အမြင့် ထင်ရသော်လဲ လေခါးကိုလဲ့လိုက်တော့ တညီ တညာထဲ ဖြစ်မသွားဘူးလား။ (မှန်ပါ ညီသွားပါဘုရား။)

အကယ်၍ အနိမ့် အမြင့် ရှိဒါမှန်ရင် လေခါးကို လဲ့သော်လဲ လေခါးထစ်တွေဟာ နိမ့်လိုက် မြင့်လိုက်နဲ့ ထောင်ထားစဉ် အခါတုံးကလို နေရမယ်၊ အနိမ့် အမြင့် ရယ်လို့ တသီး တခြားမရှိပါဘူး၊ ဒါ့ကြောင့် ကျေးဇူးရှင် ဒုတိယ ကြောင်ပန်း ဆရာတော်ဘုရားကြီးကလဲ အရှေ့ အနောက်, တောင်, မြောက်, အောက်, အထက် အနိမ့် အမြင့် အဝေး အနီး အသေး အကြီး လေးမြောင့် ရှစ်ထောင့် နက်တိမ် တိုရည် ရှိမရှိ သိမသိ ဉတ်တုတ်က နာမ်လို့ သုံးစောင်တွဲမှာ မိန့်တော်မူတယ်-မဟုတ်ပါလား။ (မှန်ပါဘုရား။)

နာမ်အကွာရာ

နာမ်တလုံးနဲ့ သတ္တုချပြီး မကြည့်တတ်ရင် မြင်တိုင်း ရှုပ်ပွေ့သဏ္ဌာန်တွေအပြောင်းအလဲနဲ့ ခုခံနေတတ်တယ်၊ ကြပ်ကြပ် သတိထားနော်-ကျောက်သင်ပုံး တချပ်ထဲမှာ မြေဖြူတန်နှင့် က,ကြီးလေး ရေးလိုက်စမ်းပါ့ (မှန်ပါ။ ရေးပြီးပါပြီ ဘုရား။)

အဲဒီလို ရေးလိုက်တော့ က,ကြီးကို ရေးလျက်နေသလား အဆင်းကို ရေးလျက်နေသလား သေသေ ချာချာ စဉ်းစား ကြည့်စမ်း၊ ဖြူတဲ့ အဆင်းကိုသာ ရေးမိတယ်၊

က,ကြီးကို မရေးမိဘူး၊ က,ကြီးကတော့ ရေးသူရဲ့ စိတ်ထဲက မထွက်ပါဘူး၊ ဒါ့ကြောင့် ကျောက်သင်ပုံထဲမှာ က.ကြီးမရှိ အဆင်းဝေတ်သာလျှင် အမှန်ရှိဒါမို့ မြင်နေရတယ်-မဟုတ်လား။ (မှန်ပါ-မြင်နေရပါဘုရား။)

က ကြီး ခ ကွေး ပုတ်လောက်ရေးပြီး ဒုတ်ထောက်ပြီတောင် က ကြီး ခ,ကွေးကိုတော့ မမြင်ရဘူး၊ ဒါပေမဲ့ ကျောင်းဆရာများက ဒုတ်ကြီးနဲ့ ထောက်ပြီး က ကြီး ခ ကွေး ဂ ငယ် ဃ ကြီး င လို့ သင်ပေးလိုက်တော့ ခလေးများက ကျောက်သင်ပုံးထဲမှာ က,ကြီး ခ,ကွေး အရှိထင်ပြီး လိုက်ကြရတယ်၊ ခုတင်ကရေးထားတဲ့ကကြီးကို အထက်အောက် လှဲကြည့်လိုက်စမ်းပါ့ ဘယ်နှယ်ဖြစ်နေတုံး။ (မှန်ပါ-ယပက်လက်လို့ ထင်ရပါ ဘုရား။)

တခါ လက်ဝဲဘက် လှဲကြည့်လိုက်အုံး၊ ဘယ်လိုထင်ရှသလဲ။ (မှန်ပါ-ဒဋ္ဌေးလို့ ထင်ရပါ ဘုရား။)

တခါလက်ျာဘက် လှဲကြည့်လိုက်အုံး။ (မှန်ပါ-ငသတ်လို့ ထင်ရပါ ဘုရား။)

ကြည့်နော်-ဖြူတဲ့ အဆင်းဝတ်ရဲ့ အပေါ်မှာ နာမ်တရားက ကကြီး ယပက်လက် ဒဋ္ဌေး ငသတ်လို့ အမျိုးမျိုးကြီဒါ၊ ကျောက်သင်ပုံးထဲမှာတော့ က ယ ဒ,င မရှိပါဘူး ခလေးခုသောဘက်မှ လေးယောက်သော လူ ပြိုင်တူကြည့်လျှင်လဲ တမျိုးစီ ပေါ်ဒါပါဘဲ။

* မြင်ဆဲခဏာ၊ ဆင်းဝတ္ထုကို၊ က ယ,ဒ,လျှင်၊ ငသတ်ထင်၊ ဝိညာဉ်ကြီးဆ၊ အနတ္တ။

အဆင်းရဲ့အပေါ်မှာ က,ကြီးလို့ ဘယ်လိုထင်ထင် အဆင်းကတော့ က,ကြီး မဟုတ်ဘူး၊ ယပက်လက်လို့ ဘယ်လိုထင်ထင် အဆင်းကတော့ ယပက်လက် မဟုတ်ဘူး၊ ဒဠေးလို့ ဘယ်လိုထင်ထင် အဆင်းကတော့ ဒဠေး မဟုတ်ဘူး၊ ငသတ်လို့ ဘယ်လိုထင်ထင် အဆင်းကတော့ ငသတ်မဟုတ်ဘူး၊ အချုပ်အားဖြင့် လေးဆဲ့တလုံးသော အကွဲရာများဟာ စိတ်၏ကြီးဆမှုသာဖြစ်ခြင်းကြောင့် နာမ်အကွဲရာတွေ မဟုတ်လား။ (မှန်ပါ ဘုရား။)

ဌသလင်းချိတ်ထင်လို့ ကြည့်လိုက်တဲ့အခါ ဘာ အကွဲရာ ပေါ်တုံး (နာမ် အကွဲရာပေါ်ပါ ဘုရား။)

ဒုရင်ကောက်ထင်လို့ ကြည့်လိုက်တဲ့အခါ ဘာ အကွဲရာပေါ်တုံး (နာမ် အကွဲရာပေါ်ပါ ဘုရား။)

ဏကြီးထင်လို့ ကြည့်လိုက်တော့ ဘာ အကွဲရာပေါ်တုံး (နာမ် အကွဲရာ ပေါ်ပါ ဘုရား။)

နငယ်ထင်လို့ ကြည့်လိုက်တော့ ဘာ အကွဲရာ ပေါ်တုံး (နာမ် အကွဲရာ ပေါ်ပါ ဘုရား။)

ဒီ-အကွဲရာတွေဟာ ဘယ်မှာ ပေါ်သလဲ ဆိုတော့ ဟာဒယဝတ္ထု၊ သင်ပုံးကြီးထဲမှာ တလုံးပြီးတလုံး ပေါ်နေတယ်၊ နှစ်လုံး, သုံးလုံး ပြိုင်မပေါ်နိုင်ကြဘူး။

လူစင်စစ်က'ဘဲ'ဖြစ်ပုံ

စိတ်လွှဲစားဒါများ အတော် ဆန်းကြယ်သနော်-မိမိ ခန္ဓာမှာ ရှိတဲ့ အဆင်းဝတ်ရဲ့ အပေါ်မှာတောင် လက်မောင်းတဲ့ ခြေထောက်တဲ့ ကိုယ်တဲ့ ခေါင်းတဲ့၊ ခေါင်းတခုထဲမှာတောင် မျက်နှာလေးက ဘယ်လို မျက်လုံးလေးက သမင်မရဲ့ မျက်လုံးလို မျက်ခုံးလေးက သုံးရက်လလို နှာခေါင်းပေါက်လေးက ရွှေဂူဝလေး နှစ်ခုလို သွားကလေးတွေက ပလဲသွယ်လို ဘာလို ညာလိုပေါ့လေ ရှုပ်လို့ မင်းသားရူးပြောတဲ့စကားလိုဖြစ်နေတယ်'အောင်မလေး လှလိုက်တာ ပစပ်ထဲသွင်းပြီး ငုံထားလိုက်ခြင်တော့ ငါ့လယ်ချောင်းထဲ မင်း သေးပေါက်ချမှာ စိုးလို့သာကွာ' ဆိုဒါလို အစ္စဲအလမ်းတွေ ပြင်းထန်ပြီးနေကြဒါဟာ စိတ်လှဲ့စားဒါ စိတ်ကြီးဒါကို မသိလို့ဘဲ၊ သူတို့ ကြည့်နေတဲ့ ကားချပ်ဟာ ဟိုမှာတော့မရှိပါဘူး၊ သူတို့စိတ်ထဲမှာရှိတဲ့ ကားချပ်ဘဲ မဟုတ်လား (မှန်ပါ ဘုရား။)

ကိုယ့်ကားချပ် ကိုယ်ကြည့် ကိုယ့်ဓာတ်ရှင် ကိုယ်ကြည့်နော်-အပြင်လောက သွားကြည့်မနေနဲ့၊ မုံးစရာဘက်ကဆိုပြန်တော့လဲ သူ့ကြည့်ရဒါကိုက ခွေးကျွေးလို့ ဝက်မစားတဲ့ရုပ်ကြီးဘဲ လင်သေတဲ့မျက်နှာကြီးလို ကြက်သရေ မရှိလိုက်တာ၊ နှုပ်သီးကြီးကလဲ ဝက်နှုပ်သီးကြီးလိုဘဲ ပစပ်ကြီးကလဲ ဘီလူးကြီးလိုဘဲ ဘာဘဲ ညာဘဲလို့

လူစင်စစ်က 'ဘဲ'ဖြစ် မသွားဘူးလား။ (မှန်ပါ-ဘဲဖြစ် သွားပါဘုရား။)

ဒီလို မုံးဒါလဲ ကားချပ်အကြည့်မှားလို့ပါ ဟိုသွား သွား ကြည့်နေဒါကိုး၊ မနောဝိညာဉ် ပန်းချီကားချပ်က ကိုယ့်ဆီမယ် မဟုတ်လား (မှန်ပါ ဘုရား။)

စဉ်းစားကြည့်လိုက်ရင် အဆင်းဝတ်သား ပရမတ် တရားထဲမှာတော့ ချစ်စရာလဲမပါ မုံးစရာလဲ မပါပါဘူး၊ မပါဘဲနဲ့ ချစ်စရာကြီးဘဲ မုံးစရာကြီးဘဲလို့ ဘဲထီး ဘဲ၊ လုပ်နေဒါဟာ ရိစရာမကျဘူးလား (မှန်ပါဘုရား။)

ဒကာအောင် ဘဲမည်သံကြားဘူးလား (မှန်ပါ-ဝဲ ဘဲနဲ့ ကြားဘူးပါဘုရား။)

အဲဒီ-ဘဲ ပြောဒါ မဟုတ်ဘူး။ လူ ဘဲပြောဒါ၊ နှာ၊ ထောင် ဘဲသံ....။

ဝိယောဝိယေန၊ မျက်လုံးမျက်ခုံး တကိုယ်လုံး ယာဉ် တယ်၊ အော်.... ပြုံးဒါကလေးက ချစ်စဘွယ် "ဒါက ဘဲဟမျိုး" မျက်နှာ အောက်သိုး၊ ခေါက်ချိုးနေတယ်၊ ကွဲ....သူ့ အနှားကို ငါမသွားခြင်ပေါင် ဟယ်....။ "ဒါလဲ ဘဲတမျိုးပေါ့" မလှည့်ဘဲတော့ မဟုတ်ဘူး- ရှင်ဘွယ်, မုံးဘွယ် အားဖြင့်ရင်း။

အဝုလို ချစ်လိုက်, မုံးလိုက် ဖြစ်နေဒါဟာ ရုပ်ကိစ္စနဲ့ နာမ်ကိစ္စကို မကွဲလို့ပေါ့၊ ဆောင်ပုဒ်ကလေးမှတ်ထား-

* မျက်စိနဲ့ မြင်ဒါ၊ အဆင်းဟာ၊ အဲဒါ ရုပ်ကိစ္စ။
မျက်စိနဲ့ မမြင်ဒါ၊ ဦးခေါင်းဟာ၊ အဲဒါ နာမ်ကိစ္စ။
မျက်စိနဲ့ မြင်ဒါ၊ အဆင်းဟာ၊ အဲဒါ ရုပ်ကိစ္စ။
မျက်စိနဲ့ မမြင်ဒါ၊ လက်မောင်းဟာ၊ အဲဒါ နာမ်ကိစ္စ။
မျက်စိနဲ့ မြင်ဒါ၊ အဆင်းဟာ၊ အဲဒါ ရုပ်ကိစ္စ။
မျက်စိနဲ့ မမြင်ဒါ၊ ကိုယ်ကလေးဟာ၊ အဲဒါ နာမ်ကိစ္စ။
မျက်စိနဲ့ မြင်ဒါ၊ အဆင်းဟာ၊ အဲဒါ ရုပ်ကိစ္စ။
မျက်စိနဲ့ မမြင်ဒါ၊ သားသွေးဟာ၊ အဲဒါ နာမ်ကိစ္စ။
မျက်စိနဲ့ မြင်ဒါ၊ အဆင်းဟာ၊ အဲဒါ ရုပ်ကိစ္စ။
မျက်စိနဲ့ မမြင်ဒါ၊ တုံးတိုင်ဟာ၊ အဲဒါ နာမ်ကိစ္စ။

"နားကြားဒါ အသံဟာ" စသည် ရှောက်ဆိုပေါ့လေ။

နာမ်ပုဏ္ဏာ

ကဲ-အထက်ကပြောခဲ့တဲ့ ဘဲ အကြောင်း အသာထားပြီး၊ ၄က်အကြောင်း သွားအုံးမှာဘဲ။

* စတုပါဒေနှင့် သိသေအံ့ချလို့ မံသနှင့်ဖုံး၊
ဥဒကေ ဝနေ ရံခါတက် ဘာ၄က်တဲ့တုံး။

ဖေါ်စမ်းပါ နာမ်ပုဏ္ဏာကလေး ခြေထောက်က လေးချောင်း၊ ခေါင်းကတော့ အံ့ချထားတယ်၊ အလိုရှိတဲ့အခါမှ ထ၄က်တယ်၊ နေတော့ရေထဲမှာ နေပြီး တခါတရံ

ကုန်းပေါ်တက်သတဲ့ ဆဲဒါ ဘာဌက်တုံး။ (ထပ် အမိန့်ရှိ ပါအုံး ဘုရား။)

စတုပါဒေနှင့် သိသေအံ့ချလို့ မံသနှင့်ဖုံး၊
ဥဒကေ,ဝနေ ရုံခါတက် ဘာဌက်တဲ့တုံး။

နာမ်ဘယ်လိုပေါ်နေလဲ။ (မှန်ပါ လိပ်လိုပေါ်နေပါ ဘုရား။)

ဒါတော့ မှန်သွားပြီ၊ ပုစ္ဆာဆက်မေးရအုံးမယ်။

* အဋ္ဌပါဒေ၊ ဒွေးသိသေ၊ မဏ္ဍေဝါလဂ္ဂိ။

ကဲ-ဖေါ်စမ်းပါ့၊ ခြေထောက်က ရှစ်ချောင်း ခေါင်းက နှစ်လုံး အမြီးနှစ်ခုက အလယ်ကနေသတဲ့၊ ဘာကောင်လို့ နာမ်ပေါ်သလဲ (မှန်ပါ နာမ်ကတော့ ပေါ်ပါတယ် ဘုရား၊ ပေါ်တဲ့နာမ်ကို မရှောက်ပရစေနဲ့ အဟိ....။)

ဘာ-အဟိတုံး ဒကာအောင်ရ၊ ရိုစရာ ပြောနေဒါ မဟုတ်ဘူး၊ အကြီးဆန်းတဲ့ နာမ်အကန်းကို သိစေခြင်လို့ ပြောနေဒါ၊ ပရမတ်ကိုလုံးဝမမြင်ရတော့ ကန်းတယ်လို့ မဆိုထိုက်ဘူးလား။ (မှန်ပါ ဆိုထိုက်ပါ ဘုရား။)

ကဲ-ကဲ မရှောက်ခြင်လဲ နေပါတော့၊ ကိုယ်ပေါ်ဒါ ကိုယ်သိရင် တော်ပါပြီ အကောင် အထယ်သာ ခုခံမနေ ဆိုနဲ့။

မယား၊လေး၊ဆိုထင့်,ဆိုထင့်

သေသူ-ရှင်သူ နှစ်ဦးတူ ဆိုဒါလို မိမ္မနဲ့ ယောကျ်ား တခြားစီ ဖြစ်နေကြလို့ ဝိပလ္လာသတွေ ပွါးပြီး မာန်လည် ဆရာတော်ဘုရားကြီး၏ လက်ဘအတိုင်း....

* လူ နတ် သိကြား၊ပုဂ္ဂိုလ်အားဖြင့်၊ ယောကျ်ား.မိမ္မ၊ စွဲလမ်းကြ၍၊ တောင့်တချစ်ခင်၊ တမင်မင်တည့်၊ ငါ့လင်,ငါ့မယား၊ ငါ့သား ငါ့သျှီး၊ ငါ့နန်းထီးနှင့်၊ ရှာမှီးဥစ္စာ၊ မြို့ရွာတိုင်းပြည်၊ အိမ်ရာတည်လျက်၊ လော်လီမြူးရှင်၊ ဆုံးမမြင်အောင်....

အဲဒါလို မဖြစ်ရအောင် ယောကျ်ားနဲ့.မိမ္မ ထပ်တူကျအောင် မြင်စေရမယ်၊ ဒီနေရာမှာ မဟုတ်တဲ့ ဘက်ကိုလဲ သွားမတွေးနဲ့.အုံး သဘာဝခြင်း ထပ်တူကျအောင် ကြည့်ရမှာ ပြောဒါ၊ ယောကျ်ား အခေါ်ခံတဲ့ မာ သဘောနဲ့. မိမ္မအခေါ်ခံတဲ့ မာ သဘော၊ မာ သဘော မာ သဘော ခြင်း မတူဘူးလား။ (မှန်ပါ ဂူပါ ဘုရား။)

ဖို မ ဆိုတဲ့ အစွဲကို ဖြုတ်ကြည့်လိုက်စမ်းပါ၊ နာမ်ကို မိလိုက်ရင် အစွဲဟာ ဖြုတ်ပြီးသား ဖြစ်သွားတော့ဒါဘဲ၊ ယောကျ်ားဆိုဒါ ဟိုမှာလဲမရှိ-ဒီမှာလဲမရှိ နာမ်တလုံးနဲ့. ချကြည့်၊ မိမ္မဆိုတာ ဟိုမှာလဲမရှိ ဒီမှာလဲမရှိ၊ နာမ်တလုံးနဲ့. ချကြည့်၊ ရရှိဒါက သဘာဝမို့. အတွင်း လောက အပြင် လောကရယ်လို့. မရှိတော့ပါဘူး၊ စုန်း တဆ္ဆေ,နတ် ပူး

ကပ်တဲ့အခါ အတွင်း အပြင် မရသလို ငါလဲနာမ် မင်းလဲ နာမ် သူလဲနာမ်, ဟိုလဲနာမ် ဒီလဲနာမ်လို့ ချလိုက်ရင် အတွင်းအပြင်ရယ်လို့ ရှာမရတော့ပါဘူး၊ အထင်သမား နာမ်တရား အကြံသမား နာမ်တရား, အတွေးသမား နာမ်တရား ဒီ-နာမ်တရားဟာ တော်တော် တွေးတတ်တယ်၊ ယောက်ျားဆိုတဲ့ အသံ ကြားလိုက်ခါ ရှိသေး၊ "ဘာကြီးပါတယ်ဟဲ့"လို့ တွေးပြီးပြီ၊ မိမ္မဆိုတဲ့ အသံ ကြားလိုက်ခါ ရှိသေး၊ "ဘာကြီးပါတယ်ဟဲ့"လို့ တွေးပြီးပြီ၊ ကြံကြံဖန်ဖန် နှိုက်နှိုက်ချွတ်ချွတ် သူမို့ တွေးတတ်ပါပေရဲ့ အတော်ဆိုးတဲ့ နာမ်တရားဘဲ၊ နင်မကြံနဲ့ သွားဆိုပြီး ခေါင်းပုတ်လွှတ်လိုက်လို့လဲ ဖြစ်တာ မဟုတ်ဘူး၊ ကိုအဝါရေ-တော့မယားလေး လာနေတယ်လို့ အသံကြားလိုက်ခါရှိသေး၊ "**မယား၊ ဆိုထင့်-ဆိုထင့်၊ မယားလေး ဆိုထင့်ဆိုထင့် ချစ်တော့မယ်ဗျာ**"လို့ ထွေထွေလာလာ တွေ့ ပေါ်မကုန်ဘူးလား (ဟုတ်ပါ့ဘုရား မပေါ်အောင် လုပ်လို့ကို မရဘူး။)

ဘယ်ရမလဲ ဒကာအောင်ရာ....အနတ္တကိုး....ဗျ။

မောင်ကြီ တတ္တိ

ပရိကပ္ပဆိုတဲ့ မောင်ကြီ အမည် ရယားတော့ အသံ မကြားလိုက်နဲ့ ကြားရင် ကြံလိုက်လိမ့်မယ်၊ အဆင်းကို မမြင်လိုက်နဲ့ မြင်ရင် ကြံလိုက်လိမ့်မယ်၊ ဒကာအောင်ကြီး အကြံခံရမှာ ကြောက်ဘူးလား။ (ကြောက်ပါ ဘုရား။)

ကြောက်မနေနဲ့ သူက ကြံရုံကြံဒါ ဘယ်နှယ်မှ မလုပ်တတ်ဘူး၊ ဘယ်အဆင်း မြင်မြင်, ဘယ်အသံ ကြားကြား ဘယ်အနံ့ နံနံ ဘယ်အရသာ စားစား ဘယ်အတွေ့ တွေ့တွေ့ သူကတော့ မရှောင်ဘူး ကြံဒါဘဲ "**မောင်ကြီ စတို့**"ဆိုဒါ ဒါခေါ်ဒါပေါ့၊ အဆင်းကို မြင်တဲ့ အခါ ဘင်မရောက်ခင် တခါတို့၊ အသံကို ကြားတဲ့အခါ ဘင်မရောက်ခင် တခါတို့၊ အနံ့ကိုနံတဲ့အခါ ဘင်မရောက်ခင် တခါတို့၊ တို့ဆိုဒါ လက်ကြိုးနဲ့ တို့ဒါ မဟုတ်ဘူး၊ မနောဝိညာဉ်က ကြံဘို့ တို့ဒါ၊ ဘင်မရောက်ခင် တတို့သာ တို့နိုင်တယ်၊ တို့ပြီး သေရဒါဘဲ ဒကာအောင်ရ။ (မှန်ပါ-ဖင်မရောက်ခင် တို့နိုင်ဒါပါ ဘုရား။)

ဘယ်နှယ် ဖင်လို့ မဆိုရဘူး၊ ဘင်လို့ ဆိုရတယ်၊ ဥပါဒ်,ဌိ ဘင်-ဆိုဒါ မကြားဘူးဘူးလား။ (မှန်ပါ-သွားကလဲ ကျိုးတော့ မပီလို့ပါ ဘုရား။)

ဒါသာ မပီဒါပါဗျာ.... ခင်ဗျာ့အိမ်က ဟာမကြီးကို အမယ်ကြီး, အမယ်ကြီးလို့ ခေါ်တဲ့အခါ အမိုးကြီးလို့ ဗျား မှားသွားသေးလား။ (ဒါတော့ မှားဘူး ဘုရာ့။)

သစ္စာဖေါက်ဗျား

စိတ်ကကြီလို့ စိတ်သာရှိဒါဘဲ၊ ယောက်ျားဆိုဒါ မရှိဘူး ဆိုပြီး ယောက်ျား အခေါ်ခံတဲ့ ရှပ်,ပရမတ်ကိုရင်း၊

မိမွှေးဆိုဒါ မရှိဘူးဆိုပြီး မိမွှေအခေါ်ခံတဲ့ ရှပ်ပရမတ်ကိုရင်း၊ ကာမေသုမိစ္ဆာစာရစသည်ပြုလျှင်တော့ သမုတိသစ္စာကို ကြားလွန်စော်ကားတဲ့ **''သစ္စာဖေါက်''** ဖြစ်သည့် အတွက် အပါယ်လေးပါး အခေါ်ခံတဲ့ ပရမတ်နယ်ထဲသို့ အဝိဇ္ဇာ ဗိုလ်မှူးက အကြောင်းအကျိုးဆက်ပြီး ပို့လိုက်လိမ့်မယ်၊ ဒီနေရာနဲ့ စပ်လျဉ်း၍ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး ပြုစုထားတဲ့ ခြောက်စောင်တွဲက မှတ်ချက်ကို ဓာတ်စက် ဆင်ပြီး နာကြစေလိုပါတယ်၊ ဒကာအောင်ကြီး—သတိ ထားနော်....

* လောဘ, ဒေါသ၊ မောဟ ဝိတက်၊ တရားပျက် စရိုက်နှင့်၊အဓမ္မအမှုမိုက်၊ဘဝတိုင်းပြုလိုက်သော၊ ဒုစရိုက် အသင်္ချတို့သည်၊ ထင်စေရန်မြင်စေရန်၊ အတန်တန် အနဲနဲ၊ ရှစ်ပြေထောင်ငရဲလည်း၊ တကယ် ဟင်းလင်း၊ ဆဲ့နှစ်သင်းပြဋ္ဌာနယ်၊ သူရကာယ် တိရစ္ဆာန်၊ နိမိတ်တွေ ဆော်ဖန်လျက်၊ တော်လှန်ခွင့်မပေးဘဲ၊ အရေးကုန်ထင်လာကြ၍၊ ယမဒေါ ယမဂ အမည်ရသော ယမမင်း စေတ မန်တို့က၊ ထိုသူ့အိမ် ဝင်းခြံ အတွင်းအပြင် ဝန်း ရံ၍၊ လှန်ကိုယ်စီ ဓားကိုယ်စီနှင့်၊ ချိုလဟဲ ထုတ် လဟဲ ဆွဲမယောင် ငင်မယောင်၊ အကောင်တွေ ကြောက်ခမန်း၊သည်စခန်းအဆိုက်တွင်၊ကြောက် လိုက်တဲ့ ဖြစ်နဲမှာ၊ အူအသဲ ဆတ်ဆတ်ကုံ၊သို့ဖြစ်ပုံ

သဘောလောကို မနောမှာ ခါခါဆ၊ ပါပကမ္မ၊ ပါပဓမ္မတို့ကို မပြုသင့် မပြုနှင့်။

အရက္ခကထားစရာ တယ်ကောင်း။

နာမ်ဘေဘော

ပုဂ္ဂိုလ်သတ္တဝါမရှိရပ်,နာမ်သာရှိဒါဘဲဆိုပြီး ဒုစရိုက်တရားတွေကို ထင်ရာလုပ်နေမှာစိုးလို့ ပြန်ပြီး ဘရိပ်အုပ်လိုက်ရဒါကိုး၊ဘရိပ်လွတ်နေတဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီးတွေ့ရတယ်၊ ကဲ-ထားပါတော့ ဥယျောဇဉ်ဘက် 'လဲ' သွားမှာစိုးရတယ်၊ ယောက်ျား မိမ္မ မရှိလို့ ခေါ်တော့ မခေါ်ရဘူးလား ဆိုတော့ ရှပ် နာမ်ကို သိပြီးခေါ်ရင် အပြစ်မရှိပါဘူး ဒကာအောင်ကြီးလဲ အိမ်ရောက်တဲ့အခါ အမယ်ကြီးကိုခေါ်ပေါ့ (မှန်ပါ ဒါကတော့ ပြောမနေရပါဘူး ဘုရား။)

အင်း....အတော်ကို ခေါ်ခြင်ဒါကိုး၊ မင်းသွေးများ ထွက်လာတဲ့အခါ လူပျက်က စ,ခေါ်ရတယ် မဟုတ်လား (မှန်ပါ ဘုရား။)

အဲဒါလို ဒကာအောင်က စ.ခေါ်ပေါ့ ခေါ်ပုံလေး ကျေပါသင်ပေးမယ်၊ ခင်ဗျာ့အမယ်ကြီး နာမယ် ဘာသူတဲ့။ (မယ်ထူးပါတဲ့ ဘုရား။)

ဒါဖြင့် မှတ်ထားပါ။ **"မယ်ထူးမရှိ ရုပ်နာမ်ရှိ မရှိပေမဲ့ မယ်ထူးဆိုတဲ့ မောင်ကြီး ခေါ်သလေ"** လို့ ခေါ်ပေါ့ နေရာမကြဘူးလား (မှန်ပါ-နေရာကျပါ ဘုရား။)

နေရာတော့ကျပါရဲ့ အဆိုမခံရက်ကောင်းဘဲ အခြားအခြားသော ပုဂ္ဂိုလ်များ၊ ပဲ အကြီးခံဒါက ရုပ်တရားကြီးဒါက နာမ်တရားလို့ ရုပ်နာမ်သီးပြီး မိမွေရေ လင်ရေ အချစ်ရေ အိမ်ကဟာရေ-စသည်ဖြင့် ခေါ်နေကြအတိုင်း ခေါ်ပေါ့ဗျာ၊ ရုပ် နာမ်ရေ လာဟော့လို့ ခေါ်လိုက်ရင် ဘယ်ရုပ်.နာမ်ကလာရမှန်းမသိဘဲ နေလိမ့်မယ်၊ တနည်းအားဖြင့် ဘုရားအလိုကျ ခေါ်ပုံကလေး ပြောရအုံး ရှေးဦးစွာ နာမယ်ခွဲပုံကို ပြောရလိမ့်မယ်၊ ကိုယ့် သား,သွီးလေးများ မွေးဖွားလာတဲ့အခါ ဘယ်လိုနာမယ် ပေးရမလဲဆိုရင် **ဥပမာ** သားကလေး နာမယ်ကို သောင်းစိန်, ကျော်လှိုင် မြင့်ဆွေ,ကြည်ဝင်းလို့ မှခြင်တယ်ဆိုပါတော့ နာမယ်ရဲ့ ရှေ့ဆုံးက နာမ်ဘတ်ပြီး နာမ်သောင်းစိန်, နာမ်ကျော်လှိုင်. နာမ်မြင့်ဆွေ နာမ်ကြည်ဝင်းလို့ မှဲ့ပေါ့ နေရာမကျဘူးလား။ (မှန်ပါ တပည့်တော် မြေးကလေးကြက်နီတောင် နာမ်ကြက်နီလို့ ပြင်ရအုံး။)

သွီးလေး နာမည်ကို ဧခင်, ဧရင်, ဧတင်, စန်းရီ, သန်းကြည်, ပန်းစီလို့ ခြင်လျှင် နာမ်ဧခင်, နာမ်ဧရင်, နာမ်ဧတင်, နာမ်စန်းရီ. နာမ်သန်းကြည်, နာမ်ပန်းစီ-ဒီလို့ခဲ့တော့ ယဉ်လဲယဉ် သဘာဝလဲကျ တရားလဲ ပါနေ

တော့ ခေါ်တိုင်း ခေါ်တိုင်း တရားကို သတိရပြီး အစ္စဲ အလမ်းတွေ ပေါ့မသွားပေဘူးလား (မှန်ပါ-ပေါ့သွားပါ ဘုရား။)

သားကလေး သောင်းစိန်, ကျော်လှိုင်, မြင့်ဆွေ ကြည်ဝင်းဆိုဒါ နာမ်ပေါ်ဒါဟဲ့၊ သွီးကလေး ဧခင်, ရေင်ဧတင် စန်းရီ သန်းကြည် ပန်းစီ-ဆိုဒါမရှိဘူး၊ နာမ်ပေါ်ဒါဟဲ့လို့ သိလိုက်တော့ ခေါ်တိုင်း ခေါ်တိုင်း တရားမရနိုင်ပေဘူးလား။ (မှန်ပါ ရနိုင်ပါတယ် ဘုရား။)

သား သွီးလေးများကလဲ ကိုယ့်အဖေခေါ်တဲ့ အခါ "**နာမ်ဖေဖေ**"လို့ ခေါ်ပေါ့၊ အမေ ခေါ်တဲ့ အခါလဲ၊ "**နာမ်မေမေ**"လို့ ခေါ်—ကြားလား—အကိုကြီး, ညီမလေး ခေါ်တဲ့ အခါမှာလဲ နာမ်အကိုရေ-နာမ်ညီမလေးရေ-လို့ ခေါ်ပေါ့၊ ဒကာအောင်ရဲ့ ဒကာမကြီးကို ခေါ်တော့ ဘယ်လိုခေါ်မလဲ။ (နာမ်အိမ်က ဟာကြီးရေ-လို့ ခေါ်မှာပါ ဘုရား။)

သူက ဒီလိုခေါ်လို့ ကြိုက်ပါ့မလား၊ မကြိုက်ရင် မခေါ်နဲ့နော်၊ အဘိုးကြီး လင်မယား ကြီးတောင်းကြီးမှ ရန်ဖြစ်နေကြအုံးမယ်၊ တခါတခါ အမယ်ကြီးက မဆဲဘူးလား (မှန်ပါ သူကဆဲတဲ့အခါ နားထဲမှာ ပျားရေတွေ လောင်းချလိုက်သလို မှတ်တာဘဲဘုရဲ့။) တယ်သာယာလိုက်ပါလား ဘိုးဘိုးအောင်ရ (မှန်ပါ သာယာဆို ချစ်တာကိုး ဘုရဲ့) တော်တော် ဒါတွေ ရှောက်ပြောမနေနဲ့. တရားပွဲထဲ ရှက်စရာကြီး။

ခုတင်က ပေးခဲ့တဲ့ နာမယ်လေးတွေကို ခေါ်ကြစေ ခြင်တဲ့ အတွက် ဦးပဉ္စင်းက ကောင်းတယ်ထင်လို့ တိုက် တွန်းလိုက်တာဘဲ။ကဲ အစမ်းခေါ်ကြည့်ရအောင် ဈေးဦး ဖေါက်လိုက်ရအုံးမယ်။ ဒကာအောင်ရေလို့ မခေါ် တော့ဘူး နာမ်အောင်ရှေ....(ဘုရား) အဲ-အဲ အဆင် ပြေသားကိုး ဒကာအောင်က မယ်ထူးရေလို့ ခေါ်လိုက် တော့ မယ်ထူးကို ခေါ်ရက်နေသလား-မနေဘူးလား။ (အမိန့်ရှိပါအုံး ဘုရား။)

ဟိုမှာ အဆင်းသာရှိသည့်အတွက် စိတ်ထဲက မယ်ထူး ကို ခေါ်ရက်နေဒါပေါ့၊ ဒီစကားတွေ ထဲ့ပြောရဒါက တော့ ဘချို့က "တရားသမားတွေဟာ သူတို့ပါးစပ်က သား မယားမရှိဘူးလဲပြောရဲ့ မရှိရင် ဘာပြုလို့သားရေ သွီးရေ"လို့ ခေါ်နေဒါလဲလို့ အပြစ်ဆိုသံကို ကြားရတဲ့ အတွက် အသံခြင်း တူပေမဲ့ အဆံခြင်း မတူကြောင်း သိ အောင် ရှင်းပြလိုက်ရဒါပါ။

* တရားမသိခင်ကတော့၊ ခေါ်ဒါ ငါခေါ်ဒါ၊
တရားသိတော့မှ၊ခေါ်ဒါဟာ နာမ်,ရုပ်ဖြစ်ပေါ်ဒါ၊
မေးမနေကြနဲ့၊ မောင်အဝှါ မယ်အဝှါ၊
တွေးမနေကြနဲ့၊ ဘာဘာ ညာညာ၊
ဝိပဿနာဉာဏ်နှင့်၊ ရှင်းလိုက်တော့၊
အသံခြင်းတူပေမဲ့၊ အဆံခြင်းမှာ ကွာခြားလေဒါ။

ယခုဟောခဲ့တဲ့ နာမ်တရားများဟာ သမုဒ္ဒရာအိုင်အင်း တွင်းကန်ထွေထွေ ရေရှိခွက်ဖလား မျက်ဖြားဥ်ရောက် နှင်းပေါက်တွေစီ ရေအကြည်မှာ လရိပ်ကျသလို မနောဝိညာဉ်လဲ ဟဒယ အကြည်မှာ နာမ်စိတ်ကျပြီး ဥာဏ်ကိစ္စနဲ့ ကြည့်လိုက်တော့ မမြင်ရဘူးလား(မှန်ပါ၊ မြင်ရပါဘုရား။)

ဒါ့ကြောင့် သံပေါက်ကလေး....

* ဟဒယအကြည်မှာ၊ တုံးတုံးပေါ်လာ၊
အဲဒါဟာ နာမ်စိတ် နာမ်စိတ်။
ဟဒယအကြည်မှာ၊ သားကလေးပေါ်လာ၊
အဲဒါဟာ နာမ်စိတ် နာမ်စိတ်။
ဟဒယအကြည်မှာ၊ သွီးကလေးပေါ်လာ၊
အဲဒါဟာ နာမ်စိတ် နာမ်စိတ်။

ထင်ဒါတွေ အကုန်လုံး ရှောက်ဆိုပေါ့လေ နာမ်ပေါ်ပုံ အချက်တွေကဖြင့် တယ်ထင်ရှားပါကလား၊ ဒါပေမဲ့ လှန်ထန်းဒါကိုသာ မြင်ကြတယ် နာမ်ဆန်းဒါကို မမြင်ကြဘူးနော်။

သေးသေးတင် နံ

ဒကာအောင် ဒီနာမ်တရားလေး ဘယ်နေရာက ပေါ်နေတယ်ဆိုဒါ သိရဲ့လား၊ မြင်းခြံနယ်က ဒကာမကြီး တယောက်ကို မေးကြည့်ဘူးတယ်။ ''ဒကာမကြီး နာမ်

လေး ဘယ်နား နေတုံး'' မေးလိုက်တော့၊ ''နာမ် ဂြိုင်း အောက် နေဒါပေါ့ ကိုယ်တော်...နာမ်မှ ခုနစ်ချောင်း ကိုယ်တော့် နာမ်တိုလေးတောင် ပါသေး'' သူပြောတဲ့ နာမ်က နံရိုးတွေရှောက်ပြောနေဒါ၊ ကျုပ်မေးတဲ့ နာမ်က မ သတ်နာမ်၊ သူဖြေတဲ့နာမ်က သေးသေးတင်နံ မဟုတ်လား။ (မှန်ပါ နာမ်လွဲနေပါ ဘုရား။)

ဒါနဲ့ ဦးပဉ္စင်းက ဆက်ပြီး ''ဒကာမကြီးရယ်-နာမ်လေးဟာ အထီးလေးလား အမလေးလား'' မေးလိုက်တော့၊ ''အထီးလေး ကိုယ်တော့်'' တဲ့ ကြည့်စမ်းပါ့ ဒကာအောင်ရာ....နာမ်တောင်မှ အထီး အမ လုပ်နေသေး၊ ဒါဖြင့် နံထီးရှိရင် နံမလဲ ရှိမှာဘဲ၊ နံမကတော့ ဘယ်ဟာခေါ်တုံး မေးလိုက်တော့ နံရိုးထဲမှ အကြီးဆုံး အရိုးကြီးဟာ နံမကြီးဘဲဘုရာလို့ သူထင်ရာရှောက်ပြောနေတယ်။ အော်....ဖအုတ်ထုတ် ရ,မရစ်ဘဲ ဖစ်မှ ဖစ်ရ လေလို့သာ ငြီးလိုက်ခြင်တော့ သူဖြေနေတဲ့ နံတွေက ဘာနာမ်တွေဘုံး ဒကာအောင်ရ (မှန်ပါ သေးသေးတင် နံတွေပါ ဘုရား။)

ဒကာကြီး တယောက်ကတော့ တမျိုး ရှောက်ဘူး သေးတယ်။ (ဘယ်လိုဘာလဲ ဘုရ၃။)

ပရိသတ် ငါးထောင်ကျော်ရှိတဲ့ ဓမ္မာရုံ မဏ္ဍပ်ကြီး ထဲမှာ ဦးပဉ္စင်းက နာမ်တရားအသားခုပြီး ''**ယောက်ျား ဆိုဒါကလဲနာမ်-မိမ္ဘဆိုဒါကလဲနာမ်**''လို့ ဟောနေတဲ့

အခါ၊ အဲဒီအဘိုးကြီးက တရားနာပါဒါကိုး၊ တရားနာပြီး အိမ်ပြန်လို့ မနက်ကျတော့ တောင်ဝှေးကလေး ထောက်ပြီး ဦးပဋ္ဌင်းဆိပေါက်လာတယ်၊ ဘာကိစ္စလဲ မေးတော့ "အရှင်ဘုရား ညက ဟောတဲ့ တရားဟာ မှန်လွန်းလို့ ဘုရာ....၊ တပည့်တော် အိပ်တောင်မပျော်ဘူး-စဉ်းစားလေ မှန်လေကိုး ဘုရာ့" ဆိုတော့၊ အင်း-ငါ့တရားတော့ အတော် သဘောကျသွားပြီလို့ အောက်မေ့ ဒါပေါ့။ ဒါဖြင့် ဒကာကြီး သဘောကျဒါ ပြောစမ်းပါ ဆိုတော့ "အရှင်ဘုရားဟောသွားတဲ့ ယောက်ျားဆိုဒါကလဲ နာမ်မိမ္မဆိုဒါကလဲ နာမ်,တရားထဲမှာ မိမ္မဆိုဒါကလဲ နာမ်ဆိုဒါ သိတ်မှန်ဒါ ဘုရာ့၊ တပည့်တော်အိမ်က အမယ်ကြီးဟာ ရေမချိုးလို့ သိတ်နံဒါဘဲ" ကဲဗျား ကောင်းကြသေးလား၊ ဟောဒါက တခြား ယူဆဒါက အမှား ဖြစ်ကုန်ပြီ၊ သေးသေးတင် နံတွေ့ချည်း ရှောက်ပြော နေကြဒါဘဲ၊ အရှယ်ကြီးတဲ့ အမယ်ကြီး အဘိုးကြီးများဟာ အတော်အဟောရ ခက်တယ်၊ ကဲ-သူတို့ကို အသာထားပါတော့ ဒကာအောင်ကြီးတော့ နာမ်တရား ဘယ်မှာ ပေါ်တယ် ဆိုဒါ သိပြီလား။ (သူ့ရင်ချိုင့်ကို လက်ညှိုးနဲ့ ထိုးရှု၊ မှန်ပါ ဒီ-ပေါ် ပါတယ် ဘုရား။)

နာမ်တရားဟာ ဒီပေါ်ဒါလဲ မဟုတ်, ဟိုပေါ်ဒါလဲ မဟုတ် ဟဒယ အကြည်မှာပေါ်တယ်၊ ဒီမှာပေါ်တယ် ဆိုတော့ အတွင်းအပြင်မလွတ်ဘူး စဉ်းစားကြည့်ပါလား အတ္တဒိဋ္ဌိက မသိမသာ ငြိနေတတ်တယ် သတိထားနော်—

ဘိုးသုညတွေ

ယခုပြောခဲ့တဲ့ နာမ်တရားဟာ ပုံမရ ဟန်မရ သဏ္ဌာန်ဃန ကင်းဆိတ် ပရမာနုမြူ တခြမ်းကို အစိတ် တသန်းစိတ်၍ တစိတ်စာမျှမရှိ ဒဏ္ဍနိမိတ္တ အနတ္တတရားဘဲ တချို့ကတော့ နာမ် တရားလေး ဇီးဖြူသီးလောက် ရှိတယ်၊ ဗိုက်ထဲက အောင်းပြီး သိသိနေဒါဘဲလို့ ပြောကြ ဟုတ်နိုင်ပါ့မလား (မှန်ပါ မဟုတ်နိုင်ပါ ဘုရား။)

ပုံဟန်သဏ္ဌာန် ကင်းဆိပ် နိမိတ်လွတ်ဆင်ခြင်မှ သုညကို မြင်နိုင်မယ်၊ သုညဆိုဒါ မြင်ဘူးလား (မှန်ပါ ဝလုံးလိုဟာ လေးပါ ဘုရား။)

တစ်နောက်က သုညထားလိုက်တော့ ဘယ်လိုခေါ်တုံး (၁၀-လို့ ခေါ်ပါ ဘုရား။)

တစ်နောက်က သုညနှစ်လုံး ထားတော့ ဘာခေါ်တုံး (၁၀၀-ခေါ်ပါ ဘုရား။)

တစ်နောက်က သုည သုံးလုံး ထားတော့ကော (၁၀၀၀-ခေါ်ပါ ဘုရား။)

တစ် နောက်က သုည လေးလုံး ထားတော့ကော (၁၀၀၀၀-ခေါ်ပါတယ် ဘုရား။)

တစ် နောက်က သုည ငါးလုံး ထားတော့ကော (၁၀၀၀၀၀-ခေါ်ပါ ဘုရား။)

အောက်က ပုံစံကလေးကို ဘတ်လိုက်စမ်းပါ့။

ငွေ....၁၀။
ငွေ....၁၀၀။
ငွေ....၁၀၀၀။
ငွေ....၁၀၀၀၀။
ငွေ....၁၀၀၀၀၀။

သုညရှေ့က တစ်တွေပါနေတော့ အသံကြားဒါနဲ့ တောင် လိုခြင် မလာဘူးလား (လိုခြင်လို့ ထိတောင် ထိုးထားရသေး ဘုရာ့။)

တကယ်သာ ရမယ်ဆိုရင် ဘယ်လောက်များ ဝမ်းသာ လိုက်မယ်လို့၊ အဲဒီ ငွေတွေကို လိုခြင်ဒါ ဘာ့ကြောင့်လဲ ဆိုတော့ ရှေ့ကတစ်ပါလို့ မဟုတ်လား။ ကဲ-တခါ အဲဒီ တစ်တွေကို အကုန်လုံး ဖျက်ပြစ်လိုက်ပြီ ဘယ့်နှယ်နေတုံး။

၀
၀၀
၀၀၀
၀၀၀၀
၀၀၀၀၀

ဖိုးသုညတွေ ဖြစ်မနေဘူးလား။ (မှန်ပါ သုညတွေ ချည်း ဖြစ်နေပါ ဘုရား။)

အဲဒီ သည်တွေ မလိုခြင်ဘူးလား။ (မှန်ပါ အသုံးမကျ လို့ မလိုခြင်ပါ ဘုရား။)

အောက်ဆုံးက အများဆုံး သည်ငါးလုံး မလိုခြင်ဘူးလား (သည်ဆိုရင် ငါးလုံးမကလို့ အသင်္ချေ ပေးတောင် မလိုခြင်ဘူး ဘုရ။)

၁-၂-၃-၄-၅-အစရှိသော ဂဏန်းသင်္ချာမှ သုဉ်းဆိပ်သောကြောင့် သည်လို့ခေါ်ရ၊ သည် သည်ခြင်းပေါင်း သည် သည်ခြင်း နှစ် သည် သည်ခြင်း မြောက်, သည် သည်ခြင်း စား ဘာဂဏန်းမှ မထွက်တော့ အသုံးမကျဘူးပေါ့၊ အဲဒါလိုနာမ်တရားကိုလဲ ဝေ၀,သုဘ,သုခ, အတ္တ, သာရလေးလုံးမှ သုဉ်းဆိပ်၍ အသုံး မကျသောကြောင့် သည်လို့ ခေါ်ရတယ်၊ ဒကာအောင်ရဲ့ ခန္ဓာကိုယ်ကြီးကို စဉ်းစားလိုက်တော့ **"ဘိုးသည်ကြီး"** ဖြစ်မနေဘူးလား (မှန်ပါ တပည့်တော် အိမ်ကဟာလဲ မယ်သည်ကြီးပါ ဘုရား။)

ရှေ့မန်းမောင် ရှေ့မန်းမယ် ရွေးကောက်ပွဲ ကျင်းပသလို သည်မောင် သည်မယ် ရွေးကောက်ပွဲ ဖွင့်လိုက်ရင်တော့ အကုန်းလုံး ကောက်ရလိမ့်မယ်၊ တယောက်မှ ကျန်မှာ မဟုတ်ဘူး ကမ္ဘာကြီး တခုလုံးရှိဒါကလဲ သည်တွေချည်းထဲကိုး၊ သည်ရှေ့က တစ်ခုတော့ လိုခြင်မှု ဖြစ်သလို၊ နာမ်သည်ရဲ့ ရှေ့က အတ္တဒိဋ္ဌိ တစ်ခုနေသည့် အတွက် ပုဂ္ဂိုလ်,သတ္တဝါလို့ စွဲလမ်းမှုတွေဖြစ်နေကြတယ်

ဒီဋ္ဌိတစ်ကို ဖြုတ်လိုက်ရင် မစ္စနိုင်တော့ပါဘူး ဒကာ အောင်.... တစ် ဖြုတ်ပြီးပြီလား။ (မှန်ပါ ဖြုတ်ဆဲပါ ဘုရား။)

ဝိပဿနာသင်ပုံးကြီး

ဒီ အတ္တဒိဋ္ဌကြောင့် လူတဲ့ နတ်တဲ့ ဗြဟ္မာအစ္စတွေနဲ့ တစ်ဝလည်လည် ဖြစ်နေကြဒါပေါ့၊ လူဆိုဒါ ဥာဏ်နဲ့ ကြည့်လိုက်တော့ ကြီစိတ်ခဏ နာမ်ကိစ္စတွေ မဟုတ်လား (မှန်ပါ နာမ်ကိစ္စတွေပါ ဘုရား။)

ဒီနေရာမှာ ဦးပဉ္စင်းက ကျောင်းဆရာလုပ်ပြီး ဒကာ အောင်ကို ကျောင်းသားကလေး အနေထားလို့ စာသင်ရလိမ့်အုံးမယ်၊ ဘာက စ,ပြရမလဲ ဆိုတော့ သင်ပုံးကြီးက စ,ပြမှာပဲ၊ **ကကြီးရေးက ကကြီးရေးချကာ**-ဆိုတဲ့ စာဘတ်တတ်အောင် သင်ပေးတဲ့ သင်ပုံးကြီးမျိုး မဟုတ်ဘူးနော်၊ အခုပြမှာက ဝိပဿနာသင်ပုံးကြီး ကြားလား။ (မှန်ပါ သင်ပေးပါ ဘုရား။)

ကဲ-လိုက်ဆို—ကကြီးရေး နာမ်, ကကြီးရေးချ နာမ်, ကကြီးရေး လုံးကြီးတင် နာမ်, ကကြီးရေး လုံးကြီးတင် ဆံခတ် နာမ်....ဘာပြုလို့ မလိုက်တာတုံး။ (မှန်ပါ–ရိုခြင်လို့ပါ ဘုရား။)

အောင်မယ်–ဘာရိုရမှာလဲ၊ ငါက ဒုတ်နဲ့ချလိုက်လို့ ဟင်း....၊ ကျောင်းဆရာနဲ့ တူအောင် လုပ်ရဒါ-ဒကာ

အောင် စိတ်မဆိုးနဲ့နော်၊ ဟဒယဝတ္ထု သင်ပုံးကြီးထဲကို သဘာဝမျက်စိနဲ့ ကြည့်ပြီး သေသေ ချာချာ လိုက်ဆို။ ကကြီးရေး နာမ်။ (ကကြီးရေး နာမ်....)

ကကြီးရေးချ နာမ်။ (ကကြီးရေးချ နာမ်....)

ကကြီးရေး လုံးကြီးတင် နာမ်။ (ကကြီးရေး လုံးကြီးတင် နာမ်....)

ကကြီးရေး လုံးကြီးတင် ဆံခတ် နာမ်။ (ကကြီးရေး လုံးကြီးတင် ဆံခတ် နာမ်....)

အဲ-ဟုတ်ပြီ၊ တခါ သင်ပုံးကြီး ကျေသွားအောင် လူ ဘယ်နှယ် ရေးပါ့မယ်လို့ မေးလိုက်ရင် ဒကာအောင်က လရေး နှစ်ချောင်းင် နာမ်-လို့ ဆိုလိုက်။ ကဲ-မေးတော့ မယ်-လူ,ဘယ်နှယ်ရေးပါ့မယ်။ (လရေး နှစ်ချောင်းင် နာမ်။)

ဟုတ်ပြီ–ပုထုဇဉ် များကတော့ အဆင်း ဓာတ်ရဲ့ အပေါ်မှာ တကဲ့လူဘဲ အဟုတ်လူဘဲ စွဲနေကြသဖြင့် သူတို့ရဲ့ အမြင်နဲ့ ဖြေလိုက်စမ်းပါ့၊ လူ ဘယ်နှယ်ရေး ပါ့မယ်။ (လရေးနှစ်ချောင်းင် လူ။)

အဲ-ဟုတ်ပြီ၊ နွားဘယ်နှယ် ရေးပါ့မယ်=အရိယာ အမြင်နဲ့ဖြေစမ်း (နဂယ်ဝဆွဲရေးချ ဝစ်ဆံနှစ်လုံးပေါက် နာမ်။)

ကြက်ဘယ်နှယ်ရေးပါ့မယ်-ပုထုဇဉ်အမြင်နဲ့ ဖြေ (ကကြီး ရှရစ် ကသတ် ကြက်။)

အရိယာ အမြင်နဲ့ ဖြေစမ်းပါအုံး။ (ကကြီး ရရစ် ကသတ် နာမ်။)

ကဲ-အရိယာအမြင်နဲ့ရှောက်ဖြေလိုက်စမ်း သင်ပုံးကြီး ကျေသွားအောင်၊ ကျားဘယ်နှယ် ရေးပါ့မယ် (ကကြီး ယပင့်ရေးချ ဝစ်ဆံနှစ်လုံးပေါက် နာမ်။)

နေ ဘယ်နှယ်ရေးပါ့မယ်။ (သဝေထိုး နဝယ်ရေး နာမ်။)

လ ဘယ်နှယ်ရေးပါ့မယ်။ (လရေးလ၊ ဟုတ်ပေါင် လရေး နာမ်။)

တုံး ဘယ်နှယ် ရေးပါ့မယ်-ပုထုဇဉ် အမြင်နဲ့ ဖြေ။ (တဝမ်းပူ သေးသေးတင် တချောင်းင်တုံ အောက်ကမြစ်တုံ့ ရှေ့ကပေါက် တုံး။)

ပုထုဇဉ်များကတော့ တုံးကြီးအဟုတ်ရှိတယ် ထင်ဒါကိုး၊ အရိယာများကတော့ တုံးဆိုဒါ မရှိဘူး၊ နာမ်ပေါ်ဒါလို့ သိကြတယ်၊ ဖြေစမ်းပါ့ အရိယာ အမြင်နဲ့ တုံးဘယ်နှယ် ရေးပါ့မယ်။ (တဝမ်းပူ သေးသေးတင် တချောင်းင်တုံ အောက်မြစ်တုံ့ ရှေ့ကပေါက် နာမ်။)

တုံးနာမ်, တိုင်နာမ်ဆိုဒါ ဒီ-သဘောတွေဘဲ၊ တခါ ပုထုဇဉ်အမြင်နဲ့ ဖြေပါအုံး၊ ဆင်ဘယ်နှယ်ရေးပါ့မယ်။ (ဆလိမ်ရေး ငသတ် နာမ်။)

ဒကာအောင် မှားသွားပြီ အခုထက်ထိ သင်ပုံးကြီး မကျေးသေးဘဲကိုး၊ ကောလိပ် ကျောင်းသားလေးက။

(မှန်ပါ-ဘဝ၀ါကောလိပ် တက်ခါစ ရှိပါသေးတယ် ဘုရား။)

ဒီကမေးနေဒါက ပုထုဇဉ်အမြင်နဲ့ မေးနေဒါ ဘာပြုလို့ အရိယာ အမြင်နဲ့ သွားဖြေဒါတုံး ထပ်ဖြေအုံး—ဆင် ဘယ်နှယ်ရေးပါ့မယ် (ဆလိမ်ရေး ငသတ် ဆင်။)

အဲ-အခုမှဟုတ်တာ ဆရာတော့ အတော်မောသွားပြီ တပည့်တော့ နားလယ် မလယ် မသိဘူး၊ သင်ပုံးကြီး မကျလို့ရှိရင် ကိုယ့်ဘာသာတယောက်ထဲပေမဲ့ အမေး, အဖြေ လုပ်နေရတယ်၊ အရွယ်ကြီးလို့များရက်နေသလား မရက်နဲ့နော်၊ တောထွက် သီလရှင်ကြီး တပါးတောင် အရွယ်ကြီးမှ သင်ပုံးကြီး အံ့နေသံ ကြားဘူးသေး၊ ဘယ်ကစ အံ့သလဲဆိုတော့-ကကြီး လုံးကြီးတင် တချောင်းင်ကို အောက်ကမြစ်ကို ရှေ့ကပေါက်ကိုး၊ ခကွေး လုံးကြီးတင် တချောင်းင်ခို အောက်ကမြစ်ခို ရှေ့ကပေါက်ခိုး၊ ဂငယ်လုံးကြီးတင် တချောင်းင်ဂို အောက်ကမြစ်ဂို ရှေ့ကပေါက် ဂိုး၊ လ ရောက်သွားတဲ့ အခါကြတော့ လ လုံးကြီးတင် တချောင်းင်လို အောက်ကမြစ် လို့ ဆိုပြီး ရှေ့မဆက်ဘဲ ဟဲဟဲ-ဟဲဟဲနဲ့ ရီနေဒါကိုး၊ ဘယ်လို နာမ်များ ပေါ်သွားပါလိမ့်၊ ဒီ-နာမ်ကလဲ အတော် ခက်တာဘဲ တားလို့ကိုမရဘူး သူလုပ်မှုဖြင့် ဇာတ်ကြီးဘဲ ထန်းလျက်စားရာ တယ်သီးကန့်လန့်ဝင်ရှုတ်တာ၊ အော်-နာမ်, နာမ်။

လက်ဝဲသုန္ဒရီ

သ ဝိဂ္ဂဟံ ကတ္တာ စိတ္တမယောဆိုတဲ့အတိုင်း ချစ်စရာတွေကို တွေးပြီးတော့ကြီ-မုံးစရာတွေကို တွေးပြီးတော့ ကြီ-လွမ်းစရာတွေကို တွေးပြီးတော့ ကြီ-အလွန် ကြီနိုင်တဲ့ နာမ်တရားဘဲ။ လက်ဝဲသုန္ဒရ အမတ်ကြီးဟာ လွမ်းစရာတွေကို တွေးပြီး ရတုကလေးတောင် စီထားဒါရှိသေး။ (မှန်ပါ အမိန့်ရှိပါ ဘုရား။)

လူပျိုတော် ငထင်ကျော်နှင့် အပျိုတော် ခင်မိတ်တို့ ကိစ္စနှင့်ပတ်သက်ပြီး ဆင်ဖြူ့ရှင်မင်းတရားက အပြစ်မရှိတဲ့ မဆိုင်သူ လက်ဝဲသုန္ဒရကို အမျက်တော်ရှိပြီး မဇ္ဈာသစ်တောသို့ ပို့လိုက်တော့ ရတနာသိင်္ဃ နေပြည်တော်ကို လွမ်းဆွတ်ပြီး ရေးတဲ့ ရတုကလေးပေါ့လေ....အသံကို အသာထား ကဗျာအသွားကို ပယ်ရှောင်၍ စိတ္တနိယာမ သဘောသွား ထင်ရှားအောင် ကြည့်ပြီးနာကြပေါ့ အလွမ်းဝတ်, အဆွေးဝတ်တွေ ဝင်လာတဲ့အခါ အနိမိတ္တ အနတ္တမျှ သဘာဝသာ စိတ်ပေါ်ဒါကိုးလို့ သတိရကြစေခြင်းငှါ စေတနာ ပို့လိုက်ရပါတယ်၊ ကဲ....ကည့်ကလေးနဲ့ ပေရွက်ပေါ်တင်ပြီး ရေးနေပုံကလေး စိတ်ထဲက မှန်းလိုက်ကြပေါ့။

* **မဇ္ဈာတောင်ခြေ....ဆိုတော့ ကျောက်ထွင်း,**

(အမှာ) ဇာတ်မင်းသားများကဲ့သို့ ရတုကို သံရှေဆွဲပြီး မရှုတ်မိရန် သတိပြုပါ၊ ကဏ္ဍာသုခ ဖြစ်ရုံမျှလျှင် သင့်တော်ပါပြီ။

ကျောက်တက်, ကျောက်ခက်တွေက အမျိုးမျိုး၊ သစ်ပင်ဝါးပင်တွေကလဲ ညတ်လို့ ညှိုညှိုဟီးနေတဲ့ မဇ္ဈာတောင်ကြီး လက်ဝဲသုန္ဒရ အမတ်ကြီးရဲ့ စိတ်ထဲမှာ မားကနဲ ပေါ်မလာဘူးလား။ (မှန်ပါ ပေါ်လာပါ ဘုရား။)

မဇ္ဈာတောင် တကယ်ရှိဒါမှန်ရင် သူရဲ့ စိတ်ထဲမှာ ဒီမဇ္ဈာတောင်ကြီးက ဝင်နိုင်ပါ့မလား။ (မှန်ပါ မဝင်နိုင်ပါ ဘုရား။) နာမ်တရားရဲ့ ကြီးဆမှုဆိုဒါ ထင်ရှားတယ်။

စီးထွေထွေတည့်....မြစ်ရေဝန်းလည်.... ဆိုလိုက်တော့ လှိုင်းကြက်ခွတ်သံကလေးများ ထလို့ လှေကလေးတွေ ၄က်ကလေးတွေက ရွက်ကလေးတွေ ဖြန့်လို့ ဖွေးဖွေးဖြူတဲ့ ရေပြင်ကြီး ဘွားကနဲ ပေါ်လာတယ်၊ မြစ်ထဲမှာတော့ ရေမရှိပါဘူး၊ သူ့စိတ်ကဖြစ်တဲ့ရေ မဟုတ်လား (မှန်ပါ စိတ်ရေပါ ဘုရား။)

မြိုင်တောဆီက....ဆိုလိုက်တော့ ဇရက် ကြိုးကြာသာလိကာနှင့် စက္ကဝါ ဥဒေါင်း ၄က်အပေါင်း တို့ရဲ့ ပျော်စံရာ မဇ္ဈာသစ်တောကြီး ပေါ်လာတယ် သူ့စိတ်ထဲ—

ရှေပြည်ကိုသာ....ဆိုလိုက်တော့ မြို့ရိုး ပတ်လည် ဝိုင်းထားတဲ့ ရတနာသိုက် နေပြည်တော်ကြီး ပေါ်မလာဘူးလား။ (မှန်ပါ ပေါ်လာပါ ဘုရား။)

ဇ,ရှာတော့မိ မိုးရှိရှိလျှင် သီရိကြက်သရေ တက်ဖြိုးဝေသား အောင်မြေကျော့ကျော့ ကုံးမော့မော့၌ ဆိုလိုက်တော့ ကုံးမော့မော့လေး ပေါ်လာပြီ။

ဘိုးတော်ကောင်းမှု....တည်ထားပြုသည့်— ဇမ္ဗူ။ ဆီမီး—ခြောက်ရောင်ဖြိုးမျှ—ဆိုတော့ ဘိုးတော်ဘုရား ကောင်းမှုဖြစ်တဲ့ ဇမ္ဗူ။ ဆီမီး ဘုရားပေါ်လာတယ် စေတီတော် တဆူပေါ့။

ဂုကြီးသခင်....ဆိုလိုက်တော့ ရွှေဂုကြီးဘုရား ပေါ်လာပြီ—

ရွှေလင်းပင်နှင့်....ဆိုတော့ ရွှေလင်းပင်ဘုရားပေါ်မလာဘူးလား။ (မှန်ပါ ပေါ်လာပါ ဘုရား။)

ရွှေခြေသော့မြွှ....ဆိုလိုက်တော့ ရွှေခြေသော့် ဘုရားနှင့် မြွှဘုရားပေါ်လာတယ်၊ အားလုံး ဘယ်နှစ်ဆူ ရှိသွားတုံး။ (မှန်ပါ ငါးဆူရှိသွားပါ ဘုရား။)

စဏ်ရေသော် ရွှေစေတီကြီး အသီးသီးတည့်.... ဆိုလိုက်တော့ "ရွှေစေတီ ဘုရားကြီး" ပေါ်မလာ ဘူးလား။ (မှန်ပါ ပေါ်လာပါ ဘုရား။)

နေပြည်တော်မှာတော့ ဘုရားတွေ မရှိပါဘူး၊ ဘုရားအခေါ်ခံတဲ့ အဌကလာပ် ရုပ်ဓာတ် ရှစ်ပါးသာရှိတယ်၊ အကယ်၍ ဘုရားတွေ ရှိဒါမှန်ရင် သူ့စိတ်ထဲမှာ ဘုရားတွေ မဆန့်ဒါနဲ့ ဘုရားစူးပြီး မသေပေဘူးလား။ (မှန်ပါ သေမှာပါ ဘုရား။)

စိတ်ကကြီးဆပြီး ကြည်ညိုတဲ့ ဘုရားတွေ....

ဝိတ်ဆီးခြယ်သန်း လျှပ်ရောင်တန်းမျှ ရှေနန်း ရှေဘုံ.... ဆိုလိုက်တော့ ရှေရောင်တွေ တဝင်းဝင်းနဲ့ နန်းတော်ကြီး ပေါ်နေပြီ။

အလုံးစုံကို အာရုံမျက်မြင် ဖူးမြော်ခြင်း၍ သည်တွင် ရှေမြို့ သည်သို့စေတီ သည်ဆီရှေနန်း....ဆိုလိုက်တော့ မြို့ရော စေတီရော နန်းတော်ရော တဆက်ထဲ ပေါ်လာတယ်။

ဖြောင့်တန်းတော့မည် စိတ်ကရည်သည် ရှေပြည် ဌာန ဝေးသောကြောင့်....။လက်ဝဲသုန္ဒရ အမတ်ကြီး ကသာ မဇာသစ်တောနဲ့ နေပြည်တော်ခရီး အလွန်ဝေးတယ်လို့ ထင်သော်လဲ မဝေးပါဘူး၊ နေပြည်တော်ကသူ့စိတ်ထဲမှာ၊ ဒကာအောင်....မဇာတောင် ရောက်ဘူးလား။ (မရောက်ဘူးပါ ဘုရား။)

မရောက်ဘူးရင် ဖိုလိုက်မယ်၊ မဇာတောင်ခြေ....ခင်ဗျာ့ စိတ်ထဲ မဇာတောင်ကြီး ပေါ်မလာဘူးလား။ (ပေါ်လာပါ ဘုရား။)

အဲဒါ မဇာတောင် ရောက်နေဒါဘဲ ခရီး ဘယ်နှစ်သောင်းမှ မဝေးပါဘူး၊ မဇာတောင်က စိတ်ထဲပေါ်နေဒါ၊ ကိုယ့်ကိုယ်ကို မဇာတောင်ရောက်နေဒါမှ မသိဘဲကိုး၊ လက်ဝဲသုန္ဒရ အမတ်ကြီး ဆိုဒါ ခင်ဗျားဘဲဗျာ၊

အမတ်ကြီးဆိုလို့ ဘဝင်လဲ မြင့်မသွားနဲ့အုံး။ (မှန်ပါ တပည့်တော်က ဒုတိယလက်ဝဲပါ ဘုရား။)

ကဲ- အထက်က ဆိုခဲ့တဲ့ ရတုကို ဖြေးဖြေးခြင်း ဒေါက်ရှောက်ဆိုမယ် ပရိသတ်များက နာမ်ပေါ်ပုံ လေးတွေကို အာရုံပြုထားကြပေါ့၊ အခဲ အတုံးကြီးတွေ ခုခံ မနေကြစေနဲ့။

* ဓဇာတောင်ခြေ.... စီးထွေထွေတည့် မြစ်ရေဝန်းလည်....မြိုင်တောဆီက- ရွှေပြည်ကိုသာ– တ ရှာတေ့မိ၊ မိုးရှိရှိလျှင်၊ သီရိကြက်သရေ....တက်ဖြိုးဝေသား–အောင်မြေကျော့ကျော့၊ ကုံးမော့မော့၌၊ ဘိုးတော်ကောင်းမှ၊ တည်ထားပြုသည့်၊ ဇမ္ဗူ.ဆိပ်မီးခြောက်ရောင်ငြိုးမျ....ဂူကြီးသခင်- ရွှေလင်းပင်နှင့်၊ ရွှေခြေသော့ မြွေ.... စရ် ရေသော်.... ရွှေစေတီကြီး၊ အသီးသီးတည့်....ပိတ်ဆီးခြယ်သန်း၊ လျှပ်ရောင်တန်းမျ၊ ရွှေနန်းရွှေဘုံ....အလုံးစုံကို....အာရုံမျက်မြင်၊ ဖုံးမြှောက်ခြင်ရ၊ သည်တွင်ရွှေမြို၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း....ဖြောင့်တန်းတေ့မည်.... စိတ်က ရည်သည်–ရွှေပြည်ဌာန ဝေးသောကြောင့်....

နောက်တပုဒ်ရှိသေးတယ်၊ နေပြည်တော်မှာ နေရစ်ကြတဲ့ ဝန်ကတော် ''မဓ္ဓ''နှင့် သားကြီး ''မောင်အေး'' သားလတ် ''မောင်ရွှေသား'' သို့မဟုတ်လေး ''မလွန်းမယ်'' တို့ကို လွမ်းဆွတ်တဲ့အတွက် ရေးစိတ်ရှိ ရတုကလေး....

နွေကျွန်းသံဝါ....ခုချိန်ခါကို—ဆိုလိုက်တော့ ရွက်သစ်ပြောင်းလို့ ရွက်ဟောင်းကြွေတဲ့ နွေလ ကုန်လို့ ဝါဆို ဝါခေါင်ရေဖေါင်ဖေါင်ဆိုတဲ့ ဝဿန္တဥတု မိုးလအခါကြီးကို လက်ခံသုန္ဒရ အမတ်ကြီးရဲ့ စိတ်ထဲ ရှုမြော်ခင်းကြီး မြင်လာဒါပေါ့။

ကျောင်းသာရာမ်ခင်း၊ စေတီတွင်းဝယ် – ဆိုလိုက်တော့ ကျောင်းနှင့် စေတီကလေး ပေါ်နေပြီ။

သီးတင်းအရှု၊ ရှေပြည်သူတို့၊ ဆုယူစည်းဝေး ဖြိုးဖြိုးမှေးလိမ့်—ဆိုတော့ သီတင်းနေ့များမှာ ဥပုသ်သီလများ ဆောက်တည်လို့ နိဗ္ဗာန်ကို ဆုတောင်းပြီး ကုသိုလ်ကောင်းမှု ပြုကြတဲ့ လူတွေကို မှေးမှေး-မှေးမှေးနဲ့ မြင်နေတယ်။

စက်မှုးခိုက်တွင်၊ အိပ်မက်မြင်သို့၊ မရှင်ယုယ၊ လွမ်းလိုက်လှရင့်၊ ညွှန်ပြကျိုးဆက်၊ ဆယ်ကျော်သက်က၊ ကြင်ဘက်အတူ၊ တောင်းဆုယူသည့်၊ အိမ်သူချောသွယ်.... ဆိုတော့ ဆဲ့သုံးနှစ်, ဆယ့်လေးနှစ်—အရွယ်က စပြီး တဦးနှင့် တဦး ချစ်ကြည်နှူးခဲ့ရတဲ့ ဝန်ကတော်"မရှဲ"ရဲ့ ပုံပေါ်မလာဘူးလား။ (မှန်ပါ ပေါ်လာပါ ဘုရား။)

သုံးယောက်မယ်နှင့်....ဆိုလိုက်တော့ သား,အမိ ငလေးယောက်ကို မြင်နေပြီ။

ပင်လယ်ခြားရာ.... ဆိုလိုက်တော့ လှိုင်းတပိုး ကြီးတွေ ထလို့ ကမ်းမမြင်, လမ်းမမြင်တဲ့ ပင်လယ်ရေပြင်ကြီးကို တွေ့နေရ မဟုတ်လား။ (မှန်ပါ ဘုရား။)

ခရီးကွာဆို၊ မှာလည်းမကြား၊ သွားလည်းမသင့်၊ ဖြစ်သဖြင့်လျှင်၊ ပူခွင့်ရှည်ရေး၊ ရှိခြေသေး၏၊ ရင်သွေးရှေတောင်.... သား, မောင်နှမ၊ ဆင်းသိုက်တို့.... ဆိုလိုက်တော့ မောင်နှမသုံးယောက်ပေါ်နေတယ်၊**မောင်အား မောင်ရှေသား, မလွန်းမယ်....**

မွေးဘ ရင်ခွင်၊ ရှေလက်တင်၍.... ဆိုလိုက်တော့ ခလေးတွေကို ရင်ခွင်မှာထားပြီး လက်ကလေးတင်လို့ သူ့စိတ်ကလေ....။

ယူငင်ပိုက်ဖျား၊ ဖျော်မည်မျှားနှင့်၊ နှစ်ပါးမျက်ခြည်၊ သားနှင်းရည်သည်.... ရှေလည် ဆွဲခြင်ရှာလိမ့်မည်.... ဆိုလိုက်တော့ သားကြီးနှင့် သားငယ်က သူ့လယ်ပင်းဆွဲပြီး သူက သားနှစ်ယောက်ကိုဘက်လို့ ပျော်ရွှင်နေကြပုံကို မြင်လာသတဲ့ ဒကာအောင်ရ။ (မှန်ပါ စိတ်ထင်, စိတ်မြင်တွေပါ ဘုရား။)

ကဲ-ဆိုခဲ့ဒါတွေအကုန်ပေါင်းပြီးဖြေးဖြေးရွတ်ပြမယ်၊ ဒကာအောင်တို့ တတွေက အကြံမှားတဲ့ နာမ်တရားတို့၏ တခုပြီးတခု ပေါ်နေပုံကို အာရုံပြုလိုက်ကြပေါ့။

* နွေကျွန်းသံဝါ–ခုချိန်ခါကို-ကျောင်းသာရာမ်ခင်း၊ စေတီတွင်းဝယ်.... သီတင်းအလှ။ ရှေပြည်သူတို့၊ ဆုယူစည်းဝေး၊ ဖြူဖြူဖွေးလိမ့်– စက်မှေးခိုက်တွင်၊ အိပ်မက်မြင်သို့၊ မရှင်ယုယ၊ လွမ်းလိုက်လှရင့်၊ ညွှန်ပြ ကျိုးဆက်၊ ဆယ်ကျော်သက်က၊ ကြင်ဘက်အတူ၊ တောင်းဆုယူသည့်၊ အိမ်သူချောသွယ်– သုံးယောံ မယ်နှင့်....ပင်လယ်ခြားရာ–ခရိုက္ခာသို့၊ မှာလည်း မကြား၊ သွားလည်းမသင့်၊ ဖြစ်သဖြင့်လျှင်၊ ပူခွင့် ရှည်ရေး.... ရှိခြေသေး၏၊ ရင်သွေး ရှေတောင်၊ သားမောင်နှမ၊ ဆင်းသိုက်တို့....မွေးဘရင်ခွင်၊ ရှေ လက်တင်၍....ယူငင်ပိုက်ဖျား၊ ဖျော်မည့်များနှင့်– နှစ်ပါးမျက်ချည်၊ သားနှင်းရည်သည်....ရှေလည် ဆွဲခြင်ရှာလိမ့်မည်။

အော်....လက်ဝဲသုန္ဒရ အမတ်ကြီးဟာ ချစ်မယားနှင့် ချစ်သားနှစ်သွယ် ချစ်သွီးငယ် ကလေးကို လွမ်းဆွတ်ပြီး နှင်းတွေအုံ့ဆိုင်း ညှိုးညှိုမှိုင်းနေတဲ့ မဇော သစ်တောကြီးထဲ မှာ တဲကုတ်ကလေးထဲကနေပြီး ညှိုးလျသော မျက်နှာနှင့် ခိုက်ခိုက်တုံ ချမ်းအေးလျက် ရတုကလေး ရေးနေရှာ သနားစရာ မကောင်းဘူးလား။ (မှန်ပါ ဝဋ်မကင်းလို့ ထင်ပါ့ ဘုရား။)

သူရေးတဲ့ စာလုံးကလေးတွေဟာ ရေးတော့ ပေရှက် ထဲ ရေးဒါဘဲ၊ ထင်တော့ ဟဒယဝတ္ထုမှာ သွားထင်တယ်၊ ဒကာအောင်ရ မဆန်းလား။ (မှန်ပါ ထုံးစံပါ ဘုရား။)

သား မယား၊များ နေပြည်တော်မှာ နေရစ်တယ်လို့ သူ့စိတ်ကသာ ထင်နေဒါ။ အပြီးသတ်တော့ သူ့ဆီ ရောက်နေတယ်၊ သူ့ ကလေးတွေ တကယ်ရှိဒါ မှန်ရင် သူရဲ့ ဟဒယဝတ္ထု ရုပ်ပေါ်မှာ မောင်နှမ သုံးယောက် မတ်တတ် ရပ်လောက်ပါ့မလား။ (မှန်ပါ မရပ်လောက် ပါ ဘုရား။)

သားရယ် မယားရယ်လို့ ကြီးဒါဟာ လက်ဝဲသုန္ဒရက ကြီးဒါမဟုတ်၊ မနောဝိညာဉ်က ကြီးဒါ၊ လက်ဝဲသုန္ဒရ အစစ်ကို ရှာလိုက်တော့ နာမ်တရား မတွေ့ဘူးလား။ (မှန်ပါ တွေ့ပါ ဘုရား။)

ဒါဖြင့် နာမ် လက်ဝဲသုန္ဒရပေါ့၊ ဟိုလက်ဝဲသုန္ဒရက ဘာပြုလို့ မကြီသလဲ။ (မရှိလို့ပါ ဘုရား။)

မရှိဒါက မကြီ ရှိဒါက ကြီးဒါပေါ့၊ ဒီနေရာမှာ ဟို လက်ဝဲသုန်, ဒီလက်ဝဲသုန် ခွဲလိုက်တော့ ဟိုဇုလိသက ဒီဇုလိသကို မနှိပ်စက်ပါနဲ့ဆိုသလို ကျ မသွားဘူးလား (မှန်ပါ ဒွိစိတ္တလို ဖြစ်သွားပါ ဘုရား။)

လက်ဝဲသုန္ဒရတို့ သား,အဘ ငါးယောက်နှင့် တက္ခ မဇ္ဈာတောင် - အစရှိသည်တို့ဟာ သဘာဝနဲ့ စုဆုတ်, ဉာဏ်နှင့် ချုပ်လိုက်တော့ နာမ် တခုဘဲ ရတယ်။ ဒါ့ကြောင့်—

* မဇ္ဈာတောင် ဘယ်မှာရှိတယ်၊
ဟိုမှာမရှိ၊ စိတ်မှာရှိ၊ ဒီဋ္ဌိစင်အောင် မြင်ရမယ်။

ကျေးဇူးရှင် **ဦးဥာဏဝံသ** ဆရာတော် ဘုရားကြီး အမိန့်ရှိတဲ့ **"အဋ္ဌဂ္ဂမှာ အရာရာ ကပ်ခါကြိုကြည့်ပါ"** ဆိုတဲ့အတိုင်း ဘယ်အရာမဆို အဋ္ဌဂ္ဂမှာ ကပ်ပြီး ရှုလိုက်ရင်ရတုကဗျာ-စသည်တို့ ဟာလဲ တရားရစေနိုင်တယ်။ **"စတုသစ္စ ဝိနိမုဇ္ဈော ညေယျော နာမ နတ္ထိ"** လို့ အဌကထာမှာလဲ လာတယ် မဟုတ်လား(မှန်ပါဘုရား။)

* မဲဇာတောင်၊ ဘယ်မှာရှိတယ်၊
ဟိုမှာမရှိ၊ စိတ်မှာရှိ၊ ဒီဌိစင်အောင် မြင်ရမယ်။
မြင့်မိုရ်တောင်၊ ဘယ်မှာရှိတယ်၊
ဟိုမှာမရှိ၊ စိတ်မှာရှိ၊ ဒီဌိစင်အောင်မြင် ရမယ်။
သမုဒ္ဒရာရေ၊ ဘယ်မှာရှိတယ်၊
ဟိုမှာမရှိ၊ စိတ်မှာရှိ၊ ဒီဌိစင်အောင် မြင်ရမယ်။
သားကလေးဆိုဒါ ဘယ်မှာရှိတယ်၊
ဟိုမှာမရှိ၊ စိတ်မှာရှိ၊ ဒီဌိစင်အောင် မြင်ရမယ်။
သွီးကလေးဆိုဒါ ဘယ်မှာရှိတယ်၊
ဟိုမှာမရှိ၊ စိတ်မှာရှိ၊ ဒီဌိစင်အောင် မြင်ရမယ်။

အသွင်ငယ်တူ

မိဘ, ဆွေမျိုး သား မယား–စသည်တို့နှင့် ရှင်ကွဲ, သေကွဲ ဆင်းရဲဒုက္ခတွေကြုံကြ၍ လောကဓမ္မတာ မရှောင်သာလို့ အလွမ်း, အဆွေး–တည်းဟူသော မီးတွေ တောက်လာတဲ့ အခါ ယခုပြခဲ့တဲ့ "မဲဇာတောင်ခြေ"

နည်းအတိုင်း အဖန်ဖန် သုံးသတ် အထပ်ထပ် ဆင်ခြင်တွင်တွင်ကြီး ပွါးများကြမယ်ဆိုရင် အပူမီးတွေ ငြိမ်းသွားနိုင်ပါတယ်၊ ဝိပဿနာဥာဏ်နှင့် ကြည့်လိုက်တော့ မိဘ, ဆွေမျိုးရယ်လို့ မရှိတော့ဘူး၊ နာမ်အဘော နာမ်အမေကတော့ ရှိဒါပေါ့-ဒကာအောင် အဘော ရှိသေးလား။ (မှန်ပါ သေဒါ ၁၅-နှစ်လောက်ရှိပါပြီ ဘုရား။)

ဒကာအောင်ကသာ သေတယ်ထင်ဒါ မသေပါဘူး၊ ခင်ဗျာ့စိတ်ထဲမှာ အခုကို ရှိနေပါတယ်၊ နာမ်အဘောလေ။ (မှန်ပါ ဒါက အဘော အတုပါ။ ဟိုအဘော အစစ်ကတော့ သေပါပြီ ဘုရား။)

လာပြန်ပြီ ဇုလိသနှင့် ဒွိစိတ္တာ၊ ဟိုအဘော, ဒီအဘော်လို့ တမျိုးစီမရှိပါဘူး၊ အဘော အခေါ်ခံတဲ့ အဌကလာပ်ရုပ် ဓာတ်ရှစ်ပါးက ပျက်စီးသွားလို့ မမြင်ဒါ ထားပါတော့၊ ခင်ဗျာ့ အဘောကို အောက်မေ့လိုက်တဲ့ အခါ မျက်လုံး, မျက်ခုံး အရပ် အမောင်းနှင့်တကွ ပေါ်မလာဘူးလား။ (မှန်ပါ ပေါ်လာပါ ဘုရား။)

အခု အဘောနဲ့ ဟိုတုံးက အဘော အတူတူပါဘဲ၊ ဟို အဘောကလဲ နာမ်, ဒီအဘောကလဲ နာမ်၊ နာမ်အဘောခြင်း နာမ်အဘော မတူဘူးလား။ (တူပါတယ် ဘုရား။)

ဒါ့ကြောင့်—ကျေးဇူးရှင် ပထမ ဆရာတော် ဘုရားကြီးက—

* အသွင်ငယ်ကူ အရင်မှ ဟန်မပျက်ပါကလား၊ သ ဘောမှန် ပြောရန်ခက်ပါဘိ ဥာဏ်ထက်သူသုံး....

ဂန္ဓိရကဗျာ စပ်ဆိုထားတယ်၊ ရှေ့စိတ်နှင့် နောက်စိတ် "**ဝိဇာနနလက္ခဏာ**"အားဖြင့် တူသောကြောင့် အသွင်ငယ်တူလို့ ဆိုဒါပေါ့၊ ဒကာအောင်ရဲ့အလိုက ဟိုတုံးက အဘေက အဘေအစစ်ဆိုတော့ အခုပေါ်နေတဲ့ နာမ်တရားလေးက ဘယ်ဘေးအဖြစ်နေဒါပေါ့၊ နာမ် ဘယ်ဘေးအလို့ ဆိုလိုဒါပေါ့လေ။ (မှန်ပါ ဒီလိုလဲ မဟုတ်ပါဘုရား။)

ကဲ-ထားပါတော့ မနောဝိညာဉ် နာမ်တရားကို ဥပမာ အမျိုးမျိုးဖြင့် ပြခဲ့လို့ သူရဲ့သဘာဝကို "**အမိုင်အပြတ်**"သိလိုက်ရင်စိတ်ပညာအတတ်မှာ တဘက်ကမ်းရောက်တဲ့ **နာမ်ဝိဇ္ဇာ**ရဲ့ ဖြစ်သွားဒါဘဲ။

ဇော်ဂျီနှင့် ဝိဇ္ဇာ

ဒီနေရာမှာ ဇော်ဂျီနှင့် ဝိဇ္ဇာ ခွဲပြီးသိဘို့လိုတယ်၊ မိရိုးဖလာ ဒါန, သီလ, စရဏနှင့် အချိန်ကုန်နေတဲ့ သူကို ဇော်ဂျီလို့ ခေါ်တယ်၊ သာသနာတွင်းမှ ကြားသိရတဲ့ ခန္ဓာငါးပါး ဝိပဿနာတရား အားထုတ်နေတဲ့ သူကို ဝိဇ္ဇာလို့ခေါ်တယ်။ ဒကာအောင်ကြီးလဲ ကိုယ့်ကိုယ်ကို ဇော်ဂျီလား, ဝိဇ္ဇာလား စဉ်းစားကြည့်အုံးနော်=၊ အ

ကယ်၍ ဇော်ဂျီဖြစ်နေရင်လဲ ဝိဇ္ဇာဖြစ်အောင် လုပ်ပေါ့။ ဇော်ဂျီ အဖြစ်နဲ့ နေဒါကို မြတ်စွာဘုရား မကြည့်လိုဘူး။

ဓနဥာနိ ပုဏ္ဏားကြီး သေခါနီးမှာ ရှင်သာရိပုတ္တရာက သမထကို ဟောမိသည့်အတွက် မြတ်ဗုဒ္ဓပြောရောက်သွားဒါကိုး။ ဝိပဿနာတရား ဟောခဲ့လျှင် လူ့ဘဝ၌ပင် မဂ်, ဖိုလ်ကို ရနိုင်တယ်၊ အခုတော့ သမထတရားကို နာမိလို့ ဇော်ဂျီ အကြီးဆုံးကြီး ဖြစ်သွားဒါပေါ့၊ ဒါနဲ့ မြတ်စွာဘုရားက "သာရိပုတ္တရာ ဘယ့်နှယ်လုပ်တာလဲ ဝိပဿနာတရား မဟောဘဲနဲ့ ဘာပြုလို့ သမထကို ဟောဒါလဲ" လို့ အပြစ်တင်ပြီး "ကဲ-ကဲ မြတ်ဗုဒ္ဓပြောလိုက်ပြီး ဟောချည်" လို့ မိန့်တော်မူသည့်အတွက် ချက်ခြင်းကြွပြီး ဝိပဿနာတရား ဟောရ ရှာသတဲ့။

ဒီ သာဓကကို ထောက်ပါသဖြင့် ဇော်ဂျီဘဝနှင့် နေခြင်းကို မြတ်စွာဘုရား မနှစ်သက်ကြောင်း မထင်ရှားဘူးလား။ (မှန်ပါ ထင်ရှားပါ ဘုရား။)

ဒကာအောင်တို့ ကျုပ်တို့ ဇော်ဂျီလုပ်ခဲ့ဒါ မျှားလှပြီနော်၊ လောက ဇော်ဂျီမျှား ဝိဇ္ဇာဖြစ်ခြင်းရင် ဖိုဝင်ရသေးတယ်၊ ဗျတ်ဝိ ဗျတ္တဝတ္ထုထဲမှာ ဇော်ဂျီတဦးဟာ ပြဒါးလုံးသိဒ္ဓိမြောက်တော့ မိမိကိုယ်ကို ဖိုဝင်လိုသည့် အတွက် နွားကျောင်းသား တယောက်ကို ခေါ်၍ ဆေးသုံးလုံးကို ပေးပြီး "ငါ့တပည့် ဘာမှ မကြောက်နဲ့ ငါထင်းပုံပေါ်

တက်ပြီး လဲတဲ့တခါ ပထမဆေးလုံးနဲ့ ပေါက်လိုက် မီးထတောက်လိမ့်မယ်၊ အဲဒီ အခါကျရင် အနှောက် အရှက်ကောင်တွေ လာလိမ့်မယ် ကြောက်မနေနဲ့ ဒုတိယ ဆေးလုံးကို ဆက်ပေါက်လိုက် အနှောက် အရှက်တွေ ပျောက်သွားလိမ့်မယ်၊ နောက်ဆုံးကျန်တဲ့ ဆေးလုံးကို မီးပုံထဲ ပြစ်ထဲ့လိုက်ပေတော့၊ ငါ့ကိစ္စအောင်ရင် တပည့်တသက် စားလို့ မကုန်အောင် ဆရာ မ,စမယ်” လို့ ပြောဆို ချေ့မော့ပြီး ထင်းပုံပေါ် လဲအိပ်လိုက်တာကိုး၊ နွားကျောင်းသားလေးကလဲ ဇော်ဂျီမှာတဲ့ အတိုင်း ပထမ ဆေးလုံးနဲ့ ပေါက်လိုက်ရာ မီးတောက်တွေ ထပြီး အနှောက်အရှက်တွေ ပေါ်လာတော့ ကြောက်အား လန့်အားနဲ့ တခါထဲထွက်ပြေးရော၊ အဲဒီတော့ ဇော်ဂျီ ဖိုဝင်ဒါ မအောင်ဘဲ သေတော့ဒါပေါ့၊ ဘယ်ဝိဇ္ဇာဖြစ်တော့ မလဲ။

ဥပမာ, ဥပမေယျ ဟတ်လိုက်တော့—

ထင်းပုံကြီးနဲ့ ခန္ဓာကိုယ်တူစေ။
ပထမဆေးလုံးနဲ့ ဒါန, သီလ, တူစေ။
ဒုတိယဆေးလုံးနဲ့ သမထ တူစေ။
တတိယဆေးလုံးနဲ့ ဝိပဿနာ တူစေ။

အဓိပ္ပါယ်ကတော့ ဒါန,သီလကို ပြုရုံနဲ့လဲ ဝိဇ္ဇာမဖြစ်သေး၊ သမထကို အားထုတ်ရုံနဲ့လဲ ဝိဇ္ဇာ မဖြစ်သေး၊ ဝိပဿနာဖိုဝင်မှသာ အရိယဝိဇ္ဇာဖြစ်နိုင်တယ်၊ အခုတော့

ပထမ ဆေးလုံး, ဒုတိယ ဆေးလုံးနဲ့ သာ တင်းတိန်နေကြ ဒါမျှား၊ ဝိပဿနာဆေးလုံးကိုတော့ အသုံးမပြုခြင်းကြောင့်ဘူး ဒကာအောင်—**ဝိဇ္ဇာဇုံ**ရ် ဖြစ်ခြင်သလား။ (ဖြစ်ခြင်ပါ ဘုရား။)

ဖြစ်ခြင်ရင် ခန္ဓာကိုယ် တည်းဟူသော ထင်းပုံကြီးကို ဝိပဿနာ ဆေးလုံးနဲ့ သာ တဲ့တဲ့ပေါက်လိုက် အရိယ ဝိဇ္ဇာမိုရ် ဖြစ်ပါရောဗျား၊ ဝိဇ္ဇာမိုရ်ဖြစ်တော့ ချမ်းသာဒါ ပေါ့ အေးဒါပေါ့၊ သေတဲ့ အခါမှာလဲ အပါယ်လေးပါး မကျတော့ဘူး "စိတ်သာချအတည် ဝိဇ္ဇာ မ,မည်"ကြား လား (မှန်ပါ ဘုရား။)

ကျပ်ချိန်ပျောက်လျင် နိဗ္ဗာန်ဝင်

ကျပ်ချိန်ပျောက်လျင် နိဗ္ဗာန်ဝင် ဆိုတဲ့စကား ကြား ဘူးတယ် မဟုတ်လား။ (မှန်ပါ အမိန့်ရှိပါ ဘုရား။)

အဂ္ဂိယ သမားများ ဓာတ်လုံးကို ဓာတ်သေတဲ့အခါ ကျတော့ လုံထဲထဲ့ပြီး ဘယ်လောက်ပင် ဖိုနဲ့ ထိုးသော်လဲ ရေ့နဲခြင်းမရှိဘူး၊ ရွှေဘယ်နှစ်ကျပ်သားပင် ကျွေးသော် လဲ တိုးပွါးခြင်းမရှိဘူး၊ နဂိုနေအတိုင်းဘဲ၊ အဲဒီလိုကျပ်ချိန် ပျောက်၍ ဓာတ် သေသွားပလားဆိုရင် နိဗ္ဗာန်ဝင်ပြီလို့ ခေါ်ကြသတဲ့၊ ယခုလဲ နာမ်ဓာတ်ကို ပုဂ္ဂိုလ်, သတ္တဝါ, အရိပ် နိမိတ် သုဉ်းဆိတ်အောင် ဝိပဿနာဖိုနဲ့ ထိုးလိုတ် ရင် ကျပ်, ပိဿာ အနေနဲ့ ရေ့. နဲ, တိုး, ပွါးခြင်း မရှိဘဲ

နာမ်ဓာတ်လုံး အသားကျပြီး ဓာတ် သေမသွားဘူးလား (မှန်ပါ ဓာတ် သေသွားပါ ဘုရား။)

ပဒါးသေ တဆွဲ့ဝ၊ သံသေ တပြေ့ဝ – ဆိုဒါလို့ နာမ်သေသည်တလို့ မဆိုထိုက်ဘူးလား(မှန်ပါ ဆိုထိုက်ပါ ဘုရား။)

နာမ်ဓာတ်သေရင် **မနောမယသိန္ဒြေ** မြောက်ပြီး တန်ခိုးသတ္တိနှင့် ပြည့်စုံတဲ့ **နာမ်ဝိဇ္ဇာ** ဖြစ်လို့ ဝိမုတ္တိ အရသာခံစားပြီး အေးအေးမြမြ နေနိုင်တော့ဒါပေါ့ (နာမ်ဝိဇ္ဇာ ဖြစ်တော့ ဘယ်လိုမျိုး စွမ်းပါသလဲ ဘုရာ့။)

စွမ်းဒါကတော့ လက်ညှိုးညွှန်လိုက်ရင် မြင့်မိုရ်တောင် ကြီးတွေ အစိရဝတီ မဟီ, ဂင်္ဂါ, ယမုနာ, သရဘူ-ဆိုတဲ့ မြစ်ကြီးတွေ အနောတတ္တ ကဏ္ဍမုဏ္ဍ ရထကာရ ဆဒ္ဒန္တ, ကုဏာလ မန္ဒာကိနီ သီဟပ္ပပါတ-ဆိုတဲ့ အိုင်ကြီးတွေ နေ လ နက္ခတ်တာရာတွေ အကုန်လုံး ပျောက်ကုန်တော့ ဒါဘဲ၊ ဘလောက် စွမ်းသလဲ။ (မှန်ပါ အလွန် စွမ်းပါ ဘုရား။)

ဒကာအောင်ကြီးလဲ နာမ်ဝိဇ္ဇာ ဖြစ်လောက်ပါပြီ၊ ကဲ–ကျေးဇူးထိုင်နေတဲ့ တရားပလ္လင်နှင့် တရားဟောတဲ့ ကိုယ်တော် ပျောက်သွားအောင် လက်ညှိုးထိုးလိုက်စမ်း (မပျောက်ဘူးဘုရာ့ ၎တ်တုတ်ကြီး အတိုင်းဘဲ။)

ဘယ်ပျောက်လိမ့်မှာတုံး လက်မ နားက လက်ညှိုးကြီးနဲ့ ထိုးနေတဲ့ဥစ္စာ၊ အဲ့ဒီလက်ညှိုးပြောဒါ မဟုတ်ဘူး

ဥာဏ်လက်ညှိုးပြောဒါ၊ အဲဒီလက်ညှိုးနဲ့တော့ ဘယ်ဟာ ထိုးထိုး ဘယ်တော့မှ မပျောက်ဘူး လက်ညှိုးကြီးနဲ့ တရားပလ္လင်ကို ရှယ်နေဒါ ကျုပ်က မြင်တယ်ဗျ။ (မှန်ပါ နောက် ဒီလက်ညှိုး အသုံးမပြုတော့ပါ ဘုရား။)

ရာဟု,အသူရိန် နတ်ကြီးဆိုဒါ ကြားဘူးလား၊ အဲဒီ နတ်ကြီးရဲ့ ကိုယ်အရပ်ဟာ ဘယ်လောက် မြင့်သလဲ ဆိုတော့ ယူဇနာ "**လေးထောင့်ရှစ်ရာ**" မြင့်တယ်၊ လက်ကတီးကြားက ယူဇနာ **တရာ့နှစ်ဆယ်**၊ မောင်း လက်ရုံး အလုံးက ယူဇနာ **ခြောက်ရာ**၊ ဦးခေါင်းက ယူဇနာ **ကိုးရာ**၊ နဖူးပြင်က ယူဇနာ **သုံးရာ**၊ မျက်မှောင် အကြားက ယူဇနာ **ငါးဆယ်**၊ ခံတွင်းအကျယ်က ယူဇနာ **နှစ်ရာ**၊ အစောက်က ယူဇနာ **သုံးရာ**၊ နှာခေါင်းက ယူဇနာ **သုံးရာ**၊ လက်ဖဝါး ခြေဖဝါးအကျယ်က ယူဇနာ **ခုနစ်ရာ** ရှိသတဲ့၊ တယူဇနာ ခြောက်တိုင်နှင့် တာလေးရာ ဆိုတော့ ဘယ်လောက်ကြီးတဲ့ အကောင်ကြီးလဲ ဆိုဒါ စဉ်းစားသာ ကြည့်ပေတော့၊ အဲဒီ အကောင်ကြီးကို တောင် နာမ်ဝိဇ္ဇာ လက်ညှိုးညွှန်လိုက်ရင် မနေနိုင်ဘူး တခါထဲ ပျောက်သွားရတော့ဒါဘဲ၊ အထက် ကောင်း ကင်နှင့် အောက် ကောင်းကင် ဆက်စေလိုတဲ့ အခါ နှစ် သိန်း လေးသောင်း အထုရှိတဲ့ မဟာပထဝီ မြေကြီးနှင့် လေးသိန်း ရှစ်သောင်း အထုရှိတဲ့ ရေထုကြီးကို ဥာဏ် လက်ညှိုး စိုက်လိုက်လျှင် တမုဟုတ်ခြင်း ပျောက်ပြီး

ကောင်းကင်နှစ်ခု ဒိုးယိုပေါက်လျက် ပရမတ် လဟာပြင် အတိုဖြစ်သွား၊ အဆိုင်တွေ, အခဲတွေ, အမှုန်တွေမျှား ကျန်သေးလား။ (မှန်ပါ! ပြောင်တလင်း ခါသွားပါ ဘုရား။)

အတော်စွမ်းတဲ့ ဝိဇ္ဇာဗိုရ်ဘဲနော်၊ ဒါကြောင့် ဘယ်နှယ်တဲ့—

* တောကြီးဟောဝန် ဂနိုင်ဆီးလို့၊ စိမ့်ကြီး မြှင်ကြီး ပျောက်စေဆို၊ မှောင်မသန်းတဲ့ ကြောင်ပန်း ဝိဇ္ဇာဗိုရ်....။

ရှစ်သောင်း လေးထောင် နှစ်ပြန်ဆောင်၊ မြင့်မိုရ် တောင်ကြီး ကျိတ်ခါဖြို၊ အောင်အဆန်းနဲ့ ကြောင်ပန်း ဝိဇ္ဇာဗိုရ်....။

သမုဒ္ဒရာပင်လယ် မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ၊ ဒါတွေလဲ ယခုဘဲ ပျောက်စေဆို၊ အရောင်လွှမ်းတဲ့ ကြောင်းပန်း ဝိဇ္ဇာဗိုရ်....။

မြိုရှာ တိုင်းပြည် ဟူသမျှ၊ နတ်ဗိမာန်တွေ မကျန်ရ အောင် သဏ္ဌာန်ဃန ပျောက်စေဆို၊ တဘောင် စခန်းနဲ့ ကြောင်ပန်း ဝိဇ္ဇာဗိုရ်....။

ရပ်,နာမ်အနိစ္စံသဘာဝ၊ သုံးဆဲ့တဘုံ လဟာကျ ရော့ အာကာနှစ်ဝ ဆက်စေဆို၊ ရှိုးဆောယာ

ပိုမောက် ကိုယ်ပျောက်စေလို၊ သုည ဓာတ်လုံး ပေါက်သုံးအောင်ကို....သိဒ္ဓိနှီး ထိုးကြ နေ့တိုင်းဖို၊ အာကာဗဟိုရ ဦးအောင် ပြန်သန်းသလို၊ အခေါင် မြန်းတဲ့ ကြောင်ပန်း ဝိဇ္ဇာမိုရ်....။

ဒကာအောင်.... (ဘုရား။) ကြောင်ပန်း ဝိဇ္ဇာမိုရ် ဆိုတော့ ဒီကိုယ်တော်က ကြောင်ပန်းဂိုဏ်းမို့ထင်တယ်၊ သူတို့ ကြောင်ပန်းလေး ထဲ့ထဲ့ဆိုလိုက်ရဒါ သူမျှားကို တော့ အစ္စပြွတ်တရားဟောပြီး သူကတော့ ကြောင်ပန်း ကြောင်ပန်းနဲ့လို့ အပြစ်မတင်ကျပါနဲ့အုံး၊ ဂိုဏ်းတွင် မကပါဘူး အခက်ရော အလက်ရော,အရွက်ရော တပင် လုံး မစ္စပါဘူး၊ သဘာဝ အကျဆုံးလို့ မိမိယူဆသည့် အားလျော်စွာ ကြောင်ပန်းတိုက်ကြီး သွားပြီး သုံးနှစ် လောက် အားထုတ်ခဲ့ပါတယ်၊ ယခုရှုတ်ဆိုပြခဲ့တဲ့ ကြောင် ပန်းက ပုဂ္ဂလအနေနဲ့ ကြောင်ပန်းမဟုတ်ပါဘူး၊ တဏှာ မာန ဒိဋ္ဌိ-အားဖြင့် ကြောင်ကြားခြင်း မရှိဘဲ သန့်စင် ဖြူဖွေး ပန်းကလေးလို လန်းနေတဲ့ နာမ်ဝိဇ္ဇာလို့ ဆိုလို ဒါပါ၊ အောက်ပါ သံပေါက်ကလေးကို ကြည့်လိုက်ပါ အုံး။

* မေရုဗဟိုရ်၊ ရှေမြင့်မိုရ်၊ ဖျက်ဖြို နာမ်ဝိဇ္ဇာ။
သမုဒ္ဒပင်လယ်၊ ငါးသွယ်မြစ်ကြီး၊ တဟုန်တည်း ဖျက်ဆီး နာမ်ဝိဇ္ဇာ။
ဤကမ္ဘာမြေ၊ လနှင့်နေ၊ ပျောက်စေ နာမ်ဝိဇ္ဇာ။

ကောင်းကင် နှစ်ချက်၊ အောက်နှင့် ထက်၊ ဆက်သည့် နာမ်ဝိဇ္ဇာ။
နိဗ္ဗာန်အောင်နန်း၊အခေါင်မြန်း၊စွမ်းတဲ့ နာမ်ဝိဇ္ဇာ။

နာမ်ဝိဇ္ဇာစွမ်းဒါကတော့ ပြောလို့ကို မဖြစ်တော့ဘူး ဘိုးဘိုးအောင်တို့ စွမ်းတယ်ဆိုဒါက သာမည၊ မြင့်မိုရ်တောင်ကြီး ပျောက်အောင် မလုပ်နိုင်ဘူး၊ နေတို့,လတို့ ပျောက်အောင် မလုပ်နိုင်ဘူး၊ ဘိုးဘိုးအောင်ရဲ့အစွမ်းနဲ့ နာမ်ဝိဇ္ဇာရဲ့အစွမ်း ဘယ်လောက်ကွာခြားသလဲဆိုတော့ မိုးကြိုးပြစ်သံနဲ့ ဇွန်းကျသံလောက် ကွာတယ်၊ နာမ်က ဘယ်လိုကြီးကြီး ဘာဘဲကြီးကြီး ကြီသမျှတွေကို သူကြီဒါ "ဘာဘဲ"လို့ဖြတ်ကနဲသိသည့်ပြင် ကြီတဲ့နာမ်ဟာ ငါလဲ မဟုတ်, သူလဲမဟုတ် သူ့သဘော သူဆောင်တဲ့ သယံဇာတ အနတ္တလို့ အမှန်ကြမြင်တဲ့အတွက် နာမ်ဝိဇ္ဇာလို့ ခေါ်ရ မဟုတ်လား။ (မှန်ပါ ဘုရား။)

ပတ္တမြားကို လက်ဝါးပေါ် တင်ကြည့်သကဲ့သို့ မနောဝိညာဉ် နာမ်တရားကို ထင်ထင်ရှားရှား မြင်ရဒါပေါ့။

နာမ်ပတ္တမြား

ဥပမာအားဖြင့် မဟောသဓာဇာတ် တဆဲ့ကိုးပြဿနာမှာ မြို့၏အနီး ရေကန်ကြီးတခုထဲ၌ တဝင်းဝင်း တပြောင်ပြောင် ပတ္တမြားရောင်ကို မြင်တဲ့သူများက ဝိဒေ

ဟာရာဇ် မင်းကြီးကို လျှောက်တင်ကြတော့ မင်းကြီးက သေနက အမတ်ကြီးအား ပဏ္ဍမြား အရှာ ခိုင်းသည့် အတွက် မြှိုသူမြှိုသားတွေကိုခေါ်ပြီး ရေတွေကို ထုတ်ပြစ်သော်လဲ ပဏ္ဍမြားကမတွေ့၊ ဆန်တွေကို ကော်ပြစ်သော်လဲ မတွေ့ရ၊ မြေကြီးကို တူးဖော်၍ရှာသော်လဲ မတွေ့တော့ **မရှိပါဘူးလေ....**ဆိုပြီး လက်ရှေ့ ထားကြရဒါပေါ့၊ နောက်တဖန် မိုးရွာလို့ ရေတွေပြေ့လာတော့ ပဏ္ဍမြားရောင်ကို မြင်ကြရပြန်တယ်၊ သေနက အမတ်ကြီးက ရှေးနည်းအတိုင်း သုံးကြိမ်တိုင်တိုင် ရေတွေ ဆန်တွေ မြေတွေကို ထုတ်ကော်တူးပြစ်၍ ရှာသော်လဲ မတွေ့ပြန်တော့ လက်ပမ်းကျပြီးအားရှေ့နေကြဒါကိုး အဲဒီအခါဘုရင့်အမိန့်တော်အတိုင်း မဟာသဓာက ပဏ္ဍမြားအတွက် တာဝန်ယူလို့ ကန်ရိုးပေါ်ကရပ်ပြီး အရောင်ကို အကဲခတ်လိုက်တော့ ထန်းပင်ပေါ်ကကျီးသိုက်ထဲမှာ ပဏ္ဍမြားရှိကြောင်း အတတ်သိသတဲ့၊ ရှင်ဘုရင် သံသယ ကင်းသွားအောင် ရေခွက်ထဲကရေကို ပြလိုက်တော့ ရေကန်ထဲက အရောင်နဲ့ မခြား အရောင် တလက်လက် နေဒါကို မြင်ရတယ်၊ ဒါနဲ့ မဟာသဓာက မင်းချင်းယောက်ျား တယောက်ကို ထန်းပင်ပေါ် တက်စေပြီး ကျီးသိုက်ထဲက ပဏ္ဍမြားကို အယူခိုင်းတော့ ပဏ္ဍမြားလုံး ရရော မဟုတ်လား (မှန်ပါ ဘုရား။)

ဥပမာ, ဥပမေယျ ဟတ်လိုက်တော့—

ရေကန်ကြီးနဲ့ အဆင်းဝတ် တူစေ။
သေနကအမတ်နဲ့ မြှိသူ မြှိသားများက အမြင်မှန်
မရသေးတဲ့ ပုထုဇဉ်များနှင့် တူစေ။
မဟာသဓာနှင့် နာဝ်ဝိဇ္ဇာ တူစေ။
ကျီးသိုက်နှင့် ဟဒယဝတ္ထု တူစေ။
ပတ္တမြားနှင့် နာမ်တရား တူစေ။

ဇော်ဂျီဆိုရင် ဒီပတ္တမြားကို မမြင်နိုင်ဘူး၊ ဝိဇ္ဇာမို့သာ ဟဒယဝတ္ထု ၄က်သိုက်ကြားက မနောဝိညာဉ် နာမ် ပတ္တမြားကို ထင်ရှားစွာ မြင်ရတယ်၊ ဆီးနှင်း မြူတိန် သူရိန် မီးခိုး ငြစ်မျိုးငါးအင် ကင်းစင်ပဝင်း ရွှေလမင်းကြီးလို ထင်းထင်းကြီး ပေါ်မနေဘူးလား။ (မှန်ပါ ရှင်းရှင်းကြီး မြင်ရပါ ဘုရား။)

သေနက အမတ်ကြီးလို ဒို့တတွေမှာ အဆင်းဝတ်ထဲကို လူရှာသော်လဲ ဘယ်နည်းနှင့်မျှ တွေ့လိမ့်မည် မဟုတ်၊ ဘာ့ကြောင့်လဲဆိုတော့ အဆင်းထဲမှာ လူက ရှိမှ မရှိဘဲကိုး၊ ရှိတဲ့နေရာ ရှာမှတွေ့မှာပေါ့၊ ရှိတဲ့နေရာက ဟဒယဝတ္ထုမှာ လူ-လူ-လူ နာမ်ပေါ်နေဒါလေ။

ဒီနေရာမှာ ပုဂ္ဂိုလ်,သတ္တဝါ ငါ,သူတပါး ယောကျ်ားမိမ္မ ကြီးဆတဲ့ နာမ်သဘာဝ၏ မှုရင်းဝတ်အနေကို အပူကင်းပြတ်စေ ဝိဇ္ဇာနှင့်ကြည့်ပြီး ဝိပဿနာ တရားထူးကို လက်ပူးလက်ကြပ် ဆုံးမသွန်သင် ကျေးဇူးရှင် ဦးတိဏ္ဏ

ဆရာတော်ဘုရား ရေးသားတော်မူတဲ့ အတိဂန္ဓိရကဗျာ မှန်ကို စာမခံအောင် တွေးတွေးပြီး ဖြေးဖြေးလေး ဖတ်စေလိုပါတယ်....။

* ဖြာတုံးတိုင် ဘိတ်မရှိ သိဒ္ဓိမျှ ဝေါဟာ၊ စိတ်အရှိ ပြောစရာမှာ မနောမှာ ဖြစ်ပွါး၊ နိဗ္ဗိတ ဘန်ဆင်း ဒါလို ဥာဏ်သွင်းကာ ရှုတော့မမှား။ ပညတ်ကတစ္ဆယ်ခံလျှင် နယ်မမှန် လှည့်စား။ တကယ်ဟန် အရှိထားလျှင်ဖြင့် သိတခြားထင်ပြန်။ မျက်လှည့်ရွှေ လူလယ် အမှားကိုလ သူငယ်များ ကြည့်တဲ့ပုံဟန်။ တိတ်နာဂတ် ပစ္စုပ္ပန်မှာ စစ်ထုတ်ရန် ဘာမရပြီဘူ့၊ အဘာဝ အဘူတံ ပညတ်ပယ်လှန်၊ ဥာဏ်တိဟိတ် ဆုံးပိုင်ကြီလျှင် တုံးတိုင်နာမ် မြင်သိလိမ့်လေး....။

ဒကာအောင်-**မသိသူ ကျော်သွား သိသူ ဖေါ်စား** ဆိုဒါလို မနောဝိညာဉ် နာမ်ပဋ္ဌာန်းမြားကို ကျော်မသွားနဲ့ ဖေါ်စား ကြားလား။ (မှန်ပါ ဘုရား။)

* မသိသူတွေလဲ ကျော်သွားကြသနော်
  သိသူတွေလဲ ဖေါ်စားကြသနော်
  ကျော်သွားဖေါ်စား စဉ်းစားပါသော်
  မနောဝိညာဉ် နာမ်ပဋ္ဌာန်းမြားကို
  ကျော်ကာမသွားနဲ့ ဖေါ်ကာစားကွဲ့ ဘုရားရဲ့
  အာဏာတော်....။

နာမ်တရား အချက်ကို ပြက်ပြက်ထင်ထင် ဉာဏ်ဌာ မြင်အောင် ဟောမယ်လို့ ကတိပေးခဲ့သည့်အားလျော်စွာ ဥပမာ သာဓက အမျိုးမျိုးတွေနဲ့ ရှင်းတရား ဒေါ်ကြောင်း ခံပြီး နာမ်တရားကို ဖေါ်ပြလို့ ပရိသတ်များလဲ နားလည်လောက်ပါပြီ။ ကဲ–ကဲ ပြဆိုခဲ့တဲ့ နာမ်တရားတွေ အကျဉ်း ချုံးလိုက်တဲ့ နာမ်လက်ဘကြီးကိုလဲ နားထောင်ကြပါအုံး။

နာမ်လက်ဘကြီး

* နာမ်အေးကဗျာ.... နာမ်ဖြေးစွာဖြင့်၊ နာမ်မှာ မြူးရှင်၊ နာမ်ပွဲ ဆင်အုံ့၊ နာမ်မြင် နာမ်ကြား၊ နာမ်စား နာမ်နံ့၊ နာမ်တွေ့ကြုံ၍၊ နာမ်ဟန်နိမိတ်၊ နာမ်အရိပ်နှင့်၊ နာမ်စိတ်ကမ္ဘာ၊ နာမ်ထိုင် နာမ်ထ၊ နာမ်ကြွ နာမ်လှမ်း၊ နာမ်လမ်း နာမ်သွား၊ နာမ်ကစားလျှင်၊ နာမ် ထင်မဆုံး၊ နာမ် မှားတုံးရှင့်၊ နာမ်တုံး နာမ်တိုင်၊ နာမ်ခယိုင်နှင့်၊ နာမ်ပိုင်မြို့ပေ၊ နာမ်နေ နာမ်လ၊ နာမ်နှင်းခ၍၊ နာမ် မြမြင့်မိုရ်၊ နာမ်ရှိတောတောင်၊ နာမ်မြိုင်ချောင်တည့်၊ နာမ်မှောင်ပိတ်သဲ၊ နာမ်သူရဲတွေ၊ နာမ် တစ္ဆေဘီလူး၊ နာမ်စွယ်ပြူးနှင့်၊ နာမ်ရူးသည့်အင်၊ နာမ်ဆင် နာမ်ကျား၊ နာမ် ခြေသေ့များကို၊ နာမ် အားကနဲ၊ နာမ်ကြောက်ရွံ့၏၊ နာမ်ဘဲအသက်၊ နာမ်ဆန်းချက်စုံ၊ နာမ်ဘုံ နာမ်ခန်း၊ နာမ်ကြင်နှင့်၊ နာမ်

နန်း ထိန်ထိန်၊ နာမ်စိန်လျှပ်လျှပ်၊ နာမ်ပြာသာဒ်ပါ၊ နာမ် နတ်ဗြဟ္မာ၊ နာမ်ဟာလှည့်စား၊ နာမ်မိဖုရားတည့်၊ နာမ် မင်းသား နာမ် မင်းသွီး၊ နာမ် ဝန်ကြီးနှင့်၊ နာမ်ထီးဘုရင်၊ နာမ် ပလ္လင်ဟု၊ နာမ်တွင်စိတြ၊ နာမ်မိမ္မအား၊ နာမ်လင်သားနှင့်၊ နာမ်မယားဆို၊ နာမ်အပျိုတည့်၊ နာမ်အိုရွယ်ဖြီး၊ နာမ်အမယ်ကြီးတဲ့၊ နာမ်အရိုး နာမ်အဒေါ်၊နာမ်အဖေါ်တို့၊ နာမ်အော်မောင်လေး၊ နာမ်နှမလေးရယ်၊ နာမ်ဆွေးနှလုံး၊ နာမ်လဲမုံးပေါ့၊ နာမ်ပြုံးအချစ်၊ နာမ်လွမ်းရစ်တော့၊ နာမ်ပြစ်ခဲ့ပြီ၊ နာမ်ဟဲ့မသိ၊ နာမ်ပူမိလျက်၊ နာမ်၏ကိုယ်မှာ၊ နာမ်မိုးဖြာ၍၊ နာမ်သာအခက်၊ နာမ်ပွက်ပွက်ဆူ၊ နာမ်မူဥပါဒ်၊ နာမ်ဌိစပ်၍၊ နာမ်ဓာတ်ဘင်တွင်း၊ နာမ်ချုပ်ကင်းသည်....နာမ်ခြင်း နာမ်ကို ရှုပါလော့။

နာမ်တရားကို အမိုက်ထားပြီး ဟောခဲ့သော်လဲ နာမ်ကိုချည်းအမြဲတန်းရှုရမယ်လို့ မဆိုလိုပါဘူး"**ကာလေန ရူပံ သမ္မသိတဗ္ဗံ ကာလေန နာမံ သမ္မသိ တဗ္ဗံ**" ဆိုတဲ့အတိုင်း ရံခါရံခါ ရုပ်ကိုရှု၊ ရံခါရံခါ နာမ်ကိုရှုပေါ့။

တိုက်ရိုက်ဝိပဿနာ

ယခုဟောခဲ့တဲ့ ရှုနည်း ပွါးနည်းများဟာ ပစ္စုပ္ပန်ခဏမှာ တိုက်ရိုက်ရှုခြင်းများဖြစ်တယ်၊ အတိတ်ကာလက

ရုပ်,နာမ်တွေ မမြဲဘူး, အနာဂတ် ကာလမှာ ရုပ် နာမ်တွေလဲ မမြဲဘူးလို့ အတိတ်နှင့် အနာဂတ်ကို ရှုနေမယ်ဆိုရင် "**မုန်းဆဝိပဿနာ**" မျှသာ ဖြစ်၍ ဒိဋ္ဌာနုသယ အမြန် မပြတ်နိုင်၊ သို့သော်-ဉာဏ် အထူးရှင် စိတ်ကြည်လင်စေခြင်း အကျိုးငှါ ထိုကဲ့သို့ အကြမ်းစားအားဖြင့်လဲ တခါတခါ ရှုပေးပေါ့။ အရေးကြီးဒါက ပစ္စုပ္ပန်ချက်မှာ မိဘို့ အရေးအကြီးဆုံးဘဲ၊ ပစ္စုပ္ပန်ပင် ဖြစ်သော်လဲ အလုံးစုံသော ရုပ်တရား မမြဲဘူး၊ အလုံးစုံသော နာမ်တရားမမြဲဘူး၊ အလုံးစုံသော သင်္ခါရ မမြဲဘူးလို့ ရှုနေပြန်ရင်လဲ အာရုံပြုး၍ ထိထိ မိမိ မသိနိုင်သောကြောင့် မုန်းဆဝိပဿနာထဲ ရောက်သွားတော့ဒါဘဲ၊ အထူးအားဖြင့် "**ကေဒေသမေဝ ပရိဂ္ဂဟေတ္မာ သမ္မသန္ကြာ**" လို့ ဋီကာမှာ လာသည့်အတိုင်း မြင်ဆဲခဏ ကြားဆဲခဏ ပစ္စုပ္ပန်ကာလ၌ ရုပ်တလုံး နာမ်တလုံးကို သဉ္ဇီးဆိတ်အောင် ရှုနိုင်မှသာ "**တိုက်ရိုက်ဝိပဿနာ**" ဖြစ်၍ ဒိဋ္ဌာနုသယ သမုဒ္ဓေဒ ပြတ်နိုင်မယ် မဟုတ်လား။ (မှန်ပါ ဘုရား။)

သစ္စာလေးပါးအခန်း

ရုပ်, နာမ် တို့၏ တမမြဲထဲ မမြဲ တဘောက်ပြန်ထဲ ဘောက်ပြန်နေဒါကို ဝိပဿနာဉာဏ်နှင့် မြင်လိုက်တော့ "**မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏**" လို့ ကျေးဇူးရှင် လယ်တီ ဆရာတော်

ဘုရားကြီး မိန့်တော်မူတဲ့အတိုင်း သက်သာခွင့်မရသေနာ ကျနေတဲ့ ဒုက္ခသစ္စာကြီးပါတကားလို့ သဘောကျ သွားတော့ ဒါပေါ့ ပုထုဇဉ်ရဲ့ အမြင်ကတော့ ရှေ့ကကြည့်လဲ ယဉ်, နောက်ကကြည့်လဲ ယဉ်. ဘယ်လိုဘဲ ကြည့်ကြည့် ယဉ် အရိယာရဲ့အမြင်ကတော့ ဘုံကြီးပြတ်တဲ့ နတ်မိမယ် လို ဘယ်လိုပင် ချောပါတယ်ဆိုသော်လဲ ရှေ့ကကြည့်လဲ မကောင်းဒါအမှန်၊ နောက်ကကြည့်လဲ မကောင်းဒါ အမှန်၊ ဘယ်လိုဘဲ ကြည့်ကြည့် မကောင်းဒါ အမှန်။ (အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်း ပုထုဇဉ်ရဲ့ အမြင်က "**အချစ်တုံးကြီး**" လို့ ထင်ပြားသော်လဲ အရိယာရဲ့ အမြင်ကတော့ "**ဒုက္ခသစ္စာတုံးကြီး**" အစစ် ကေန်ဖြစ် ပါတယ် ဘုရား။)

ဒါ့ကြောင့်—

ဆင်းရဲသော သူ ရှာမတွေ့-ဒုက္ခသစ္စာတွေ့။
သာယာသော သူ ရှာမတွေ့-သမုဒယသစ္စာတွေ့။
ငြိမ်းအေးသော သူ ရှာမတွေ့-နိရောဓ သစ္စာတွေ့။
နိဗ္ဗာန်မြင်သော သူ ရှာမတွေ့-မဂ္ဂသစ္စာတွေ့။

ဆင်းရဲတဲ့သူ, သာယာတဲ့သူ, ငြိမ်းအေးတဲ့သူ, နိဗ္ဗာန် မြင်တဲ့သူမရှိဘူး၊ သစ္စလေးပါးသာရှိတယ်။ ဒကာအောင် ဆင်းရဲတဲ့သူ ရှာလိုက်တော့ ဘာတွေ့တုံး။ (ဒုက္ခသစ္စာ တွေ့ပါ ဘုရား။)

ဒီ-ဒုက္ခသစ္စာကို မသိတော့ ဆင်းရဲသူ, ဆင်းရဲသားသနားစရာ ကောင်းလိုက်တာလို့ မှားမနေကြဘူးလား။ (မှန်ပါ မှားနေကြပါ ဘုရား။)

ဒုက္ခသစ္စာရဲ့အပြင် ဆင်းရဲတဲ့သူ တသီး တခြား မရှိတော့ ပါဘူး ဒကာအော်ဝင်ရ။ (မှန်ပါ မရှိတော့ပါ ဘုရား။)

သာယာတဲ့သူ ရှာလိုက်တော့ ဘာတွေ့တုံး။(သမုဒယသစ္စာ တွေ့ပါ ဘုရား။)

ဒီသမုဒယသစ္စာကို မသိတော့ ငါ့နှယ် သာယာလိုက်တာ သူကလဲ ချစ်တာဘဲလို့ မှားမနေကြဘူးလား။ (မှားနေကြပါ ဘုရား။)

သမုဒယ သစ္စာရဲ့ အပြင် သာယာတဲ့ သူရယ်လို့ တသီးတခြားမရှိတော့ပါဘူး၊ ငြိမ်းအေးတဲ့သူကိုရှာလိုက်တော့ ဘာတွေ့ဝုံး။ (နိရောဓသစ္စာ တွေ့ပါ ဘုရား။)

နိရောဓသစ္စာကိုမသိတော့ ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန်တို့ မိုးဆဲ့တပါးငြိမ်းလို့ အေးသွားကြပြီဟု အထင်မှား မနေကြဘူးလား။ (မှန်ပါ အထင်မှားနေကြပါ ဘုရား။)

နိရောဓ သစ္စာရဲ့ အပြင် ငြိမ်းအေးတဲ့ သူရယ်လို့ တသီးတခြား မရှိတော့ဘူး။ နိဗ္ဗာန်မြင်တဲ့သူ ရှာလိုက်တော့ ဘာတွေ့တုံး။ (မဂ္ဂသစ္စာ တွေ့ပါ ဘုရား။)

မဂ္ဂသစ္စာကို မသိကြတော့ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာတို့ နိဗ္ဗာန်ကို မြင်တယ်လို့ မှားမနေကြဘူးလား။ (မှန်ပါ အရိယသစ္စာနဲ့ ချမကြည့်တတ်ရင် မှားပါလိမ့် ဘုရား။)

မဂ္ဂသစ္စာရဲ့ အပြင် နိဗ္ဗာန်မြင်တဲ့ သူရယ်လို့ တသီးတခြား မရှိတော့ပါဘူး။

ဒေါ်ခြောင့်—

ဆင်းရဲဒါ ဘယ်သူလဲ? ဒုက္ခ, ရုပ်နာမ်ဘဲ။
သာယာဒါ ဘယ်သူလဲ? သမุဒယ တဏှာဘဲ။
ငြိမ်းအေးဒါ ဘယ်သူလဲ? နိရောဓ နိဗ္ဗာန်ဘဲ။
နိဗ္ဗာန်မြင်ဒါ ဘယ်သူလဲ? မဂ္ဂမဂ္ဂင်ဘဲ။

သစ္စာလေးပါးရဲ့ အပြင် ဆင်းရဲတဲ့သူ, သာယာတဲ့သူ, ငြိမ်းအေးတဲ့သူ နိဗ္ဗာန်မြင်တဲ့ သူရယ်လို့ တသီးတခြား မရှိဘူးဆိုဒါ ထင်ရှားသွားပြီ၊ ဤနေရာ ဤအချက်မှာ သဘောနက်လို့ လက်တို့ လိုက်ရတာဘဲ ဒကာအောင်ရ။ (မှန်ပါ အလွန်နက်တဲ့ အချက်တွေပါ ဘုရား။)

ကဲ-သစ္စာလေးပါး ခွဲလိုက်ကြအုံးစို့....။
ရုပ်,နာမ် နှစ်ပါးက ဒုက္ခသစ္စာ။
ဒုက္ခသစ္စာကို သာယာဒါက သမุဒယသစ္စာ။
သမุဒယသစ္စာ ချုပ်ငြိမ်းဒါက နိရောဓသစ္စာ။
နိရောဓသစ္စာကို သိဒါက မဂ္ဂသစ္စာ။

သစ္စာလေးပါးကို လောကီ, လောကုတ္တရာ ခွဲလိုက်တော့ ဒုက္ခနှင့် သမုဒယသစ္စာနှစ်ပါးက လောကီ အရိယသစ္စာ၊ နိရောဓနှင့် မဂ္ဂသစ္စာ နှစ်ပါးက လောကုတ္တရာ အရိယသစ္စာ ဒီသစ္စာလေးပါးလုံး အရိယသစ္စာချည်းဘဲ မဟုတ်လား။ (မှန်ပါ အရိယသစ္စာ လေးပါးလို့ ခေါ်ပါတယ် ဘုရား။)

မဂ်စိတ်ခဏ လေးကိစ္စ

သစ္စာလေးပါးထဲက ဒုက္ခသစ္စာကို ပစ္စုပ္ပန္နာန် ကျအောင်မြင်လျှင် **"ဓိ၊ စာကိုလောင်၊ အမှောင်ပယ်ရှင်း၊ အလင်းရောင်လွှမ်း၊ ဆီခမ်းစေမှ"** ဤကိစ္စလေးခုကို တပြိုင်နက် ပြုနိုင်ဘဲ ဆိမိုးကဲ့သို့ ဒုက္ခသစ္စာကို ပိုင်နိုင်စွာ သိခြင်း သမုဒယသစ္စာကိုပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကို ဖြစ်ပေါ်စေခြင်းဆိုတဲ့ ကိစ္စကြီး လေးချက် တပြိုင်နက် ပြီးနိုင်ပါတယ်၊ သစ္စာလေးပါးလုံး တပြိုင်နက် သိဆိုသော်လဲ နိရောဓသစ္စာကိုသာ တိုက်ရိုက် အာရုံပြုလျက်၊ **"အာရုမဏ ပဋ္ဌေဝေ"**အားဖြင့် သိရတယ်၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ မဂ္ဂသစ္စာ-သုံးပါး မှာတော့ နိဗ္ဗာန်ကို အာရုံပြုရင်းပင် ထိုသစ္စာသုံးပါး အပေါ်ဌ ဝေ့ဝေခြင်းမရှိဘဲ ရှင်းလင်းပြီး ဖြစ်နေသော **"အသမ္မောဟ ပဋ္ဌေဝေ"**အားဖြင့် သိတယ်လို့ ဆိုရ၊ အာရုံပြုအသိမျိုး မဟုတ်ဘူး၊ ဒီ-သစ္စာလေးပါးကို

သိဒါဟာ မဂ္ဂင်ရှစ်ပါးထဲက သမ္မာဒိဋ္ဌိ ဥာဏ်ရဲ့ အစွမ်းသတ္တိဘဲ မဟုတ်လား။ (မှန်ပါ ဘုရား။)

ကဲ-သစ္စာလေးချက် တပြိုင်နက် သိပုံကလေး....

* နိရောဓအာရုံ လပုံထားကာ
မဂ်သစ္စာ ပြု။တင်းကမ္မေါ်ရာ
ရှုကြမှ သမုဒယ ကွာမှာ

ဒုက္ခကို တွေ့ဒါ, သိဒါ တပြိုင်နက်ပါ။ ထပ်ဆိုလိုက်ကြအုံး....

နိရောဓအာရုံ လပုံထားကာ
မဂ်သစ္စာ ပြု။တင်းကမ္မေါ်ရာ
ရှုကြမှ သမုဒယ ကွာမှာ
ဒုက္ခကို တွေ့ဒါ, သိဒါ တပြိုင်နက်ပါ။

သီတန်ကလေး အဘိုး မတန်ဘူးလား။ (မှန်ပါ–ပြားခရ သံပေါက်ကလေးပါ ဘုရား။)

"ဒုက္ခသစ္စံ ပရိဇာနန္တော သမုဒယသစ္စံ ပဇဟန္တော နိရောဓသစ္စံ သစ္ဆိကရောန္တော မဂ္ဂသစ္စံ ဘာဝနာ ဝသေန အပ္ပနာဝိထိ မောတရတိ" ဆိုတော့ နားလည်ကြမှာ မဟုတ်လို့ သီတန်ကလေး လုပ်ထားရတယ်၊ ပရိညာ ပဟာန, သစ္ဆိကရဏ ဘာဝနာ. သစ္စာမမ္မ လေးကိစ္စကို အနတ္တပင် ဥာဏ်ဌမြင်က အတ္တဒိဋ္ဌိ မရှိခန္ဓာ ကင်းပြတ်

ကွာ၍ မဟာ သောတာပန် အစစ် အမှန် ဖြစ်ရတော့ မဟုတ်လား။ (မှန်ပါ ဘုရား။

ဒီဋ္ဌိပြုတ်မှတော့ ဝိစိကိစ္ဆာလဲ မကပ်နိုင်တော့ ပါဘူး ဒကာအောင်ရ။ (မှန်ပါ ဘုရား။)

ဝိစိကိစ္ဆာ ဆိုဒါ ဘုရား အစစ်မှ ဟုတ်ရဲ့လေလား၊ တရားအစစ်မှ ဟုတ်ရဲ့လေလား၊ သံဃာအစစ်မှ ဟုတ်ရဲ့လေလား၊ မိမိ အားထုတ်နေတဲ့ အကျင့်ကိုလဲ ဟုတ်မှ ဟုတ်ရဲ့လေလား—စသည်ဖြင့် မိုးလား, လေလား လုပ်နေဒါကို ခေါ်တယ်။

ဖွားအူရဲ့ဝိစိကိစ္ဆာ

ဒကာအောင်ကြီး ဝိစိကိစ္ဆာများကင်းပလား(မှန်ပါ ကင်းပြီလို့ ထင်ပါ ဘုရား။)

ဝိစိကိစ္ဆာ အကြောင်း ပြောမိတော့ ရှာတရှာက **ဖွားအူ**ဆိုတဲ့ မိမ္ဘတယောက်ကို သတိရလာတယ်၊ **ဖွားအူ**ဆိုတဲ့အတိုင်း အူလဲအူပါရဲ့၊ ညကျတော့ သူ့ယောကျ်ားနဲ့ အတူအိပ်တဲ့အခါ အိပ်ပျော်လို့ တရှေးနိုးတော့ သူ့ယောကျ်ားရဲ့ ဖင်ကြီးကို စမ်းမိဒါကိုး၊ ဒီ ဖင်ကြီးဟာ ငါ့ဖင်လေလား? သူ့ဖင်လေလား? သေသေချာချာ စမ်းကြည့်ပြီး ငါ့ဖင်ထင်ပါရဲ့လေ.... ဟင် ဟုတ်ပေါင် သူ့ဖင်နဲ့တော့ တူဒါဘဲ၊ ကြည့်စမ်း ကြည့်စမ်း ဝိစိကိစ္ဆာ ဖြစ်နေဒါ ငါ့ဖင်လေလား? သူ့ဖင်လေလားနဲ့၊ အော်-

ကိုယ်.ဖင် သူ့.ဖင် မကွဲတဲ့သူလဲ ရှိသေးနော်။ (မှန်ပါ-ဖင် မကွဲတဲ့သူများလဲ ရှိကြောင်းပါ ဘုရား။)

အဲဒါလိုင်ါသေလို့ရှိရင် ငရဲများကျအုံးမှာလေလား? တိရစ္ဆာန် ဖြစ်အုံးမှာလေလား? ပြိတ္တာ ဖြစ်အုံးမှာလေ လားလို့ မဆုံးဖြတ်နိုင်တဲ့ ဝိစိကိစ္ဆာ ဖြစ်နေဒါဟာ ဒီဋ္ဌ ကိုက မပြတ်လို့ မဟုတ်လား။ (မှန်ပါ-မပြတ်လို့ပါ ဘုရား။)

အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ပြတ်ပြီးသား ပုဂ္ဂိုလ်များက တော့ မိုးလား လေလား မယုံမှားရ ငါသေလို့ရှိရင် အပါယ်မကျတော့ဘူး၊ နတ်ပြေကို တထစ်ချရောက်တော့ မှာဘဲလို့ ဆုံးဖြတ်နိုင်သည့်အတွက် စိုးရိမ်သောက ဗျာ ပါရခပင်း ပူပန်ခြင်းမရှိဘဲ စိတ်အေး လက်အေး နေနိုင် တော့ဒါပေါ့။

ခုနှစ်အရွယ်က မုဆိုးမ, ဖြစ်တဲ့သူလေး

ငါ့စွဲ ကိုယ်စွဲ, ပုဂ္ဂိုလ်စွဲ ဒိဋ္ဌိအလျှင်းမရှိတဲ့ ဝိသာခါ ကျောင်းအမကြီးဆိုဒါ ကြားဘူးလား။ (မှန်ပါ ကြားဘူး ပါ ဘုရား။)

အဲဒီ ကျောင်းအမကြီးဟာ ခုနှစ်အရွယ်က မုဆိုးမ ဖြစ်ရှာသတဲ့ ဒကာအောင်ရ။ (တပည့်တော်ဖြင့်ဘုရာ.... အသက်ခြောက်ဆယ်ကျော်ပါပြီ ခုနစ်နှစ်သွီး မုဆိုးမ ဖြစ် တယ်လို့ အခုမှ ကြားဘူး။)

ဝိသာခါဒကာမကြီး ခုနစ်နှစ် အရွယ်ကစပြီး သောတာပန် တည်တော့ ပုထုဇဉ်အဖြစ်တုံးက စွဲခဲ့တဲ့ ယောက်ျားမရှိတော့ဘူး။ ဒီဋ္ဌိယောက်ျားသေလို့ ဖြစ်ရတဲ့ မုဆိုးမ ကလေးပေါ့၊ ခုနစ်နှစ်သွီးက ယောက်ျားရ၊ ရတဲ့ယောက်ျားက သေ သေလို့ မုဆိုးမ, ဖြစ်တယ်ဆိုတော့ အလွဲများ သွားတွေးကြမလား၊ အခဲကြီး အတုံးကြီး သဏ္ဌာန်ကြီးနဲ့ ယောက်ျားပြောဒါ မဟုတ်ဘူး။ ဒီဋ္ဌိဆိုတဲ့ နာမ်ယောက်ျားကို ပြောဒါ။ (မှန်ပါ အခုမှရှင်း ဘုရား။)

ယောက်ျား မရှိတော့ ယောက်ျားပူ မမိတော့ဘူး၊ မယား မရှိတော့လဲ မယားပူ မမိတော့ဘူးပေါ့၊ ဒကာ အောင်ကြီးလဲ မယားရှိသေးလား။ (မှန်ပါ တပည့်တော်လဲ မယားသေလို့ မုဆိုးဖိုကြီး ဖြစ်နေရပါ ဘုရား။)

ဘာ,မယားသေဒါတုံး ဒကာအောင်ရ မယ်ထူးလား (မဟုတ်ပါ ဘုရား ဒီဋ္ဌိမယား သေဒါပါ။)

လူပျိုပင် ဖြစ်ငြားသော်လဲ ဒီဋ္ဌိမယားရှိနေရင် မယားနဲ့ လူပျိုလို့ ဆိုရလိမ့် **"မယားနဲ့ပါဆို လူပျို-သားနဲ့ ပါဆို လူပျို"**သိချင်းတောင်ရှိသေး မဟုတ်လား (မှန်ပါ ကြားဘူးပါ ဘုရား။)

အပျိုပင် ဖြစ်ငြားသော်လဲ ဒီဋ္ဌိလင်ရှိနေရင် **"လင်နဲ့ အပျို"**လို့ ဆိုရလိမ့်၊ အတ္တဒီဋ္ဌိရှိနေမှတော့ လူပျို အပျို မစစ်နိုင်တော့ပါဘူး၊ ဒကာအောင် ခုတင်က ပြောခဲ့တဲ့

မုဆိုးမ ဆိုသူလေးရဲ့ နာမယ်က ဘသူတဲ့ (ဝိသာခါပါတဲ့ ဘုရား။)

အဲဒီ ဝိသာခါလေးဟာ ခုနစ်နှစ်သွီး အရွယ်ကစပြီး ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာနုသယ သမုဒ္ဓေဒပြုတ်၍ ဝိမုတ္တိ အရသာ နိဗ္ဗာန် ချမ်းသာကို ခံစား သုံးဆောင်နိုင်တဲ့သူ လေးပေါ့၊ ဒါ့ကြောင့် ဝိသာခါလေးကို ဥဒေါင်းဌက် ပမာထားလို့ ကြူးရင့်တဲ့ဓမ္မာသံကို နာခံကြအုံးဗို့လား။ (မှန်ပါ အလွန်ကြားခြင်းပါ ဘုရား။)

ဣဒေါင်းညို

ဥက္ခိပ ဒက္ခိဏပါဒံ၊
ပက္ခံ တာဠိယ ကုဝေရော။
ရဝေတိ ပသာရံ ဂိဝံ၊
နဒိသံ ဒါနိဝိ အဟံ။

ကုဝေရော၊ ဆရစ်အရွယ် ချစ်စဘွယ်မို့ နုနယ်ဖြူဖွေး ဝိသာခါ တည်းဟူသော ဒေါင်းမယ်ကလေးသည်။ ဝါ၊ သာသနာ တောမြှင်ကြီးမှာဖြင့် ငါမပါ သဘောပိုင်တဲ့ နည်းတွေနဲ့ အော်.... ခုနစ်နှစ်သွီး အရွယ်ကစပြီး ဝိမုတ္တိ အရသာကို ခံစားခဲ့ရတဲ့ ဝိသာခါတည်းဟူသော ဒေါင်း မယ်ကလေးသည်။ ဒက္ခိဏပါဒံ၊ အနိဋ္ဌာ ပရံဘဝကိုဖြင့် ထိပ်စရာ ပြန်မကြွခြင်ဘူ့ ဝိဇ္ဇာဉာဏ်ဆိုတဲ့ လက်ျာခြေ ထောက်ကလေး တဘက်ကို။ ဥက္ခိပ-ဥက္ခိပိတ္တွာန၊ ပြန်

တော့မလိုလို က တော့မလိုလို ခုံတော့မလိုလို ယဉ်သကို ဖြောက်ကြွလျက်။ ပက္ခံ၊ မြီးဆံဖြန့်ကာ ဝဲ,ယာ စုံယှက်သိုလ,သမာဓိဆိုတဲ့ အတောင်ကြီးနှစ်ဘက်ကို။ တာဠိယ-တာဠေတွာန၊ ဖြန်းဖြန်း သွက်သွက်မြည်အောင် နှက်၍။ ဂိုဝံ၊ ဇွေရပ်နာမ် သခ်ၸာရယ်က ပြေသုသာန် အလျင်ကြွ ဒါကြောင့် မရှင်စရာ့ မသာဘင်ဟု ဘာဝနာအထင် ဇွတ်ကပ်လို့ တွေးလိုက်တော့ မကြာခင် ဝဋ္ဌဇာတ်တွေ ဝေးလို့မို့ လွတ်လပ်ရေးဆိုတဲ့ သူ. ရှေလည်ပင်းကလေးကို။ ပသာရေတွာန၊ ခါးကော့ ရင်ကော့ အသာကလေးမော့လျက်။ ရဝေတိ၊ အေးပါပေစွာ့ အေးပေစွာ့လို့ နှုတ်ဟသံသာ ကြားရင့်ရှာလေသတည်း။ ဝါ၊ ငရဲ တိရစ္ဆာန်, ပြိတ္တာ အသူရကာယ်, ပါယ်လေးသွယ် ဘရမ်းဘတာ မကျတော့မှာလို့၊ သြ....ဝမ်းသာအားရနဲ့ ကြားရင့်ရှာလေသတည်း။ ဝါ၊ အာကာဿဟိုကလဲ လာပြန်ပလားဆို ရှေဒေါင်းညို-မေဗျိုနားကာ အချီးပြေလိုက်ပုံက အိုးဝေ-အိုးဝေ အိုးဝေနဲ့ ကြားရင့်ရှာလေ သတည်း။ အဟမ္မိ၊ ကလိကမာတွေ ဆုမတောင်း ပရစေနဲ့ ရှေဥဒေါင်းတည်းဟူသော ငါသည်လည်း။ ဒါနိ၊ သာသနာတဝက်မင်းကောင်းတဆက်ပေါ်နိုး ယခုလိုအခါကြီး၌။ နဒီသံ၊ ဒိဋ္ဌရန် နဘေထပ်သမျှကိုဖြင့် နှိပ်ဖိကန် အခြေပြတ်ကရော့ ဟဲ့လို့ အသေသတ်ခါ ဥာဏ်ဒါး တဝင့်ဝင့်နဲ့၊ သြ.... ကြားရင့်လိုက်ပါတော့အုံ့သတည်း။ နဒီသံ၊ သခ်ၸာထိုထို တွေကို အရင်ကလိုတော့ဖြင့် မပေါင်းခြင်တော့ဘူး

ဒကာအောင်ရ။ (မှန်ပါ ဘုရား။) အေး....ဒါ့ကြောင့် အိုးဝေ....အိုးဝေ....အိုးဝေနဲ့ ကြွေးရင့်လိုက်ပါတော့အုံ့သတည်း။

ငါအဘေ တရားချပေါ့

ဒကာအောင်ရေ....(ဘုရား။) နာမ်ဝိဇ္ဇာ တရားခွန်းကို တအားတွန်းပြီးဟောလာလိုက်တာ သုံးနာရီလောက်ရှိပြီထင်တယ်။ တရားက ရှေတော်မူလိုက်တာ နာတဲ့သူတွေက သံမှုံစားနေဒါ မဟုတ်ဘူး၊ ဒီလိုသာဖြင့် အညောင်းကိုင်လို့ သေရ ချည်ရဲ့လို့ အပြစ်တင်မှာလဲ ကြောက်ရသေးတယ်။ ရှေးတုံးက ဒကာမကြီးတယောံ ဘုန်းကြီးတပါး တရားဟောနေတဲ့အခိုက် တရားနာရင်း အိပ်ခြင်လာဒါနဲ့ အိမ်ပြန်ခြင်တော့ ရင်ခွင်ထဲမှာ အိပ်ပျော်နေတဲ့ သူ့ခလေးကလေးရဲ့ ဖင်ကိုဆိပ်သတဲ့၊ အဲဒီလို ဖင်ဆိပ်တော့ ခလေးကလဲ အိပ်ရာကနိုးပြီး နာကြင်လို့ ထင်ရဲ့ "**အမေ....အိမ်ပြန်စို့၊ အမေ....အိမ်ပြန်စို့**"နဲ့ ငိုတဲ့အခါ "**ဟဲ့ ကောင်လေး နင်က တော်တော်ပူဆာ၊ နင့်အဘေက တရားမချသေးဘူး**" လို့ ပြောလိုက်တဲ့ အသံကို ပလ္လင်ပေါ်က ရှေကိုယ်တော် ကြားသွားတော့ ဒေါသထွက်ပြီး "ကဲ-ကဲ တရားနာတဲ့သူတွေ ပျင်းရော့မယ် "ငါအဘေတရားချပေါ့၊ ငါ့မယားနှင့် ငါ့သားသွားခြင်ရာ သွားကြတော့ဟူ၍ ဆုတောင်းကြကုန်...." လို့ အဘိဓမ္မာတပ်လိုက်သတဲ့။ အဲဒါလို ဖြစ်မှာစိုးရသေး

တယ်၊ ဒါပေမဲ့ ဒီပရိသတ်ထဲမှာ အဲဒီမြို့မျိုး ပါလိမ့်မယ် မထင်ပါဘူး။ သဒ္ဓါဓာတ် ကောင်းတဲ့ ပုဂ္ဂိုလ်တွေလို့ ယူဆပါတယ်။ တရားအဆုံး နိဂုံးချုပ်တော့မှာမို့ ခါးပိုက်ဆောင် သီတန်ကလေး လိုက်ကြစမ်းပါ့....။

* အိုမှုထွေထွေ ဘယာကင်းဘို့၊ သာသနာတွင်း တောမြင်ဆီ။
ကျပ်ချိန်ပျောက်လျင် နိဗ္ဗာန်နန်းသို့၊ ပြန်သန်း ပါ တော့မည်။
အသက်လိပ်ပြာ ဒီကိုယ်ဖျောက်လို့၊ ဖိုလ်ရောက်ဘို့ စိတ်ကကြံစီ။
နာမ်ဓာတ်လုံးကို၊ သုဉ်းအောင်ရှုလေပြီ။
အမှန်တရား သိလို့မို့၊ ဇုန္ဓိတံ စေပိုင်သည်၊
လက်ညှိုးညွှန်ရာ နိမိတ်တွေကင်းဘို့၊
နာမ်ဝိဇ္ဇာ ရှင်းလိုက်ရပါပြီ....။

နာမှ ထွေထွေ ဘယာ ကင်းဘို့၊ သာသနာတွင်း တောမြင်ဆီ၊
ကျပ်ချိန် ပျောက်လျင် နိဗ္ဗာန်နန်းသို့၊ ပြန်သန်း ပါ တော့မည်၊
အသက်လိပ်ပြာ ဒီကိုယ်ဖျောက်လို့၊ ဖိုလ်ရောက်ဘို့ စိတ်ကကြံစီ၊
နာမ်ဓာတ်လုံးကို သုဉ်းအောင်ရှုလေပြီ၊

အမှန်တရားသိလို့မို့ ဇုန္ဆိုတံ စေပိုင်သည်၊
လက်ညှိုးညွှန်ရာ နိမိတ်တွေကင်းဘို့၊
နာမ်ဝိဇ္ဇာ ရှင်းလိုက်ရပါပြီ....။

သေမှုထွေထွေ ဘယာကင်းဘို့၊ သာသနာတွင်း
တောမြှင်ဆီ၊
ကျပ်ချိန် ပျောက်လျင် နိဗ္ဗာန်နန်းသို့၊ ပြန်သန်း ပါ
တော့မည်၊
အသက်လိပ်ပြာ ဒီကိုယ်ဖျောက်လို့ ဖိုလ်ရောက်ဘို့
စိတ်ကြီစီ၊
နာမ်ဓာတ်လုံးကို သုဉ်းအောင်ရှုလေပြီ၊
အမှန်တရားသိလို့မို့၊ ဇုန္ဆိုတံ စေပိုင်သည်၊
လက်ညှိုးညွှန်ရာ နိမိတ်တွေကင်းဘို့၊
နာမ်ဝိဇ္ဇာ ရှင်းလိုက်ရပါပြီ....။

ယနေ့ည ဟောခဲ့သမျှ ပြောသမျှ တရားတွေဟာ ဟောဒီ သီတန်ကလေးထဲမှာ အဆီအနှစ်တွေ စုနေပါတယ်....လို့၊ အိမ်ရောက်တဲ့ အခါ နဖူးပေါ် လက်တင်ဆင်ခြင် စဉ်းစား ဟုတ်လိုက်လေခြင်း ဟုတ်လေခြင်းလို့ သဒ္ဓါတရားထက်သန် အသိဉာဏ်တွေ ပွင့်သည်ထက်ပွင့်ရင့်သည်ထက်ရင့်ပြီး တဏှာ မာန, ဒိဋ္ဌိကိလေသာ အရှုပ်ဇာတ်မှ ထွက်ရပ်လမ်းပေါက်စေရန် ဒုက္ခသစ္စာ ပရိညာဖြင့် ကောင်းစွာမြင်မှု အာရုံပြုလျက် သာသနာ တည်းဟူ

သော မဟာမြိုင် တောအုပ်ကြီးထဲမှ နိဗ္ဗာန် အောင်နန်း အခေါင်မြန်းနိုင်တဲ့ "**နာမ်ဝိဋ္ဌာ**" ဖြစ်အောင်သာ အားထုတ်ကြပေတော့ —

ဟောတိ၊ မယားဒုက္ခ သားဒုက္ခနှင့် ရှုပ်လှလေခြင်း။ ဝါ၊ သွီးဒုက္ခ မြည်းဒုက္ခနှင့် ရှုပ်လှလေခြင်း။ ဝါ၊ အချစ်ဒုက္ခ မုံးဒုက္ခနှင့် ရှုပ်လှလေခြင်း။ ဝါ၊ အိုနာဒုက္ခ သေဒုက္ခနှင့် ရှုပ်လှလေခြင်း အလျှင်းမပျော် ကံရိပ်မှာ အထယ်မလဲ တော့ပါဘူ။ သတင်းမလျော် ရန်မိန့်ဆ ာမတွယ်မဝဲအောင်ပ မင်းမဟော်လိုဥာဏ်စိတ်ဟာ တကယ်တွဲသူမို့။ အော်.... "**နာမ်ဝိဋ္ဌာ**" အလွယ်ဘဲ ဖြစ်ရလေတော့သတည်း။

သာဓု — သာဓု — သာဓု

နာမ်ဝိဋ္ဌာ တရားခွန်း

ပြီး၏။

— :o: —

ဇာတ်လမ်းပေါ

အိမ်တွင်းနိဗ္ဗာန်

တရားတော်ကြီး

—— ၀ ——

သဘာ၀စခန်း အာရုံလှမ်း ဇာတ်လမ်းပမာ

ဟောတော်မူ

ပုဏ္ဏဒါရေ ဇဟိတ္ဌာန၊
အရညျမှိ အနိဂ္ဂတာ။
ဂေဟမှိ ၀သမာနော၀၊
ပဿန္တိ ဓမ္မကာမကာ။

"ဘောနော၊ အိမ်တွင်းနိဗ္ဗာန် ရောက်ဘို့ရန်ဟု စိတ်သန်လိုလား ပရိသာတ်များတို့။ ပုဏ္ဏဒါရေ၊ သားလှ သွီးငယ် မြည်းတသွယ်နှင့် လင်သယ်အိမ်သား ချစ်မယားတို့ကို။ ဇဟိတ္ဌာန၊ ပေါင်းဘို့ရန် မမျှော်မှန်းပါဘူ။ မခေါ်တန်း စွန့်ပြစ်၍။ ၀၊ နေရစ်ပေအုံးတော့ သားရယ် မျက်နှာလဲ့ မငယ်နဲ့တော့ တကယ်ဘဲ စွန့်ပြစ်၍။ အရညှံ၊ မြို့ရွာနဲ့ဝေး ရပ် နာမ်တွေး အေးအေး နေတော့မယ်, ချစ်သူနဲ့ဝေး ရပ်,နာမ်တွေး အေးအေး နေတော့မယ်. လူ၀ယ်မနိုး တောမြိုင်ကြီးသို့။ အနိဂ္ဂတာပါ၊ လွမ်းဇာတ်ကိုသိမ်း ဆွေးကိန်းကိုကြဉ် သံယောဇဉ်ဖျက်ခွဲ၍ မထွက်

ဘဲနဲ့လဲ။ ဂေဟာမှာ၊ မိမိနေရာ အိမ်ရိပ်သာတဲ့ အာဂါရ လမ်း ဂေဟာနန်းဌ။ ဝဿမာနော၀၊ **သားသျှီးနှစ်ဆယ် မြည်းဝယ်လေးရာ မြစ်မှာရှစ်ထောင် မျှားမြောင် စွာလှ ဝန်းရုံခလျက် အတ္တကိုဠာ ဝိသာခါ ကျောင်း အမကြီးကဲ့သို့ အပျော်ကြီးပျော်ရှင် နေရင်း ထိုင်ရင်း အိပ်ရင်းပင်လျှင်။** ဓမ္မကာမကာ၊ ဝိပဿနာ အလုပ် စခန်းမဖြင့် မဆုတ်တန်းကြီးစားကြတဲ့ အမျိုးသား အမျိုး သျှီးတို့သည်။ ပဿန္ဒီ၊ ရုပ်ကဒါဘဲ နာမ်လဲဒီဟာ ကြည် သာစွာ အစဉ်မရသော်လဲ အော်....တဒင်္ဂတော့ မြင်နိုင် ကြလေကုန်၏။ ပဿန္ဒီ၊ မရုပ်မနား ပရမတ်တရား သေ ဟန် မရှင်ဘဲ မြင်ဆဲပေါ်တဲ့ဥာဏ် သွား ရပ်, ထိုင်ရင်း အိပ်ရင်းမှန်မှန် ဝိပဿနာ အရောင်လင်းတော့ အိမ်တွင်း မှာ အေးတဲ့ မြတ်နိုဗ္ဗာန်။ ပဿန္ဒီ၊ သွားရင်းလဲ နိုဗ္ဗာန်, စားရင်းလဲနိုဗ္ဗာန်, ထမင်းချက်ရင်းလဲနိုဗ္ဗာန်, ဟင်းချက် ရင်းလဲနိုဗ္ဗာန် အမေနင်းရင်းလဲနိုဗ္ဗာန် အဖေနင်းရင်းလဲ နိုဗ္ဗာန် သားချစ်ရင်းလဲနိုဗ္ဗာန် မယားချစ်ရင်းလဲနိုဗ္ဗာန်, ဘယ်နေရာမကျန် အချိန်မယွင်းသာ စိတ်သန်လိုက်ကြပေ တော့ နယ်ပြေမှာ အမှန် ဝရဇိန်ခွင်းကာ ဒိဋ္ဌာန်လိုက်ရင် ဖြင့် ဟေ....ဟောဒါမှ **"အိမ်တွင်းနိုဗ္ဗာန်"** ဖြစ်ရလေ တော့ သတည်း။

ဒကာအောင်ရေ....။ (ဘုရား)

ဒီကနေ့ညတော့ ခန္ဓာကိုယ်ကြီးကို ဇာတ်လမ်းပမာ

ထားလို့ အိမ်တွင်းနိဗ္ဗာန်ဆိုတဲ့ တရားကွင်းကို နားရှင်းအောင် ဟောရလိမ့်မယ်၊ တရားနာ ပရိသတ်များက အမာယနမခံရအောင် သဘာဝဥာဏ်နဲ့သာ နာကြပေတော့။ (မှန်ပါ အမိန့်ရှိတော်မူပါ ဘုရား။)

ယခု ရှုတ်ဆိုခဲ့တဲ့ ဂါထာရဲ့ အဓိပ္ပါယ်ကို နောက်ပိုင်းမှာ ရှင်းပြပါ့မယ် ဦးစွာပထမ ဇာတ်ကွက်ကို ဖေါ်လိုက်ကြအုံးစို့။

ရှေးလွန်လေပြီးသောအခါတုံးက ရှုပကွန္ဒာတိုင်းပြည်ကြီးမှာ ဒါနပတိ ဘုရင်မင်းမြတ်သည် ထီးဖြူအုပ်ချုပ်မင်းလုပ်တော်မူသတဲ့ ဒကာအောင်ရ။ (မှန်ပါ ဘုရား။)

မိဖုရားကြီးရဲ့ နာမယ်ကတော့ သိလဒေဝီလို့ ခေါ်တယ်၊ အဲဒီဘုရင် မိဖုရားမင်းနှစ်ပါးတို့မှာ **ဥာဏကုမာရ**ဆိုတဲ့ သားတော်ကလေး တယောက်ရှိ၊ ခမည်းတော်မယ်တော်များ၏ အယူဝါဒကို ညီမျှအောင် ကျင့်ကတ်လို့မို့ ဥာဏကုမာရ ရယ်လို့ အမည်တွင်တယ်၊ ခမည်းတော်ရဲ့ ဝါဒကတော့ ဒါနသာအမြတ်ဆုံး၊ မယ်တော်ရဲ့ ဝါဒကတော့ သိလသာ အားကိုးရာ အစစ်လို့ ကိုယ့်အယူနဲ့ကိုယ် နေကြဒါပေါ့လေ မြို့နှင့်မနီးမဝေး ဥယျာဉ်တော်မှာလဲ ရှင်ဘုရင် ကိုးကွယ်တဲ့ "**ကေဠဒေ**"ဆိုတဲ့ ရဟေ့ကြီး တပါးရှိတယ်၊ သမထ ကမ္မဋ္ဌာန်းကို စီးပြန်းအားထုတ်၍ နေသတဲ့။

တက္ကသိုလ်ပြည် ပညာသင်ဆွားခက်

တနေ့သော အခါကျတော့ ဒါနပတိ ဘုရင်ကြီးက သားတော် ကလေးကို ခေါ်ပြီး "သားတော်မောင်.... သားတော်မောင်ဟာ အရွယ်အားဖြင့် တဆဲ့ခြောက်နှစ် အရွယ် ပညာသင်ချိန် ရောက်လို့မို့ မင်းညီ မင်းသားတို့ တတ်သင့် တတ်ထိုက်တဲ့**ကျုနဝိသတိ**တဆဲ့ကိုးရပ်သော အတတ်များကို **နာမကာယ** အမည်ရှိတဲ့ တက္ကသိုလ်တိုင်း ပြည်သို့သွား၍ပညာများသင်ချေရမယ်သားတော်လေး" လို့ ဘုရင်မင်းမြတ်က မိန့်တော်မူသည့် အတွက် နံနက် အာရုံကျဉ်း အလင်းသို့ ရောက်သောအခါ ဘုရင့် ရှေ့တော်ဝင်ပြီး "တိုင်းကြီးခရိုင် ရှေနန်းပိုင်တဲ့ ခမည်းတော် ဘုရားရဲ့ အမိန့်အတိုင်း သားတော်ကလေး ပညာသင် သွားပါတော့မယ် ဦးသုံးကြိမ်မာန်လျှော့၍ ရှိခိုးကံတော့ ခဲ့ပါသည် ဘုရား...." လို့ သံတော်ဦးတင်ပြီး တက္ကသိုလ် တိုင်းပြည်ကြီးသို့ သွားပါရော။

ဒကာအောင် "**ကျုနဝိသတိ**" တဆဲ့ကိုးရပ်သော အတတ်ပညာဆိုဒါသိရဲ့လား (မှန်ပါ မသိပါဘုရား။)

ဒုစရိုက် ဆယ်ပါး ပုညကြိယာ ဆယ်ပါး မဟာဂျုတ် ကုသိုလ်ကိုးပါး ပေါင်းလိုက်တော့ ကံနှစ်ဆဲ့ကိုးပါးဖြစ်၊ အဲဒီ ကံနှစ်ဆဲ့ကိုးပါးထဲကို ဒုစရိုက်ဆယ်ပါး နှုတ်လိုက်

တော့ ကျန်တဆဲ့ကိုးပါးကိုခေါ်တယ်။ ဒါနဲ့ တက္ကသိုလ်ပြည်ကြီးသို့ ရောက်တဲ့အခါ အော်....ပညာမျိုးစုံ သင်ပေးတဲ့ တက္ကသိုလ်ပြည်ကြီး ရောက်လာပေါ့၊ ဘာပညာမျှား သင်ရပါ့မလဲ၊ ဒါန သီလ ဘာဝနာ,ဝေယျာဝစ္စ-အစရှိသော တဆဲ့ကိုးရပ်သော အတတ် ပညာတွေက တော့ လောကီဂုဏ်လောက်သာရှိ၍၊ လူ့ပြေ, နတ်ပြေ, ဗြဟ္မာ့ပြေ ကိုသာ ပို့ဆောင်နိုင်တယ်၊ အပါယ် မကျအောင် မတတ်နိုင်ကြဘူး၊ ရှေးရှေးသော ဘဝကလဲ ဒီ-ပညာတွေ သင်ခဲ့ဘူးပြီ၊ သုံးဆဲ့တဘုံ သံသရာမှ လွတ်မြောက် စေနိုင်သော စိတ်ပညာဆိုတဲ့ နိမိတ်ဖျောက် အတတ်ကိုတော့ မသင်ဘူးသေးဘူး၊ အဲဒီပညာကို သင်ပေးရန် "**စေတနာပါ့မောက္ခ**" ဆရာကြီးထံ သွားပြီး လျှောက်ထား အုံးမှာဘဲ၊ ခမည်းတော် ဘုရားက ဧကုန ဝိသတိ ပညာကို သင်ရမယ်လို့မှာလိုက်ပေမဲ့ သူ့စကားနားမထောင်နိုင်ဘူး၊ အပါယ်မကျဘို့က အရေးကြီးတယ်ဆိုပြီး၊ တက္ကသိလံ သာပေါင်းခတဲ့ ဆရာ့ထံဝင်၍ "ကျွန်ုပ်သည် ရူပကွန္ဓာ တိုင်းပြည်ကြီးမှ ဒါနပတိ ဘုရင်မင်းမြတ်ရဲ့ သားတော်ဖြစ်ပါတယ်။ ဒုက္ခသံသရာ ဝဋ်ကြာမှ ထွက်မြောက် စေနိုင်တဲ့ နိမိတ်ဖျောက် အတတ်ကို သင်လိုပါကြောင်း" လျှောက်ဆိုလိုက်တော့ ဆရာကြီးကလဲ မင်းသားလိုအပ်တဲ့ အတတ်ပညာမျှားကို**နာမရူပ ပရိစ္ဆေဒ ဉာဏ်**က စပြီး မဂ္ဂဖလ သမ္မာဒိဋ္ဌိကျအောင် ယောက်ျား, မိမ္မ, ပုဂ္ဂလ, ပုံဟန် သဏ္ဌာန် အဖြိုး အခဲ အတုံးတွေကို

နာမ်တလုံးနှင့် ကျိတ်ချေလို့ ပြလိုက်တော့ မင်းသားကလေးရဲ့ ဥာဏ်ထဲမှာ လူ့ဘုံ လူ့ဘဝ နာမ်ကိစ္စ၊ နတ်ဘုံ, နတ်ဘဝ နာမ်ကိစ္စ၊ ဗြဟ္မာ့ဘုံ ဗြဟ္မာ့ဘဝ နာမ်ကိစ္စ၊ အပါယ်ဘုံ, အပါယ်ဘဝ နာမ်ကိစ္စလို့ စိတ်ကျအမှန်သယံဇာတ သဘာဝဓာတ်ရင်းကို ထိထိမိမိ အစွမ်းကုန်သိတော့ဒါပေါ့။

ပညာသင်ပုဂ္ဂိုလ်အပေါင်းတို့တွင် စိတ်ပညာအတတ်မှာ တဘက်ကမ်းခတ် မွန်မြတ်ထူးချွန် လွန်စွာ တတ်မြောက်လေသောကြောင့် တက္ကသိုလ် ဆရာကြီးက ဒီကနေ့က စပြီး **ဥာဏကုမာရ**ဟူသော ငယ်မည်ကိုဖျောက်၍ **နာမ်ဝိဇ္ဇာ**လို့ ခေါ်ကြရမယ်ဟု ဘွဲ့အမည် အပ်နှင်းသတဲ့ ဒကာအောင်ရ။ (မှန်ပါ ဘုရား။)

ပညာလစုံ, ကြင်ယာလစုံ

အဲဒါလို နာမ်ဝိဇ္ဇာ ဘွဲ့ထူးကို ဆွတ်ခူး ပန်ဆင်ပြီးနေပြည်တော် ပြန်ပါရစေ....လို့ ဆရာကြီးကို သွားခွင့်တောင်းတော့ ''ငါ့တပည့် နိမိတ် ပျောက်စေတဲ့ စိတ်ပညာအတတ် တဘက်ကမ်းခတ် တတ်မြောက်သည်ဖြစ်၍ ဆရာသမားတို့၏ ဝတ္တရား အတိုင်း ငါ့သွေးကလေး **သဒ္ဓကဗ္ဗနာ**နှင့် စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်လို့ ဆရာရိုးမြောက်လိုက်တယ်၊ ကဲ—သွားကြပေတော့, သွားကြပေတော့, ဘုန်းကြီးပါစေ, သက်ရှေပါစေ, အန္တရာယ်

ကင်းပါစေ,မေတ္တာပို့အပြီးတွင် တက္ကသိုလ်ဆရာကြီးအား မင်းသားနှင့် သဒ္ဓကဇ္ဇနာတို့ ရှိခိုးကံတော့ပြီး မြေပြင်က ခြေယာဉ်လှမ်းလို့ တတောထွက်လျှင် တတောဝင် တပင် ရိပ်နား တပင်သွား၍ တောစခမ်းမှ မောပမ်းစွာနဲ့ဘဲ **ရူပဗဒ္ဓနာ** နေပြည်တော်သို့ ဆိုက်ရောက်ကြပါရော—

ဒါနပတိ ဘုရင်မင်းမြတ်ကြီးက ရှေ့တော်မှောက်သို့ ဝင်ရောက်လာတဲ့ သားတော်နှင့်**မည်း, ရှိ, ဆု, ကြီ, နီ့, မြင့်,တုံ** အပြစ်ခြောက်ပါး ကင်းစင်၍ ချောမော လှပတဲ့ သတို့သျှီးကလေးကိုမြင်ရတော့ အလွန်ဝမ်းမြောက်တော်မူပြီး၊ ''အော်....သားတော်ကလေး ရောက်လာပလား ဧကူနဝိသတိ တဆဲ့ကိုးရပ်သော အတတ် ပညာများ သင်ခဲ့ပေါ့နော်၊ မိဘစကား မြေဝယ်မကျ နားထောင်တဲ့ သားလိမ္မာကလေး ပြန်ချိန်နီးပြီလို့ ယမန်နေ့ကတောင် မိဖုရားကြီးနဲ့ ပြောမိသေးတယ်။ ယခုလို ကျန်းကျန်းမာမာနှင့် ရောက်လာဒါ ခမည်းတော်အလွန်ဝမ်းမြောက်တော်မူတယ်၊ ဟိုသူငယ်မလေးက ဘယ်အရပ်ဌာန ဘယ်ဒေသကပါလဲ သားတော်မောင်....

မှန်လှပါ တက္ကသိုလ်ဆရာကြီးက သျှီးနှင့် ချီးမြှောက်တော်မူလို့ ပညာလဲစုံ ကြင်ယာလဲစုံခဲ့ပါကြောင်းဘုရား။

အော်-အော်....ဒါဖြင့် ချွေးမတော်တယောက် ရဒါပေါ့လေ-ဘယ်နှယ်လဲ မိဖုရားကြီး သဘောတော် ကျပါရဲ့လားဗျာ—

ရှေနှင့်မြ ရေနှင့်ကြာလို အလွန်ကြက်သရေရှိ၍ စိတ်နှလုံး ချမ်းမြေ့ပါကြောင်း ဘုရား။

ဒါ့ထက် သားတော်လေး ဧကုနဝိသတိ တဆဲ့ကိုးရပ်သော အတတ်ပညာများ တခုမကျန် အကုန်သင်ခဲ့ပါရဲ့လား။

မှန်လှပါ နားနှင့်မနာ ဘဝါးနဲ့ နာတော်မူပါဘုရ့ သားတော်မောင်သည် ဧကုနဝိသတိ ပညာများ တခုမှ မသင်ခဲ့ပါ၊ ထိုပညာများသည် ရှေးရှေးကလဲ သင်ခဲ့ဘူးပြီးဖြစ်၍ တခါဘူးမျှ မသင်ခဲ့ရသေးတဲ့ စိတ်ပညာ နိမိတ်ဖျောက် အတတ်ကို သင်ခဲ့ပါကြောင်း ဘုရား။

အဲဒီလို လျှောတ်တင်တော့ ရှင်ဘုရင် အမျက်တော်ရှပြီး သားတော်မောင် ဘယ်နှယ်လဲခမည်းတော်စကား နားမထောင်ဘဲနဲ့ ဘယ်လို ပညာတွေများ သင်ခဲ့သလဲ။

မှန်လှပါ ခမည်းတော် မယ်တော်များ အားထုတ်လာကြတဲ့ ဒါန သီလ အလုပ်တွေဟာ နိဗ္ဗာန်ရကြောင်း ပါရမီကုသိုလ်မဟုတ်ဘဲ မိရိုးဖလာ တယူသန် ဝါဒတွေ ဖြစ်ပါတယ်၊ သားတော်မောင်လဲ မသိခင်တုံးက ခမည်းတော် မယ်တော်များရဲ့ ဝါဒကို အထွဋ်အမြတ်လို့ ယူခဲ့ပါတယ် တဏှာသိုလ် ဆရာကြီးထံ ရောက်တဲ့အခါကြမှ ထိုထိုဝါဒများဟာ ဝိဇ္ဇာဥာဏ် မပါသည့်အတွက် နိဗ္ဗာန်ရောက်ကြောင်း အစစ် မဟုတ်ဘူး ဆိုဒါ သိခဲ့ရပါတယ်၊ ဒါ့

ကြောင့် ခမည်းတော်တို့ အားထုတ်နေကြတဲ့ အလုပ်ဟာ ကုသိုလ်တော့ရပါရဲ့။ **"မိဆ္ဆာပဋိပဒါ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"** ဆိုတဲ့အတိုင်း အဝိဇ္ဇာ,တဏှာ,မာန ဒိဋ္ဌိမကင်း သည့်အတွက် အမှားတွေ ဖြစ်နေပါတယ်၊ တငါလုပ်တဲ့ လူနဲ့စာကြည့်ရင်တော့ တော်တယ်လို့ ဆိုနိုင်ပါကြောင်း ဘုရား။

မိဖုရားကြီး....

ခစားလျက် ရှိကြောင်းပါ ဘုရား။

သားတော် လျှောက်ထားပုံတွေဟာ နားကြားမှာ ဒါးသွား ရှသထက် အနေရ ဆိုးသဗျာ၊ ဒိုမင်းနှစ်ပါး ပြိုကျင့်နေတဲ့ ဒါန သီလ အလုပ်တွေကို မှားသတဲ့၊ တငါ သယ်နှင့် နှိုင်းပြီးပြောဒါမျှား နှလုံးတော် မသာယာဘူး၊ ဘဏ္ဍာသိုလ်ပြည်က ပြန်လာမှ အပြောအဆို အမူအရာတွေ ပြောင်းပြီး ကိုယ်မွေးတဲ့သားက စော်စော် ကားကား ပြောဆိုလို့ မိုက်ရိုင်းတဲ့ ဒီအကောင်ကို ပြည်ဘောင်မှာ ထားလို့ သင့်ပါ့မလား။

သားတယောက်ကယ်လို့ အရိပ်ကြည့်ကာ နေရသည့် အတွက် အမိုက်အမဲမို့ သီးခံတော်မူပါ ဘုရား။

သားတော်မောင်ဟာ ခမည်းတော်မျှား ပြုလုပ်နေတဲ့ ဒါန သီလ အကျင့်မြတ်ကို မှားတယ်လို့ ဆိုတော့ သား တော်ဟာ ဒါန သီလကို ပယ်ဒါပေါ့လေ။

မှန်လှပါ ဒါန,သီလ,စရဏကို မပယ်ပါ ငါလျှဒါ, ငါတန်းဒါ, ငါသီလစောင့်ဒါလို့ အတ္တဒိဋ္ဌိ အစွဲပြုပြီး ပြုလျှင် မှားနေပါသဖြင့် အမှန်ကိုရောက်အောင် ပုဂ္ဂိုလ်မရှိ သတ္တဝါမရှိ, ဝိပဿနာဉာဏ်နဲ့ကြည့်ပြီး လှုံ့စေလိုပါတယ်။ ၎င်းပြင် ခမည်းတော်ဘုရား ကိုးကွယ် ဆီးကပ်နေတဲ့ **ကေဋ္ဌဘာ ရသေ့ကြီး** အားထုတ်နေတဲ့ သမထ အလုပ်ဟာလဲ မဂ်မျိုး ဖိုလ်မျိုး မဟုတ်သည့်အတွက် နိဗ္ဗာန်တော့ မရောက်နိုင်၊ အလွန်ဆုံး ဗြဟ္မာ့ဗြဲ လောကသာ ရောက်စေ၍ ဝဋ္ဋတုံး,ဝဋ္ဋခဲ,ဝဋ္ဋဆင်းရဲ ဘဝက မလွတ်နိုင်သေးပါ၊ **အဝိဇ္ဇာပစ္စယာသင်္ခါရာ**မို့ မိစ္ဆာပဋိပဒါဖြစ်၍ မှားတယ်လို့ ဆိုရပါမယ်၊ အထူးအားဖြင့် ခမည်းတော် မယ်တော်များ အားထုတ်နေကြဒါက ကံလမ်း၊ ရသေ့ကြီး အားထုတ်နေဒါက စျာန်လမ်း၊ သားတော် အားထုတ် နေဒါက ဉာဏ်လမ်းလို့ ခေါ်ပါတယ်၊ ကံရဲ့သတ္တိက ကာမသုဂတိ ခုနစ်ဘုံ,စျာန်ရဲ့သတ္တိက ဗြဟ္မာ့ဗြဲ နှစ်ဆယ်,ဉာဏ်ရဲ့သတ္တိကနိဗ္ဗာန်၊အကယ်၍ ဒါန,သီလ သမထ-ကြောင့် နတ်ပြဲ, ဗြဟ္မာ့ဗြဲ ရောက်ရသော်လဲ ကာမကုသိုလ်, မဟဂ္ဂုတ်ကုသိုလ် အရှိန်ကုန်တဲ့ အခါ အပါယ်လေးဘုံသို့ ကျနိုင်ခွင့်ရှိကြောင်းပါ ဘုရား။

သားတော်ဟာ အတော်ဆိုးနေတယ်၊ ကြည့်စမ်းပါ အုံး ဒို့ကိုးကွယ်နေတဲ့ဆရာရသေ့ကိုတောင် ထိလာပြန်ပြီ၊ ဒီတခါ သီးခံနိုင်မှာ မဟုတ်တော့ဘူး မိဖုရားကြီး။

မှန်လှပါ ငယ်ရွယ်သူဖြစ်၍ ဗဟုသုတ နည်းသေးတဲ့ အတွက် ဒီအပြစ်လောက်နဲ့ အရေးမယူထိုက်ပါဘုရား။

အင်း....သူလျှောက်တင်တဲ့ အထဲမှာ မကြားဘူးတဲ့ စကားထူး တခုပါတယ်၊ အဲဒါ မေးကြည့်ရအုံး။

ခမည်းတော်အား တရားပြမုံ

သားတော်မောင်.... သားတော် လျှောက်တင်တဲ့ အထဲမှာ ပုဂ္ဂိုလ်မရှိ,သတ္တဝါမရှိ ဆိုဒါက ဘယ်လိုစကား တွေလဲ။

ဘုရား သားတော်ဟာ နိမိတ်ဖျောက်တဲ့ စိတ်ပညာ အတတ် တဘက်ကမ်းခတ်လို့ **နာမ်စဋ္ဌာ**လို့ အမည်ရခဲ့ ပါတယ်၊ ပုဂ္ဂိုလ် သတ္တဝါထင်လို့ မျက်စိဖြင့် ကြည့်လိုက်တဲ့ အခါ အဆင်းဝေတ်ကိုသာ မြင်နေရပါတယ်၊ ဘယ် နေရာ ကြည့်လိုက် ကြည့်လိုက် ပုဂ္ဂိုလ်,သတ္တဝါတော့ မမြင် ရပါဘူး။

ဘယ်နှယ် ဘယ်နှယ် ပုဂ္ဂိုလ်, သတ္တဝါကို မမြင်ရပါ ဘူး ဟုတ်လား၊ ချိုအမျိုးမျိုး, ကိုယ်အမျိုးမျိုးနှင့် အခြေ လေးချောင်း, အခြေနှစ်ချောင်း, အခြေမပါတဲ့နွားတွေ, ခွေးတွေ ကြက်တွေ, ငှက်တွေ, မြွေတွေ, လူတွေ မမြင်ဘူး ဘူးလား။

မှန်လှပါ မမြင်ဘူးကြောင်းပါ ဘုရား။

ငါ၏ ရှေ့တော်မှာ ခစားနေကြတဲ့ လူတွေကို ကြည့်လိုက်စမ်း။

ဘယ်လိုကြည့်ကြည့် မမြင်ရပါဘူး ဘုရား။

သားတော်မောင် အဟုတ်ကို မမြင်ရဘူးလေ.... ကြောင်တောင်ကန်း ဖြစ်နေပြီထင်တယ်။

မှန်လှပါ ခမည်းတော်ဟာ ထင်ဒါနှင့် မြင်ဒါမကွဲလို့ ပါ၊ **ဥပမာအားဖြင့်** ကိုယ်လုံးပေါ် မှန်ကြီးနဲ့ ပဏာတဲ့ဘဲ့ ရပ်လျက် နေသူ၏ အရိပ်ဟာ မှန်ထဲမှာ ထင်ပါကြောင်း။ အဲဒီမှန်ထဲက အရိပ်ကို တက္ကဲ့လူကြီးထင်ရသလို အဆင်းဝတ်ရဲ့ အပေါ်မှာ မနောဝိညာဉ် နာမ်တရားက လူလို့ ထင်လိုက်တာပါဘဲ ဘယ်မြတ်စွာ ဘုရားမှလဲ လူမြင်ရတယ် မဟောပါ မျက်စိနဲ့ မြင်ဒါက အဆင်းရုပ်တရား၊ မမြင်ဘဲနဲ့ လူလို့ ထင်ဒါက နာမ်တရား၊ မှန်ထဲက အရိပ်ကို လူ အစစ်ထင်ပြီး ခွဲဖေါက် ရှာဖြားသော်လဲ မတွေ့ရသကဲ့သို့ အဆင်းဝတ်ထဲမှာလဲ ခွဲစိတ်ကြိတ်ချေ ဥာဏ်နဲ့ မွှေကြည့်လိုက်ရင် ကြက်ဥ အစရှာမရသလို လူကိုတော့ တွေ့ရလိမ့်မည် မဟုတ်ပါ၊ သို့ဖြစ်၍မှန်ထဲကလူနဲ့ မှန်ကြည့်တဲ့လူကို ထပ်တူကျအောင် ရှုစားတော်မူပါ။ ယခုလိုဝတ်တခုနဲ့ သတ္တုချပြီး ကြည့်လိုက်တော့ ပုဂ္ဂိုလ် သတ္တဝါ မရှိတော့ပါဘူး၊ အဘေလဲ မရှိ အမေလဲ မရှိ, သားလဲ မရှိကြောင်းပါ ဘုရား။

အဘေမရှိရင် ဟောဒီ ပလ္လင်ပေါ် ထိုင်နေဒါ မင့် အဘေ ငါမဟုတ်လို့ ဘယ်လဲသမားက ဝင်ထိုင်ရအုံးမှာလဲ....ဆိုပြီး သူ့ရင်ဘတ်ကို လက်ဝါးကြီးနဲ့ ပုတ်ပြဒါကိုး။ အဲဒီတော့ သားတော် ကလေးက....

နီလာ, စိန် ကျောက်, တထိန်ထိန် တောက်နေတဲ့ ဘမရာသန ပလ္လင်ပေါ်မှာ ခမည်းတော် မရှိပါ၊ သားတော်ရဲ့ ဟဒယဝတ္ထု ပလ္လင်မှာသာ ဘ ခမည်းတော်ရှိပါတယ်။

ဒါဖြင့် မင့်မိုက်ထဲကို ငါဝင်နေရဒါပေါ့လေ....ယုတ္တိမရှိတဲ့စကားတွေ ပြောနေဒါ အရှုးလိုဘဲ။

အော်....အတော် ဒုံးဝေးတဲ့ ဘုရင်ကြီးဘဲနော်၊ တဖန် မိဖုရားကြီးဆီ လက်ညှိုးညွှန်ပြီး....

ဒီနားက ထိုင်နေဒါ သားတော်ကို မွေးထုတ်တဲ့ အမေမဟုတ်လို့ ရှိရင် ဘယ်မိမ္မက မွေးထုတ်အုံးမှာလဲ၊ အခုလျှောက်တင်နေဒါ ငါ့သား မဟုတ်လို့ ရှိရင် သားတော်ဟာ ဘယ်သူ့သားလို့ ဆိုမလဲ။

မှန်လှပါ ခမည်းတော် ညွှန်ပြပြောဆိုနေဒါက အဖေလဲမဟုတ်၊ အမေလဲမဟုတ်၊ သားလဲမဟုတ်၊ အဆင်း, အသံ အနံ့, အရသာ, ပထဝီ မာသဘောတွေသာ အမှန်ဖြစ်နေပါတယ် ဘုရား။

ဒါဖြင့် အဖေမရှိရင် ဒီကနေ့ကစပြီး ငါ့ကို ခမည်းတော်လို့ မခေါ်နဲ့။

ခေါ်တော့ ခေါ်ရပါလိမ့်မယ် **"မပြောမပြီး၊ မတီး မမည်၊ မချီမမြှ၊ မဆွဲမပါ၊ မလာမရောက်"** ဆိုဒါလို သမုတိနယ်ကို မကျူးကျော်ထိုက်တဲ့အတွက် ခမည်းတော် မရှိမှန်းသိပြီး ခေါ်ဒါတော့ အပြစ်မရှိကြောင်းပါ ဘုရား။

အတော် ပရိယာယ်ပေါတဲ့ အကောင်။

ပရိယာယ်လို့ မှတ်တော်မမူပါနဲ့ ကိုယ့် မိဘဆိုတော့ တကယ် သိစေခြင်တဲ့ စေတနာနဲ့ လျှောက်တင်ရခြင်း ဖြစ်ပါတယ်၊ သဝိညာဏက,သာ မဟုတ် အဝိညာဏက ဖြစ်တဲ့ တုံး,တိုင် စသည်တို့ဟာလဲ တကယ်မရှိ စိတ်ကြံစည် မှုသာ ဖြစ်၍ တုံးနာမ်, တိုင်နာမ်လို့ ခေါ်ပါကြောင်း ဘုရား။

အလို....တုံးနာမ်, တိုင်နာမ်ရယ်လို့ ငါမကြားဘူး ပါလား-သားတော် အယူမှားလာပြီ မိန္ဓာဒိဋ္ဌကြီး ဖြစ် နေပါပေါ့လား။

မှန်လှပါ-သားတော်က မှားဒါမဟုတ်၊ ခမည်းတော် မယ်တော်မျှားကသာ ပုဂ္ဂိုလ်.သတ္တဝါရှိတယ်၊ယောကျ်း မိမ္ဘရှိတယ်၊ တုံး တိုင်း ရှိတယ်လို့ အယူလွဲနေတဲ့ အတွက် ဒိဋ္ဌအစစ် ဖြစ်ပါကြောင်း ဘုရား- စဉ်းစားတော်မူပါ။

အောင်မယ်–သင်းကလားဒ္ဓိကို ဒိဋ္ဌဆိုဒါ နင်သာဒိဋ္ဌ နင်သာဒိဋ္ဌ–မိ,ဘ ဘိုး ဘွား လက်ထက်ကစပြီး ဒီ-အယူ မျိုး တခါမှ မကြားခဲ့ဘူးဘူး သက်သက် မိန္ဓာဝါဒကြီးဘဲ

တက္ကသိုလ် ဆရာကြီးကလဲ ဒီဝါဒကိုတော့ သင်လိုက်မှာ မဟုတ်ဘူး၊ နင့်ဘာသာ အတွေးနောမတိ ထွင်ပြီး ယူဆတဲ့ ဝါဒဘဲ၊ ကဲ-ဒီအယူဝါဒကို စွန့်ရင်စွန့် မစွန့်လို့ ရှိရင် ရာဇဝတ်ကောင်တို့ ထုံးစံအတိုင်း စီရင်ရလိမ့်မယ်။

မှန်လှပါ အယူကိုတော့ မစွန့်ပါရစေနဲ့ ဘုရား၊ သမ္မာ ဒိဋ္ဌိ အယူမှန် ဖြစ်သည့်အတွက် ဘယ်နည်းနဲ့မှ မစွန့်နိုင်၊ ဘုရား သားတော် ရှင်းပြပါရစေအုံး-ရှေးနား ဆင်တော် မူပါ။

အင်း....လျှောက်စမ်းပါအုံး။

တုံးထင်လို့ မျက်စိနဲ့ ကြည့်လိုက်တဲ့အခါ အဆင်းကို သာ မြင်ရပါတယ်၊ တီးခေါက်ကြည့်လိုက်တော့ ဒေါက်, ဒေါက်လို့ အသံကိုကြားရပါတယ်၊ နမ်းကြည့်လိုက်တော့ အနံ့ကို နမ်းမိပါတယ်၊ လျှာကလေးနဲ့ လျက်ကြည့်လိုက် တော့ အရသာကို လျက်မိပါတယ်၊ စမ်းကြည့်လိုက်တော့ မာဒါကို စမ်းမိပါတယ်၊ တုံးတကယ် ရှိဒါမှန်ရင် မျက်စိ, နား, နှာ, လျှာ,ကိုယ်တို့ဖြင့် တုံးကိုမြင်ရ ကြားရ နမ်းမိ, လျက်မိ ထိမိရပါလိမ့် ဘုရား။

ဓမ္မဂီတိဖြင့် လျှောက်တင်ခြင်း

* တုံးဆိုဒါ နာမ်ရိပ်မျှ ကြံစိတ်က သိရုံ၊ ဥာဏ်ကိစ္စ ပြည့်စုံလျှင် တြိဘုံပြာကျ။ ဥပါဒါနှင့် ဘင်လဲမြင်

သည် ထင်ဆဲတွင် ရှင်းတဲ့သည်။ အနိမိတ် တရား တော်ကို တအားမျှော်ရုံ ဘုရား၊ အများခေါ်ပုံ ယနကိုတဲ့ မှုံမရရှုပါ။ အပိုကို ကြီကာစွဒါကြောင့် သံသရာထဲ ခုတိုင်အောင်သာ၊ ခန္ဓာမစဲ နစ်လျက် ကြာတယ် ဖြစ်ပျက်တာ အနိစ္စလို့ တဆိပ်ကမှ မဆင်ခြင် နိစ္စကိုယ်ထင်။ ပုံမပျက်လို့ စုံမက်ခင် လျှင် ဘုံနရက်ခွင် ရောက်ပါလိမ့်ဘုရား....

အောင်မယ်....ဒို့က အယူလွဲ နေလို့ ငရဲကျမှာတဲ့၊ ဒီကောင်ဟာ တောင်ပြော မြောက်ပြောနဲ့ သူ့အယူကို လုံးလုံး မရှေ့ဘူး။

သားတော်ကလေးက တခါဆက်ပြီး....

မှန်ဒါပြောသစ္စာဆိုတဲ့အတိုင်း လျှောက်တင်ပါရစေ ဘုရား၊ ခမည်းတော် မယ်တော်များဟာ သံပုရာသီး ချဉ်တယ်၊ ငြုပ်သီး စပ်တယ်၊ ဆားငံတယ်၊ တမာရွက် ခါးတယ်၊ ထန်းလျက် ချိုတယ်လို့ အယူတိမ်းနေကြပါ တယ်၊ စင်စစ်မတော့ သံပုရာသီးက မချဉ်ပါဘူး အရသာ က ချဉ်ဒါပါ၊ မရုံရင် သံပုရာသီး အယူခိုင်းပြီး သုံးဆောင် ကြည့်တော်မူပါ၊ ငြုပ်သီးက မစပ်-အရသာက စပ်၊ ဆား က မငံ အရသာကငံ၊ တမာရွက်က မခါး-အရသာက ခါး၊ ထန်းလျက်က မချို-အရသာကသာ ချိုပါကြောင်း ဘုရား။

အင်း....ကြာလေ ကဲလေဘဲ၊ အဲဒါတွေ နင်ပြောမှသိ လူမျှား လျှောင်စရာ မှတ်နေလား။

သားတော်ကလေးက စေတနာနဲ့ အတည် လျှောက် တင်ဒါကို ရှင်ဘုရင် တဇောက်ထိုးက ခပ်ပေါ့ပေါ့ ယူဆ ပြီး သူ့ကို မရိုမသေ ပြောနေတယ် ထင်ဒါကိုး ဒကာ အောင်ရ(မှန်ပါ အထူးဥာဏ်ဆိုရင် တမူးတန်လောက်မှ မရှိတဲ့ဘုရင် ငတိကြီးပါ ဘုရား။)

ငတိဆိုဒါ ဘယ်နှယ်ဟာတုံး။(ငတိ-ဆိုဒါ ၀-ကဝရဲ တိ-က တိရစ္ဆာန်, ၀ရဲကျမ္ဘ တိရစ္ဆာန်ဖြစ်မဲ့ ဘုရင်ကြီးလို့ ဆိုလိုပါတယ် ဘုရား။)

အဲ—ဒကာအောင်ကြီးကလဲ ဟုတ်တုပ်တုပ် ပါလား။ သားတော်ကလေးက တခါထပ်ပြီး....

ခမည်းတော် စံနေတဲ့ ဟောဒီ နန်းတော်ကြီးဟာလဲ ပရမတ် မသာလောင်းများ၏ တည်ရာ ဖြစ်ခြင်းကြောင့် ဒုက္ခသစ္စာနဲ့ ချကြည့်လိုက်တော့ ရှုံ့ဘွယ်, မုံးဘွယ်, စက် ဆုပ်ဘွယ်, အော့နှလုံးနာဘွယ်ဖြစ်တဲ့ သင်းချိုင်းကုန်း ကြီးနဲ့ အလွန်တူကြောင်းပါ ဘုရား-လို့ ဝေသာရဇ္ဇ ဂုဏ်နှင့် ပြည့်စုံ၍ အရိယာဖြစ်ခဲ့သည့်အားလျော်စွာ ရဲ၀န့် စွာ လျှောက်တင်လိုက်တော့၊ ဒီအခါမှာ ရှေ့မျက်နှာ ညိုမဲ ပြီး အတော်ဘဲ ဒေါသဖြစ်သွား၊ အရင်အရင်လျှောက်တင် တုံးက စိတ်ဆိုးပေမဲ့ အလွန်ကြီး မဟုတ်သေးဘူး၊ နန်း တော်ကို သင်းချိုင်းနဲ့ နှိုင်းလိုက်တော့မှ ငါးရုံပြာလူး ပမာ

အသဲ ဆတ်ဆတ်ခါပြီး၊ မဂ်လာ မရှိတဲ့စကား ပြောရ မလားလို့ မခံမရပ်နိုင်အောင် ဖြစ်ရှာတယ်၊ စဉ်းစား ဝေဘန်မှုကလဲ မရှိတော့ စိတ်သာ အတွင်ဆိုးနေတော့ဒါဘဲ၊ မိရိုးဖလာ စရဏ တဘက်သတ် တယူသန် ထားတော့ ဘယ်လိုပင် တရားဆင် ပြသော်လဲ နားမဝင်နိုင်ဘူးပေါ့။

သားတော်ကလေးအား နှောင်အိမ်သွင်းခြင်း

အဲဒီတော့ ဘုရင်မင်းမြတ်က-ပြောနေကြာရော့ ဒါ လောက်တောင် ယုတ်မာတဲ့ သား, မိုက်ရိုင်းတဲ့ သား, ဆိုးဝါးတဲ့သား, အယူမှားတဲ့သားကို တိုင်းပြေမှာ ထားလို့ မတော်ဘူး "**ငါးခုံးမတကောင်ထဲနဲ့ တလှေလုံးပုတ်**"ဆိုဒါလို မိစ္ဆာဝါဒတွေ ပြန့်ပွါးပြီး အပါယ်လားကုန်ကြလိမ့်မယ်၊ ဝါဒ မပြန့်သေးခင်က ဒီ-အကောင်သုတ်သင်လို့ပြစ်မှ တော်မယ်-လို့ ဝန်ကြီးများဘက်ကို လှည့်ပြီး....

မင်းကြီးများ....သားတော်ဟာ လက်နက်ဖြင့် ပုန်ကန်ခြင်း, စကားဖြင့် ပုန်ကန်ခြင်းတရားဖြင့် ပုန်ကန်ခြင်း အမျိုးမျိုး ရှိရာတွင် တရားနဲ့ ပုန်ကန်တဲ့ သူပုန်ဖြစ်ခြင်းကြောင့် နှောင်အိမ်သွင်း၍ အကျဉ်းချထားကြပေတော့၊ ဒီကနေ့ကစပြီး ခုနစ်ရက်မြောက်သောနေ့မှာ အဆုံးစီရင်ကြရမယ်-လို့၊ တချက်လွှတ် အမိန့်တော် ထားသတဲ့။

ဒကာအောင်ရေ....။ (ဘုရား)

ဒီနေရာမှာ ပြောစရာကလေးရှိ၊သားတော်ကလေးကို အယူမတူလို့ အပြစ်ပေးဒါမဟုတ်ဘူးနော်။ ယူတဲ့ဝါဒကို မိစ္ဆာဝါဒဘဲလို့ အထင်လွဲပြီး အပြစ်ဒဏ် ခတ်တယ်လို့ မှတ် ကြားလား။ (မှန်ပါ ဘုရား။)

ရသေ့,ရှင်ဘုရင် မိဖုရား များကတော့ အယူခြင်း မတူ ပေမဲ့ စရဏနယ်ခြင်း တူနေသည့်အတွက်၊ ဒါန သီလ. သမထဟာ ကောင်းဒါချည်းဘဲလို့ ယူဆပြီး အချင်းချင်း ကျေးဇူးပြုလို့ တဦးနှင့် တဦး ချစ်ကြည် မြတ်နိုးစွာနှင့် နေနိုင်ကြတယ်၊ ကဲ ထားပါတော့ ဇာတ်ကြောင်း မျှော သွားမှာ စိုးရတယ်၊ ဆက်ကြအုံးစို့— ခမည်းတော်က သားတော်ကလေးအား နောက်ဆုံးစကား ပြောကြား ခြင်းဖြင့် ''ကဲ-သားတော်....သင့်အယူကို မစွန့်လို့ ရှိရင် ဒီတခါ သေရတော့မယ်၊ သို့သော် သားတော်ကို ငဲ့သော အားဖြင့် ခုနစ်ရက်လောက် ဆိုင်းအုံးမယ် ဒီရက်အတွင်းမှ မိစ္ဆာအယူ မစွန့်လို့ ရှိရင် ခုနစ်ရက်မြောက်သော နေ့မှာ သက်ဇီဝိန် အမြန်တုံးအောင် အဆုံးစီရင်ရလိမ့် မဗျား-'' လို့ အမိန့်တော်မှတ်၍ မျက်နှာလွှဲပြီး အဆောင်ထဲ ဝင် တော်မူတယ်၊ ဘုရင်မင်းမြတ်ရဲ့ အမိန့်တော် အတိုင်း ဝန်ကြီးများကလဲ လက်မနွှံ့ အာဏာသားများကိုခေါ်၍ နာမ်ဝိဇ္ဇာ သားတော်ကလေးကို နှောင်ကြိုးကဲပြီး နှောင် အိမ်ထဲပို့လိုက်ကြသတဲ့။

ဒကာအောင်.... ဘုရင့် သားတော်ကလေး ဘယ်ရောက်နေတုံး။ (မှန်ပါ နှောင်အိမ်ထဲ အချုပ်ကြနေပါဘုရား။)

အပြစ်မရှိဘဲနဲ့ ရာဇဒဏ်အသင့်ခံရဒါ သနားစရာဘဲ၊ အဲဒီလို အချုပ်ကျနေတဲ့ အခါ ဖြေးမတော် **သဒ္ဓကဗြဟ္မာ**ကလေးကို နှောင်အိမ်ထဲ ဝင်ခွင့်မပြုဘူး၊ **သီလဒေဝီ** မိဖုရားကြီးမှာတော့ ဘယ်အချိန်မဆို ဝင်ခွင့် ထွက်ခွင့် ရလေတော့ သားတော်ကလေးထံ ချဉ်းကပ်ပြီး လိုအပ်တဲ့ စကားများကို ပြောနိုင်ဒါပေါ့၊ နှောင်အိမ်ကျလို့ ခြောက်ရက်မြောက်သောနေ့မှာ သားတော်ကလေးကို ဘက်ပြီး-

မယ်တော်ဝိ၍ တောင်းပန်ခြင်း

သားတော်မောင်—သင့် ဘခမည်းတော်က ခုနစ်ရက်မြောက်သောနေ့မှာ မောင့်ကို အဆုံးစီရင်တော့ မတဲ့၊ နက်ဖန်ခါဆိုရင် ခုနစ်ရက်စေ့လို့ သားနဲ့အမေ ကွဲကြရတော့မယ်၊ သို့သော် သားရဲ့ အယူဝါဒကို စွန့်ပါပြီလို့ လျှောက်တင် လိုက်ရင် လွတ်နိုင်ခွင့် ရှိပါ သေးတယ်။ အော်.... သူ့မျက်နှာကတော့ ပကတိအနေ အတိုင်းဘဲ သေရမှာ မကြောက်ဘူး ထင်ပါရဲ့၊ ခမည်းတော် မနှစ်သက်တဲ့ အယူဝါဒကို စွန့်လိုက်ပါပြီလို့ သံတော်ဦးတင် လိုက်ပါတော့ ချစ်သားရယ်....

မွေးအမေ ဆွေတမိမှာဖြင့်၊ မအေးစေ ဖြေမချိ နိုင်ဘူး၊ အို....သားကြီးမောင်ရဲ့ နေမထိပါလို့ ထိုင်မသာ....

ငိုမျက်ရေ စက်လက်နဲ့ တောင်းပန်ရှာသတဲ့ ဒကာ အောင်ရ၊ ဒီအခါ သားတော်ကလေးကပြန်ပြီး—

မြင့်မိုရ်တောင်ဦး မကကြူးတဲ့ ကျေးဇူးရှိသော် မွေး မယ်တော်ကြီး ဘုရား၊ သားတော်အတွက် စိုးရိမ်ပူဆွေး ငိုကျွေးလို့ မနေပါနဲ့ သေခြင်းဆိုဒါ အဆန်း မဟုတ်ပါ ဘူး၊ မယ်တော်မျှားလဲ တနေ့ကြရင် ဒီလမ်းကို သွားကြရ မှာပါ၊ အတုမရှိတဲ့ ဘုရားသခင် ကိုယ်တော် မြတ်ကြီး တောင် ပရိနိဗ္ဗာန်စံရသေးဒါဘဲ မယ်မယ်ရဲ့၊ ဟိုတုံးက အသက်ရှိတယ်ထင်လို့ သေရမှာ ကြောက်ခဲ့တယ်၊ အခု တော့ အသက်ဆိုဒါမရှိ ရုပ်တရား, နာမ်တရားသာ ရှိ တယ်သိလို့ သေခြင်လဲ သေပါစေတော့ မယ်မယ်— မကြောက်တော့ပါဘူး၊ မယ်မယ့်သာ အမြင်မှန်မရတဲနဲ့ သေတဲ့အခါ အပါယ်လားမှာကို စိုးရိမ်မိတယ်။ ပဿင် တော် အထက်နန်းဆီက မကြင်သနော် အမျက်သန်းဒါ ကြောင့် သတ်စေ-လို့ အမိန့်ချတဲ့ ခမည်းတော်ကြီးကိုလဲ အပြစ် မဆိုလိုပါဘူး၊ သူတော်ကောင်းကို ပြစ်မှားမိလို့ အရိယုပဝါဒကံထိုက်ပြီး ငရဲ ကျမှာကြောင့် သားတော် သနားတယ်၊ မယ်တော်ဘုရ့ မယ်တော်ဘုရ့ ငိုမနေ ပါနဲ့ လူ့ပြေက ပြောင်းလို့ နတ်ပြေကျရင် ရှေးဘုရား

တို့ရဲ့ သာဝကတွေနဲ့ ဇာတ်ပေါင်းပြီး ပျော်ပျော်ကြီး နေရတော့မှာမို့ သားအတွတ် ဝမ်းမြောက်ပါ မယ်မယ် စိတ်ညစ်နေစရာ မဟုတ်ပါဘူး၊ ဝဋ်ကျွတ်တာဘဲလို့သာ အောက်မေ့လိုက်ပါတော့။

အမလေး-သားတော်က အသေခံဝန့်ပေမဲ့ သားသေ ဒါ အမေမကြည့်နိုင်ဘူး၊ အမေ့ကို သနားလို့ ရှိရင်တော့ အယူစွန့်ကြောင်းကိုသာ လျှောက်တင်လိုက်ပါတော့။

မယ်မယ်ရယ် သမုတိအနေ အသက်သေခြင်လဲ သေ ပစေတော့ အနတ္တ အယူကိုတော့ ဘယ်နည်းနဲ့မှ မစွန့် နိုင်ဘူး ဘုရာ့။

ဒါဖြင့် စိတ်ထဲက မစွန့်တောင် သားတော်ရယ် စွန့်ပါ ပြီလို့ လိမ်ပြီး သံတော်ဦးတင်လိုက်ပါတော့လား။

ဒကာအောင်.... **သီလဒေဝီ** မိဖုရားကြီးက သီလကို စောင့်ထိန်းတယ်လဲ ဆိုသေးရဲ့ ဒီနေရာမှာ မုသာဝါဒ အားပေးနေပါပေါ့လား။ (မှန်ပါ နိယတသီလ မဟုတ် သေးလို့ပါ ဘုရား။)

အဲ-အနိယတ သီလဆိုဒါ အားကိုးလေ့ံတာ မဟုတ် ဘူး၊ လောကမံနဲ့တွေ့ရင် ဖေါက်ပြန်မယ်ဆိုတဲ့ သဘော ကြီးဟာ အမြဲတမ်းရှိနေတယ်၊ သားတော် ကလေးက လိမ်ပြီး အတင်ခိုင်းပေမဲ့ မယ်တော့စကား နားမထောင် ဘဲ....

လိမ်လို့တော့ မလျှောက်ပါရစေနဲ့-လိမ်တယ်ဆိုဒါ သူတော်ကောင်းများ စက်ဆုပ်တဲ့ အလုပ်ပါ သီးခံပါ မယ်မယ်လို့ တင်လိုက်တော့....

အမလေး....ဘယ်လို ပြောလို့မှ မရပါ ကလား— သား,မသေခင် အမေ ရင်ကွဲလို့ သေရတော့မကွယ် လူ ကလေးရယ်—လို့ ရှိုက်ကြီးတင်နဲ့ သားတော် ကလေး ကို ဘက်ပြီး ငိုတော့ဒါကိုး....။

* ကြင်နာဆက်-မြဲသဲတော်နာ၊
ပရိဒေဒီး-ရှိန်ပြီးပူဒါ။
စက်တော်ခေါ်လဲ-ပျော်ဘဲထွေလာ၊
အမေဆွေး-ရှေသွေးမောင့်တွက်တာ။
အယူသာ-စွန့်ခွါတင်လိုက်ပါ၊
နှောင်အိမ်ကင်း-သေခြင်းလွတ်ဘို့ရာ။

အဲဒီ အခါ သားတော် ကလေးက....

မယ်မယ်—သတိထားတော်မူပါ ဘုရား-မယ်မယ်ကို မသနားလို့ မဟုတ်ပါဘူး၊ မြင့်မိုရ်တောင်ဦးမျှ မက ကျေးဇူးကြီးတယ်ဆိုဒါလဲ သားတော်သိပါတယ်၊အခြား အခြားသောနေရာများမှာ လိုက်နာနိုင်ခဲ့သော်လဲ ဒီနေရာ ကတော့ ဖြစ်ကိုမဖြစ်လို့ပါမယ်မယ် တောင်းပန်ပါရစေ- အထူး လျှောက်တင်ခြင်းဒါကတော့ လွမ်းဆွတ် ပူဆွေး ငိုကျွေးခြင်းများဟာ ဒေါသ စေတသိက်မို့ အကုသိုလ်

ဖြစ်သည့် အတွက် ကောင်းကျိုးကို မပေးနိုင်ပါဘူး၊ ဒါ့ကြောင့် ငိုခြင်တဲ့စိတ် ပူဆွေးတဲ့ စိတ်ကလေးကို ငါလဲ မဟုတ်၊ ပုဂ္ဂိုလ်လဲမဟုတ်၊ ယောကျ်ားလဲမဟုတ်၊ မိမ္မလဲ မဟုတ်တဲ့ သဘောမျှသက်သက်ပါကလား-လို့ တရားနဲ့ ဖြေတော်မူပါ။

* သားတော်အတွက်-စိတ်စက်မရှင်၊
ဖိလှိုက်ဖိလှိုက်-ငိုရှိုက်ကိုပြင်၊
အယူဝါဒ-အနတ္တစင်စင်၊
အမြင်ထူး-မစ္ဆန့်ဘူးထာဝစဉ်၊
မယ်မယ်သခင်-ဦးတော်သုံးကြိမ်တင်၊
တရားချစ် ပွါးရစ်ပါတော့အစဉ်။

ငိုခြင်ဒါက နာမ်၊ ဟာဒယဝတ္ထုက ရုပ်၊ သားတော်ကလေး ထင်ဒါက နာမ်,ဟာဒယဝတ္ထုကရုပ်၊ တမမြဲထဲမမြဲ တပျက်ထဲပျက်နေတဲ့ ရုပ်အနိစ္စ, နာမ်အနိစ္စတွေပါ ကလားလို့ ဆင်ခြင်ပွါးရှ တော်မူပါ။ သို့မှသာလျှင် သားတည်းဟူသော ချစ်ခြင်းဖြင့် မယ်မယ့်သန္တာန်မှာ လောင်စွဲနေတဲ့ မီးငရဲတွေ ငြိမ်းသွားမယ်-လို့ တရားချသော်လဲ အလကားမျှပါဘဲ ဒကာအောင်ရ တယူသန် ဝါဒကမှ မလွှတ်ဘဲကိုး (မှန်ပါ စရဏ ဘဘက်သတ် စွဲနေပါတယ် ဘုရား။)

အေးစေနိုင်တဲ့ တရားကလဲ မရှိတော့ သောက, ပရိဒေဝ မီးတွေ လောင်ခြင်တိုင်း လောင်ပြီး သားတော်

ကလေးကို ဘက်လို့ "**ငါ့သား ငါ့သား**"နဲ့ အနားက မခွါဘဲ တဝိုထဲ ဝိုနေတော့ဒါဘဲ၊ စက်တော်ခေါ်လို့လဲ မပျော်၊ ပွဲတော်လဲ မတည်နိုင် ခွေယိုင်ခုံးချိ သားပူမိလို့ နေရှာတယ်၊ ချေးမတော် **သဒ္ဓကဒ္ဒနာ** ကလေးမှာတော့ စေတနာ ပါမောက္ခ ဆရာကြီး၏ သွီးဖြစ်သည့်အားလျော်စွာ တက္ကသိုလ်တိုင်းပြည်တုံးကဘဲ တရားအသိဉာဏ် ရခဲ့သူလေးဖြစ်သည်နှင့် ချစ်သော လင်အတွက် ပူဆွေး ဒုက္ခရောက်သော်လဲ၊ "အော်....အကြောင်း အနတ္တ အကျိုး အနတ္တ တားလို့မရ-ဆီးလို့မရ ဖြစ်ခြင်တိုင်း ဖြစ်နေတဲ့ လောကကြီးပါကလား"လို့ ဖိလှိုက် ဖိလှိုက်နဲ့ ဝိုရှိုက်ခြင်တဲ့ အပူတွေကို တရားရေ ပက်ဖြန်းလို့ ဒေးချမ်းစွာ နေသတဲ့။ (မှန်ပါ တရားရင် ကလေးဆိုတော့ ဒုက္ခပေးမဲ့ မီးတောက်တွေကို တာရှေလက်မခံတော့ပါ ဘုရား။)

သိကြားမင်းကယ်ဆယ်ခန်း

အဲ့ဒီအခါမှာ နာမ်ဝိဇ္ဇာသူတော်မြတ်၏ တံခိုးရှိန်စော်အာနုဘော်ကြောင့် **သမ္မာသက်ပ** သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာဟာ တင်းမာသော အဖြစ်သို့ ရောက်သတဲ့၊ ဒီတော့ သိကြားမင်းက စဉ်းစား"အင်း.... ကျောက်ဖြာတင်းတဲ့အလိုကတော့ လူ့ပြေမှာ အကြောင်းထူးကိစ္စ တခုခုတော့ ရှိပြီထင်တယ်"လို့ နတ်မျက်စိ တ

ထောင်နဲ့ လူ့ဘောင် ကြည့်လိုက်တော့၊ နာမ်ဝိဇ္ဇာ သူတော်ကောင်း ကလေးကို နှောင်အိမ် သွင်းထားဒါ မြင်ရဒါကိုး။ ''အော်....သူတော်ကောင်းလေး ပါလား၊ ရှင်ဘုရင် မတရားလို့ အချုပ်ကျနေရှာ ငါကယ်ရင် ကယ်မှာဘဲ၊ မကယ်လျှင် သူ့ခမျာ နက်ဖန်ခါကျရင် အာယုက္ခယ အသက်ကုန်ခြင်းသို့ ရောက်ရှာတော့မယ်''ဆိုပြီး ခြောက်ရက်မြောက်သော ည အကာလ အချိန်မှာ ဘုရင့် နန်းတော်ဝင်၍ ကိုယ်ရောင် ကိုယ်ဝါ ပြလိုက်တာကိုး။ ရှင်ဘုရင်လဲ အံ့အားသင့်ပြီး''ယခုရောက်လာဒါ ဘယ်အမျိုး ဘယ်အနွယ်က ဘယ်အမည် ရှိပါသလဲ ဗျား....'' လို့ သိလိုရေးနဲ့ မေးလိုက်တော့ ''အသင်မင်းကြီး ကျွန်ုပ်ဟာ နတ်တို့ သေဌနင်း သိကြားမင်းဖြစ်တယ်၊ သင့်သားတော်လေးကို အပြစ်မရှိဘဲနဲ့ ဘယ်အတွက်ကြောင့် နှောင်အိမ် သွင်းထားရသလဲ၊ သားတော်ရဲ့ အယူဝါဒဟာ ဘုရားအရိယာသူတော်ကောင်းများ နှစ်သက်တဲ့ ဝါဒဖြစ်တယ်၊ အသင်မင်းကြီးရဲ့ ဝါဒကတော့ စရဏ တဘက်သတ် ဖြစ်နေ၍ သံသရာဆုံးခြင်းသို့ မရောက်နိုင်သည့် အတွက် ချီးမွမ်းတော် မမူကြဘူး၊ သားတော်ရဲ့ အနတ္တ ဝါဒဟာ တရားစစ် တရားမှန် ဖြစ်ပါလျက်၊ ဝေဘန်အားထုတ်ခြင်း မပြုဘဲ အမှားတွေဘဲလို့ ရမ်းပြီး စွပ်စွဲတဲ့ အပြစ်ဟာ သာမည အကုသိုလ်မဟုတ်ဘူး၊ သဂ္ဂန္ဓရာယ် မဂ္ဂန္ဓရာယ် ထိုက်လို့ သေသည်၏ အခြားမဲ့၌ အဂိစိတောင် ကျနိုင်တယ်။

* နိပ္ပရာဓ၊ ဒေါသမဲ့ငြား၊ သူမြတ်များအား၊ ပြစ်မှားတုံထ၊ မိုးပေါ်လကို၊ စိတ်ကပြ||စူ၊ ပြစ်သောမြ||သည်၊ ပြစ်သူသို့သာ၊ ကျရောက်လာသို့၊ မှန်စွာအပြီး၊ နောက်ပိုး စီးလျက်၊ မြေကြီး မြှုရှောင်း၊ မိကျောင်းသစ်ကျား၊ ဘမ်းစားဘီလူး၊ ရေကူးလှေမှောက်၊ စိတ်နောက်သွေးအံ၊ စက်ပြန်မိုးကြိုး၊ ပြစ်ရှစ်မျိုးနှင့်၊ လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီးမား၊ လျှံ့ပါး စည်းစိမ်၊ နေအိမ် မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊ ကျိုးပျက် အင်္ဂါ၊ နှုနာ စိတ်ဖေါက်၊ ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲမျိုးဆွေ၊ ရှေ ဇွ,ကျွ,နှား၊ ယွင်းဖေါက်ပြားသား၊ ဆယ်ပါးမျက်မှောက်၊ ဒဏ်ကြီးရောက်၍၊ နေ့ဝံ့ဥ အမြ၊ သေပေါက်လဲသော်၊ ငရဲကြီးစွာ၊ လားဘို့ရာ၏။

သင့်ကိုလဲသနား သားတော်ကိုလဲ အသက်ဘေးမှ ချမ်းသာပါစေတော့လို့ ကျွန်ုပ် သိကြားမင်း ဆင်းလာရခြင်း ဖြစ်တယ်၊ ဒါ့ကြောင့် သားတော်ကလေးကို လွှတ်ရင်လွှတ် မလွှတ်ဘဲနဲ့ ဇွတ်ကဲပြီး သတ်ပြစ်မယ်ဆိုရင်တော့ သင်၏ဦးခေါင်းကို အစိတ်အစိတ် အမှုန်မှုန် ဖြစ်အောင် ဝရဇိန်နဲ့ ခွင်းရလိမ့်မယ် ဟောမြင်လား ဝရဇိန်။

အဲဒီ အခါကျမှ ရှင်ဘုရင်ကြီး မျက်လုံးပြူးပြီး ဒုံးတဆတ်ဆတ်တုံလို့၊ ''ကြောက်ပါပြီ, ကြောက်ပါပြီ အရှင်

သိကြားမင်း.... သားတော် ကလေးကို လွှတ်ပါတော့ မယ် မသတ်တော့ပါဘူး"လို့ ဝန်ခံလိုက်တော့မှ သိကြား မင်းလဲ "ကောင်းပြီ"ဆိုရှ် တာဝတိံသာ နတ်ပြည်သို့ တက်သွားတယ်၊ ကျန်ရစ်တဲ့ ဘုရင်ကြီးလဲ ကြောက်စိတ် တွေ့ ကော်တော်နဲ့ မပြေဘဲ သလွန်ပေါ်မှ စက်တော် ခေါ်လို့လဲမရ၊ အတော်ကို တုန်လှုပ်သွားဒါကိုး၊ ဒါနဲ့ သူ့ကိုယ်သူ စဉ်းစားကြည့်၊ "အင်း....သိကြားမင်းက တောင်ငါ့ကိုလာပြီးသတိပေးနေပြီ၊ သားတော်ရဲ့အယူ ဝါဒဟာ တကယ် မှန်လို့သာလျှင် သိကြား ကိုယ်တိုင် လာပြောဒါဘဲ"ဆိုပြီး နက်ဖန်ကြတော့ လင်းလျှင် လင်း ခြင်း သားတော်ကလေးကို နှောင်အိမ်တွင်းကလွှတ်စေ၍ သူ့ရှေ့ကိုခေါ်ပြီး....

"သားတော်မောင်-ခမည်းတော်ဟာ သားတော်ကို ဝါဒနဲ့ပတ်သက်လို့ ပြစ်မှားမိပြီ၊ ညကလဲ သိကြားကိုယ် တိုင် ပြောလာ၍ အယူမှန်ကြောင်း သိရသည့် အတွက် ဆင်ခြင် အားထုတ်ကြည့်လိုက်ရာ သဘာဝကျတဲ့ တရား တွေ့ပါကလားလို့ စိတ်ထဲ, ဉာဏ်ထဲမှာ တွေ့ရလို့ တယူ သန် ဝါဒ မထားတော့ဘဲ စရဏဝိဇ္ဇာ ညီမျှအောင် ဦးစောက်ချပြီး ယူလိုက်ပါပြီ၊ သားတော်ကို ပြစ်မှားမိတဲ့ မကောင်းမှုဟူသမျှကို ခွင့်လွှတ်ပါကြောင်း-ခမည်းတော် တောင်းပန်ပါတယ် အထင်မှားလို့ မတရား ပြုမိဒါမျိုး ကို သိုးခံပါ" မတောင်းပန်ရင်လဲ အရိယုပဝါဒကံ မပြေ ပြောက်သည့် အတွက် အပါယ်ကျမှာကိုမြင်၍ အလွန်ပင်

ထိတ်လန့်ပြီး သတိသံဝေဂရလို့ ဝန်ချ တောင်းပန်ရှာ ဒါကိုး။ ပြီးတော့....

"သားတော်ဟောမြွက်တဲ့ သဘောနက် တရားမှန်တို့ကို အထူးအားထုတ်လိုသည်ဖြစ်၍ ဃရာဝ'ါသ သမ္ဘာဝနှင့် ကိစ္စများမြောင် လူတို့ဘောင်မှာ မနေလိုတော့ပါဘူး သားတော်ကို နန်းအပ်လို့ ခမည်းတော် တောထွက်ပါရစေ-အရှယ်လဲကြီးပါပြီ သားတော်မောင်"လို့ မိန့်တော်မူလိုက်တော့။ သားတော်ကလေးက....

"မှန်လှပါ အသန္ဓိမိတ္တာ မိဖုရားကြီး သုဒ္ဓေါဓန မင်းကြီး အစရှိသော သူတော်ကောင်း အပေါင်းတို့ဟာ တောမထွက်ဘဲနဲ့ နန်းတော်ထဲကဘဲ မဂ်အထူး, ဖိုလ်အထူးကို ဆွတ်ခူးပန်ဆင်ပြီး တရား ရသွားကြပါတယ်၊ ခမည်းတော်လဲ တောမထွက်ပေမဲ့ မြတ်စွာဘုရား၏ ခန္ဓာငါးပါး ဝိပဿနာတရားကို နေ့မအား ညမနား အားထုတ်ပါလျှင် အထက် မဂ်တွေကို ထားလိုက်ပါအုံးတော့ အောက်ထစ်ဆုံး သောတာပန်လောက်တော့ တည်နိုင်ပါတယ်၊ တရားဆိုဒါ တောထဲမှာလဲ မရှိပါဘူး-ခမည်းတော်ရဲ့ သန္တာန်မှာ ရှိပါကြောင်း ဘုရား"လို့ သံတော်ဦး တင်လိုက်တော့ ရှင်ဘုရင်သဲ့ တောမထွက်တော့ဘဲ သားတော်ဟောပြတဲ့တရားတွေကို အလွန်သဘောကျပြီး တတိုင်းပြည်လုံး သိကြစေခြင်းငှါ ဓမ္မာရုံမဏ္ဍပ် ကြီးကျယ် ခန်းနားစွာ ဆောက်လုပ်၍ တိုင်းသူ ပြည်သားတွေကို ဖိတ်ခေါ်ပြီး သားတော်ကလေးကို တရားတောင်းသတဲ့။

တိုင်းသူ,ပြည်သား တို့အား တရားဟောခဏ်း

သားတော်ကလေးက ဓမ္မာသန ပလ္လင်ပေါ်မှ နေပြီး အိမ်တွင်းနိဗ္ဗာန် တရားတော်ကြီးကို သီဟနာဒ ခြေသံ့ မင်းရဲ့ အသံကဲ့သို့ ရဲရင့်တည်ကြည် ဝိ စိ မည် ကြည် သံလေးလိုဖြင့် ဇုန္ဒြေရရ ဟောလိုက်ပုံက....

ပုဏ္ဏဒါရေ ဇဟိတ္ဝာန၊ အရညမ္ဘိ အနိဂ္ဂတာ။
ဂေဟမ္ဘိ ဝသမာနောဝ၊ ပဿန္တိ ဓမ္မ ကာမကာ။

ဘောနော၊ အိမ်တွင်းနိဗ္ဗာန် ရောက်ဘို့ရန်ဟု စိတ်သန်လိုလား အို–ပရိသာတ်များတို့။ ပုဏ္ဏဒါရေ၊ သားလှ သွေးငယ် မြည်းတသွယ်နှင့် လင်သယ်အိမ်သား ချစ်မယားတို့ကို၊ ဇဟိတ္ဝာန-ပေါင်းဘို့ရန် မမျှော်မှန်းပါဘူ့ မခေါ်တန်း စွန့်ပြစ်၍။ ဝါ၊ နေရစ်ပေအုံးတော့ သားရယ်.... မျက်နှာလဲ မငယ်နဲ့တော့ တကယ်ဘဲ စွန့်ပြစ်၍၊ အရည်ံ, မြိုရွာနဲ့ဝေး ရပ်နာမ်တွေး အေးအေး နေတော့မယ်၊ ချစ်သူနဲ့ဝေး ရပ်နာမ်တွေး အေးအေး နေတော့မယ်, လူဝယ်မနိုး တောမြိုင်ကြီးသို့။ အနိဂ္ဂတာပါ၊ လွမ်းဇာတ်ကိုသိမ်းဆွေးကိန်းကိုကြဉ် သံယောဇဉ်ဖျက်ခွဲ၍မထွက်ဘဲနဲ့လဲ။ ဂေဟမ္ဘိ၊ ဖိမိနေရာ အိမ်ရိပ်သာတဲ့ အာဂါရလမ်း ဂေဟာနန်းဌ။ ဝသမာနောဝ၊ သားသွေးနှစ်ဆယ် မြည်းဝယ်လေးရာ မြစ်မှာရှစ်ထောင် များမြောင်စွာလှ ဝန်းရံ

ခ,လျက် အတ္တကိုခ္ခါ ဝိသာခါ ကျောင်းအမကြီးကဲ့သို့ အပျော်ကြီး ပျော်ရွှင် နေရင်း ထိုင်ရင်း အိပ်ရင်းပင်လျှင်၊ ဝမ္မကာမကာ၊ ဝိပဿနာ အလုပ်စခန်းမဖြင့် မဆုတ်တန်းကြိုးစားကြတဲ့ အမျိုးသား အမျိုးသွီးတို့သည်။ ပဿန္ဒီ၊ ရုပ်ကဒါဘဲ နာမ်လဲဒီဟာ ကြည်သာစွာအစဉ်မရသော်လဲ အော်.... တဒဂ်တော့ မြင်နိုင်ကြလေကုန်၏။ ပဿန္ဒီ၊ မရပ်မနား ပရမတ်တရား သေဟန်.... မရှင်ဘဲ မြင်ဆဲ ပေါ်တဲ့ဥာဏ် သွား ရပ် ထိုင်ရင်း အိပ်ရင်း မှန်မှန် ဝိပဿနာ အရောင်လင်းတော့ အိမ်တွင်းမှာ အေးတဲ့ မြတ်နိုဗ္ဗာန်။ ပဿန္ဒီ၊ သွားရင်းလဲနိုဗ္ဗာန် စားရင်းလဲ နိုဗ္ဗာန်,ထမင်းချက်ရင်းလဲနိုဗ္ဗာန် ဟင်းချက်ရင်းလဲနိုဗ္ဗာန်, အမေနင်းရင်းလဲ နိုဗ္ဗာန် အဖေနင်းရင်းလဲ နိုဗ္ဗာန်, သားချစ်ရင်းလဲ နိုဗ္ဗာန် မယားချစ်ရင်းလဲ နိုဗ္ဗာန် ဘယ်နေရာ မကျန် အချိန် မယွင်းသာ စိတ်သန် လိုက်ကြပေတော့ နယ်ပြေမှာ အမှန် ဝရဇိန်ခွင်းကာ ဒိဋ္ဌာန်လိုက်ရင်ဖြင့်၊ ဟော.... ဟောဒါမှ **အိမ်တွင်း နိုဗ္ဗာန်** ဖြစ်ရလေတော့ သတည်း။

အို....တိုင်းသူပြည်သား ပရိသတ်များတို့၊ သင်တို့ရဲ့ သန္တာန်မှာ စူးဝင်နေတဲ့ အတ္တဒိဋ္ဌိ တံကျင်ကြီးကို နှုတ်ပယ်လို့ ပြစ်လိုက်ကြ။ အနမတဂ္ဂ သံသရာကစပြီး ငါဘဲ သူဘဲ, ပုဂ္ဂိုလ်ဘဲဟု ထင်လွဲစွဲမှား အပါယ်လားခဲ့ဒါ များလှပြီ၊ တရားရှာတော့ ကိုယ်မှာတွေ့ ဆိုတဲ့အတိုင်း မိမိ

အစ္စတ္တမှာ ဖြစ်ပေါ်နေတဲ့ ခန္ဓာငါးပါး ဝိပဿနာ တရားကို အားထုတ်ကြရမယ်။

ခန္ဓာငါးပါး ပ္ဌားရှုပုံကတော့....

* ရူပက္ခန္ဓာ ဖေါက်ပြန်ဒါ ပမာရေမြှုပ် မမြဲသော်။
ဝေဒနာက္ခန္ဓာ ခံစားဒါ ပမာရေပွက် မမြဲသော်။
သညာက္ခန္ဓာ မှတ်သားဒါ ပမာတံလျှပ် မမြဲသော်။
သင်္ခါရက္ခန္ဓာ ပြုပြင်ဒါ ပမာငှက်ပျော မမြဲသော်။
ဝိညာဏက္ခန္ဓာ ကြံသိဒါ ပမာမျက်လှည့်မမြဲသော်။

ခန္ဓာငါးပါးရဲ့ အပြင် ပုဂ္ဂိုလ်, သတ္တဝါ တသီးတခြား မရှိပါဘူး၊ မရှိဘဲနဲ့ ပေါ်ပေါ်နေဒါ မနောဝိညာဉ်ရဲ့ သတ္တိဘဲ၊ ခန္ဓာငါးပါးကို အကျဉ်း ချုံးလိုက်တော့ ရူပက္ခန္ဓာက ရုပ် နာမ်ခန္ဓာ လေးပါးက နာမ်-ရုပ် နာမ်၊ ဒီရုပ် နာမ် နှစ်ပါးကို အရိပ်နိမိတ် သုဉ်းဆိတ်အောင် မြင်နေရင် မြို့ ရွာနဲ့လဲဝေး ချစ်သူမုံးသူနဲ့လဲဝေး သားမယားနဲ့လဲ ဝေးနေပါတယ်၊ တောထွက်မှသာ ဝေးဒါ မဟုတ်ပါဘူး။ ဒါ့ကြောင့်....

* မြို့ရွာနှင့်ဝေး၊ ရုပ်နာမ်တွေး၊ အေးအေးနေတော့ မယ်။
ချစ်သူနှင့်ဝေး၊ ရုပ်နာမ်တွေး၊ အေးအေးနေတော့ မယ်။

မုံးသူနှင့်ဝေး၊ ရုပ်နာမ်တွေး၊ အေးအေးနေတော့
မယ်။

သား,မယားနှင့်ဝေး၊ ရုပ်နာမ်တွေး၊ အေးအေး
နေတော့မယ်။

သံပေါက်ကလေး မှတ်ထား....။

အဲဒီလို အနိမိတ္တ အနတ္တဖြစ်တဲ့ ရုပ်,နာမ် နှစ်ပါးကို မြင်လိုက်တော့ အဖို,အမ ရယ်လို့ တတိုတစမျှ ဆေးဖေါ်ခြင်လို့,တောင်ရှာမရတော့ပါဘူး၊ ပြဆိုခဲ့တဲ့ ခန္ဓာငါးပါး ရုပ် နာမ် နှစ်ပါးဟာ မမြဲခြင်း အနိစ္စ, ဆင်းရဲခြင်း ဒုက္ခ, အစိုးမရခြင်း အနတ္တသာဖြစ်၍ အသုံးမကျတဲ့ တရားတွေဘဲ၊ ဝိပဿနာဝင်စားပြီး စဉ်းစားကြည့်လိုက်ရင် ရွှံ့ဘွယ် စက်ဆုပ်ဘွယ်, အော့နှလုံးနာဘွယ် ဖြစ်သောကြောင့် နှစ်သက်ဘွယ်ရာ မဂ်လာ ဇုဋ္ဌ ဝိယ သာတ,မနာပ ရယ်လို့ မရှိတော့ပါဘူး၊ အကောင်းကင်း အကောင်းရှင်း မကောင်း ပကတိမျှ ဒုက္ခသစ္စာ တရားကြီးဘဲ။

* ဒုက္ခလက္ခဏာ၊ ဒုက္ခသာတည့်၊ သတ္တဝါ. ပုဂ္ဂိုလ်၊ ငါကောင်ကိုယ်နှင့်၊ ခေါ်ဆိုတုံ့ပြန်း၊ ယောက်ျားမိမ၊ စသည်မဟုတ်၊ သမုတ်ဝေါဟာရ၊ ပညတ်မျှသာ။ အမြုံ့မသား၊ ဟူသောလားသို့၊ ထင်ရှားမရှိ၊ ယူဒဿိတို့၊ ပရိကပ္ပိတ၊ အဘာဝဟု၊ သစ္စကိစ္စ၊ ကတသုံးတန်၊ သုံးပါးဥာဏ်ဖြင့်၊ ဟုတ်မှန်မယှင်း၊ ထိုးဖေါက်ထွင်း၍....။

အဲဒါလို သိအပ်,သိထိုက်တဲ့ ဒုက္ခသစ္စာ တရားကြီးကို ခြေသုံ့သစ်ကျား၊ သားရဲဝံအောင်း၊ မွေးဆောင်းစွယ်ပြူး၊ ဘီလူးရက္ခိုက်၊ နွားမိုက်ခွေးကြမ်း၊ မုန်ပြွမ်းသော ဆင်၊ ဆိပ်လျှင်သောမြွေဆိုး၊ မိုးကြိုးစက်ကွင်း၊ သင်းချိုင်းစစ်ပွဲ၊ အလျှံစဲသော ရှားမီးခဲကြီး ကဲ့သို့ဌင်း။ သားရဲပုန်းနေသောရှိ, ကျားခိုသော တောင်ခေါင်း, မိကျောင်း ရက္ခိုက်စောင့်သော ရေ ခိုးသူနေသော ခရီးလမ်း, သန်လျက်ထမ်းသောသူသတ်,အဆိပ်ခတ်သောထမင်း မီးဝင်းဝင်းတောက်သော အိမ်ကဲ့သို့ဌင်း။ ကွန်ပိုက်ဌေါ်ကား မြွေမိသော ဖါး, ချိုင့်ထားသော တောကြက် အလမ္ပါယ်လက်ဌမြွ, ကွင်းမိလေသော သမင်, ဂဠုန်လက်တွင် နဂါး, ရန်သူ ဝိုင်းထားသော ယောကျ်ားကဲ့သို့ဌင်း။ စိတ်ထဲ ဥာဏ်ထဲမှာ ကြောက်ဘွယ်မရှင် အပြစ်မြင်၍ လွှတ်ခြင်တဲ့သဘော တွေ ပေါ်လာတယ်။ ဒါလို ဒုက္ခသစ္စာကို ထင်ရှားစွာ မြင်လိုက်သည်နှင့် တပြိုင်နက် သမုဒယသစ္စာ, နိရောဓသစ္စာ မဂ္ဂသစ္စာတို့ကိုလဲ သိပြီးဖြစ်တော့ဒါပါဘဲ၊ တချက်ခုတ် လေးချက်ပြတ် ကျွေးကြီးဆတ်တဲ့ တရားလို့ မှတ်လိုက်ကြ။

* သမုဒယသစ္စာက နာမ်, ရုပ် နှစ်ပါးချစ်ထာ။
ဒုက္ခသစ္စာကတော့ တကယ်ထွေးလို့ အံ့စရော။
မဂ္ဂသစ္စာက အပူမီး ညှိမ်းဒါ။
နိရောဓသစ္စာ အေးလို့ ချမ်းသာဒါ။

ဒီလို သစ္စာလေးပါးကို သိလိုက်ရင် မြင်ဆဲခဏ တဒင်္ဂ်မှာ လောဘ ဒေါသ မောဟ ဒိဋ္ဌိ ကိလေသာ အပူတွေ ကင်းပြီး နန်းတွင်းနိဗ္ဗာန် အိမ်တွင်းနိဗ္ဗာန် ဖြစ်တော့ ဒါပါဘဲ၊ သားက တကျိပ် သွေးက တကျိပ် မြေးက လေးရာ, မြစ်က ရှစ်ထောင်ရှိတဲ့ ဝိသာခါ ကျောင်းအမကြီးဟာလဲ အိမ်တွင်းကနေပြီး နိဗ္ဗာန် ရသွားဒါကို ထောက်ပါသဖြင့် သင်တို့လဲ မပေါ့မဆ ထက်သန်သောဝိရိယဖြင့် မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့တိုင်း, ကြံတိုင်း ခြောက်ဒွါရကနေပြီး ဝိပဿနာ ကသိုဏ်း ရှုကြပေတော့ လို့ နာမ်ဝိဇ္ဇာ ကိုယ်တော်လေးက သွန်သင်ဆုံးမ ဟောဖေါ်ပြလိုက်တော့ စူဠ သောတာပန် မဟာ သောတာပန် တည်ကုန်ကြသတဲ့ ဒကာအောင်ရ၊ တိုင်းသူ ပြည်သားလူအများတွေလဲ တရားအသိဉာဏ် ရကြလို့ လိမ္မာ ယဉ်ကျေးမှု ရှိပြီး သူခိုး ဒါးမြ သူပုန် အလုံးစုံ ကင်းရှင်းၗ် တိုင်းတော် ပြည်တော် သာယာ စည်ပင်လို့ နေခြင်စရာ အလွန်ပင် ကောင်းသွားသတဲ့။

ဒကာအောင်ရေ.... (ဘုရား။) ဘယ်လောက်များ နေရာကြတုံး၊ ဒကာအောင်တို့ ကျေပ်တို့ မြန်မာပြည်ကြီး ဟာလဲ ဒီလိုဖြစ်သွားရင် သိတ်ကောင်းမှာဘဲနော်(မှန်ပါ အတိုင်းထက် အလွန်ပါ ဘုရား။)

အချစ်ဆန်း

ဘုရား တရားတော်က တယောက်သိရင် တယောက်

အေးတယ်၊ နှစ်ယောက်သိရင် နှစ်ယောက် အေးတယ်၊ တအိမ်လုံးသိရင် တအိမ်လုံး အေးတယ်၊ တရွာလုံးသိရင် တရွာလုံးအေးတယ်၊ တမြို့လုံးသိရင် တမြို့လုံးအေးတယ်၊ တကမ္ဘာလုံးသိရင် တကမ္ဘာလုံးအေးတယ်၊ အိမ်တွင်းက နေပြီး အေးနေရင် "**အိမ်တွင်းနိဗ္ဗာန်**" နန်းတွင်းက နေပြီး အေးနေရင် "**နန်းတွင်းနိဗ္ဗာန်**" ကျောင်းတွင်းက နေပြီး အေးနေရင် "**ကျောင်းတွင်း နိဗ္ဗာန်**" အစစ အရာရာ ပထျာဖြန့်လိုက်တော့ သွားရင်းလဲ နိဗ္ဗာန်, စားရင်းလဲနိဗ္ဗာန်,ထမင်းချက်ရင်းလဲနိဗ္ဗာန်, ဟင်းချက်ရင်းလဲ နိဗ္ဗာန် ထေရိကာဆိုတဲ့ သူငယ်မကလေးဟာ မီးဖိုချောင်ထဲက ဟင်းချက်ရင်း နိဗ္ဗာန်တွေ့သွားတယ် မဟုတ်လား။ (မှန်ပါ ဘုရား။)

အမေ နင်းရင်လဲ နိဗ္ဗာန်, အဘော နင်းရင်းလဲ နိဗ္ဗာန်, သား သျှီးတို့ ဝတ္တရားနှင့်အညီ၊ အနန္တဂိုဏ်းဝင်ဖြစ်ကြတဲ့ ကျေးဇူးရှင် မိ ဘနှစ်ပါးတို့အား ခြေဆုပ် လက်နယ်ပြု၍ နင်းနှိပ်ပေးတဲ့ အခါမျှားမှာ အနင်း အနှိပ်ခံဒါ အမေ မဟုတ်, အဘောမဟုတ်-ရုပ် နာမ်စမ္မ သဘာဝနဲ့ ချလိုက်တော့ အနင်းခံဒါက ပထဝီ မာသဘော ရုပ် အမေထင်ဒါက မနောဝိညာဉ်နာမ်၊ အနှိပ်ခံဒါက ပထဝီ မာသဘော ရုပ်၊ အဘောထင်ဒါက မနောဝိညာဉ်နာမ်၊ ဒီလို ရုပ် နာမ် သပြီး ဝတ်ကြီး.ဝတ်ငယ် ပြုမယ်ဆိုရင် "**သားလိမ္မာ-သျှီးလိမ္မာ**" လေးတွေဖြစ်လို့ နိဗ္ဗာန်နှင့် တွေ့နေတော့ ဒါပေါ့။

သားချစ်ရင်းလဲ နိဗ္ဗာန်....မယားချစ်ရင်းထဲ နိဗ္ဗာန်—ဝိပဿနာ ဥာဏ်နဲ့ အချစ်ဆန်းကလေး ချစ်တတ်ရင် နိဗ္ဗာန်ဘဲ မဟုတ်လား ဒကာအောင်ကြီး အချစ်ဆန်းကလေး ချစ်တတ်ရဲ့လား။ (မှန်ပါ ရှင်, နာမ် သိလို့မို့ ချစ်တတ်ပါပြီ ဘုရား။)

ရှင်,နာမ်မသိဘဲနဲ့ချစ်တာက အကန်းချစ် အရမ်းချစ် ရှင် နာမ် သိပြီး ချစ်တာက အဆန်းချစ် အယဉ်ချစ်လို့ မဆိုထိုက်ဘူးလား။ (မှန်ပါ ဝိဿာခါ ဒကာမကြီးလဲ သူ့သားသွီး ကလေးတွေနဲ့ အချစ်ဆန်းချစ်နေပါ ဘုရား။)

မယားချစ်ရင်းလဲ နိဗ္ဗာန်ဆိုဒါကတော့ အနာထပိဏ်သေဋ္ဌေးကြီး စသည်တို့ကို ကြည့်ပေါ့လေ။ ကဲ-ကဲ **အချစ်ဦးက** ဖွင့်နေရင် ဆုံးနိုင်မှာ မဟုတ်ဘူး၊ ဟောခဲ့သမျှ တရားတွေကိုသာ ဝမ်းမြောက် ဝမ်းသာ အားထုတ်ကြပေတော့....။

ဇာတ်ကြောင်းပြန်

ယခုပြခဲ့တဲ့ ဇာတ်ထုပ်ထဲမှာ ရှင်ဘုရင်, မိဖုရား သားတော်, ချွေးမတော် သိကြားမင်း-ဆိုတဲ့ ဇာတ်ကောင်များဟာ တကဲ့အကောင် အထယ်တွေ မဟုတ်ကြဘူး၊ ဓမ္မပရိယာယ်အားဖြင့် တန်းဆာဆင်ပြီး ဟောထားဒါ၊ သဘာဝ မရင့်သေးတဲ့ ပုဂ္ဂိုလ်များကတော့ ရှင်ဘုရင်ဆိုရင် သံလျက်ကြီးကိုင်လို့ မိဖုရားဆိုရင် မြတဘက်

ကလေး ပုခုံးတင်လို့ သားတော် ကလေးဆိုရင် ခေါင်းပေါင်းစ ကလေးနဲ့ ချွေးမတော်လေးဆိုရင် စိန်နားကပ် ကလေးပန်လို့ သိကြားမင်းကြီးဆိုရင် အချွန်တွေ အတက်တွေနဲ့ ထင်နေကြမှာဘဲ၊ အမှန်ကတော့....

ရှင်ဘုရင်က ဒါန၊
မိဖုရားက သီလ၊
ရဲသေက သမထ၊
သားတော်က ပညာ၊
ချွေးမတော်က သဒ္ဓါ၊
သိကြားမင်းက သမ္မာသက်ပ္ပ၊

ဒီ-နာမ်တရားတွေရတယ်၊ ပုံဟန်သဏ္ဌာန်တွေ ခုခံနေမှာစိုးလို့ ဇာတ်ကြောင်းပြန် လိုက်ရဒါကိုး။ ကဲ—အချိန်လဲ အတော်လင့်သွားပြီ တရားသိမ်းခါနီး ဆောင်ပုဒ်ကလေး လိုက်ကြပါအုံး ငိုက်လဲမနေကြနဲ့။

* စက္ခုရူပါရုံ အကြောင်းဆုံညီလျှင်၊
မြင်သိမှုခံစား မှတ်သားပြုပြင်၊
သူမရော ငါမရော၊ ခန္ဓာသဘောအစဉ်၊
ဖြစ်ပျက်တွေ မြင်ကြမှ၊
အသန်တ သုညနိဗ္ဗာန်ဝင်....။

သောတ သဒ္ဒါရုံ အကြောင်းဆုံညီလျှင်၊
ကြားသိမှုခံစား မှတ်သားပြုပြင်၊

သူမရော ငါမရော ခန္ဓာသဘောအစဉ်၊
ဖြစ်ပျက်တွေ မြင်ကြမှ၊
အသိန်တ သုညနိဗ္ဗာန်ဝင်....။

ဃာနဂန္ဓာရုံ အကြောင်းဆုံညီလျှင်၊
နံသိမှုခံစား မှတ်သားပြုပြင်၊
သူမရော ငါမရော ခန္ဓာသဘောအစဉ်၊
ဖြစ်ပျက်တွေ မြင်ကြမှ၊
အသိန်တ သုညနိဗ္ဗာန်ဝင်....။

ဇိဝှါရသာရုံ အကြောင်းဆုံညီလျှင်၊
စားသိမှုခံစား. မှတ်သားပြုပြင်၊
သူမရော ငါမရော ခန္ဓာသဘောအစဉ်၊
ဖြစ်ပျက်တွေ မြင်ကြမှ၊
အသိန်တ သုညနိဗ္ဗာန်ဝင်....။

ကာယဖောဋ္ဌဗ္ဗာရုံ အကြောင်းဆုံညီလျှင်၊
တွေ့သိမှုခံစား မှတ်သားပြုပြင်၊
သူမရော ငါမရော ခန္ဓာသဘောအစဉ်၊
ဖြစ်ပျက်တွေ မြင်ကြမှ၊
အသိန်တ သုညနိဗ္ဗာန်ဝင်....။

မနောဓမ္မာရုံ အကြောင်းဆုံညီလျှင်၊
ကြံသိမှုခံစား မှတ်သားပြုပြင်၊
သူမရော ငါမရော ခန္ဓာသဘောအစဉ်၊

ဖြစ်ပျက်တွေ မြင်ကြမှ၊
အသခ်ိတ သုညနိဗ္ဗာန်ဝင်....။

ဒကာအောင်....တရားသိမ်းကြစို့လား။

ပဃန်ဒီ၊ သွားရင်းလဲ နိဗ္ဗာန်. စားရင်းလဲ နိဗ္ဗာန်. ထမင်းချက်ရင်းလဲနိဗ္ဗာန် ဟင်းချက်ရင်းလဲနိဗ္ဗာန် အမေနင်းရင်းလဲ နိဗ္ဗာန်, အဘေနင်းရင်းလဲ နိဗ္ဗာန်. သားချစ်ရင်းလဲ နိဗ္ဗာန်, မယားချစ်ရင်းလဲ နိဗ္ဗာန် ဘယ်နေရာမကျန် အချိန်မယွင်းသာ စိတ်သန် လိုက်ကြပေတော့၊ နယ်ပြေမှာ အမှန် ဝရဇိန်ခွင်းကာ ဒိဋ္ဌာန် လိုက်ရင်ဖြင့် ဟေ.... ဟောဒါမှ **အိမ်တွင်းနိဗ္ဗာန်** ဖြစ်ရလေတော့သတည်း။

သာဓု—သာဓု—သာဓု

အိမ်တွင်းနိဗ္ဗာန် တရားတော်ကြီး

ပြီး၏။

—— :O: ——

နီးဆော်ချက်

သံဝေဂ ရတုပိုဒ်စုံ

အစ္စဲထုံပေ....ဒိုတတ္တေရဲ့၊ သရော်များစွဲ့၊ သမ္ဘုဒ္ဓနှင့်၊ တ္ထေကြသော်လဲ၊ ရှောင်သည့်နဲကြောင့်၊ လွဲရတဲ့သူ၊ သံဝေ ယူတော့၊ မြောင်ကူမောဟ၊ ဒေါမနနှင့်၊ သောကပိုက်၊ နှောင်အိမ်ထဲ၌၊ ငရဲမီးနှယ်၊ ပူမှုကြွယ်သည်....ကြောက် ဘွယ်ဆွေတို့ မှားသောကြောင့်....။

ငရဲဘုံပြေ....မထောင့်စေဘို့၊ စောင့်လေသိလ၊ လှ။ ဒါနနှင့်၊ ပွါးကြဘာဝနာ၊ သူတော်စွာတို့၊ ဇီဝါအသက်၊ သေမည့်ရက်က၊ နီးလျက်နေပြီ၊ စိတ်ကိုဆိ၍၊ ထိုဤအမှား၊ မလိုက်စားမှ၊ ဝါကားမတွယ်၊ ဒိဋ္ဌပြယ်သည်....ပျောက် ကွယ်စေဘို့ ပွါးသောကြောင့်....။

မလွဲပုံသေ.... ဘေးထွေထွေနှင့်၊ လေးထွေ ပါယ၊ မဆင်းရဘို့၊ နေ့ညအမြဲ၊ အာရုံတွဲလျက်၊ ဝေဒွဲရပ် နာမ်၊ ပစ္စုပ္ပန်၌၊ ဟုတ်မှန်သဘော၊ ခဝတ်ဥာဏ်စောရ၊ မရော အကျိတ်၊ ပုံတစိတ်မျ၊ နိမိတ်ကိုပယ်၊ နိဒါကိုရှယ်သည်.... ရောက်မယ်ခေသို့ သွားသောကြောင့်....။

—o—

တောင်းပန်လွှာ

ဝိပဿနာတရား လိုက်စားသူများအတွက် လွယ်လင့်တကူ နည်းယူအားထုတ်နိုင်ရန် ကျမ်းကြီးကျမ်းခိုင်မဟုတ်သော်လည်း ယောဂီသူမြတ်တို့ လိုလား တောင့်တအပ်သော နိဗ္ဗာန်ကိုကား "သဘာဝအခြေပြု, နာမ်လောက, နာမ်ဘုရင် နာမ်ဝိဇ္ဇာ, အသခ်ံတအရသာ" ဤစာစောင်များကို ကြည့်ရှု နှလုံးသွင်း လေ့ကျင့်ခြင်းဖြင့် စရဏဝိဇ္ဇာ ချိန်ခွင်လျှာ ဘောင်ကိုက်၍ မြင်နိုင်,တွေ့နိုင်မည်မှာ ယုံမှားမရှိအပ်ပေ။ အထူးအားဖြင့် **အရှင်ကောဝိဒ** ပြုစုခဲ့သော အထက်ပါ စာစောင်များတွင် သတိလွတ်ကင်း ရေးမိခြင်းကြောင့် ချို့ယွင်းချက်များ တွေ့ရှိခဲ့သော် ပိုသည်ကို ဖျက် လိုသည်ကိုစွက်၍ ကောင်းသည်ထက် ကောင်းအောင် သန့်ရှင်းသော စေတနာဖြင့် ပြင်ဆင်ကြမည် ဆိုလျှင် ငါ့စာကို ပြင်ရကောင်းလားဟု မာနထားမည် ဝေးစွဲ၃၊ အလွန့်အလွန်ကြီး ကြေနပ်လျက် ကျေးဇူးတင်ပါ၏။ သို့သော် ပါဠိ, အဋ္ဌကထာ ဋီကာ - စာပေကျမ်းဂန်တို့၌ မနှံ့စပ်ဘဲ ဒေသနယူတို့ သဘာဝယူတို့နှင့် မညှိမှု၍ အတ္တနော မတိဖြင့် ပြင်ဆင်ခြင်းကိုတော့ တောင်းပန်ပါသည်။

ကရုဏာထား မေတ္တာပွါး ရေးသားဤစာတွင်။
မခတ်မကော် အမှားဖေါ် မေ့သော်ရေးမိလျှင်။
ပိုဖျက်,လိုစွက် ထိုနှစ်ချက် နှစ်သက်ပညာရှင်။

ကျွန်ုပ်အား ဘဲ့ဦ

ဤစာရေးရ ကုသလ စိတ်ကမည်စ်လို။
ရှေ့နောက်တွေးကြံ အသောက် ပူပန်ကင်းရလို။

တတိယအကြိမ်

အသင်္ခတအရသာ

နာမ်ဘုရင် စာစောင် အပြီးတွင် နာမ်ဝိဇ္ဇာကို ဆက်လက် ထုတ်ဝေရန် စီစဉ်ပြီး ဖြစ်သော်လည်း ဝိပဿနာလူထု၏ ပြင်းပြသော ဆန္ဒဖြင့် လျှောက်ထားကြသည်ကို ငဲ့၍၊ ကြားဖြတ်ကာ "အသင်္ခတ အရသာ"ကို ထုတ်ဝေလိုက်ရတော့၏။ သို့ဖြစ်၍ ဦးပဉ္စင်းရေးခဲ့သော သဘာဝ အခြေပြု နာမ်လောက. နာမ်ဘုရင် အသင်္ခတ အရသာ, နာမ်ဝိဇ္ဇာ – အားဖြင့် ရှိရာ အစဉ်အတိုင်း "သဘာဝ အခြေပြု နာမ်လောက နာမ်ဘုရင် နာမ်ဝိဇ္ဇာ, အသင်္ခတ အရသာ"ဟု အမှတ်အသားပြုစေလိုပါသည်။ အသင်္ခတ အရသာ စာအုပ်ကိုလည်း တိမ်မြုတ်သော အဓိပ္ပါယ်တို့ကို နားလည်အောင် ဖော်ပြ၍၊ ဥပမာ "ဒိဋ္ဌိက အပါယ်မချ" စသော စာသွားများကို ပေါ်လွင်စေလျက် အများတို့၏ တောင်းပန်ချက်အရ ဒုတိယ အကြိမ်ရိုက် ကုန်သွားပါသဖြင့် တတိယ အကြိမ်၏ အဖြစ် ဖြည့်စွက် သုံးသင်ပြတ်သားသော စကားအစဉ်ဖြင့် ရေးသား ထုတ်ဝေမည် ဖြစ်ကြောင်း။

— o —

အနတ္တဝါဒီ အရှင်ကောဝိဒ
၏
ဖြန့်ချိခဲ့သော စာအုပ်များ

ပြည်ထောင်စု မြန်မာနိုင်ငံတော် အတွင်း ခရိုင်-မြို့နယ် အသီးသီးတို့၌ ဖြန့်ချိခဲ့သော စာအုပ်များမှာ အောက်ပါ အတိုင်း ဖြစ်သည်။

ပထမ စာစောင် **သဘာဝအခြေပြ** ငါးကြိမ်ရိုက်ပြီး (၁၀၀၀၀)

ဒုတိယ စာစောင် **နာမ်လောက** ခုနစ်ကြိမ် ရိုက်ပြီး (၁၅၀၀၀)

တတိယ စာစောင် **နာမ်ဘုရင်** လေးကြိမ် ရိုက်ပြီး (၈၀၀၀)

စတုတ္ထ စာစောင် **နာမ်ဝိဇ္ဇာ** နှစ်ကြိမ် ရိုက်ပြီး (၄၀၀၀)

ပဉ္စမစာစောင် **အသန်တ အရသာ** သုံးကြိမ်ရိုက်ပြီး (၆၀၀၀)

စုစုပေါင်း-အုပ်ရေ လေးသောင်း သုံးထောင် (၄၃၀၀၀) တိတိ။

အထက်ပါစာအုပ်များကို

ကူးယူပုံနှိပ်ခြင်း နှင့်မပြု

ဒေါ်ငွေမြို့၏ သားများ မူပိုင်။

မြောက်လင့်စရာ

မိမိကိုယ်တိုင် ရေးစီသော သံပေါက်,လက်ာ,ဂါထာ အနက်သွား, အဓိပ္ပါယ်များဖြင့် ခမ်းနား မြင့်ဆိုင်စွာ ထုတ်ဝေရန် စီစဉ်လျက်ရှိပါ၍ သင့်လျော်သော တချိန်ဌ ဆဋ္ဌ စာစောင် အဖြစ်ဖြင့် ထွက်ပေါ်လာမည့် အရှင် ကောဝိဒ၏ ဝိပဿနာ **"စံပြဟောဇွန်း"** အမည် ရှိသော စာအုပ်တွင် ပါဝင်မည့် အခက်အခဲများ....

၁။ စိတ္တမမ္မ သံဝေဂ တရားဇွန်း

၂။ အနာနှင့်ဆေး ကိုက်အောင်ပေး တရားဇွန်း

၃။ ဘူးတလုံးဆောင် သေအောင်မဆင်းရဲ တရားဇွန်း

၄။ သုံးဆဲ့တဘုံ သပိတ်မှောက် တရားဇွန်း

၅။ ဇွဲတရားဇွန်း

၆။ နှောင်ကြိုးမဲ့ အရိယာ တရားဇွန်း

၇။ ဒါနဘုရင် တရားဇွန်း

၈။ မောင်ပေါက်ကြိုင်း တရားဇွန်း

၉။ ဘိုးဘိုးအောင် တရားဇွန်း

၁၀။ ဝိညာဉ်ဇာတ်ခုံ တရားခွန်း
၁၁။ ဆိုးပါနှင့်ကွယ် တရားခွန်း
၁၂။ မြတ်သစ္စာ တရားခွန်း
၁၃။ ရှိက်ကာင့် လိုက်ကာချ တရားခွန်း
၁၄။ သုံးလောင်းပြင် တရားခွန်း

ရဟန်း, သာမဏေများနှင့် အမျိုးသား, အမျိုးသို့ များပါ ဟောနိုင်ရန် ဝိပဿနာ နယ သဘာဝကျစွာဖြင့် စိစဉ်နေဆဲဖြစ်၍ ထွက်ပေါ် လာသော အခါ တပ္ပေ့ တပိုက်ကြီး ဘတ်ရှုရမည်။

ပြင်ဆင်ဘတ်ရှုရန်

စာမျက်နှာ	အမှား	အမှန်	ကြောင်းရေ
၃၉	အလှကျတ့ဝက	အလှကျတ့ဝက	၂
၄၂	မမုံးကြဘူးလာ	မမုံးကြဘူးလား	၁၃
၅၃	ဒီမိုးရဲ့ဒီလေနဲ့	ဒီမိုးရဲ့ဒီလေတွေနဲ့	၁၀
၈၉	လေးလောက်သားလုံး	လေးယောက်သားလုံး	၁၇
၁၅၀	လိပ်လိုပေါ	လိပ်လို့ပေါ	၅
၁၇၀	လှိုင်းကြက်ခွတ်သံကလေး	လှိုင်းကြက်ခွတ်ကလေး	၁၀
၂၀၁	ဖြစ်အုံးမှာလေလး	ဖြစ်အုံးမှာလေလား	၄
၂၂၂	တုံးတိုင်းရှိတယ်	တုံးတိုင်ရှိတယ်	၁၇
၂၃၂	ပါကလားလှို့	ပါကလားလို့	၄
၂၃၅	လားဘို့ရှု၏	လားတို့ရှု၏	၁၃
၂၄၅	ဓမ္မပဝိယာယ်	ဓမ္မပရိယာယ်	၁၉

အနတ္တဝါဒီ အရှင်ကောဝိဒ ရေးသား အပ်သော သာဝေါဝအခြေပြု, နာမ်လောက, နာမ်ဘုရင်, နာမ်ဝိဇ္ဇာ, အသင်္ခတ အရသာ စာအုပ်များ **ရှိနိုင်ကုဋ္ဌာန်....**

သိန်းမောင်-သမတ, စာအုပ်ဆိုင်
အမှတ် (၁၀၉-၁၁၀) စိရုံ၊ ဈေးချိုတော်-မန္တလေးမြို့။

ဦးချစ်ကြွယ်-နှင့်-သား, သျှီးများ
ဇမ္ဗူ.မိတ်ဆွေ စာအုပ်ဆိုင်
နံပါတ်(၃၈-၃၉)စိရုံ၊ ဈေးချိုတော်-မန္တလေးမြို့။

သမ္ဘမဂ်လာ ပိဋကတ် စာအုပ်တိုက်ဆိုင်
အမှတ် (၁၄-၁၅-၁၆) စိရုံ၊ ဈေးချိုတော်-မန္တလေးမြို့။

ဒေါ်ဖွားခင်(နှင့်-မောင်)ကိုလှမောင်
ရန်ကုန်-မန္တလေးပိဋကတ်စာအုပ်ဆိုင်
ဈေးချိုတော်-စိရုံ၊ ဆိုင်နံပါတ် (၂-၃) မန္တလေးမြို့။

"ဘ ဝ"

စာပုံနှိပ်တိုက်

၂၆–ဘီလပ်ဒီး–ဆိုင်းတန်း

ပန္တလေး